www.burmeseclassic.com

သေသောလျှင်လည်း
သာမန်မြှင့်
စိတ်ညှစ်သော......

# နှမ်ကျာသိုင်း

ခေါက်ထဲ့ပြီးသိုက်မှာလေးကရွယ်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး





ပုရေနိုသင်၊ ဆက်တိုင်းကြင်၍
အိန္ဒိရှင်အစစ်၊ ငယ်ကျွမ်းချစ်နှင့်
ထပ်ရစ်လက်သင်၊ ထုံးစတွင်၍
သွေးငင်ကြမ္မာ၊ ဝါသနာကြောင့်
ဆရာမီဘာ၊ တွင်ဆုံးမလည်း
ချစ်စတုံးနှောင်၊ ပျော်ရအောင်ဟု
သန်းခေါင်မဟု၊ အတွေယှဉ်နွဲ့
သန့်လွှဲမခန့်၊ အသက်စွန့်၍
ဝေးရွှန့်ခရီး၊ ချုံကြီးတောအုံ
ဝါးရုံပါးတွေ၊ သစ်ကျားဘေးကို
မတွေးဆဲဖျား၊ မလေးစားတည့်...

(ရှင်မဟာရဋ္ဌသာရ)



www.burmeseclassic.com

www.burmeseclassic.com


# နွမ်ရျာသိုင်း

## လက်တွဲပြီးလိုက်မှာလားကွယ်

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၄၉၀၅၀၃

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၈၅၀၅၀၅

၂၀၀၅ ခုနှစ်၊ ဇူလိုင်လ

ဒုတိယအကြိမ်

တန်ဖိုး - ၁၀၀/-

အုပ်ရေ - ၅၀၀ အုပ်

ထုတ်ဝေသူ ... ဦးသန်းဆွေ၊ စစ်သည်တော်စာပေ
၁၁၃၁/က-၅၉ ရပ်ကွက်၊ ဥယျာဉ်လမ်း၊
ဒဂုံမြို့သစ်တောင်ပိုင်း။

မျက်နှာဖုံးနှင့် ... ဦးမြင့်ဝေ၊ ကံသာအော့ဖ်စက်
အတွင်းပုံနှိပ် အမှတ် ၁၈၂၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။




### အစ...

"ကရင်...ရင်...ရင်...ရင်"

တယ်လီဖုန်းနှစ်လုံးရှိသည့်အနက် လုပ်ငန်းနှင့် မသက်ဆိုင်သော အနီရောင် ကိုယ်ရေးကိုယ်တာဖုန်းမှ အသံမြည်လာလေသည်။

"နေ...နေ ကိုစိုး သွယ်သွယ် ကိုင်လိုက်မယ်"

နယ်ပို့ရန် ထုပ်ပိုးပြင်ဆင်နေသည့် အလှကုန်ပစ္စည်းများ စစ်ဆေးနေရာမှ တယ်လီဖုန်းပြေးကိုင်ရန် ကြိုးစားလိုက်သော ကျွန်တော့်ခြေလှမ်းများ တုံ့ခနဲ ရပ်သွားသည်။

အမှန်က သွယ်သွယ်ရှိနေသော အရောင်းကောင်တာနှင့် ကျွန်တော်ရှိနေသော ပစ္စည်းထုပ်ပိုးခန်း နေရာချင်းယှဉ်လျှင် ကျွန်တော့်နေရာက ဖုန်းနှင့် အများကြီး ပိုနီးသည်။

ပြီးတော့ တယ်လီဖုန်းရှိရာ စားပွဲက ကျွန်တော့် အလုပ်စားပွဲပါ။

www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းဆို ဘယ်ဖုန်းက ဘာတွေမြည်မြည်၊ ထိုက်စွကို သူတို့အရေးပင်မစိုက်။ အနယ်နယ်အရပ်ရပ်က လုပ်ငန်းကိစ္စပဲ ဆက်ဆက်၊ မိသားစုနှင့် ရင်းနှီးသော ဆွေမျိုး၊ မိတ်သင်္ဂဟများက ကိုယ်ရေးကိုယ်တာကိစ္စပဲဆက်ဆက် သည်ဖုန်းက ကျွန်တော်ပဲ ကိုင်ရသည့်ဖုန်း…။

သူတို့နှင့် တိုက်ရိုက်ပတ်သက်သည့် ဖုန်းကျမှသာ ကျွန်တော်က ခေါ်ပေးရန် သင့် မသင့် ဆုံးဖြတ်ပြီး ခေါ်ပေးသင့်သည်ထင်၍ ခေါ်ပေးမှ သူတို့ ကိုင်ရသည့်ဖုန်း…။

ခုတော့ သည်အခွင့်အာဏာတွေ ကျွန်တော့်မှာ မရှိတော့။

ကြိုတင်ပြင်ဆင်ထားသည့်အတိုင်း ကျွန်တော့်ကို အကျယ်ချုပ်၊ ချုပ်ချယ်ကန့်သတ်လိုက်ကြပြီ။

"ဟင်း…"

ကျွန်တော် ဘာမှမပြောတော့ဘဲ သက်ပြင်းသာ တိတ်တိတ်ခိုးချလျက် စောစောက စစ်ဆေးနေသော မန္တလေးထုပ်များထံ ပြန်လှည့်သည်။

သို့သော် လိုရမယ်ရ တယ်လီဖုန်းဆီတော့ နားစွင့်ထားလိုက်၏။

"ဟယ်လို…"

သွယ်သွယ့်အသံ…။

"ဟယ်လို…"

ဟစ်ဖက်မှ ပြန်ထူးသံ မကြားရဟု ထင်သည်။ သွယ်သွယ့်အသံက ပို၍ကျယ်လာသည်။





"ဟယ်လို… ဘယ်ကဆက်နေတာလဲ၊ ဟယ်လို"

ပို၍ စိတ်မရှည်တော့သော အသံ…

"တောက်"

သွယ်သွယ့်ထံမှ နောက်ဆုံးကြားရသည့် အသံက တက်ခေါက်သံ ဖြစ်၏။ ပြီးတော့ တယ်လီဖုန်းကို ဆောင့်ကြီးအောင့်ကြီး ပြန်ချသံပါ ကြားရသည်။

"ဘယ်လိုလဲ သွယ်သွယ်၊ နင့်အသံကြားတော့ ဘာမှ ဟိုဘက်က မပြောဘဲ ငြိမ်နေတယ် မဟုတ်လား"

"အေး… သိပ်ဒေါသဖြစ်ဖို့ကောင်းတာပဲ"

သွယ်သွယ့်ကို လှမ်းကြည့်၍ ကောင်တာနားမှ ကျန်နေသော နွယ်နွယ်က လှမ်းမေးသည်။ သွယ်သွယ်က မကျေမနပ်ဖြင့် ပြန်ဖြေသောအခါ နွယ်နွယ်က ရယ်၍…

"ဒေါသဖြစ်မနေနဲ့ သွယ်သွယ် ငါမပြောဘူးလား၊ အဲဒီဖုန်းက ဘယ်လိုမှ ရိုးသားတဲ့ဖုန်း မဟုတ်ပါဘူးလို့၊ အဲဒီလိုပဲ ကလိမ်ကကျစ် အမြဲလုပ်ပစ်တဲ့ ဆတ်ဆလူးဖုန်း"

"အေး ဟုတ်တယ်၊ အရှက်ကိုမရှိတဲ့ ဟာတွေ"

ဒါတွေက ကျွန်တော့်ကို ဘေးတိုက် ချိန်ရွယ်၍ ပစ်နေသော ခဲ်ရမ်းရမ်း မြားတံတွေ ဖြစ်သည်။

ကျွန်တော် မသိချင်ယောင်ဆောင်ပြီး ကိုယ့်အလုပ်သာ ကိုယ်ဆက်လုပ်နေလိုက်သည်။

သို့သော် ရပ်ထဲမှာတော့ အပူစိတ်လေးတစ်ခု ပေါ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထွေးငယ်ဘာများ ပြောစရာရှိလို့ပါလိမ့်"

* * *

"ကိုစိုး... တယ်လီဖုန်း"

ဆယ့်ငါးမိနစ်လောက်အကြာမှာ လုပ်ငန်းသုံး ဖုန်းအစိမ်းရောင်မှနေ တယ်လီဖုန်းမြည်သံ ပေါ်ထွက်လာသည်။

သည်တစ်ခါတော့ သွယ်သွယ်က ကျေကျေနပ်နပ် အမူအရာနှင့် ကျွန်တော့်ကို လှမ်းခေါ်သည်။ ကျွန်တော်က အေးအေးဆေးဆေးပင် လျှောက်သွားရင်း...

"ဘယ်သူလဲ သွယ်သွယ်"

"ကိုခင်မောင်လွင်"

သြော်... ဒါကြောင့် ဒီလိုသဘောထားကြီးစွာ ခေါ်ပေးတာပဲဟု သဘောပေါက်လိုက်သည်ကိုတော့ ကိုခင်မောင်လွင် သူတို့စိတ်ချလက်ချ ရှိ၏။

စိတ်မချစရာလည်း မရှိ။ ခင်မောင်လွင်က ကျွန်တော်နှင့် သာမက နှင်းနှင့်ပါ ကျောင်းနေဖက်သူငယ်ချင်း။ ပြောရလျှင် နှင်းနှင့် ကျွန်တော်တို့၏ ဇာတ်လမ်းမှာ အဓိက အခန်းကဏ္ဍတွေများစွာမှလည်း ပါဝင်ခဲ့သူ၊

သို့သော် တကယ်တမ်းကျတော့ ခုချိန်မှာ သူတို့အတွက်





တကယ် စိတ်မချစရာ အကောင်းဆုံးလူမှာ ခင်မောင်လွင်သာ ဖြစ်ကြောင်း သူတို့ လုံးဝ မသိကြ။

"ဘယ်လို..."

ကျွန်တော့်အသံ အဆုံးမှာ တစ်ဖက်က ခင်မောင်လွင့်အသံ ဩဩကြီး ပေါ်ထွက်လာသည်။

"ဟေ့ကောင် စိုးလတ်၊ ဘယ်လိုဖြစ်နေလဲ၊ ခုချိန်မှာ မင်း တစ်ယောက် သိပ်သနားစရာအကောင်းဆုံး ပုဂ္ဂိုလ်လေး ဖြစ်နေပြီထင်တယ် ဟုတ်လား"

"အေး... ဟုတ်တယ် ခင်မောင်လွင်၊ ဒီလိုပေါ့ကွာ၊ ဆိုဘာကိစ္စလဲ"

"ဘာကိစ္စလဲဆိုတော့ မင်း ငါ့ကို လက်ဖက်ရည်တိုက်သင့်တဲ့ ကိစ္စတစ်ခုပေါ်လာလို့ပဲ ဆိုပါစို့"

"အေးပါ၊ ဒါတွေက စကားထည့်ပြောစရာမလိုပါဘူး၊ မင်းဖြစ်ချင်တာ အကုန်ဖြစ်ရမှာပေါ့"

"မင်း ဒီအတိုင်းပဲ ပုံမှန်အတိုင်း ဆက်ပြောနေနော်၊ ငါနဲ့ပြောသလိုပဲ ပြော၊ ထွေးထွေးရောက်နေတယ်၊ မင်းနဲ့ အရေးတကြီး ပြောစရာရှိလို့တဲ့"

ထင်သည်။ သည်အတိုင်းပဲ ဖြစ်လိမ့်မည်ဟု ကျွန်တော် တွေးခဲ့၊ တွက်ခဲ့ပြီးသား။ ရင်ထဲမှာ ပျော်သလို ဖြစ်သွားသည်။ သို့သော် အမူအရာတော့ မပျက်စေဘဲ။

"အေး... ရတယ်လေ"

"ကိုလတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ထွေးငယ်အသံ။ အသံနားထောင်ရခြင်းဖြင့် ထွေးငယ် စိတ်မော လူမော ဖြစ်နေပုံရသည်။

"ဟုတ်တယ်"

"ကိုလတ် ဒီကို အခု ခဏထွက်လာလို့ရမှာလား"

"ဘယ်ကိုလဲ၊ ခင်မောင်လွှင့် ဆိုင်လား"

"ဟုတ်တယ် ကိုလတ်၊ ကိုခင်မောင်လွှင့်ဆိုင်"

"ရပါတယ်ကွာ၊ ဒီကနေ ဘားလမ်းထွက်လာရတာ ဘာ ပင်ပန်းတာလိုက်လို့၊ ဘာကိစ္စလဲသာပြော"

"ထွေးငယ် စောင့်နေမယ် ကိုလတ်၊ အခြေအနေ အရမ်း ဆိုးနေတယ်"

"ဩော်... အေး၊ ငါလာကြည့်လိုက်မယ်လေ၊ ဒါပဲလား"

"ဆက်ဆက်နော် ကိုလတ်၊ ဒီနေ့ ကိုလတ်နဲ့ မတွေ့လို့မဖြစ်ဘူး"

"အေးပါ ခုလာခဲ့မှာပါ"

ပြောရင်းနှင့် တယ်လီဖုန်းကို ပြန်ချသည်။

ထို့နောက် သွယ်သွယ်နှင့် နွယ်နွယ်တို့ဘက် လှည့်၍ ခပ်တည်တည်နှင့် ပြောလိုက်သည်။

"ခင်မောင်လွှင်ဆီ ခဏသွားလိုက်ဦးမယ် သွယ်သွယ်၊ သူ့ မိတ်ဆွေတစ်ယောက် ဆိတ်ကမ်းက ကားတစ်စီးထုတ်ထားလို့တဲ့၊ ဈေးချောင်တယ်ပြောတယ်၊ သွားကြည့်လိုက်ဦးမယ်"

"ကိုစိုး သိပ်မကြာနဲ့နော်"

"အင်းပါ၊ ဒါပေမဲ့ ခုသွားတာက ခင်မောင်လွှင့်ဆီသွားတာ





နော်၊ ဒီကောင်နဲ့တွေ့ရင် ထုံးစံအတိုင်း နည်းနည်းတော့ ကြာမယ်"

ပြောပြောဆိုဆိုနှင့် စားပွဲပေါ်မှ ကားသော့ကို လှမ်းယူပြီး အလုပ်တိုက် အပြင်ဘက်သို့ ထွက်ခဲ့သည်။

ထောင်ဖူးဝမှနေ အပြင်ဘက် ထွက်လာရသလို ခံစားလိုက်ရ၏။

□



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း တစ်

## အကျပ်အတည်း

www.burmeseclassic.com

www.burmeseclassic.com



။ ၁ ။

စိတ်ထဲမှာ နှင်းကို သတိရသည်။

တစ်ခါတုန်းကလည်း နှင်းကို ကျွန်တော် သည်ပုံစံမျိုးအတိုင်း ခေါ်ထုတ်ခဲ့ရဖူး၏။

ထိုစဉ်တုန်းကတော့ ကျွန်တော်က အခုရှိနေသည့် ကျွန်တော့် နေရာမှမဟုတ်။ အခု ကျွန်တော့်နေရာတွင် နှင်းကရှိ၍ ကျွန်တော်က ထွေးငယ်နေရာမှာ။

ခင်မောင်လွင်က ကျွန်တော့်အနီးမှာရှိ၍ အခု ခင်မောင်လွင့် နေရာမှာက နှင်း၏ သူငယ်ချင်းဖြစ်သော မာလာနှင့် ဆုဝေတို့ ရှိနေကြသည်။

နေရာဒေသများအားဖြင့် နှင်းက သူ့အိမ်မှာရှိပြီး ကျွန်တော်၊ ခင်မောင်လွင်၊ မာလာနှင့် ဆုဝေတို့က တက္ကသိုလ် အပန်းဖြေ ရိပ်သာထဲမှာ။





စစချင်းတုန်းကတော့ မာလာနှင့် ဆုဝေတို့ မပါသေး။

ကျွန်တော်နှင့် ခင်မောင်လွင် နှစ်ယောက်တည်း ဒုက္ခရောက်နေခြင်း ဖြစ်သည်။

"ဟယ်လို..."

ကျွန်တော်က ပန်းဝတီစတိုးမှ တယ်လီဖုန်းကို အသုံးပြု၍ နှင်းတို့ နံပါတ်ကို လှည့်သည်။ ခေါ်သံ အသံရှည် နှစ်ခါလောက်ကြားပြီးချိန်မှာ တစ်ဘက်မှ ဖုန်းကောက်ကိုင်သည်။

ပြီးတော့ ယောကျ်ားသံ အသံသြသြကြီးတစ်ခု ပေါ်ထွက်လာ၏။

ကျွန်တော့်ရင်ထဲ ဒိတ်ခနဲ ဖြစ်သွားသည်။

ဘာသံမှ မပေးရဲတော့ဘဲ ဖုန်းခွက်ကို လက်နှင့်ပိတ်၍ အသာ ပြန်ချရပြန်၏။

"ဘယ်လိုလဲ စိုးလတ်၊ အခြေအနေ မကောင်းဘူးလား"

"မကောင်းဘူး၊ သူ့အဖေကြီးပဲ ဖုန်းကိုင်နေတယ်"

"ပြဿနာပဲကွာ၊ အဲဒါဆို ဘယ်လိုလုပ်ကြမလဲ"

ဒီမနက် သည်နည်းဖြင့် ဖုန်းခေါ်လိုက်၊ ပြန်ချလိုက် လုပ်နေသည်မှာ သုံးခါရှိပြီ ဖြစ်သည်။ ကံကလည်း ဆိုးချင်တော့ တစ်ဘက်က ဖုန်းကိုင်သမျှ တစ်ခါမှ နှင်းနှင့်မတိုး။ သည်အဘိုးကြီးအသံနှင့်သာ တိုးသည်။

"အေးကွာ၊ နှင်း ဘာများဖြစ်နေလဲ မသိဘူး၊ ကြည့်ရတာ များမကောင်းလို့များ အိပ်ရာထဲ လှဲနေလား မသိဘူး"

"အင်း... ဒါလဲဖြစ်နိုင်တာပဲ၊ ဒီရက်က သူတို့မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေ နေမကောင်းတတ်တဲ့ ရက်ဖြစ်ချင် ဖြစ်နေမှာပေါ့၊ နှင်းနှင်း နေမကောင်းတတ်တဲ့ရက် ဘယ်ရက်လဲ မင်း မသိဘူးလား...''

''ဟာ... ဘယ်သိမလဲကွ၊ မင်းကလဲ''

အရေးထဲ ဉာဏ်ကြီးရှင် ခင်မောင်လွင်က မဟုတ်က ဟုတ်ကတွေ လာမေးနေသဖြင့် ခေါ်ပွပွနှင့် ပြန်အော်လိုက်ရသည်။

ထိုစဉ် ခပ်လှမ်းလှမ်းမှ လျှောက်လာသော မာလာနှင့် ဆုဝေကို တွေ့သည်။ နေကြာမင်း၊ မဏိမေခလာကို မြင်လိုက်သောအခါ ကျွန်တော့်နည်းတူ ဝမ်းသာသွားလိမ့်မည် ထင်၏။

* * *

''အင်းပါ ဟုတ်ပါပြီ၊ မာလာတို့က နှင်းနှင်းကို ခေါ်ပေးရမယ်၊ ခေါ်လို့ရရင် ကိုစိုးလတ်က စကားပြောချင်တယ်၊ ဒါပဲမဟုတ်လား''

''ဟုတ်... ဟုတ်ပါတယ် မမာလာ''

''ရပါတယ်၊ ဒါက မခက်ပါဘူး၊ ဒါပေမဲ့ တစ်ခုပဲရှိတယ်၊ ခေါ်ပေးခ ကိုစိုးလတ်က ဆုဝေတို့ကို လက်ဖက်ရည်တိုက်ရမယ်''

''ဟာ... တိုက်ပါတယ်ဗျာ တိုက်ပါတယ်၊ လက်ဖက်ရည်ကော၊ မုန့်ကော၊ မမာလာတို့ မဆုဝေတို့ ကြိုက်သလောက်စားပါ၊ သောက်ပါ''





ကျွန်တော် ပျာပျာသလဲ ဖြစ်နေမှုကို ကြည့်၍ မာလာနှင့် ဆုဝေက ရယ်သည်။

ထို့နောက် မာလာက ခပ်သွက်သွက်လက်လက်နှင့်ပင် တယ်လီဖုန်းကို ကောက်ကိုင်ရင်း နံပါတ်ဒိုင်ခွက်ကို လှည့်သည်။

''ဟယ်လို ဩော်... အန်ကယ်လား မာလာပါ''

အခြေအနေကို စောင့်ကြည့်ရသည်မှာ ရင်တထိတ်ထိတ်ရှိလှသည်။ မာလာ့ပုံစံကတော့ အေးအေးဆေးဆေးပင်။

''ဟုတ်တယ် အန်ကယ်၊ နှင်းနှင်း ကျောင်းမတက်လို့ ဘာများ ဖြစ်လို့လဲဆိုပြီး စိတ်ပူတာနဲ့ ဖုန်းဆက်တာ၊ ဟုတ်လား၊ ရှိလား၊ ဒါဆို မာလာ နှင်းနှင်းနဲ့ ခဏ စကားပြောချင်တယ် အန်ကယ်''

သည်နေရာကတော့ ရင်အထိတ်ဆုံးနေရာ ဖြစ်သည်။ ''မပြောပါနဲ့တော့ မာလာရယ်၊ မှာစရာရှိရင် အန်ကယ့်ပဲ မှာထားခဲ့'' ဆိုရင် ကျွတ်ပြီဖြစ်သည်။

သို့သော် ကုသိုလ်ကံကြမ္မာက ဒီလောက် အခြေအနေအဆိုးသေး။

မာလာက ဖုန်းခွက်ကို လက်ဖြင့်ပိတ်၍ ကျွန်တော့်ဘက်လှည့်ရင်း...

''ခဏလေးနော် ကိုစိုးလတ်၊ အခြေအနေ ကောင်းပါတယ်၊ အဘိုးကြီးက ခဏကိုင်ထားဆိုပြီး နှင်းနှင်းကို ခေါ်သွားတယ်''

ကျွန်တော် ဣန္ဒြေမရစွာ ခေါင်းညိတ်ပြလိုက်သည်။

ခဏအကြာတွင် မာလာက ရယ်လိုက်ပြီး...

''ဟိတ် ဘယ်လိုလဲ မိန်းမ၊ အခြေအနေ မကောင်းဘူးလား၊



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ကိုစိုးလတ်ရှိတယ်၊ မင်းအတွက် စိတ်ပူပြီး သူတစ်မနက်လုံး မင်းဆီဖုန်းဆက်ဖို့ ကြိုးစားနေတာတဲ့၊ အဲဒါ ကိုယ်လဲ ကြည့်မနေနိုင်တာနဲ့ ဝင်ကူညီပေးလိုက်တာ"

ဖြစ်နိုင်လျှင် မာလာ့လက်ထဲက ဖုန်းကိုပင် လုယူပြီး ပြောလိုက်ချင်နေပြီ။ မာလာကလည်း အတော်လေးရှည်၏။

"အဲဒီတော့ ဒီလိုလုပ်၊ ခု ကိုယ်ပြောနေတဲ့လေအတိုင်းပဲ ဆက်ပြော၊ ကိုစိုးလတ်ကို ကိုယ် ဖုန်းပေးလိုက်တော့မယ်၊ အိုကေနော်"

ထို့နောက် မာလာက ကျွန်တော့်လက်ထဲ ဖုန်းကမ်းပေးလိုက်သည်။ ကျွန်တော် ရင်တွေ ခုန်နေ၏။

"နှင်း..."

"အင်း... မာလာ၊ ပြော... ဘာလဲ"

"ဟာ... မာလာကလဲ၊ ခုနက ပြောပြီးပြီပဲ၊ ခေါင်းနည်းနည်းကိုက်နေလို့ မတက်တာပါဆို၊ 'မောင် အိမ်မှာ အခြေအနေ မကောင်းဘူး၊ နှင်းတို့ကိစ္စ သိသွားတယ်၊ အဲဒါကြောင့် နှင်းကို ကျောင်းမလွှတ်တာ' အေးပေါ့ မနက်ဖြန်ကျရင်တော့ တက်မှာပေါ့"

အခက်အခဲကြားမှ နှင်း အခြေအနေ ကြည့်လုပ်နေရမှန်း သဘောပေါက်သည်။ နှင်းကို သိပ် ဒုက္ခမပေးချင်တော့။

"အဲဒါဆို သိပ်ကြာကြာပြောလို့ ကောင်းမှာ မဟုတ်ဘူး ထင်တယ် နှင်း၊ အဲဒီတော့ မောင် ဘာလုပ်ရမလဲ ပြော"

"အိုး ဘာမှမလုပ်နဲ့၊ ဒီအတိုင်းပဲနေ၊ ကိုယ့်ဟာ ကိုယ် စာတွေ ဖြန်ကူးစရာရှိတာ နောက်မှကူးမယ်၊ ကြားလား မာလာ၊ မောင်





သဘောပေါက်တယ်နော်၊ မနက်ဖြန် နှင်း ကျောင်းတက်ဖြစ်အောင် လုပ်မယ်၊ ခါတိုင်းနေရာကပဲ စောင့်"

"ဒါဖြင့် ဒါပဲနော် နှင်း၊ မာလာနဲ့ ပြောဦးမလား"

"မပြောတော့ဘူး၊ ဒါပဲနော် မာလာ၊ အိုကေ"

"အိုကေ နှင်း..."

တစ်ဖက်မှ ဖုန်းချသံကြားရသည်။

ရင်ထဲမှာ ပူတော့ ပူနေ၏။

သို့သော် စောစောကထက်စာလျှင်တော့ သက်သာရာအများကြီး ရရှိပြီလေ။ မနက်ဖြန်တော့ နှင်းနှင့်တွေ့ရမှာ သေချာပြီပဲ။

□



www.burmeseclassic.com

www.burmeseclassic.com



• ၂ •

"အခြေအနေကတော့ အရမ်းကို ဆိုးနေပြီ မောင်"

နောက်တစ်နေ့မနက်မှာ တွေ့တွေ့ချင်း နှင်းက သည်စကားကို ပြောသည်။

"ဘာဖြစ်လို့လဲ နှင်း၊ သူတို့က ဘာပြောကြလို့လဲ"

လေသံကို တည်ငြိမ်အောင် ထိန်း၍ ပြောလိုက်ရသည့်တိုင် ကျွန်တော့်ရင်ထဲမှာ များစွာလှုပ်ရှားနေသည်။ နှင်း မျက်နှာပေါ်မှ မှုပန်ရိပ်များကလည်း ရင်ဆိုင်ရမည့် ပြဿနာ မသေးငယ်ကြောင်း ဖော်ပြနေသည်။

"သူတို့က မောင်နဲ့ လုံးဝ သဘောမတူနိုင်ဘူးတဲ့၊ မောင်နဲ့ ဖြတ်ရင် ဖြတ်၊ မဖြတ်ရင် နှင်းကို ကျောင်းကပါ ထုတ်ပစ်လိုက်တော့မယ်၊ နောက်ဆုံးနှစ်မတက်လို့ ဘာဖြစ်ဖြစ်၊ စာမေးပွဲမဖြေရလို့ ဘွဲ့မရချင်နေတဲ့"



"အဲဒီတော့..."

"အဲဒီတော့ လောလောဆယ် ကျောင်းမထွက်ရအောင် မောင်နဲ့ ဖြတ်ပါ့မယ်လို့ နှင်း ပြောရတော့တာပေါ့ မောင်၊ စာမေးပွဲဖြေဖို့ နှစ်လလောက်ပဲလိုတော့တဲ့ဥစ္စာ၊ ဒီအချိန်ကျမှ ဘယ်လိုလုပ် နှင်း ကျောင်းထွက်လို့ ဖြစ်မလဲ"

"ဒါဖြင့် နှင်းက မောင့်ကို ဖြတ်တော့မှာပေါ့၊ ဟုတ်လား"

"ဟာ မောင်ကလည်း နှင်းက ဘာဖြစ်လို့ မောင့်ကို ဖြတ်ရမှာလဲ၊ ဒါပေမဲ့ အိမ်ကိုတော့ ဒီလိုပဲ ပြောရမှာပေါ့၊ နို့မို့ နှင်းကျောင်းထဲ တက်ရတော့မှာ မဟုတ်ဘူး၊ မောင်နဲ့လဲ တွေ့ရတော့မှာ မဟုတ်ဘူး"

"ဒါပေမဲ့ အိမ်ကို အဲလိုပြောထားပြီး မောင်နဲ့နှင်း မဖြတ်တာကို နှင်းအိမ်က မသိဘဲနေမလား"

"ဒါတော့ ကြည့်လုပ်ရမှာပေါ့ မောင်ရယ်၊ အရင်ကလို ဆော်ဆော်ထင်ထင်ကြီး လျှောက်တွဲနေလို့ကတော့ ဘယ်ရတော့မလဲ၊ အဲဒါက အရေးမကြီးဘူးမောင်၊ အဲဒီထက်အရေးကြီးတာ ရှိတယ်"

"အင်း... ပြောပါဦး နှင်း"

"ဒီထက် အရေးကြီးတာက နှင်းကို သူတို့ သဘောတူနိုင်တဲ့ လူတစ်ယောက်ယောက်နဲ့ ပေးစားဖို့ စိတ်ကူးနေတာပဲ၊ မေမေက ဒုချက်ချင်းကို စီစဉ်ပြီး ပေးစားချင်တာ၊ ဖေဖေက နှင်း မောင့်ကိုဖြတ်ဖို့ ကတိပေးထားပြီပဲ၊ ကျောင်းပြီးမှ ပေးစားပါကွာဆိုတာနဲ့ ရက်ရွှေ့ သွားတာ၊ ဒါပေမဲ့ စာမေးပွဲဖြေပြီးတာနဲ့ သူတို့က အားချင်းလက်ထပ် ပေးတော့မှာပဲ၊ ဘယ်သူနဲ့ ဖြစ်မယ်မှန်းသာ မသိသေးတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း…"

ရင်အမောရဆုံး သက်ပြင်းကြီးတစ်ခုကို ချမိသည်။

နှင်းကို မေးစရာ မေးခွန်းနှစ်ခုက စိတ်ထဲမှာ ပြိုင်နေသည်။ ဘယ်ဟာက အရင် ပိုမေးသင့်သည့် မေးခွန်းလည်း။ စိတ်ထဲမှာ ဝေခွဲမရ။

တစ်ခုက ကျွန်တော်နှင့် နှင်း ကိစ္စ၊ နှင်းအိမ်က ဘယ်လို သိသွားသလည်းဆိုသော မေးခွန်း။

နောက်တစ်ခုက နှင်းအိမ်က ကျွန်တော့်ကို နှင်းနှင့် ဘာကြောင့် သဘောမတူလည်း ဆိုသော မေးခွန်း။

ဒုတိယမေးခွန်းက ပိုအရေးကြီးသည်ဟု စိတ်က ဆုံးဖြတ်သည်။ ပထမမေးခွန်း၏ အဖြေက သိပ်အရေးမပါ။ ဘာကြောင့်သိသိ၊ ဘယ်လိုသိသိ။

ဒါသိရ၍လည်း ကျွန်တော့်မှာ ဘာမှ အကြောင်းထူးမလာနိုင်ပေ။

ဒုတိယမေးခွန်းကတော့…

ထူးတော့ မထူး။ သို့သော် ဒါက ပထမမေးခွန်းထက်စာလျှင် ပို၍ သိချင်စရာကောင်းသည်။

"မောင် ဘာငိုင်နေတာလဲ"

အတွေးထဲမှာ ကျွန်တော် အလုပ်များနေဆဲ နှင်းက ခပ်ဆတ်ဆတ်လေး မေးသည်။

ကျွန်တော်က…





"နှင်း အိမ်က မောင်နဲ့ ဘာဖြစ်လို့ သဘောမတူတာလဲ ဆိုတာ စဉ်းစားနေတာပါ"

"ဟာ မောင်ကလည်း၊ အဲဒီကိစ္စ အစကတည်းက နှင်း ပြောဖူးသားပဲ၊ မောင်နဲ့ကိစ္စ နှင်းအိမ်ကသိရင် ဘယ်လိုမှ သဘောတူမှာ မဟုတ်ဘူးလို့"

"အဲဒီတုန်းကလည်း ဘာဖြစ်လို့လဲလို့ မောင့် မေးဖူးတာပဲ နှင်း၊ နှင်းမ ပြန်မဖြေခဲ့ဘဲ"

"မောင့်ကို စိတ်မကောင်းမဖြစ်စေချင်လို့ပါ"

"မဟုတ်ဘူးလေ၊ မောင့်မှာ သူတို့ သဘောမတူနိုင်တဲ့ အမှားအယွင်းရှိရင်လည်း ပြုပြင်သင့် ပြုပြင်ရတာပေါ့"

နှင်းက ခေါင်းခါသည်။

"မရဘူး မောင်၊ အမိကကတော့ သူတို့လိုချင်တဲ့ အဆင့်အတန်းမျိုး မဟုတ်ဘူး၊ မောင် ခုချက်ချင်း ထပြုပြင်လို့ ရတဲ့ကိစ္စလည်း မဟုတ်ဘူး၊ မောင့်ဘက်က ဘာမှလုပ်စရာကို မရှိတာ"

ဒါ အမှန်ပဲဟု ကျွန်တော် တွေးသည်။

အမှန်ပင်။ ဒါကတော့ ကျွန်တော် လတ်တလောမှာ ဘာမှ လုပ်၍ရသည့်ကိစ္စ မဟုတ်။

"ဒါဆို မောင်တို့ ဘာလုပ်ကြမလဲ နှင်း"

ခုမှ တကယ့်အရေးကြီးသော မေးခွန်းကို မေးမိခြင်းဖြစ်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



၄

"ဟာ…"

လွန်ခဲ့သော ဆယ်နှစ်ကျော်ကာလက အဖြစ်များဆီ အာရုံရောက်သွားသဖြင့် ခင်မောင်လွင်တို့ ဆိုင်ကို ကျော်မောင်းသွားသည်ကို သတိမပြုလိုက်…။

ကားသုံးလေးစီးစာ ကျော်သွားပြီးမှ သတိရ၍ ကားကို ရပ်သည်။

ကျော်လွန်လာခဲ့သလောက် နောက်ပြန်ဆုတ်ဖို့ ရာကတော့ မဖြစ်နိုင်တော့ဘူး။ ကားကို သင့်သလို ဆိုက်နားပြီး ခင်မောင်လွင်တို့ ဆိုင်ဘက်သို့ ပြန်လျှောက်လာခဲ့သည်။

"ဟော လာပါပြီဗျာ၊ လှောင်ချိုင့်စံ ကိုယ်တော်လေး"

အိမ်မှာနေရတော့မည့် ပုံစံအကြောင်းကို သူ့ကို သေချာပြောပြထားသည်ကို အကြောင်းပြု၍ ခင်မောင်လွင်က သည်စကားကို တွင်တွင် သုံးနေခြင်း ဖြစ်သည်။

ကျွန်တော်က သူ့စားပွဲဆီ လျှောက်လာခဲ့၏။

သူ့စားပွဲမှာ ထွေးငယ်လည်း ရှိနေသည်။

ထွေးငယ်မျက်နှာလေး သိသိသာသာ ချောင်ကျနေသည်ကို သတိထားမိ၏။

"စောင့်ရတာ သိပ်ကြာသွားလား ထွေးငယ်"

"မကြာပါဘူး ကိုလတ်၊ ကိုလတ် ရောက်လာတာ မြန်သားပဲ"





ကျွန်တော်က ထွေးငယ်ဘေးမှ ကုလားထိုင်တွင် ဝင်ထိုင်သည်။

ခင်မောင်လွင်က ရယ်ပြီး…

"မြန်မြန်ဆန်ဆန် ရောက်လာပေမယ့် စကားတော့ အေးအေးဆေးဆေးပဲ ပြောကြပါကွာ၊ မင်းတို့ လွတ်လွတ်လပ်လပ် ပြောရအောင် ငါ ရှောင်ပေးပါ့မယ်"

ပြောပြောဆိုဆိုနှင့် ဆိုင်ရှေ့ခန်းက အရောင်းကောင်တာများဘက် ထွက်သွားသည်။

"ကဲ… ဆို ထွေးငယ်၊ ဘာတူးလဲ"

"ထွေးငယ်တို့ကိစ္စ မေမေတို့ကို ဖွင့်ပြောလိုက်ပြီ"

"ဟင်…"

"အဲဒါ ညက အိမ်မှာ အကြီးအကျယ် ပြဿနာတက်တယ်၊ တစ်အိမ်လုံးက တစ်ဖက် ထွေးငယ်က တစ်ဖက်ပဲ၊ သူတို့က ကိုလတ်နဲ့ လုံးဝ မဖြစ်နိုင်ဘူး၊ သဘောမတူဘူး၊ လက်မခံနိုင်ဘူးတဲ့"

"အင်း…"

ကျွန်တော်က သက်ပြင်းနှင့် အင်းနှင့် တစ်ပြိုင်တည်း ရောမြှုလုပ်လိုက်သည်။ ဒါမျိုး ဖြစ်လာနိုင်သည်ဟု ကြိုတင် တွက်ဆထားမိသောကြောင့် အကြီးအကျယ် အံ့ဩ၊ စိတ်အနှောင့်အယှက်ဖြစ်တာမျိုးတော့ မဖြစ်…။

သို့သော် ပြဿနာက ပိုကျပ်တည်း ခက်ခဲသွားပြီဟုတော့ နားလည်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အစပိုင်း ပြဿနာရှိခဲ့သည်က ကျွန်တော့်ဘက်က တစ်ခြမ်းခုတော့ ထွေးငယ်ဘက်မှာ ပြဿနာက ရှိနေပြီ။

"ခင်မောင်လွင်ကို ပြောပြလိုက်သေးလား"

"ပြောပြလိုက်တယ် ကိုလတ်၊ ကိုလတ်မရောက်ခင် ပြောပြထားတယ်"

"သူက ဘာပြောလဲ"

"ဒီလိုပဲ ရှိမှာပေါ့တဲ့၊ ကိုယ့်ကိစ္စ ကိုယ်ဘာဆက်လုပ်သင့်သလဲဆိုတာသာ စဉ်းစား၊ ဘယ်သူ့ဆီကမှ သဘောတူညီချက်တွေရအောင် ကြိုးစားမနေနဲ့တော့တဲ့"

အဖြေမှန်ကတော့ ဒါပဲဖြစ်သည်။

ကျွန်တော်လည်း သည်အတိုင်းပင် သဘောပေါက်ပါသည်။ တစ်ချိန်ချိန် မလွဲမသွေ ရောင်သာသော တစ်နေ့ သည်လိုပဲ လုပ်ရမည်ဆိုသည်ကိုလည်း ရှေးဦးမဆွကပင် နားလည်ခဲ့သည်။

သို့သော်…

သို့သော် ကျွန်တော့်ဘက်က သည်လောက် ပြတ်သား၍မရသော အကြောင်းတွေ ရှိသည်။

တချို့ကိစ္စတွေကို ခင်မောင်လွင်ကော ထွေးငယ်ပါ မသိ။ သိလျှင်လည်း သဘောလောက်သာ သိမည်။ တိတိကျကျနှင့် ခရေစေ့တွင်းကျကို ကျွန်တော်ပဲ သိသည်။

အကျပ်အတည်းမှ တကယ့်ကို အကျပ်အတည်း။

လွန်ပြီးသော ကိစ္စများကို နောက်ပြန်ဆုတ်ရခက်သည်မှာ





ယာဉ်အသွားအလာများပြားသော ကားလမ်းမပေါ်တွင်သာ ဖြစ်တတ်သော ကိစ္စမဟုတ်…

လူ့ဘဝမှာ ပိုဆိုး၏။

□



www.burmeseclassic.com

www.burmeseclassic.com



။ ၃ ။

စင်စစ် ယခုဖြစ်နေသည့် ကိစ္စသည် ကျွန်တော်နှင့် ထွေးငယ် ကိစ္စသာ ဖြစ်သည်။

ပြဿနာ၏ အခြေခံကလည်း ဘာမှမဟုတ်။ ဤလောက မြေအပြင်ငယ် ဘာမှ မထူးဆန်းလှသော လူသား ယောကျ်ား တစ်ယောက်နှင့် လူသား မိန်းမတစ်ယောက် အတူတကွ လက်ထပ်ပေါင်းသင်း နေထိုင်လိုခြင်း ပြဿနာသာ ဖြစ်သည်။

ဤ လူ့လောကမှာ ဤ ပြဿနာမျိုးက နေ့တိုင်း ဖြစ်နေသော ပြဿနာသာ ဖြစ်၏။

အရှေ့အတွက်အားဖြင့် သန်းပေါင်း ငါးထောင်မှ ခြောက်ထောင် အကြားရှိသော လူတွေ ဤ လူ့လောကကြီးမှာ နေထိုင် နေကြသည်။





နေ့စဉ် တစ်နေရာမဟုတ် တစ်နေရာမှာတော့ လူသား မိန်းမ တစ်ယောက်နှင့် လူသားယောကျ်ားတစ်ယောက် ချစ်ခင်စုံမက်ပြီး လက်ထပ် ပေါင်းသင်းနေကြသည်သာ ဖြစ်၏။

သည်လောက် သေးမွှား လွယ်ကူသော ကိစ္စတစ်ရပ်လည်း ယခု ကျွန်တော်နှင့် ထွေးငယ်ကျမှ ဘယ်လိုဖြစ်ပြီး ကြီးမားခက်ခဲ နေရပါသနည်း။

နှင်း...။

ဟုတ်သည် ခုချိန်မှာ ကျွန်တော် နှင်းကို အရမ်းသတိရသည်။

ဤပြဿနာ၏ အဓိက တရားခံသည် နှင်းဖြစ်သည်။ ကျွန်တော်နှင့် ထွေးငယ်အကြားမှာ အဓိက အတားအဆီး အနှောင့်အယှက် ပြုနေသူမှာ နှင်းသာဖြစ်သည်။ စသည်ဖြင့်တော့ နှင်းကို အပြစ်မတင်ရက်။ အပြစ်မဆိုချင်။

နှင်းသည် ခုကိစ္စကို ဘာမှမသိတော့သူ ဖြစ်၏။

သို့သော် တကယ်တမ်း အခြေအနေကို တွက်ဆလျှင် ကျွန်တော်နှင့် ထွေးငယ်အကြားမှာ ကြီးမားသောအခုအခံ အတားအဆီး ပြုနေသူမှာ နှင်းသာဖြစ်သည်။

အံ့ဩစရာတော့ကောင်း၏။

အမှန်စစ်စစ် နှင်း၊ ကျွန်တော်နှင့် ထွေးငယ်တို့ သုံးယောက် သည် တစ်ခါမှ သုံးယောက်အတူ မျက်နှာချင်းဆိုင် ဆုံဖူးသူများ မဟုတ်။

ပြီးတော့ ယခု ဇာတ်လမ်းကလည်း နှင်း၊ ကျွန်တော်နှင့် ထွေးငယ်တို့၏ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းက "တွေးငယ်ဆိုတာ ဘယ်သူမှန်းပင် သိခဲ့မှာမဟုတ် သလို တွေးငယ်ကလည်း နှင်းကို မြင်တောင် မမြင်ဖူးဘူး။

သည်သုံးယောက် အကြားတွင် ကျွန်တော် တစ်ပြိုင်တည်း၊ တစ်ချိန်တည်း တွေ့ခဲ့၊ ချစ်ခဲ့ခြင်းလည်း မဟုတ်ပြန်။

အမှန်တကယ်တော့ နှင်းနှင့် တွေးငယ်သည် ဘာမှ မဆိုင် သော လူနှစ်ယောက်သာ ဖြစ်သည်။

ကာလအားဖြင့် အတိအကျပြောလျှင် ထိုနှစ်ယောက်ကို ကျွန်တော် အချိန် ငါးနှစ်တိတိ ခြားပြီးမှ ဆက်စပ်ပတ်သက်ခဲ့ခြင်း ဖြစ်၏။

* * *

နှင်းနှင့် ကျွန်တော် စတွေ့ချိန်က ကျွန်တော့် အသက်နှစ် ဆယ်ပင် မပြည့်သေး။

ရန်ကုန်တက္ကသိုလ်တွင် ဓာတုဗေဒ အဓိက ဘာသာရပ်ဖြင့် ဒုတိယနှစ်အောင်ပြီး တတိယနှစ် အတန်းတက်စမှာပင် နှင်းနှင့် စတွေ့ ခြင်း ဖြစ်သည်။

မှတ်မှတ်မိမိ ထိုနေ့က မိုးတွေ သည်းသည်းထန်ထန် ရွာနေ သည်။





အကြောင်းမဲ့ တိုက်ဆိုင်ခြင်းတော့ မဟုတ်ပါ။ ကျွန်တော်က ကျွန်တော့် ထုံးစံအတိုင်း စာသင်တန်းများပြီးချိန်၊ အိမ်ပြန်လာခဲ့ခြင်း သာ ဖြစ်သည်။

ဓာတုဗေဒ စာသင်ခန်းများဘက်မှ အဆောင်ကူးစင်္ကြံများ အတိုင်း လျှောက်ကာ သိပ္ပံခန်းမဘက်ကနေ စာကြည့်တိုက်ဘက် တစ်ဆင့် လမ်းအကူး အဓိကပတ်လမ်းပေါ် အထွက်နားမှာကား ပျက် နေသော သူတို့အဖွဲ့နှင့် သွားတွေ့သည်။

အားလုံး မိန်းကလေးချည်း သုံးယောက်။

မြင်းချေးရောင် ကိုရိုလာကားလေးတစ်စင်းနှင့် အလုပ်တွေ ရှုပ်နေကြသည်။

ကားပေါ်တက်ပြီး စက်နှိုး မော်တာကို လှည့်လိုက်၊ ကား တံခါးဖွင့်ပြီး ပြန်ဆင်း၊ "ကားစက်ခေါင်းဖုံးကို ဖွင့်ကြည့်လိုက်၊ ပြန် ပိတ်လိုက်နှင့် ဘာတွေလုပ်နေမှန်း မသိ။ ဘာမှ လုပ်တတ်ပုံ မရတာ တော့ သေချာသည်။

ပထမတော့ ကျွန်တော် ကြည့်ကောင်းကောင်းနှင့် သည် အတိုင်း ရပ်ကြည့်နေမိသည်။

ကျွန်တော့် အကူအညီ သူတို့မှာ လိုလိမ့်မည်ဟုလည်း မထင်။

တက္ကသိုလ်နယ်မြေမှာ သည်လိုမျိုး ဖြစ်နေသည့် မိန်းကလေး များကို ကူညီချင်သူ ယောကျ်ားသား တော်တော်များများ ရှိတတ် သည်မို့ သူတို့ မလုပ်တတ်လည်း လုပ်တတ်သူ တစ်ယောက်ယောက် ရောက်လာပြီး ကူညီပေးလျှင် ပြီးသွားမှာပဲ တွက်ပြီး သည်အတိုင်း ပင် စာကြည့်တိုက်ဆင်ဝင် အမိုးအောက်၌ မိုးခိုမြဲ ခိုနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စုစုပေါင်း ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက်ကြာမည်ထင်သည်။

သည့်ထက်မကာ နာရီဝက်လောက်ဖြစ်ချင်လည်း ဖြစ်မည်မပြောတတ်။ ကျွန်တော့်မှာ နာရီမပါ။

စာကြည့်တိုက်က နာရီလည်း ကြည့်ပြီးမှတ်မထား။

သူတို့မှာပါသည့် ထီးနှစ်လက်နှင့် လူသုံးယောက် အလဲအဖယ် လုပ်ကာ သုံးယောက်လုံး မိုးရေရွှဲနေအောင် ပြဿနာ တက်သည်။

ကံကပဲ တစ်မျိုးဖြစ်နေလို့လား မပြောတတ်။ ခုထိလည်း သူတို့ကို ကယ်တင်ပေးမည့် အမျိုးကောင်းသားတွေ တစ်ယောက်မှ ပေါ်မလာ။

ကျွန်တော်ကလည်း ဝင်လုပ်ပေးချင်စိတ်တော့ ရှိသလို ဖြစ်လာသည်။

သို့သော် ဝင်လုပ်ပေးမိသည်အထိ ဆုံးဖြတ်ချက်က တက်မလာ။ အကြောင်းကတော့ ကျွန်တော် မိုးရေမစိုချင်။

ကျွန်တော့်မှာ ထီးလည်းမပါ။ လူကလည်း မနေ့က မိုးမိပြီး ကတည်းက အအေးမိချင်သလိုလို၊ နှာစေးချင်သလိုလို ဖြစ်နေပြီး ဒီနေ့ပါ မိုးထပ်စိုလျှင် လဲစရာ အဝတ်က သိပ်မရှိတော့။

သည့်အပြင် ကိုယ့်ကို ဘာမှ အကူအညီမတောင်းဘဲ မျက်နှာလို မျက်နှာရလည်း ဘယ်မိန်းကလေးကိုမှ ဘာမှ လုပ်မပေးချင်။

သို့သော် ကားနှင့် သိပ်မစိမ်းသူမို့ သူတို့ကား ဖော်တာ မွေ့သံကြားကတည်းက မီးပျောက်နေပြီ ဆိုတာ သိသည်။





ဖြစ်နိုင်တာက မိုးရေထဲ ရေအိုင်တစ်ခုခုကို ဖြတ်နင်းပြီး ခစ်စတြိဗျူတာအုံ ဒါမှမဟုတ် ပလပ်ခေါင်းတစ်ခုခု ရေထိသွားတာပဲ ဖြစ်မည်။

ထိုခေတ် ထိုအခါနှင့် သည်လောက် အဖိုးတန်ကားကောင်းမျိုးမှာ သိပ်များများစားစား ပျက်စရာတော့ မရှိ။

ကျွန်တော်နှင့် သူတို့ အကွာအဝေးက သိပ်အလှမ်းကြီး မဟုတ်။ သူတို့လုပ်သမျှ အကုန်မြင်နေရသည်။ သူတို့ ပြောသမျှ အသံ အကုန်ကြားနေရသည်။

ထိုစဉ် မိုးက ဝေါခနဲ တစ်ချက်အသံပေးပြီး ပို၍ တည်းလိုက်လာသည်။

လေရောမိုးပါ သည်းထန်နေဆဲ။ ထိုသုံးယောက်တည်းက ကောင်မလေးတစ်ယောက် ထီးကို မနိုင့်တနိုင်ဆောင်း၍ ကျွန်တော့်ဆီဘက် လျှောက်လာသည်ကို မြင်လိုက်ရ၏။

* * *

"ဒီမယ် ဒီမယ်၊ ရှင်က ဒီကျောင်းက ကျောင်းသားပဲလား"

လာမည့်လာလည်း ပေါ်တီကိုဆင်ဝင်အောက်အထိ လာလိုက်တောင်းသည်။

မိုးလေအကွယ်ကြီး မဟုတ်သည့်တိုင် သည်လောက် ဆော်ဖြောစရာ လိုလိမ့်မည် မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ အ,ပုံက အရိပ်အောက်အထိ ဝင်မလာဘဲ မိုးထဲ
လေထဲကနေ အာပြဲပြဲနှင့် နှင်းကန်အော်နေသည်။

သည်တော့ ကျွန်တော်ကလည်း သူ့အတုလိုက်၍ ပြန်အော်
ရတော့၏။

"ဟုတ်တယ်၊ ဘာဖြစ်လို့လဲ"

"ရှင် ကားလေး ဘာလေး မပြင်တတ်ဘူးလား"

"ပြင်တတ်သားပဲ၊ ဘာဖြစ်လို့လဲ"

"ဟာ ပြင်တတ်ရင် ဒီမှာ မိန်းကလေးတွေ ဒီလောက်
ဒုက္ခရောက်နေတာ နည်းနည်းပါးပါး ဝင်ကူပေးပါလား၊ ဒီတိုင်းကြည့်
နေရလား၊ ရှင် နေနိုင်လိုက်တာ"

ယောဇ္ဈာ ဘာများလာပြောနေသလည်း အောက်မေ့တယ်
လက်စသတ်တော့ သူက ကျွန်တော့်ကို လာရောက် ဖြစ်တင်မောင်း
မဲနေခြင်း ဖြစ်၏။

ဘယ်ရမလည်း ကျွန်တော်ကလည်း ပြန်အော်သည်။

"နေနိုင်တာ မဟုတ်ဘူးဗျ၊ ကျွန်တော့်မှာ ထီးမပါဘူး
လုပ်ပေးစေချင်ရင်လဲ စောစောကတည်းက ဒီလိုလာပြောပါလား
ခင်ဗျားတို့ဟာ ခင်ဗျားတို့ပဲ ပြင်တတ်သလိုလို ဘာလိုလို လုပ်နေပြီး"

"ကဲပါ...စကားရှည်မနေပါနဲ့၊ ရော့... ဒီထီးယူသွား၊ ကြည့်
တတ်သလောက် ကြည့်ပေးစမ်းပါ"

သည်စကားပြောရင်းနှင့် သူက အမိုးအောက် ဝင်လာသည်
ကျွန်တော်က ထီးကို လှမ်းယူသည်။

ပြီးမှ အမိုးအောက်ရောက်နေသော သူ့ထံ ကျွန်တော့်လက်





ထဲက စာအုပ်များ လှမ်းပေးပြီး...

"ရော့ဗျာ ဒီစာအုပ်တွေ ခဏကိုင်ထားပေး၊ ပြီးတော့ ခင်ဗျား
သူငယ်ချင်းတွေလဲ လှမ်းခေါ်ပြီး ဒီမှာပဲ မိုးခိုနေပစေ၊ ဒါနဲ့ ကားသော့
ကော"

"ကားထဲမှာ တန်းလန်းရှိတယ်"

"ဟုတ်ပြီ၊ ဒါဖြင့် ကျွန်တော်ပြောသလိုပဲလုပ်၊ ဒီမှာပဲနေ၊
ဟိုနှစ်ယောက်လဲ ခေါ်ထားလိုက်"

ပြောပြောဆိုဆိုနှင့် ကျွန်တော်က လုံချည်ကို ခပ်တိုတို ပြင်
ဝတ်ပြီး ကားဆီ လျှောက်လာသည်။

စက်ဖုံးဖွင့်၍ စစ်ဆေးလိုက်သောအခါ ကျွန်တော်ထင်သည့်
အတိုင်း ဖြစ်နေသည့်အပြင် သူတို့ ဟိုလုပ် သည်လုပ် လုပ်ထားသဖြင့်
ဝိုင်ကြီးပါ ပြုတ်ထွက်နေသည်ကို တွေ့သည်။

မိုးနှင့်လေကြောင့် မီးဖြန့်ကိရိယာ ဒစ်စတြီဗျူတာကို ခြောက်
အောင်လုပ်ရတာ နည်းနည်းခက်သော်လည်း သိပ်မကြာခင် အချိန်
အတွင်းမှာ ကားက အဆင်ပြေသွားသည်။

ကျွန်တော် သူတို့ကားကို စာကြည့်တိုက် ပေါ်တီကိုအမိုး
အောက်အထိ မောင်းယူလာခဲ့၏။

☐

www.burmeseclassic.com

www.burmeseclassic.com



။ ၄ ။

သည်လောက် မိုးတွေ သည်းသည်းမည်းမည်း ရွာနေသည့်ကြားမှာ စတင် ဆုံဆည်းခဲ့ရသည်မို့ သူ့နာမည် မိုးဖြစ်သင့်သော်လည်း မိုးမဖြစ်ဘဲ သူ့နာမည်က နှင်းဖြစ်နေသည်။

"ကျေးဇူးပဲ၊ ရှင်က အလိုက်ကန်းဆိုးသာ မသိတတ်တာကားပြင်တာတော့ တော်တော် တော်ပါတယ်၊ ရှင့်နာမည် ဘယ်သူလဲ၊ ဘယ်အတန်းကလဲ၊ ပြီးတော့ ဘယ်မှာနေလဲ၊ ရှင့်တစ်ကိုယ်လုံး မိုးတွေစိုကုန်ပြီ၊ ကျွန်မတို့ ပြန်လိုက်ပို့ပေးမယ်လေ၊ ကျွန်မ နာမည်က နှင်းနှင်း၊ သူက မာလာ၊ သူက ဆုဝေ"

သူ့ကားမှာ မိုးစိုပြီး အလုပ် မလုပ်သည့် ဒစ်စတြီဗျူတာကတစ်ပင်လည်လျှင် ပလပ်လေးလုံးကို တစ်လှည့်ဆီ ဘက်ထရီ လျှပ်စစ်မီး ကူးပေးသည်။

သူက စကားတစ်ပတ်တည်းနှင့် အကြောင်းအရာ ကိုးမျိုးလောက်ကို တစ်ပြိုင်တည်း ပြောပစ်လိုက်သည်။





ကျေးဇူးတင်စကား တစ်ခု။ အပြစ်တင်စကား တစ်ခု။ ချီးမွမ်းစကား တစ်ခု။ အမေးစကား သုံးခု။ အခြေအနေ ဖော်ပြချက်တစ်ခု။ တောင်းဆိုချက်တစ်ခုနှင့် မိတ်ဆက်ခြင်းတစ်ခု စုစုပေါင်းအကြောင်းအရာ ကိုးခုတိတိပါဝင်သော သူ့စကားအဆုံးမှာ ကျွန်တော် ပြုံးသည်။

"ကျွန်တော့်နာမည် စိုးလတ်ပါ၊ တတိယနှစ် ဓာတုဗေဒကပါ၊ နေတာက သမိုင်း၊ ကားပြင်တတ်တာက ဝပ်ရှော့မှာ အလုပ်လုပ်ရင်း ကျောင်းတက်နေရလို့၊ မိုးစိုပေမယ့် ကိစ္စမရှိပါဘူး၊ ကျွန်တော့်ဟာ ကျွန်တော်ပဲ ပြန်ပါ့မယ်၊ အားလုံးကို သိခွင့်ရတာ အရမ်းဝမ်းသာပါတယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

ပြည့်စုံလွန်းသော ကျွန်တော့်စကားကြောင့် သုံးယောက်လုံး ပြုံးစေ့စေ့ ဖြစ်သွားသည်။

နှင်းဆိုသော ကောင်မလေးကတော့ ပြုံးရုံနှင့် မရပ်။

"မဆိုးပါဘူး၊ ကိုစိုးလတ်စကားပြောတာ စာမေးပွဲဖြေသလိုပဲ၊ မေးခွန်းအားလုံးကို စုံအောင်ဖြေတတ်တယ်၊ ဒါပေမဲ့ တိုက်ဆိုင်သွားတာက ကျွန်မတို့ကလည်း အင်းစိန်က သူငယ်ချင်းတစ်ယောက်ဆီသွားကြဦးမှာဆိုတော့ သမိုင်းဆိုတာ အတော်လမ်းသင့်နေတယ်၊ အဲဒီတော့ ကိုစိုးလတ်အိမ်နဲ့ အနီးဆုံးနေရာအထိတော့ လိုက်ခဲ့ပါ"

"ဟုတ်ပါတယ်၊ ကိုစိုးလတ်က ယောကျ်ားလေး တစ်ယောက်တည်း ဆိုပေမယ့် ကျွန်မတို့ မိန်းကလေး သုံးယောက်ကမှ မကြောက်ရှာပါဘူး၊ မှဲ့တစ်ပေါက်မစွန်းစေရဘူး ဆိုတာ အာမခံပါတယ်"

"ဟုတ်တယ်၊ ကျွန်မတို့က လူကောင်းတွေပါ"

တစ်ယောက်တည်းက ပြောသော စကားများမဟုတ်။ နှင်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုသော ကောင်မလေးက စ၍ နောက်မှနေ မာလာ၊ ဆုဝေတို့က အစဉ်အတိုင်း လိုက်ပြောကြသော စကားများဖြစ်သည်။

ကျွန်တော် ရယ်လိုက်မိ၏။

"မဟုတ်ပါဘူး၊ ကျွန်တော့် တစ်ကိုယ်လုံး ရေတွေ ရွှဲနေလို့၊ ခင်ဗျားတို့ ကားကူရှင်တွေ စိုကုန်မှာ အားနာလို့ပါ"

"မပူပါနဲ့ ကိုစိုးလတ်၊ ကျွန်မတို့ကလည်း ကူရှင် စိုတာထက်၊ လမ်းမှာ ကားတစ်ခုခုပြန်ဖြစ်ရင် ရှင့်ကို အကူအညီ ထပ်တောင်းရတာ ပိုလွယ်ကူလို့ ဒီလောက် အတင်းအဓမ္မ ပြောနေရတာပါ"

"ဟုတ်တယ်၊ အင်းစိန်အထိ ကားမောင်းပို့ပေးပြီး အပြန်ကျမှ သမိုင်းမှာ ဆင်းနေခဲ့ရင် ပိုကောင်းသေးတယ်"

"မှန်တာပေါ့၊ ပို့မယ်လို့ ကူးတို့ရောက်အောင် ပို့သင့်တာပေါ့"

ရှေ့နှစ်ယောက်ထက် နောက်ဆုံး ဆုဝေ ဝင်ပြောခြင်းကို ကျွန်တော် ပိုရယ်ချင်သည်။

သူက အသားဖြူဖြူနှင့် တရုတ်ကပြားမလေး။ သူက ဘယ်တော့မှ ရှေ့ဆုံးနှင့် အလယ်က မပြောဘဲ နောက်ဆုံးကျမှ တိုတိုနှင့် ထိရောက်သော အပိတ်စကားတစ်ခုကို ဝင်ပြောလေ့ရှိသည်။

ဘယ်တော့မှလည်း ကျွန်တော့်မျက်နှာကို မကြည့်။ ဘယ်သူ့မှ မကြည့်ဘဲ မျက်နှာလွှဲပြီးမှ လွှတ်ခနဲ လွှတ်ခနဲ ဝင်ပြောခြင်း ဖြစ်သည်။

ကျွန်တော် ရယ်ပြီး အရှုံးပေးလိုက်ရ၏။

* * *





"ကိုစိုးလတ် မိဘတွေက မော်တော်ကား ဝယ်ရှော့ ထောင်ထားလို့လား"

နှင်းက ကားမောင်းနေသော ကျွန်တော့်ကို လှမ်းကြည့်ရင်း မေးသည်။

ကျွန်တော်က ခေါင်းခါရင်း...

"မဟုတ်ဘူး မနှင်းနှင်း၊ ကျွန်တော့်မှာ မိဘတွေ မရှိကြတော့ပါဘူး၊ ကျွန်တော် ခပ်ငယ်ငယ်ကပဲ နယ်မှာ ရွာကို သောင်းကျန်းသူတွေ ဝင်စီးရင်းနဲ့ အသတ်ခံခဲ့ရတယ်၊ အဲဒီကနေ ရန်ကုန်ကို ကျွန်တော် ရောက်တော့ ကျွန်တော့်ဦးလေးနဲ့ အဒေါ် အိမ်မှာ နေခဲ့ရတယ်၊ ကျွန်တော့် အဖေနဲ့ အမေ ဆုံးသွားတော့ ဦးလေးနဲ့ အဒေါ်က ကျွန်တော့်ကို မွေးစားခဲ့တာပေါ့"

"သြော်...သူတို့က ကိုစိုးလတ်ကို ကျောင်းထားပေးကြတာပေါ့၊ ဟုတ်လား"

"အဲလိုလဲ မဟုတ်သေးဘူး၊ မနှင်းနှင်း"

"နှင်းနှင်းလို့ပဲ ခေါ်ပါ ကိုစိုးလတ်"

"ဟုတ်ကဲ့ နှင်းနှင်း"

"အင်း... ပြောပါဦး၊ အဲလိုပဲ မဟုတ်သေးဘူးဆိုတော့"

"အဲလိုလဲ မဟုတ်သေးဘူး နှင်းနှင်း၊ ဦးလေးနဲ့ အဒေါ်က ကျွန်တော့်ကို မလွှဲသာလို့ ခေါ်မွေးထားရပေမယ့် သူတို့မှာလဲ သူတို့ မိသားစုနဲ့ သူတို့ စားဝတ်နေရေးတောင် အနိုင်နိုင် ဖန်တီးနေကြရတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ကိုစိုးလတ် တက္ကသိုလ် ကျောင်းတက်နေရတာက..."

"ကျွန်တော် ငယ်ငယ်ကတည်းက ကျွန်တော့် ကျောင်းစရိတ် ကျွန်တော်ရှာပြီး တက်ခဲ့ရတာပါ၊ ရွာမှာတုန်းကတော့ မိဘတွေ ကျောင်းထားပေးလို့ ကျွန်တော် လေးတန်းအထိ ပညာသင်ခဲ့ရတယ်၊ ဦးလေးတို့ဆီရောက်တော့ သူတို့က ကျောင်းထားမပေးနိုင်ဘူး ပြောကြတယ်၊ ဒါနဲ့ ကျွန်တော် အဲဒီအချိန်ကတည်းက အိမ်နားက ကားဝပ်ရှော့မှာ အလုပ် ဝင်လုပ်ပြီး အဲဒီကပေးတဲ့ ပိုက်ဆံနဲ့ ကျောင်းတက်ခဲ့တာ"

"အဲဒီကတည်းက ကိုစိုးလတ် ကားပြင်တတ်ခဲ့တာလား"

ကျွန်တော်က ရယ်ပြီး...

"မဟုတ်ဘူးလေ၊ အဲဒီတုန်းကတော့ ဝပ်ရှော့မှာတောက်တိုမယ်ရ ဝင်လုပ်ပေးရတာကနေ စခဲ့တာပေါ့၊ ဝပ်ရှော့မှာ နေ့တစ်ဝက် အလုပ်လုပ်၊ ကျောင်းကို နေ့တစ်ဝက်တက်နေတာလဲ ဦးလေးနဲ့ အဒေါ် အိမ်မှာ အဆင်မပြေတော့ ဝပ်ရှော့မှာပဲ ပြောင်းနေခဲ့ရတယ်"

"တော်သေးတာပေါ့နော်၊ ဝပ်ရှော့ကလည်း နေ့တစ်ဝက်လောက် အလုပ်လုပ်ရုံနဲ့ ကျောင်းလဲထားပေး နေစရာ စားစရာလဲ ပေးလို့"

"သူတို့ကတော့ ကျွန်တော့်အပေါ် အရမ်းကောင်းတာပဲလို့ ပြောရမှာပဲ နှင်းနှင်း၊ ကျွန်တော် ကျောင်းသိပ်နေချင်မှန်းသိတော့ သူတို့မှာလဲ သားထောက် သမီးခံမရှိတာနဲ့ တမင်ခေါ်ပြီး ဖန်တီးပေးတဲ့ သဘောပါ၊ ကျွန်တော်ကလည်း သူတို့ အဲလိုကောင်းမှန်းသိတော့



အချိန်အား အားသလို ရှိရှိသမျှ အလုပ် သိမ်းကျုံးလုပ်ပေးခဲ့တာ ခုထိပါပဲ"

"အင်း ကိုစိုးလတ် ဘဝက ဝတ္ထုတို့၊ ရုပ်ရှင်တို့ထဲက ဇာတ်လိုက် မင်းသားကျနေတာပဲ၊ အပြင်မှာ အဲလိုလူမျိုးတွေ ရှိမယ်လို့တောင် နှင်းမထင်ခဲ့မိဘူး"

"တကယ့်ဘဝမှာ အဲလောက် လွယ်လွယ်ကူကူကြီးတော့ မဟုတ်ဘူးပေါ့ နှင်းနှင်းရယ်၊ ခုဟာက နှင်းနှင်းက စိတ်ဝင်တစားနဲ့ မေးလို့ ဖြစ်စဉ်ကို အကျဉ်းချုပ်သဘောမျိုး ပြောပြရတာပါ၊ တကယ့်ဘဝမှာတော့ ခက်ခဲပင်ပန်းရတာတွေ၊ မျက်နှာငယ်၊ မျက်ရည်ကျရတာတွေ အများကြီးပေါ့"

"အင်းပေါ့လေ၊ တကယ်ကြုံရတဲ့ ဘဝကတော့ အခက်အခဲတွေ အများကြီးရှိမှာပေါ့၊ ခုတော့ အဆင်ပြေနေပြီ မဟုတ်လား"

"ပြေသင့်သလောက် ပြေပြီလို့ ပြောရမှာပေါ့ နှင်းနှင်း၊ ကျွန်တော့် ဝပ်ရှော့လုပ်သက်ကလည်း တော်တော် ရှည်လာ၊ ဆယ်တန်းအောင်ပြီးကတည်းက အလုပ်ချိန်ကလည်း ပိုများများ ပေးနိုင်လာတော့ သိပ်မျက်နှာငယ်စရာ မရှိတော့ပါဘူး"

"အံ့ဩစရာပဲ၊ ကိုစိုးလတ် ဒီနည်းနဲ့ ကြိုးစားလာခဲ့တာ၊ ဘာလိုလိုနဲ့ တက္ကသိုလ်က ဘွဲ့တောင်ရတော့မယ်နော်"

"ခုတိုင်း ပုံမှန် ဆက်ကြိုးစားသွားနိုင်ရင်တော့ နောက်နှစ် စာမေးပွဲဖြေပြီးရင် ဘွဲ့ရတော့မှာပေါ့ နှင်းနှင်း"

"ဘွဲ့ရပြီးရင် ကိုစိုးလတ် ဘာလုပ်မလဲ"

"အစိုးရ အလုပ်တော့ ကျွန်တော်လုပ်ဖို့ စိတ်ကူး မရှိပါဘူး

www.burmeseclassic.com



နှင်းနှင်း၊ တစ်ဖက်က ဝပ်ရှော့လုပ်ငန်းကို ကူလုပ်ပေးနိုင်သလောက် ကူလုပ်ပေးရင်းနဲ့ ကိုယ်ပိုင်လုပ်ငန်းလေးတစ်ခု လုပ်သွားနိုင်အောင် ကြိုးစားမယ်လို့ စိတ်ကူးတာပဲ"

"ကိုယ်ပိုင် အလုပ်ဆိုတာ ဘယ်လိုဟာမျိုးလဲ"

"ကျွန်တော် သင်ထားတဲ့ ပညာနဲ့ အဆက်အစပ်ရှိတဲ့ လုပ်ငန်းမျိုး တစ်ခုခုပေါ့ နှင်းနှင်း၊ ကျွန်တော်က ဓာတုဗေဒသမားဆိုတော့ ကျောင်းက သင်ထားတာထက် နည်းနည်းပါးပါး တိုးလှေ့လာလိုက်ရင် စားကုန် သောက်ကုန်ထဲက ဖြစ်ဖြစ် လူသုံးပစ္စည်း၊ အလှကုန်ပစ္စည်း တစ်မျိုးမျိုး ဖြစ်ဖြစ်၊ ထုတ်လုပ်ရောင်းချတာမျိုး၊ အိမ်တွင်းစက်မှု လက်မှုလုပ်ငန်း သဘောမျိုးပေါ့၊ လုပ်နိုင်မယ် ထင်တာပဲ၊ စိတ်ကူးတာပဲ၊ လုပ်စရာ အရင်းအနှီးကတော့ တစ်ပြားမှ မရှိဘူး"

ထိုစကား၏ နောက်ဆုံးပိုင်းလေးကို ကျွန်တော်က ရယ်၍ ပြောသည်။

နောက်ခန်းမှ မာလာက ဝင်၍...

"အဲဒါဆို အလှကုန်ပစ္စည်းအကြောင်းတွေသာ တိုးလေ့လာထား ကိုစိုးလတ်၊ တစ်နေ့ကျ အများကြီး အသုံးဝင်လာလိမ့်မယ်"

"ဘာဖြစ်လို့လဲ"

"နှင်းနှင်းကို မေးကြည့်လေ"

"အို မာလာကလဲ"

"ဟုတ်တယ်၊ အဲဒါဆို အရမ်းအဆင်ပြေသွားလိမ့်မယ်"

"ဟယ်...ဆုဝေနော်"





မာလာနှင့် ဆုဝေကို နှင်းက ရှက်ကိုး ရှက်ကန်းနှင့် လှမ်းနိုက်တော့မလိုလို ဘာလိုလို လုပ်သည်။

မာလာနှင့် ဆုဝေက ရယ်သည်။

ကျွန်တော်က ဘာမှန်းမသိ။

ထိုနေ့က နှင်း စပ်စုသဖြင့်သာ ကျွန်တော့်အကြောင်းတွေ အိတ်သွန်ဖာမှောက် ပြောပြဖြစ်သည်။

သူတို့အကြောင်းကို ကျွန်တော် ဘာမှ မသိသေး။

ကျွန်တော်ကလည်း သိပ်မစပ်စုဖြစ်။ သူတို့ အကူအညီ တောင်းသလိုပင် အင်းစိန်အထိ ကားမောင်းပို့ပေးပြီး အင်းစိန်က အပြန် အမိုင်းမှာ ဆင်းနေရစ်ခဲ့သည်။

နောင်သောအခါကျမှ သူတို့ သုံးယောက်စလုံး ရူပဗေဒအဓိက ဒုတိယနှစ် ကျောင်းသူများဖြစ်၍ နှင်းတို့အိမ်က နာမည်ကြီး အလှကုန် လုပ်ငန်းတစ်ခုကို လုပ်ကိုင်နေခြင်း ဖြစ်ကြောင်း သိရသည်။

ထိုအခါကျမှ ဤ အကြောင်းများနှင့် ဆက်စပ်တွေးပြီး ကျွန်တော် ရင်နည်းနည်း ခုန်ခဲ့၏။

❑



www.burmeseclassic.com

www.burmeseclassic.com



## ၅

“နှင်းနှင်း ဟုတ်လား စိုးလတ်”

“ဟုတ်တယ် ခင်မောင်လွင်၊ သူ့ သူငယ်ချင်းနှစ်ယောက် နာမည်က မာလာနဲ့ ဆုစေတဲ့”

“ဖစ်ဆစ်ကလား”

“မပြောတတ်ဘူး၊ သူတို့ကလည်း မပြောဘူး၊ ငါလဲ မေး မကြည့်ခဲ့ရဘူး၊ ဒီကျောင်းတော့ ဒီကျောင်းထဲပဲ”

“မင်းပြောတဲ့ သူတို့ကားဆိုတာက ကိုရိုလာ မြင်းချေးရောင် လေးလား”

“ဟုတ်တယ်”

“နံပါတ်ထာ”



ကျွန်တော်က ကားနှင့်ပတ်သက်ပြီး အလုပ် လုပ်နေသူမို့ ကားတစ်စီးကိုမြင်လျှင် အမှတ်တမဲ့ နံပါတ်လှမ်းကြည့်။ လိုအပ်လျှင် မှတ်မိနေတတ်သော အကျင့်ရှိသူမို့ ခင်မောင်လွင်မေးသည့် နှင်းတို့ ကားနံပါတ်ကို ပြောပြလိုက်သည်။

ခင်မောင်လွင်က ရယ်၍…

“ဟာ အဲဒီနှင်းနှင်းဆို ငါသိတာပေါ့၊ ငါနဲ့ အထက်တန်း ကျောင်းကတည်းက သူငယ်ချင်းကွ၊ ဘာလဲ မင်းက နှင်းနှင်းကို သဘောကျလို့လား”

“အဲလိုလဲ မဟုတ်ပါဘူးကွာ၊ မနေ့က တိုက်တိုက်ဆိုင်ဆိုင် ဆုံဆည်းလာတဲ့ကိစ္စမို့ မင်းကို ပြောပြတာပါ”

“တိုက်တိုက်ဆိုင်ဆိုင်တွေ ဘာတွေ လုပ်မနေနဲ့ စိုးလတ်၊ နှင်းနှင်းကို မင်းကြိုက်ချင်လဲ ကြိုက်သင့်တယ်၊ နှင်းနှင်းက လှပါတယ် ကွ၊ နောက်ပြီး မင်း ခုနပြောတဲ့အထဲမှာပါတယ်မဟုတ်လား၊ သူ့ သူငယ်ချင်းတွေက မင်းကို အလှကုန်နဲ့ ပတ်သက်တာတွေ ဝိုင်းမေးလာ ရင် ပြောသွားတာ၊ အဲဒါ ဘာဖြစ်လို့လဲ သိလား”

“ဟင့်အင်း မသိဘူး”

“မသိရင်မှတ်ထား၊ နှင်းနှင်းတို့အိမ်က အလှကုန်လုပ်ငန်း လုပ်တယ်၊ နာမည်ကြီးပဲ၊ ပန်းကုံ့ကော်မိတ်ကပ်တို့ စနိုးတို့ဆိုတာ မင်း မကြားဖူးဘူးလား”

“ကြားဖူးပါတယ်၊ မဂ္ဂဇင်းတွေမှာ ကြော်ငြာတွေ အမြဲပါနေ တာ”

“အေး… အဲဒါ နှင်းနှင်းတို့ ပိုင်လုပ်ငန်းပေါ့၊ သေးသေး



www.burmeseclassic.com

www.burmeseclassic.com



အထင်နဲ့၊ တစ်နေ့ကို သောင်းနဲ့ချီမြတ်တဲ့ လုပ်ငန်းတွေ"

"အဲဒါနဲ့ ငါ့ကို ဘာဖြစ်လို့ အလှူကုန်လုပ်ငန်းအကြောင်း လှေ့လာခိုင်းရတာလဲ"

"အ…အပေါ့ တော့်းရယ်၊ အဲဒါ မာလာနဲ့ ဆုဝေက မင်းကို နှင်းနှင်းနဲ့ ပေးစားပြီး စ,တာပေါ့၊ ဒါကြောင့် နှင်းနှင်းက ရှက်ချင်ယောင် ဆောင်ပြတာပေါ့၊ ငါထင်တာတော့ နှင်းနှင်းက မင်းကို နည်းနည်း စိတ်ဝင်စားသွားပုံရတယ်၊ ဒါကြောင့် ဟိုကောင်မတွေက မင်းနဲ့ စ,တာ"

"ဟင်…"

ခင်မောင်လွင်နှင့် ကျွန်တော်က တစ်တန်းတည်းသား သူငယ်ချင်းများ ဖြစ်သည်။

သို့သော် တစ်ခါမှ ဒီအကြောင်းတွေ စကားစပ်၍ မပြောဖူးခဲ့။ ခုမှ ကျွန်တော်က ပထမနေ့က အတွေ့အကြုံက ပြန်ရှင်းပြရင်းနှင့် ဓာတ်ရည်တွေလည်ကုန်ခြင်း ဖြစ်သည်။

ရှေ့က ပြောခဲ့သလိုပင် ကျွန်တော် ရင်နည်းနည်း ခုန်သွား၏။

* * *





"နှင်းနှင်း"

"ဟယ် ကိုစိုးလတ် ကြည့်စမ်း၊ ဟိုနေ့က နှင်းတို့ အတန်းတွေ မေဂျာတွေလဲ ပြောမပြခဲ့ဘဲနဲ့ ဘယ်လိုလုပ်ပြီး လာလည်တာလဲ၊ ဘာလဲ လမ်းသွားရင်း ဝင်ခလုတ်တိုက်မိသလို အမှတ်တမဲ့ လာတိုးတာလား"

ကြည့်ရတာ သူတို့အတန်းက သည်အခန်းမှာပဲ ဆက်သင်ရမည့်ပုံ ပေါ်သည်။

အချိန်ပြီးသွားသော်လည်း အတန်းထဲကလူအားလုံး အပြင်ထွက်မလာ။ တစ်ယောက် နှစ်ယောက်သာ အပြင်ထွက်လာသည်။

ကံအားလျော်စွာပင် ကျွန်တော်တို့ ရောက်ပြီးမကြာမီ နှင်းက အပြင်ဘက် ခဏထွက်လာသည်။

မာလာနှင့် ဆုဝေတို့ မပါ။ ကျွန်တော်က ဖျတ်ခနဲ ဝင်ပြီး နှုတ်ဆက်သောအခါ နှင်းက အံ့အားသင့်သော စကားကို ဆိုသည်။

ကျွန်တော်က ရယ်ပြီး…

"အမှတ်တမဲ့ တိုးတာမဟုတ်ဘူး နှင်းနှင်း၊ တမင်လာလည်တာပါ၊ ဒီကို လာတတ်အောင်ကတော့ ဟိုပုဂ္ဂိုလ်ရဲ့ ကျေးဇူးပေါ့၊ ဟိုမှာကြည့်စမ်း နှင်းနှင်း၊ သူ့ကိုသိလား"

"ဟင်… ခင်မောင်လွင်ပါလား"

"ဟုတ်တယ်၊ ကျွန်တော်နဲ့ ခင်မောင်လွင်နဲ့က အစကတည်းက သူငယ်ချင်းတွေပါ၊ ဟိုနေ့ကအကြောင်း မနေ့က ခင်မောင်လွင်



www.burmeseclassic.com

www.burmeseclassic.com



ကို ပြောပြတော့ ခင်မောင်လွင်က နှင်းနှင်းကို သူသိတယ်ဆိုပြီး လိုက်ပို့ပေးတာ''

ခင်မောင်လွင်ကလည်း ရယ်ပြီး အနားရောက်လာ၏။

''သြော်… ကလေးတစ်ယောက် တက္ကသိုလ်ထဲမှာ သူကြီးတော်ကို ဘယ်ရှာရမှန်းမသိဘူးဆိုပြီး ငိုနေလို့ ငါ နင့်ဆီ လိုက်ပို့ပေးလိုက်တာ နှင်းနှင်း၊ နင်တို့ အမျိုးတော်မှန်း အစကမှ ငါမသိဘဲ''

''သေချင်းဆိုး ခင်မောင်လွင်၊ နင် ပေါက်တတ်ကရတွေ လျှောက်မပြောနဲ့၊ ဘာ… ငါက သူကြီးတော်လဲ၊ ဖြစ်ချင်းဖြစ် ကိုစိုးလတ်က နင့်ယောက်ဖပဲဖြစ်မှာ''

''အဲ… ဒါလဲဖြစ်နိုင်တာပဲ နှင်းနှင်းရဲ၊ ငါက သူ့ကို ပြောပြီးသား၊ နှင်းနှင်းဟာ ငါ့ညီမလေးပဲလို့''

''သေစမ်း မသာ''

ခင်မောင်လွင်က ပေါ်တင်တွေကြမ်းသည်။

ကျွန်တော့်မှာ ရှက်လိုက်တာလေ။

မျက်နှာကြီးတစ်ခုလုံး ထူပိန်း၍ ရင်တွေ တဒိန်းဒိန်းခုန်ပြီး နှင်းနှင်းများ ဒေါကန်သွားလေမလား စိုးရိမ်တကြီးနှင့် အကဲခတ်သည်။

နှင်းနှင်း လုံးဝ စိတ်ဆိုးပုံမရ။

သည်လို အစခံရသည်ကိုပင် ရှက်ကိုး ရှက်ကန်းနှင့် ပျော်သလိုလို ဖြစ်နေသည်။

ခင်မောင်လွင့်ကို ဦးခုနစ်ခါလောက် ထိုင်ချချင်စိတ်တွေ ပေါ်သွား၏။

* * *





အချစ်…

ဤအရာသည် အချစ်ဖြစ်သည်ကတော့ သေချာပါသည်။

သို့သော် ဤအရာသည် အစက တစ်ယောက်နှင့် တစ်ယောက် ဘာမှမသက်ဆိုင်ကြဘဲ ခုခဏနှင်းဆိုသော မိန်းကလေးနှင့် တွေ့ဆုံရပြီဆိုခါမှ ဘာကြောင့် ကမန်းကတန်း ပေါ်ထွက်လာရပါသလဲ။

ကျွန်တော် မသိ။

ရှေးက ကျွန်တော့်ဘဝမှာ ဒါမျိုး မကြုံဆုံဖူးခဲ့တာတော့ အမှန်။

ကျွန်တော့်ဘဝနှင့် ကျွန်တော့်ဘဝ ရပ်တည်ရေး၊ ပညာသင်ကြားရေး စသော ကိစ္စများတွင် အသည်းအသန် လုံးပန်းနေရသောကြောင့်လည်း ဖြစ်နိုင်သည်။

နောက်တစ်ခုက ကျွန်တော့်ဘဝထဲသို့ နှင်းလို မိန်းကလေးမျိုးသည်း တစ်ခါမျှ ဝင်မလာခဲ့ဖူး။

နှင်းသည် ကြွေရုပ်ကလေးတစ်ရုပ်လို နူညက်အိစက်အောင်လှနေသော အလှပိုင်ရှင် မိန်းကလေးတော့ မဟုတ်။

မြင်သူတိုင်းကို ငိုက်ခနဲနေအောင် ဖမ်းစားနိုင်သော ချစ်ကဝေဆွဲအရာမျိုးလည်း မရှိ။

နှင်းသည် သာမန်မိန်းကလေးများအကြားတွင် အနည်းငယ်ထင်ပေါ်ပေါ် ရှိသည်ဟု ပြောနိုင်သော မိန်းကလေးသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် နှင်းသည် ဘဝအနေအထား အတော်မြင့်မားသော မိသားစုဝင် မိန်းကလေး ဖြစ်သည်။

အခြား ပိုင်ဆိုင်မှုတွေ ခဏထား။ တက္ကသိုလ်ကျောင်းကို ကိုယ်ပိုင်ကား ကိုယ်တိုင်မောင်း၍ ကျောင်းတက်နေရသည် ဆိုသော ကိစ္စတစ်ခုနှင့်ပင် ကျွန်တော့်ဘဝနှင့် များစွာခြားနားသွားပြီဖြစ်သည်။

နှင်း၏ ကိုယ်ပိုင်အသုံးအဆောင်တိုင်းလိုလိုသည် ကျွန်တော့်အဖို့ အံ့သြစရာကောင်းလောက်အောင် အဖိုးတန်နေသော ပစ္စည်းများ။

သည်မိန်းကလေးမျိုး တစ်ယောက်နှင့် ကျွန်တော် ဆက်စပ်ပတ်သက် အရောတဝင်ရှိသွားရမည်ဆိုသောကိစ္စမှာ သည့်အရင်က တစ်ခါမှ မမက်ဖူးသည့် အိပ်မက်ဆန်းလေး တစ်ခုပင်။

ခုတော့ နှင်းနှင့် ခင်မင်ရင်းနှီးခွင့်ရရှိသာမက ပတ်ဝန်းကျင်သူငယ်ချင်းများကပါ နှင်းနှင့် ကျွန်တော့်ကို အတွဲယှဉ်တွဲ၍ စသောနောက်သော အချင်းအရာလေးများပင် ဖြစ်နေခဲ့ပြီ။

ဘာကြောင့် သည်လိုဖြစ်ရသလဲ။

ကျွန်တော် လုံးဝ မဖြေရှာလို့မရ။

အချစ်ဆိုတာ ကာယကံရှင်တွေက ကိုယ်တိုင်အရင် ကြိုသိရတာလား။ ဘေးလူတွေက အရင် ကြိုတင် ရိပ်မိသိရှိကြတာလား။

အချစ်ပါရဂူတစ်ယောက်ထံ ကျွန်တော် သွားပြီး မေးကြည့်ချင်သည်။

အချစ်အကြောင်း ကျွန်တော် ဘာမျှမသိ။

ထိုစဉ်က ကျွန်တော့်အချစ်ဓာတ်လမ်းကတော့ အစပိုင်းမှာကားမောင်းပြီးရင်း မောင်းနေရခြင်းသာ ဖြစ်၏။ ❀

❒





။ ၆ ။

"ကိုစိုးလတ် ဗိုလ်ချုပ်ဈေးမှာ နှင်းတို့ ဈေးဝယ်ပြီးရင် သုံးဆယ့် ခုနစ်လမ်းက အပ်ချုပ်ဆိုင်ဘက် သွားချင်သေးတယ်၊ ပြီးရင် ထယာပြင်မှာ တစ်ခုခုစားပြီးမှ ပြန်ကြတာပေါ့ ဖြစ်မလား၊ ကိုစိုးလတ် စိတ်ရှုပ်ရဲ့လား"

ပပဝတီကိုရဖို့ မင်းကုသက ဆင်ထိန်း၊ အိုးထိန်းသည်၊ ကျူအရုံသည်၊ ပန်းကုံးသည်၊ စားတော်ချက် စသဖြင့် အလုပ်အမျိုးမျိုးဆို ခုနစ်လတိုင်တိုင် လုပ်ပြီး ကြိုးစား လှုပ်ရှားလှည့်သည်။

ဘုရားအလောင်း မာတင်္ဂသည် ဒိဋ္ဌမင်္ဂလိကာ သူဌေးသမီးတိုရိုး သူ့အဖေ ခြံတံခါးဝမှာ ခုနစ်ရက်တိုင်တိုင် လုံးဝမထဘဲ အိပ်သည်။

ကျွန်တော် ဘာလို့ သည်လောက်ကိစ္စလေးကို စိတ်မရှုည်ရှုည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ နှင်းနှင်းတို့ သွားချင်တဲ့နေရာသာသွားပါ"

"အဲဒါကြောင့် ကိုစိုးလတ်ကို ခင်တာပေါ့၊ ခုတော့ ဟန်ကိုကျနေတာပဲ၊ နှင်းမှာ ကားမောင်းပေးမယ့်လူလဲ အဆင်သင့်၊ ကားပျက်မှာလဲ- စိတ်မပူရဘူး၊ ကိုစိုးလတ်နဲ့ ခင်ရတာ နှင်း ကုသိုလ်ကံအရမ်းကောင်းတာပဲ"

"ကဲ… ကိုစိုးလတ်၊ နှင်းနှင်းကတော့ ကိုစိုးလတ်ကို အရမ်းသဘောကျနေပြီ၊ ကိုစိုးလတ်ကသာ သူ့အတွက် ရာသက်ပန် ကားဒရိုင်ဘာ လုပ်ပေးမယ်ဆိုရင် နှင်းနှင်းက လစာ တစ်ထောင့်ငါးရာနဲ့ တစ်သက်လုံး အလုပ်ခန့်ဖို့ သဘောတူတော့မှာ"

"ဟုတ်တယ်၊ ကိုစိုးလတ် ငြင်းမနေနဲ့တော့"

ထုံးစံအတိုင်း မာလာနှင့် ဆုဝေက အတိုင်အဖောက်ညီညီဝင်ပြောသည်။

ကျွန်တော်က ရယ်ပြီး…

"ဒီကိစ္စက ကျွန်တော့်ဘက်က စဉ်းစားစရာ မလိုပါဘူး၊ မမာလာနဲ့ မဆုဝေ၊ နှင်းနှင်းကသာ ကျွန်တော့်လို အစုတ်ပလုတ်ကောင်မျိုးကို လစာ ထောင့်ငါးရာနဲ့ ဒရိုင်ဘာခန့်ရမှာ မထိုက်တန်ဘူးလို့ ထင်ချင် ထင်နေမှာ"

သည်ဘက်ပိုင်းမှာတော့ နေ့စဉ်လို စနောက်နေသဖြင့် သိပ်မျက်နှာပူစရာ မဖြစ်တော့။

ကျွန်တော့်စကားကြောင့် မာလာက ရယ်ပြီး…

"ဒီကိစ္စကို ကိုစိုးလတ် မပူပါနဲ့၊ မာလာတို့ တာဝန်သားထား၊ ဟုတ်တယ်မို့လား ဆုဝေ"





"ဟုတ်တယ်၊ အိမ်ပေါ်အရောက် တာဝန်ယူတယ်"

နှင်းက ဘာမှမပြောဘဲ မကြားချင်ယောင် ဆောင်နေသည်။

ကျွန်တော်က အတန်ငယ် အရဲစွန့်၍…

"ဟုတ်လား နှင်းနှင်း ဘယ်လိုလဲ"

"အမယ် ကိုစိုးလတ်နော်၊ သူတို့ဟာ သူတို့ လျှောက်စနေတာကို ရှင်ကပါ ရောကောသောကောလုပ်ပြီး ဝင်ပါလေသာနဲ့၊ ကဲ… ထားပေါ့တက်၊ ကျုပ် ဗိုလ်ချုပ်အောင်ဆန်းဈေးမှာ ဝယ်စရာတွေ အများကြီး"

ထိုအခါ ကျွန်ုပ်ကလည်း ဇက်ကလေးပုန်၍ ကားပေါ်သို့ ရှိသေစွာတက်ရသည်။

ကျွန်တော့် အမူအရာကို ကြည့်၍ နှင်းသဘောကျစွာ ပြုံးသည်ကို သတိထားလိုက်မိ၏။

* * *

"ကဲ… လာပါဦး… လာပါဦး၊ တစ်မနက်လုံး ဘယ်ကြွနေလို့ ခုမှရောက်လာရတာလဲ၊ ကျုပ် ရှင့်ကို စောင့်နေတာကြာပြီ"

"ဟောဗျာ၊ ဘယ်လိုဖြစ်ရတာလဲ"

ဗိုလ်ချုပ်ဈေးသွားပြီး နောက်နေ့ဟု မှတ်မိသည်။

မနက်ပိုင်း စာသင်ချိန်လေးတွေက အရေးကြီးသဖြင့် ကျွန်တော် မလစ်တော့ဘဲ တက်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့အတွက် ခါတိုင်းထက်စာလျှင် အခစားဝင်ချိန် နည်းနည်းနောက်ကျသွားသည်။

ကျွန်တော် ရောက်သွားချိန်မှာ နှင်းကို မာလာတို့ ဆုဝေတို့နှင့် အတူ မတွေ့ရ။ အတန်းထဲမှာ တစ်ယောက်တည်း ငိုင်တိုင်တိုင်ထိုင်နေသည်။

ကျွန်တော် ရောက်လာသည်ကို မြင်မှ အနည်းငယ် ရွှင်မြူးလာပြီး မနေ့ကမှ စသုံးသည့် ရှင်တွေ ကျူပ်တွေနှင့် တွေ့တွေ့ချင်းရန်တွေ့သလို လုပ်တော့သည်။

ဘာကြောင့်မှန်းမသိ။ နှင်းသုံးသည့် ရှင်၊ ကျူပ် အခေါ်အဝေါ်လေးများက ချစ်စရာကောင်းသည်။

တကယ်ဒေါသဖြစ်ပြီး ရန်တွေ့တာမျိုးဆိုလျှင်တော့ တစ်မျိုးဖြစ်ကောင်း ဖြစ်မည် ဖြစ်သော်လည်း ခုရန်တွေ့ ဟန်ဆောင်ရင်းသုံးသော ရှင် ကျူပ်လေးတွေက ပိုရင်းနှီးပြီး ပိုမှားဝင်ချိုသည်။

"ဘယ်လိုဖြစ်ရမှာလဲ၊ ရှင့်ကို ကျူပ် မနေ့ကတည်းက သိပ်ကျေနပ်တာ မဟုတ်ဘူး၊ ခုလဲ အဲဒီကိစ္စကိုပဲ ရှင်းရမယ်၊ လာ… အခု ကျူပ်နဲ့လိုက်ခဲ့"

"နေပါဦး နှင်းနှင်းရဲ့"

"အိုး… မနေပါဘူး၊ သွားမယ်၊ လိုက်ချင်လဲ လိုက်၊ မလိုက်ချင်လဲ နေခဲ့"

ပြောပြောဆိုဆိုနှင့် နှင်းက ရှေ့မှနေ ထွက်ခွာသွားသည်။

ကျွန်တော် ဘာလုပ်မည်ဟု ယူဆပါသနည်း။ 'ကောင်းပါပြီလေ အဲလိုဆိုရင်လဲ မလိုက်တော့ဘူး၊ နေခဲ့တော့မယ်'ဟု မိုက်မဲစွာ





ပြောပြီး ကျွန်နေခဲ့မည်ဟု လားလားမှ မယူဆသင့်ပါ။

ကျွန်တော့်အတွက် တစ်စုံတစ်ရာ ထူးခြားပြီ ဆိုသည်ကို ကျွန်တော် ချက်ချင်းသဘောပေါက်ပါသည်။

သို့အတွက် စက္ကန့်၏ အပုံတစ်သန်းပုံ တစ်ပုံမျှပင် နှောင့်နှေးငင့်နွဲခြင်း မရှိဘဲ…

"ဟာ… အဲလိုတော့ မနေခဲ့ပါဘူး၊ လိုက်ခဲ့မှာပေါ့ နှင်းနှင်းရဲ့"

ဟု ဆိုကာ ကျွန်တော် ပျာပျာသလဲ လိုက်သွားသည်။

ခဏအကြာတွင် နှင်း ဦးတည်ထွက်သွားနေသည့် အရပ်ကို မှန်းဆ၍လည်း ရင်တွေ ဘာတွေ ခုန်သွားသည်။

နှင်း ဦးတည်သွားနေသည့် အရပ်သည် အဘယ် အရပ်ပါနည်း။

နှင်းတို့ ရူပဗေဒဌာနသည် သိပ္ပံအဆောက်အအုံကြီး တစ်ခုလုံး၏ အရှေ့မြောက်စွန်း၌ တည်ရှိ၏။

ထိုနေရာမှ အရှေ့ဘက်နှင့် မြောက်ဘက် ထွက်လမ်းအတိုင်းလျှောက်လျှင် တက္ကသိုလ်ဒေသ၏ တစ်ခါက ထင်ရှားသည့် မေတ္တာနယ်မြေ ဖြစ်ခဲ့ဖူးသော အင်းလျားကန်သို့ ရောက်သွားနိုင်လေသည်ပေတကား။

□

www.burmeseclassic.com

www.burmeseclassic.com



॥ ၇ ॥

"ကဲ… တော်ပြီ ရပ်၊ ဘယ်အထိ ဆက်သွားဦးမလို့လဲ"

အင်းလျားကန်ဘက်သို့ ဦးတည်ချီတက်နေသော ခြေလှမ်းများ တုံ့ခနဲ ရပ်သွားသည်။

"ဟင်… ဆက်မသွားတော့ဘူးလား"

"မသွားပါဘူး၊ ဘာဖြစ်လို့ ဆက်သွားရမှာလဲ"

"မသိဘူးလေ၊ နှင်းနှင်းက ဒီဘက်ခေါ်လာတော့ အင်းလျားမှာများ အကြော်သွားစားရင်း စကားပြောချင်လို့များလားလို့"

"အမယ်လေး ဝေးသေး၊ ရှင့်ကို အကြော်စားမလို့ခေါ်လာတာ မဟုတ်ဘူး၊ ရန်ဖြစ်မလို့ နားလည်ရဲ့လား"

နှင်း ရပ်လိုက်သည့် နေရာက သိပ္ပံ အဆောက်အအုံကြီး၏ ကျောဘက် ထွက်ပေါက်နှင့် မလှမ်းမကမ်း၌ ရှိသော သစ်ပင်ရိပ် တစ်ရိပ်၌သာ ဖြစ်သည်။



ထိုသစ်ပင်ရိပ်မှ ခြေလှမ်း ငါးလှမ်းလောက် ဆက်သွားလျှင် အင်းလျားလမ်းဘက်ထွက်သော တံခါးပေါက်ရောက်မည်။

ဆက်သွားလျှင် အင်းလျားလမ်းမ၊ လမ်းမကိုကျော်ပြီးမှ အင်းလျား ပရိဝုဏ်။

ကျွန်တော် အံ့သြထိတ်ပျာယာခတ်ဆောင်၍ မျက်လုံးပြူးပြဲရင်း။

"ရန်ဖြစ်မလို့၊ ဟုတ်လား နှင်းနှင်း၊ မလုပ်ပါနဲ့ နှင်းနှင်းရယ်၊ ကျွန်တော့်မှာ နှင်းနှင်းကို ဘယ်လိုမှ ယှဉ်ရန် ဖြစ်ရဲတဲ့ သတ္တိ မရှိပါဘူး၊ နှင်းနှင်းနဲ့လဲ ဘာတစ်ခုမှ အတိုက်အခံ ဖြစ်ချင်စိတ် မရှိပါဘူး"

"တော်စမ်းပါ၊ အပိုတွေလာပြောမနေစမ်းပါနဲ့၊ အဲဒါတွေ ဘာမှ စိတ်မဝင်စားဘူး၊ မနေ့က ကိစ္စပဲရှင်း၊ မနေ့က ကိုစိုးလတ် ဘာပြောတာလဲ၊ အဲဒီစကားရဲ့ အဓိပ္ပာယ်က ဘာလဲပြော…"

"ပြော… ဟုတ်လား နှင်းနှင်း"

"ဟုတ်တယ် ပြော၊ အူကြောင်ကြောင် လုပ်မနေနဲ့"

"ဟောဗျာ ကျွန်တော်က ဘာပြောရမှာလဲ၊ မနေ့က ကျွန်တော်ပြောခဲ့တဲ့ စကားဆိုတာက ဘယ်စကားကို ပြောတာလဲ"

"ဘယ်စကားရမလဲ၊ မာလာနဲ့ ဆုဝေကို ပြောတဲ့စကား"

"မမာလာနဲ့ မဆုဝေကို ပြောတဲ့စကား၊ ဟုတ်လား"

"ဟုတ်တယ် ဒီကိစ္စက ကျွန်တော့်ဘက်က စဉ်းစားစရာ မလိုပါဘူး၊ နှင်းနှင်းကသာ ကျွန်တော့်ကို အစုတ်ပလုတ်ကောင်မျိုးကို တစ်ထောင့်ငါးရာနဲ့ ဒရိုင်ဘာခန့်ရမှာ မထိုက်တန်ဘူးလို့ ထင်ချင်ထင်နေမှာ ဆိုတဲ့ စကားကိုပြောတာ၊ အဲဒီစကားက ဘာအဓိပ္ပာယ်လဲ ရှင်း"

www.burmeseclassic.com



"ဘာအဓိပ္ပာယ်လဲ ဟုတ်လား"

"ဟုတ်တယ် ဘာအဓိပ္ပာယ်လဲ"

သည်နေရာမှာ ကျွန်တော် အကြီးအကျယ် စဉ်းစားသွားသည်။ နှင်းမေးသည့် အမေးကို "ဟာ… ဒီကိစ္စက မာလာတို့ ဆုဝေတို့ နောက်သို့ ကျွန်တော်က ပြန်ပြီး နောက်တာပါ၊ ဘာ တခြား ရည်ရွယ်ချက်တို့ အဓိပ္ပာယ်တို့မှ မရှိပါဘူး၊ ဘာညာနှင့် မလိမ့်မပတ်လုပ်ပြီး ရှောင်ထွက်သွားလို့ရသည်။

သို့သော် နောက်တစ်ဖက်က ပြန်စဉ်းစားတော့လည်း သည်မေးခွန်းကို နှင်းက ဘာဖြစ်လို့ သည်နေ့ကျမှ တစ်ယောက်တည်း ခေါ်ထုတ်ပြီး သတ်သတ် မေးရတာလဲ။

သည်စကား၏ အဓိပ္ပာယ်ကို သူလည်း ခေတ်ပညာတတ် လူငယ် မိန်းကလေးတစ်ယောက်၊ မသိလို့ မေးစရာ ဘာအကြောင်းမှ မရှိ။ မသိစရာလည်း မရှိ။

ကျွန်တော့်ဘက်က မလိမ့်တစ်ပတ်လုပ်လျှင် နှင်း ပိုစိတ်ဆိုးသွားနိုင်သည်။ သို့အတွက် ကျွန်တော်က နှင်းကို ကြည့်၍ ပြုံးလိုက်ပြီး…

"ဘာဖြစ်လို့လဲ နှင်း၊ မနေ့က ကျွန်တော် အဲလိုပြောလိုက်တာ နှင်း သိပ်စိတ်ဆိုးသွားလို့လား"

မထူးတော့ပြီမို့ ကျွန်တော့် စိတ်ထဲမှာ နှင်းနှင်းကို နှင်းဟု တစ်လုံးတည်း ခေါ်ချင်သည့်အတိုင်း အခေါ်အဝေါ်ပါ တစ်ခါတည်း ပြောင်းပစ်လိုက်သည်။

နှင်းက ပေတေတေ အမူအရာနှင့် ပြန်ကြည့်၍…





"မဟုတ်ပါဘူး၊ စကားမလွှဲပါနဲ့ နှင်း မေးတာပဲ ဖြေပါ"

"ဘာဖြေစရာလိုလဲ နှင်း၊ ဒီစကားအဓိပ္ပာယ်ကို နှင်း သိတာပဲ၊ နှင်းသိတဲ့ အဓိပ္ပာယ်အတိုင်းပဲပေါ့"

"အို… နှင်းမသိပါဘူး"

"ကဲ… ဒါဖြင့် နှင်းသိအောင် ရှင်းပြမယ်၊ အဓိပ္ပာယ်ကတော့ နှင်းကို ကျွန်တော် ချစ်တယ်လို့ ပြောတာပဲ၊ နှင်းရဲ့ ဘဝအဖော်အဖြစ် တစ်သက်လုံး လက်တွဲသွားချင်တယ်လို့ ပြောတာပဲ"

"ဘာဆိုင်လို့လဲ"

နှင်း မျက်နှာလေး ပန်းရောင်ပြေးသွားသည်။

သည်လောက် ရှင်းလင်းသော အဓိပ္ပာယ်ပေးမည်ဟု ထင်ထားပုံလည်း ရသည်။

ကျွန်တော်က ဆက်၍…

"ဆိုင်ပါတယ် နှင်း၊ အဲဒီအဓိပ္ပာယ်ပါပဲ၊ ကျွန်တော့်ဘက်ကတော့ နှင်းသာ လက်ခံရင် တစ်သက်လုံး နှင်းရဲ့ အလုပ်အကျွေးအစေအပါးအဖြစ်နဲ့လဲ ကျွန်တော် နေသွားနိုင်ပါတယ်၊ နှင်းကသာ ကျွန်တော်လိုလူမျိုးကို ပြန်ချစ်နိုင် မချစ်နိုင် ဆုံးဖြတ်စေချင်တာပါ"

"အဲဒီအတိုင်း အမှန်ပဲလား"

"အမှန်ပါပဲ နှင်း"

"ကိုစိုးလတ်က နှင်းကို တကယ်ချစ်လို့လား၊ ဒါမှမဟုတ် မာလာတို့၊ ဆုဝေတို့၊ ခင်မောင်လွင်တို့က ဝိုင်းစနေတာနဲ့ နှင်းကို စောင်သေးပြီး ဒီစကား ပြောတာလား"

"ဟာ… အဲလိုမဟုတ်ပါဘူးနှင်း၊ နှင်းကို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တကယ်ချစ်တာပါ၊ နှင်းကိုချစ်လို့ သူတို့ စတဲ့အခါ ကျွန်တော် အရှမ်း ဝမ်းသာပြီး ပျော်နေခဲ့တာပါ"

"ဒါဖြင့် အဲဒီစကားကို မာလာတို့ ဆုမေတို့ရှေ့မှာ နောက်သလို၊ ပြောင်သလို ပြောရတာလဲ၊ ကိုစိုးလတ် တကယ်ပြောချင်ရင် ခုလို နှစ်ယောက်တည်း သတ်သတ်တွေ့ပြီး ပြောပါလား၊ ဒီလောက် အရေးကြီးတဲ့စကားကို ရွတ်နောက်နောက်လုပ်ပြီး ဒီပြင်လူတွေရှေ့ မှာ ပြောတာ နှင်း အရှမ်းစိတ်ဆိုးတာပဲ၊ ကိုစိုးလတ် ဆင်းရဲတာ ချမ်းသာတာ နှင်းအတွက် ဘာပြဿနာမှ မရှိဘူး၊ ဒါပေမဲ့ အဲလို လုပ်တာကိုတော့ နှင်း အရှမ်း ဝမ်းနည်းတယ်"

ပြောပြောဆိုဆိုနှင့် နှင်း တကယ် ဝမ်းနည်းသွားဟန်ဖြင့် မျက်ရည်များ ကျလာသည်။

ထိုအခါမှ ကျွန်တော်လည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ် သွား၏။

"နေ… နေပါဦး နှင်း၊ ကျွန်တော် ရှင်းပြပါရစေဦး"

"တော်ပြီ ရှင်းမပြနဲ့၊ ကိုစိုးလတ်ကို နှင်း အရှမ်းမုန်းသွား တယ် သိရဲ့လား၊ ကိုစိုးလတ် နှင်းကို လုံးဝ တန်ဖိုးမထားဘူး"

ဟာ… ပြဿနာပဲဟု ကျွန်တော် စိတ်ညစ်စွာ နောင်တရ သွားသည်။

နှင်းက ပြောရင်းနှင့်လည်း နေရာမှာပင် ငုတ်တုတ်ထိုင် မျက်နှာကို လက်ဖြင့်အုပ်၍ ငို၏။

ကျွန်တော့်မှာလည်း နေစရာကိုမရှိတော့။

"မဟုတ်ပါဘူး နှင်းရယ်၊ နှင်းထင်သလို လုံးဝ မဟုတ်ပါ





ဘူး၊ ဒီလိုပြောမိတာ နှင်းကို တန်ဖိုးမထားလို့ မဟုတ်ပါဘူး၊ ကျွန်တော့် ဘဝမှာ နှင်းထက် တန်ဖိုးထားစရာလူလဲ ဘယ်သူမှ မရှိတော့ပါဘူး၊ ခုဟာက နှင်းကို ကျွန်တော် ဒီလို တိုက်ရိုက်ကြီး ပြောဖို့ ကြောက် တာနဲ့ သွယ်ဝိုက်ပြောတဲ့ သဘောပါ"

ကျွန်တော်က နှင်းအနားမှာ ထိုင်ပြီး တတွတ်တွတ် တောင်း ပန်သည်။

သူဟာသူ ငိုနေသော နှင်း ကြား မကြား ဆိုတာပင် ဂရုမစိုက် နိုင်တော့။

အနားကနေပြီး စိတ်ထဲပေါ်လာသမျှ စကားများကို အဆက် မပြတ် ပြောနေမိသည်။

"ကျွန်တော် တောင်းပန်ပါတယ် နှင်း၊ နှင်း ကျွန်တော့်ကို အထင်မလွဲပါနဲ့၊ စိတ်လဲ မဆိုးပါနဲ့၊ ကျွန်တော် အမှန်ပြောတာပါ၊ နှင်းကို ကျွန်တော် ကြောက်လို့ နောက်သလို ဘာလိုလုပ်ပြီး သွယ် ဝိုက်ပြောရတာပါ"

"ဘာကြောက်တာလဲ၊ နှင်းက ကြောက်စရာကောင်းအောင် ဘာဖြစ်နေလို့လဲ"

နှင်းက ရုတ်တရက် အငိုရပ်ပြီး ထအော်သည်။

အမှတ်တမဲ့မို့ ကျွန်တော် တန့်သွားသည်။

သို့သော် တောတောကထက် တလျှောင် စကားပြန်လေး ဘာ လေး ရပြီမို့ နည်းနည်း အားတက်လာပြီး…

"ဘဝအခြေအနေချင်းမှ မတူတာ နှင်းရယ်၊ နှင်း[illegible] တကယ့် သူဌေး သူကြွယ်ကြီးတွေ၊ တကယ် စီးပွားရေးလုပ်[illegible]

www.burmeseclassic.com

www.burmeseclassic.com



ကြိုးတွေ၊ ပြီးတော့ သူများအလုပ်ရုံမှာ မိုနိုကပ်ရပ်နေရတဲ့ အလုပ်သမား ဘဝချင်းယှဉ်လိုက်ရင် ဘုရင့်သမီးနဲ့ သူတောင်းစားလောက် ကွာနေတာ၊ ကြောက်တာပေါ့၊ ကျွန်တော် တစ်ခုခု ပြောလိုက်လို့ရှိရင် နှင်းက အမဲအိုးနှယ် ဟင်းအိုးမှ အားမနာလို့ ထင်ပြီး စိတ်ဆိုးမှာ ကြောက်တာပေါ့"

တတ်သလောက် မှတ်မသလောက်ဆိုသော စကားက အဲဒီတော့မှ တကယ်မှန်သည်။

ကျွန်တော်လည်း ဖတ်ဖူး မှတ်ဖူးသော စာထဲမှ တတ်သလောက် မှတ်သလောက်တွေနှင့် နှင်းကို နားလည်အောင် ပြောပြရတော့သည်။

သည်တော့မှ နှင်းက မျက်ရည်ကို သူ့အဖိုးတန် နိုင်ငံခြားဖြစ် လက်ကိုင်ပဝါလေးနှင့် ခပ်ကြွမ်းကြွမ်းသုတ်ရင်း...

"ဘာမှမဆိုင်ဘူး၊ သိရဲ့လား"

"ဘယ်လိုမဆိုင်တာလဲ နှင်း၊ ကျွန်တော်ပြောတဲ့ ကိစ္စတွေက နှင်းစိတ်ထဲမှာ ရှိတာတွေနဲ့ ဘာမှမဆိုင်တာလား"

"ဟုတ်တယ် ဘာမှမဆိုင်ဘူး၊ နှင်းက အဲလိုဂုဏ်တွေ ဒြပ်တွေကြည့်ပြီး အဆင့်အတန်း ခွဲတတ်တဲ့ မိန်းကလေးမဟုတ်ဘူး၊ အဲလိုသာ ခွဲတတ်ရင်လည်း နှင်း ကိုစိုးလတ်ကို အစကတည်းက ခင်ခင်မင်မင် မပေါင်းဘူး"

"ဒါပေမဲ့ အဲဒါက ခင်တာပဲ နှင်းရယ်၊ ချစ်ဖို့ကျပြန်တော့"

"အို... ဘာထူးလဲ၊ ယောကျ်ားလေး တစ်ယောက်ကို





မိန်းကလေးတစ်ယောက်က ခင်တာနဲ့ ချစ်တာနဲ့ ဘာထူးမလဲ၊ အလကား နေရင်းလဲ သူ့ကို ဘယ်သူက လိုက်ခင်နေမှာလဲ"

"ဟာ... ဒါဖြင့် နှင်းကလည်း ကျွန်တော့်ကို ချစ်နေတာပဲ ပေါ့ ဟုတ်လား"

"ဟင်..."

သည်တော့မှ သူ ဒေါသထွက်ထွက်နှင့် ကျွန်တော့်ကို စွတ်ရန်တွေ့ရင်း ရင်တွေပွင့်ကုန်မှန်း နှင် သတိထားမိသွားသည်။

ရုတ်တရက် ငိုနေရာမှ ရှက်ပြုံးကြီးတစ်ခုကို ပြုံးလိုက်ရင်း ကျွန်တော့် ပခုံးနှင့် လက်မောင်းကို တဝုန်းဝုန်း ထထု၍...

"အို... မသိဘူး၊ မသိဘူး၊ ဘာမှန်းလဲ မသိဘူး၊ သူ့ဒေါသ ဖြစ်ရတာနဲ့ ဒီက အကုန်ဖွင့်ပြောမိသွားပြီ၊ မကောင်းဘူးကွာ၊ အဲဒီ ကိုစိုးလတ် မကောင်းဘူး၊ နှင်း ရှက်လိုက်တာ"

ကျွန်တော်က သည်တော့မှ စိတ်အေးချမ်းသာစွာ ပြုံးနိုင် ရယ်နိုင်သည်။

သူ့ အထုအရိုက်ကိုလည်း ကျေနပ်စွာ ခံယူရင်း သူ့လက်ကလေးများကို ဖမ်းယူဆုပ်ကိုင်လျက်...

"မရှက်ပါနဲ့ နှင်းရယ်၊ နှင်း ခုလိုပြောလိုက်တော့ ကိုယ့်မှာ ဘယ်လောက် စိတ်ချမ်းသာသွားရလဲ၊ သိပ်ပျော်တာပဲ နှင်းရယ်၊ ကိုယ့်မှာ အပြစ်ရှိရင် ခွင့်လွှတ်ပါ၊ ပြီးတော့ နှင်းကို တစ်သက်လုံး ချစ်သွားပါရစေ"

"ဟာ... ဖယ်ပါ၊ လွှတ်ပါ ကိုစိုးလတ်ရဲ့၊ လူတွေမြင်ကုန် ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုစိုးလတ်လို့ မခေါ်နဲ့တော့လေ၊ မောင်လို့ ခေါ်၊ အဲလို ခေါ်ရင် လွှတ်ပေးမယ်"

"အမယ်... မခေါ်နိုင်ပါဘူး၊ သူ့ကိုယ်သူများ မောင်တဲ့၊ ဟာ...ဟာ... ရယ်စရာကောင်းလိုက်တာ"

"ကောင်းပြီလေ၊ မခေါ်ရင်လဲနေ၊ အဲလိုဆို ဘယ်သူမြင်မြင် မောင်က ဖက်နမ်းမှာပဲ"

"ဟော့ အဲလိုတော့ မလုပ်နဲ့နော်၊ ဒီနားမှာ လူတွေက အမြဲ ဖြတ်သွားတာ၊ အဲလို မောင်ဆိုးရင် နှင်း အချစ်တော့ဘဲနေလိုက်မယ်"

ကိုင်း... ဘာလိုပါသေးသနည်း။

ဘာမှ မလိုတော့ပါ။

တစ်ကမ္ဘာလုံးမှာ ပန်းတွေ ပွင့်ကုန် မွှေးကုန်ကြပေပြီ။

အရာအားလုံးသည်လည်း ပျော်ရွှင်ချမ်းမြေ့စရာများချည်း ဖြစ်ကုန်ကြပြီ ဖြစ်ပါ၏။





॥ ၈ ॥

"ဒါဆို မောင်တို့ ဘာလုပ်ကြမလဲ နှင်း"

တတိယနှစ် နှစ်ဝက်ကျော်ကျော်လောက်မှာ ချစ်သူများ ဖြစ်ခဲ့ ...သော နှင်းကို နောက်ဆုံးနှစ် နှစ်ကုန်ခါနီး စာမေးပွဲများဖြေရန် ...လိုတော့သောအချိန်မှာ ကျွန်တော် အထက်ပါမေးခွန်းကို စိတ် ...် အားလျော့စွာ မေးရတော့သည်။

သည်မေးခွန်း ပြန်မမေးခင် နှင်းပြောလိုက်သော စကားက ...ည်း ရှင်းပါသည်။

"မရဘူးမောင်၊ အမိကကတော့ သူတို့လိုချင်တဲ့ အဆင့် ... မောင့်မှာမှ မရှိတာပဲ၊ အဲဒါ မောင့်အများအယွင်းလဲ မဟုတ် ... မောင် ခုချက်ချင်း ထပြုပြင်လို့ ရတဲ့ကိစ္စလဲ မဟုတ်ဘူး၊ ...ဘက်က ဘာမှလုပ်စရာကို မရှိတာ"

ဒါ အမှန်ပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဘက် တစ်ခြမ်းတည်း သက်သက်ကတော့ ဘာမှ လုပ်စရာမရှိတော့။

နှင်းနှင့် ချစ်သူများ ဖြစ်ပြီးကတည်းက ကျွန်တော့်ဘက်မှ တစ်ခုတည်းသော ထွက်ပေါက်အဖြစ် ကြိုးစားခဲ့သည်မှာလည်း ပညာရေးတစ်ခုသာ ဖြစ်သည်။

သည့်ပြင်အရာတွေမှာ အကုန် မျက်နှာငယ်နေရဦး။ ပညာရေးအားဖြင့် 'ဘွဲ့ရ' တစ်ယောက် ဆိုသော ဂုဏ်တူးလေးနှင့်က သူ့မိဘများကို တင့်တယ်သော စကားပြောနိုင်စေချင်သည်။

သို့အတွက် ကျွန်တော်နှင့် နှင်းနှင်းတို့ ချစ်နေကြကြောင်း နှင်းအိမ်က သိသွားပြီး သဘောမတူဘူး ဘာညာ ဖြစ်လာသည့်အခါ ကျွန်တော့်မှာ နှင်းကိုချစ်သော အချစ်၊ ကျွန်တော့်အကျင့်သိက္ခာ ကြိုးစားမှု၊ လုံ့လဥဿဟနှင့် ဘွဲ့ရခါနီး နောက်ဆုံးနှစ် ကျောင်းသား ဆိုသော အရာများမှ အပ ဘာတစ်ခုမှ ခုခံကာကွယ်စရာမရှိ။

ကျွန်တော်က အားငယ်သွားခြင်း၊ စိုးရိမ်ပူပန်ခြင်းများဖြင့် နှင်းကို ထိုမေးခွန်း မေးမြန်းလိုက်ခြင်း ဖြစ်ပါ၏။

"ဒါဆို မောင်တို့ ဘာလုပ်ကြမလဲ နှင်း"

* * *

"ဘာလုပ်ကြမလဲ ဆိုတော့ နှင်းနဲ့ မောင် လွတ်ရာ ကျွတ်ရာ တစ်နေရာရာကို ထွက်ပြေးဖို့ပဲ ရှိတော့တာပေါ့"





သည်ကိစ္စမှာတော့ နှင်းက ကျွန်တော့်ထက်ပြတ်သည်။

သူ့စကားသံမှာ ဘာမှ တွေဝေစဉ်းစားနေသော အရိပ်အယောင် မပါ။

မနေ့က သို့မဟုတ် ညကတည်းက ဤကိစ္စကို ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်ချထားဟန် ပေါ်နေသည်။

"နှင်းပြောတာက မောင့်နောက်ကို ခိုးရာလိုက်မယ်လို့ ဆိုလိုတာလား"

ကျွန်တော်က အူကြောင်ကြောင်နှင့် ပြန်မေးမိသည်။ နှင်းက စိတ်မရှည်ပုံဖြင့်…

"ဟုတ်တယ်လေ၊ ဘာလဲ မောင်က နှင်းကို မခိုးချင်လို့လား၊ ဘာလဲ မောင်က ကြောက်နေလို့လား"

နှင်းက သည်လိုပဲ ကျွန်တော့်ကို နိုင်နေကျ။ ဟောက်နေကျ ဖြစ်လေသံကော အမူအရာပါ ကျွန်တော့်အတွက် မထူးဆန်းတော့ပေ။

သို့သော် ကျွန်တော်က တွေဝေသွားပြီး…

"ကြောက်တာတော့ မောင် မကြောက်ပါဘူး နှင်း၊ နှင်းနဲ့ မေတ္တာသက်လို့ မောင် မလုပ်ရဲတာ၊ ကြောက်တာဆိုတာ မရှိပါဘူး၊ ဘာမဆို နှင်းနဲ့ လက်တွဲပြီး ရင်ဆိုင်ရဲပါတယ်"

"ဒါဖြင့် မောင်က ဘာဖြစ်လို့ တွန့်ဆုတ်ဆုတ်ဖြစ်သွားတာလဲ"

"နှင်းနှင့်မောင် လက်ထပ်ပေါင်းသင်းစရာ ဒီနည်းလမ်းပြီး တစ်ခြားနည်း မရှိတော့ဘူးလား နှင်း"

"အို… မရှိလို့ ပြောတာပေါ့၊ နှင်းနဲ့မောင် အတူပေါင်းချင်



www.burmeseclassic.com

www.burmeseclassic.com



ရင် လုပ်စရာဒါပဲရှိတယ်"

ကျွန်တော် မျက်မှောင်ကြုတ်လိုက်ရင်း…

"နေပါဦး နှင်းရယ်၊ ဒီလောက်လဲ အဆုံးအဖြတ် မစောပါနဲ့ဦး၊ မောင် တခြားနည်းလမ်းတစ်ခုခု ရှာပါဦးမယ်၊ တခြားနည်း ဘယ်နည်းနဲ့မှ လုပ်လို့မရမှ ဒီနည်းကို နောက်ဆုံးနည်းလမ်းအဖြစ် သုံးရအောင်ပါ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ ခိုးရာလိုက်ပြေးပြီးမှ လက်ထပ်ပေါင်းသင်းရတယ်ဆိုတာ မိန်းကလေးတစ်ယောက်အတွက် မျက်နှာအငယ်ဆုံး အိမ်ထောင်ကျရတဲ့နည်း ဖြစ်နေလို့ပါ၊ နှင်းကို မောင့်အတွက် ဒီလောက် မျက်နှာမငယ်စေချင်ဘူး"

"အဲဒါဆို ဘာလဲ၊ မောင်က နှင်းကို မယူတော့ဘဲ စွန့်လွှတ်တော့မယ်လို့ ဆိုလိုတာလား"

"အဲလို မောင် လုံးဝ မပြောပါလား နှင်း၊ နှင်း မျက်နှာမငယ်ရမယ့် တခြားနည်းလမ်းတစ်ခုခုရအောင် မောင်ရှာမယ်၊ ဒီပြင်နည်း သုံးလို့မရမှ ဒီနည်းကို နောက်ဆုံးနည်းအဖြစ် သုံးမယ်လို့သာ မောင်ပြောတာပါ"

"မောင်က တခြားနည်း၊ ဘယ်နည်းသုံးချင်လို့လဲ"

"ခု လောလောဆယ်တော့ မောင်လဲ ဘယ်သိဦးမလဲ နှင်း၊ ဒီကိစ္စ ခုမှသိပြီး ခုမှ စ အဖြေရှာရမယ့်ကိစ္စ၊ ကဲပါလေ ဒီကိစ္စ နှင်း ခေါင်းအေးအေးသာထားပါ၊ ဒီကိစ္စ မောင့်တာဝန်လို့သာ သဘောထားလိုက်၊ အားလုံး အဆင်ပြေအောင် မောင် ကြိုးစားကြည့်မယ်"





ပြောသာ ပြောလိုက်ရသည်။ ကျွန်တော့်မှာသာ နည်းလမ်းမှ အဆင်သင့် စဉ်းစားပြီးသား မရှိ။

နှင်းကို ကျွန်တော် ပြောခဲ့သလို နှင်း မျက်နှာမငယ်စေရန် တစ်ခုတည်းသော ရည်ရွယ်ချက်ဖြင့် ကြိုးစားကြည့်ဖို့ ဆုံးဖြတ်ခဲ့ခြင်းသာ ရှိသည်။

အကျပ်အတည်းကတော့ တကယ့်ကို အကျပ်အတည်းပင်။

သို့သော် ဘာမှမလုပ်ရ။ မကြိုးစားရသေးဘဲနှင့် လက်လျှော့အရှုံးပေးသည်ဆိုခြင်းကတော့ ဘယ်တုန်းကမှ ကျွန်တော့်ဘဝ အဘိဓာန်မှာ မရှိခဲ့။

ကြိုးစားကြည့်ခြင်း အလုပ်ကတော့ ကျွန်တော် မလွှဲမသွေ လုပ်ရမည်သာ ဖြစ်၏။

❒



www.burmeseclassic.com

www.burmeseclassic.com



॥ ၉ ॥

""ဟင် ...""

ထိတ်လန့်ချောက်ချားသွားမှုများက နှင်းမျက်နှာတွင် ဖုံးအ
ဗိမရ ပေါ်လွင်လာသည်။

နှင်း ကြောက်လန့်သွားပုံကိုကြည့်၍ နဂိုက စိတ်အေပြီးအပြ
မှ ႏးဖြတ်လာသော ကျွန်တော်ပင် အနည်းငယ် တုန်လှုပ်သွားသည်

""မောင် မောင် နှင်းတို့အိမ်ကို ဘာလာလုပ်တာလဲ၊ ဒုက္ခပေ
ဖေဖေတို့ မေမေတို့တွေ့ရင် ပြဿနာတော့ အကြီးအကျယ်တက်တေ
မှာပဲ""

နှင်းတို့အိမ် ကျွန်တော်ရောက်တော့ ညနေအတော်ပင် မော
နေပြီ။

ခြံဝန်းတံခါးက ကံကောင်းထောက်မစွာ ပွင့်လျက်ရှိနေသ
မို့ ကျွန်တော် အခက်အခဲမရှိဘဲ အိမ်ထဲ ဝင်လာနိုင်ခြင်းလည်း ဖြ
သည်။



နှင်းနှင့် ကျွန်တော် သွားဆုံသည့်နေရာက နှင်းတို့အိမ် ရှေ့မ
တိုက်ကြီး၏ ဆင်ဝင်အောက်မှာ...။

""နှင်းဖေဖေနဲ့ မေမေတို့ အိမ်ထဲမှာရှိလား""

မကြောက်ဘူးလားဆိုတော့ ကြောက်တာတော့ အတော့်ကို
ကြောက်နေမိ၏။

မကြောက်လို့လည်း မရ။ ကျွန်တော် စဉ်းစား ရွေးချယ်လိုက်
သည့် လမ်းက သိပ်အန္တရာယ်များလွန်းသည်။

ခုပင်လျှင် တံခါးမှဝင်နိုင်ခြင်းနှင့် အိမ်မှာ ကိုက်တတ်သော
ခွေးကြီးများ မွေးမထားခြင်းများက ကံအားလျော်စွာ ဖြစ်လာသည့်
သီမှု။

နို့မို့ဆိုလျှင် ခုလောက်မှာ ကျွန်တော် ခွေးချေးတွေ ရွှဲနေ
အောင် ပြန်နေတော့မည်။

""ရှိတယ် ခုနပဲ ဖေဖေ အလုပ်တိုက်က ပြန်လာတာ၊ မောင်နဲ့
တော့ ပြဿနာပဲ၊ ခု ဘာလာလုပ်တာလဲ""

""နှင်းဖေဖေ၊ မေမေတို့နဲ့ မောင် တွေ့မလို့""

""ဘာ... ဘာပြောတယ် မောင်""

ကျွန်တော်က ရယ်လိုက်ပြီး...

""မောင့်ယောက္ခမလောင်းတွေနဲ့ မောင်တွေ့မယ်လို့ ပြောတာ
နှင်း နှင်းဖေဖေနဲ့ မေမေဆီ မောင့်ကို ခေါ်သွားပါနော်""

""ဟာ... ဘာလုပ်မလို့လဲ""

""ဘာလုပ်မလို့လဲဆိုတာ ဟိုကျတော့ တွေ့မှာပေါ့ နှင်း
ရယ်၊ သိပ်မကြောက်ပါနဲ့ ပြဿနာတစ်ခုခုဖြစ်လာရင် မောင်ကိစ္စနှင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



လုံးဝ မပတ်သက်စေရဘူး၊ မောင့်ပြဿနာ မောင်ရှင်းမယ်၊ မော
ပြောသလိုသာလုပ်”

“မလုပ်နဲ့မောင်၊ မောင့်ကို မောင်မုန်းသိရင် ဖေဖေ
ထသတ်ချင်တောင် သတ်မှာ”

“မဟုတ်တာ နှင်းရယ်၊ နှင်းဖေဖေလို သူဌေး သူကြွယ်မျိုး
မောင့်လို အညာတရ တစ်ကောင်ကို သတ်ပြီး ဘာကိစ္စ ထောင်ထဲဝ
ရဲရမှာလဲ၊ သူမိုက်လို့ သတ်လဲ သတ်ပစေ့၊ မောင် သူတို့နဲ့ မတွေ့လို့
မဖြစ်ဘူး”

“ဟာ...”

နှင်း အကြီးအကျယ် ဒုက္ခရောက်နေသည်။

ကျွန်တော်ကတော့ မထူးတော့ပြီမို့ နှင်းကို ဘာမှ ဆ
မပြောတော့ဘဲ အိမ်ထဲ ခွတ်အတင်းဝင်လာခဲ့သည်။

ရောမ၅ ဧည့်ခန်းကြီးကို မြင်သော ခဏ ကျွန်တော် ဘာ
တုန့်ဆိုင်းမနေတော့ဘဲ ဧည့်ခန်းဘက်လျှောက်သွားပြီး ဆက်တီ ခန်
လှလှကြီးများပေါ်မှာ ခပ်တည်တည် ထိုင်နေလိုက်လေသည်။

“ဘယ်သူလဲ သမီး၊ ဘယ်ကဧည့်သည်လဲ”

ကျွန်တော် ထိုင်၍မှ နှစ်စက္ကန့် မပြည့်သေး။ အတွင်း ခန်း
လူခန့်ခန့်ကြီးတစ်ယောက် ထွက်လာ၍ ဩဇာ အပြည့်ရှိသော အသံ
ဖြင့် မေးလိုက်သည်။

ကျွန်တော့်ရင်ထဲ ထိတ်ခနဲ တုန်၏။

ရုတ်တရက် မသိစိတ်မှာ ဝင်လာသော ကြောက်စိတ်ဖြ
ချက်ချင်း ထပြေးချင်စိတ် ပေါ်လာသည်။



သို့သော် ယောကျ်ားကွဲဟု စိတ်ကိုတင်းလိုက်ပြီး ကိုယ်ကို
တည်ငြိမ်အောင်ပြု၍ ရှိသေစွာ ထရပ်လိုက်၏။

“ကျွန်တော် စိုးလတ်ပါဦး၊ နှင်းရဲ့ ချစ်သူပါ၊ ဦးတို့ကို
စကားနည်းနည်း ပြောစရာရှိလို့၊ ဦးတို့နဲ့ ဒေါ်ဒေါ်ကို ကျွန်တော်
လာတွေ့တာပါ”

* * *

“ဘာကွ”

အမယ်လေး ကျွန်တော့်တစ်ကိုယ်လုံး ဆန့်ခနဲ တုန်ခါသွား
သည်။

အသံကြီးက အောင်လွန်း၊ ထန်မာလွန်းသဖြင့် ကျွန်တော်
သာမက ထို ရောမတိုက်အိမ်ကြီးတစ်ခုလုံးပင် တုန်ခါသွားသည်လား
ထင်မှတ်ရသည်။

ကျွန်တော့် မျက်လုံးထဲမှာ ရုပ်ရှင်ထဲက လူဆိုးကြီးလို ခေါင်း
အုံးအောက်က သေနတ်၊ ခြောက်လုံးပြူးပြေးယူပြီး ကျွန်တော့်ကို
တဒိုင်းဒိုင်းပစ်ခတ်တော့မည်လား။ မြင်ယောင်လာမိသည်။

သို့သော်...

ခုမှတော့ မထူးတော့။

သေမြေကြီး၊ ရှင်ရွှေထီးဟုသာ သဘောထားရန် မှီ
သည်။

www.burmeseclassic.com

www.burmeseclassic.com



ခုနေအခါ သေနတ်ဆွဲ၍ ပစ်လွှင့်လည်း ပြေးလွတ်စရာလမ်း မမြင်တော့။

သို့အတွက် မရဲသော်လည်း ပြေခဲ့စေသဘောဖြင့် ခပ်တည်တည် ခပ်အေးအေး ဟန်ကိုယ်ဖို့ လုပ်လိုက်ပြီး...

"ကျွန်တော် စိုးလတ်ပါဦး၊ နှင်းရဲ့ ချစ်သူပါ၊ ဦးတို့နဲ့ စကားနည်းနည်းပြောချင်လို့ ဦးနဲ့ ဒေါ်ဒေါ်ကို ကျွန်တော် လာတွေ့တာပါ"

စောစောက ပြောလိုက်သော စကားကိုပင် အလွတ်ကျက်ထားသော ကျောင်းသားစာပြန်သလို တစ်ခေါက် ပြန်ပြောလိုက်သည်။

အနားမှာရှိနေသော နှင်းကိုလည်း တစ်ချက် လှမ်းကြည့်လိုက်၏။

နှင်းမျက်နှာမှာ သွေးနှင့်တူသော အရိပ်အယောင် လုံးဝမရှိတော့။ ဖြူဖျော့ပြီး နေရာတွင်ပင် အသက်ထွက်သွားမတတ် စိုးရိမ်ရသည့် အနေအထားမှာ ရောက်နေသည်။

နှင်းဖေဖေ ထိုလူကြီး မျက်နှာကြီး မှုပ်သိုးပြီး ကျွန်တော့်နား ရောက်လာ၏။

မှုပ်လိုက်သည့် မျက်နှာ။ တင်းလိုက်သည့် မျက်နှာ။

ခုချက်ချင်းပင် ကျွန်တော့် တစ်ကိုယ်လုံး အရိုးပါ မကျန်အောင် ကျွတ်ကျွတ်ဝါးစားတော့မည့် အမူအရာမျိုး။

ပြီးတော့ ကျွန်တော့်ကို စူးစိုက်ကြည့်နေသည်မှာလည်း ကျွန်တော့်တစ်ကိုယ်လုံး ထိုအကြည့်အောက်မှ ထမီးလောင်ပြာဖြစ်သွားလေမလားပင် စိုးရိမ်နေရသည်။





အတန်ကြာ ကျွန်တော့်ကို စူးစိုက်ကြည့်နေပြီးမှ ရုတ်တရက် နှင်းဘက်လှည့်ကာ...

"ဟုတ်လားသမီး၊ အဲဒါ သမီးချစ်သူဆိုတာလား"

"ဟုတ်... ဟုတ်ကဲ့ ဖေဖေ"

"သွား... သမီးအပေါ်ထပ်မှာ သွားနေ၊ လုံးဝ အောက်ဆင်းမလာနဲ့တော့"

နှင်း တွန့်ခနဲဖြစ်သွားသည်။

ကျွန်တော့်ကိုလည်း စိုးရိမ်ကြီးစွာ လှမ်းကြည့်၏။

ပြီး... သူ့အဖေဘက်လှည့်ကာ...

"ဖေဖေ... သမီး ပြော..."

"သွားလို့ ပြောနေတယ် သမီး၊ အပေါ်ထပ်ကို သွား လုံးဝဆင်းမလာနဲ့"

"ဟုတ်... ဟုတ်ကဲ့"

နှင်းက သူ့အဖေကိုလည်း မလွန်ဆန်ဝံ့။ ကျွန်တော် တစ်ခုခု ဖြစ်မှာလည်း စိုးရိမ်သည့်ပုံစံဖြင့် လှည့်ကြည့်လှည့်ကြည့်လုပ်ကာ အိမ်အတွင်းဘက် ပြေးဝင်သွားသည်။

ခုခါမှာတော့ ဧည့်ခန်းကျယ်ကြီးထဲမှာ နှင်းဖေဖေ ဦးအောင်ဒင်နှင့် ကျွန်တော် မောင်စိုးလတ် နှစ်ယောက်တည်းသာ ကျန်ခဲ့တော့သည်။

ခုမှ ပွဲကြီးပွဲကောင်း။

ခပ်တည်တည်နှင့် ကြွားပြော ပြောရရင်တော့ ကျားနှင့်ဆင် လယ်ပြင်မှာ တွေ့သည့်ပွဲ။



www.burmeseclassic.com

www.burmeseclassic.com



အမှန်အတိုင်း ပြောရရင်တော့ ဆင်နှင့်ကြွက်စုတ် ညှို့ခန်း ထဲမှာ တွေ့သည့်ပွဲ။

ဆင်ကြီးမျက်နှာကြည့်ပြီး ကျွန်တော် ကြွက်စုတ် ကြောက် ချေးပန်းချင်စိတ်ပင် ပေါ်နေတော့၏။

❑





# အပိုင်း နှစ်

## ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



॥ ၁ ॥

"ကဲ… ပြော၊ မင်း ဘာပြောမလို့လဲ"

နှင်းဖေဖေ ဦးအောင်ဒင်က ခပ်တင်းတင်း လေသံနှင့်ပင် လှမ်းမေးသည်။

တစ်ခုတော့ထူးခြား၏။

သူများအိမ်ထဲ အခွင့်မရှိဘဲ ဝင်။ ကိုယ်နှင့် သဘောမတူသော ချစ်သူ၏ မိဘများနှင့် ဝင်တွေ့။ စသဖြင့် ပုံမှန် လုပ်ရိုးလုပ်စဉ် မဟုတ်သော အလုပ်များ လုပ်ရသောကြောင့် တုန်လှုပ်စိတ်ရှိသည်ဟု ဆိုသော်လည်း ကျွန်တော့်မှာ ထူးခြားသောသတ္တိတစ်မျိုးတော့ ဝင်နေသည်။

ထိုသတ္တိက တခြားမဟုတ်။ ကျွန်တော့် လာရင်းကိစ္စကို ပြီးမြောက်အောင် လုပ်မည်ဆိုသည့် ခိုင်မာသည့် ဆုံးဖြတ်ချက် တစ်ခုက ပျောက်ပျက်လျော့ပါးသွားခြင်း လုံးဝမရှိခြင်းပင်။





"ကျွန်တော် ဦးတစ်ယောက်တည်းကိုပဲ ပြောရမှာလား၊ ကျွန်တော့်သဘောကတော့ ဦးရော ဒေါ်ဒေါ်ကော နှစ်ဦးစလုံးကို တင်ပြချင်တာပါ"

"မင်းက ဘာအကြောင်းပြောချင်လို့လဲ"

"နှင်းအကြောင်းပါ"

"နှင်းနှင်းက ဘာဖြစ်လို့လဲ"

"ကျွန်တော်နဲ့ နှင်းကို ဦးတို့ သဘောတူညီချက်နဲ့ လက်ထပ်ချင်တယ်ဆိုတာ တင်ပြချင်တာပါ"

"ဘာကွ"

"ကျေးဇူးပြုပြီး ကျွန်တော်တင်ပြတဲ့စကားကို ဆုံးအောင် နားထောင်ပေးပါဦး။ ကျွန်တော့်စကား ပြည့်စုံသွားတဲ့အခါ ကျွန်တော့်အပေါ် ဦးကြိုက်သလို ဆုံးဖြတ်ပါ၊ ခုကိစ္စက သိပ်အရေးကြီးလို့ပါ၊ ကျွန်တော် ဒီလိုလုပ်ရတဲ့အတွက် သိပ်အရေးကြီးလို့ပါ၊ ကျွန်တော် ဒီလိုလုပ်ရတဲ့အတွက် သိပ်အတင့်ရဲလွန်းသလိုဖြစ်တာ မှန်ပါတယ်၊ ဒါပေမဲ့ ဒီကိစ္စဟာ ဦးတို့မိသားစုရဲ့ ဂုဏ်သိက္ခာနဲ့လဲ အများကြီး ဆက်သက်နေပါတယ်"

ကျွန်တော်က စကားကို ခဏရပ်ပြီး ဦးအောင်ဒင်မျက်နှာကို အကဲခတ်သည်။

နည်းနည်း အာရုံစိုက်လာပြီဟု ယူဆနိုင်မှ အားတက်လာပြီး…

"ကျွန်တော်ဟာ မိဘတွေမရှိတော့တဲ့ တစ်ကောင်ကြွက် သူတရတစ်ယောက်ဆိုတာ မှန်ပါတယ်၊ ခုချိန်မှာ ကော်တော်ကား



www.burmeseclassic.com

www.burmeseclassic.com



ဝပ်ရှော့တစ်ခုမှာ အလုပ်လုပ်ပြီး မှီခိုနေထိုင်ရတာလဲ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်ဟာ ဒီလိုအခြေအနေမျိုးကနေ မနက်ဖြန်-သန်ဘက်မှာ အလုပ်တစ်ခုရအောင် ကြိုးစားလာနိုင်ခဲ့တဲ့လူပါ၊ ပြီးတော့ ကျွန်တော့်ကိုယ်ကျင့်တရား၊ စာရိတ္တနဲ့ ပတ်သက်လို့လဲ အဘက်ဘက်က အပြစ်ကင်းအောင် နေခဲ့တဲ့လူပါ"

"အဲဒီတော့ ဘာဖြစ်လဲ"

"အဲဒီတော့ ကျွန်တော်နဲ့ ပတ်သက်ပြီး ဦးတို့ ဆုံးဖြတ်ရမှာ နည်းနည်းသက်ညှာပေးပါလို့ ပြောချင်တာပါပဲ၊ ကျွန်တော်နဲ့ နှင်းနဲ့ဟာ တစ်ယောက်နဲ့ တစ်ယောက် မေတ္တာရှိလာခဲ့ကြတာ တစ်နှစ်ခွဲလောက်ရှိပါပြီ၊ ဒီကာလအတွင်းမှာလဲ မိကောင်းဖခင်သားသမီးပီသစွာ ကုလခြွေသိက္ခာရှိတဲ့ ချစ်သူတွေဘဝနဲ့ပဲ နေလာခဲ့ကြပါတယ်၊ ခုကျတော့..."

"အင်း... ဆက်ပြောပါဦး"

"ခုကျတော့ ကျွန်တော့်ကို ဆင်းရဲလို့ ဆိုပြီး ဦးတို့က နှင်းနဲ့သဘောမတူဘူးလို့ နှင်းက ပြောပါတယ်၊ ပြီးတော့ တခြားတစ်ယောက်နဲ့ ပေးစားဖို့ စီစဉ်နေတယ်လို့လည်း ကြားရပါတယ်"

"မှန်တယ်၊ သူနဲ့ အဆင့်အတန်းတူတဲ့ လူနဲ့ပဲ ငါ့သမီးကို ပေးစားနိုင်မယ်"

"ဒါပေမဲ့ အဲဒါဟာ သူချစ်တဲ့လူ မဖြစ်နိုင်ဘူး ဦး"

"ဒါ မင်းအလုပ် မဟုတ်ပါဘူး"

"ကျွန်တော့်အလုပ်ပါ ဦး၊ ကျွန်တော့်ချစ်သူကို သူချစ်တဲ့သူနဲ့ ဝေးကွာပြီး သူမချစ်မနှစ်သက်သူနဲ့ ပေါင်းဖက်ရမယ်ဆိုတဲ့ ကိစ္စ





ကို ကျွန်တော် ဘယ်လိုမှ လက်မခံနိုင်ပါဘူး"

"လက်မခံတော့ မင်းက ဘာလုပ်မလဲ"

"မတတ်သာတဲ့ အချိန်ကျရင် နှင်းကို ဦးတို့မသိအောင် ကျွန်တော် ခိုးယူပေါင်းသင်းရပါလိမ့်မယ်"

"အဲဒီလိုလုပ်ရင် မင်းဒုက္ခရောက်သွားမှာပေါ့"

"ကျွန်တော် ဒုက္ခမရောက်ပါဘူး ဦး၊ နှင်းကလည်း အရွယ်ရောက်ပြီး မိန်းကလေးဖြစ်တဲ့အပြင် သူ့ဆန္ဒအလျောက်လည်း ကျွန်တော့်နောက်ကိုလိုက်ဖို့ သူ ဆုံးဖြတ်ပြီးသားဖြစ်နေတော့ ဘာအကြောင်းအချက်နဲ့မှ ဦးတို့ ကျွန်တော့်ကို ဒုက္ခရောက်အောင် မလုပ်နိုင်ပါဘူး၊ ဒုက္ခရောက်မှာက ဦးတို့ပါ"

"ဘာ..."

"မှန်ပါတယ်၊ ကျွန်တော် အဲလိုလုပ်လိုက်တာနဲ့ တစ်ပြိုင်နက် ဦးတို့မိသားစုမှာ စိတ်သောကရောက်ရမယ့်အပြင် ဦးတို့ ဂုဏ်သိက္ခာ အဆင့်အတန်းနဲ့ ဦးတို့ပဲ အရှက်ရရမှာပါ၊ နောက်တစ်ချက်ကလည်း ဦးရဲ့ သမီးနှင်းဟာလည်း အတော်မျက်နှာငယ်တဲ့ လက်ထပ်နည်းမျိုးနဲ့ လက်ထပ်ပြီး သူ့ရဲ့ ဘဝကို သိမ်သိမ်ငယ်ငယ် ရင်ဆိုင်သွားရမှာပါ၊ ဦးမှာလဲ နှင်းထက် အငယ်သမီးတွေ ရှိနေတော့ အစ်မကြီးက အဲသလို လုပ်သွားတယ်ဆိုရင် အငယ်တွေအတွက်လည်း နည်းပေးလမ်းပြ လုပ်လိုက်သလို ဖြစ်သွားနိုင်ပါတယ်"

"အဲဒီတော့ မင်းက ဘာလုပ်ချင်တာလဲ"

"ကျွန်တော်ပြောချင်တာက ကျွန်တော့်ကြောင့် ဦးတို့မိသားစုမှာ ဒီလိုမသင့်တော်တဲ့ အဖြစ်မျိုးတွေ မဖြစ်စေချင်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကျွန်တော့်မှာ ရွေးစရာလမ်းမရှိရင် အဲဒီနည်းပဲ သုံးရမလိုဖြစ်နေပါတယ်၊ အဲဒီတော့ ကျွန်တော် မေတ္တာရပ်ခံပါရစေ၊ ကျွန်တော့်ကို နှင်းနဲ့ သဘောတူပေးပါ"

"လုံးဝမဖြစ်နိုင်ဘူး"

"နားထောင်ပါဦး ဦး၊ ကျွန်တော်ဆိုလိုတာက ကျွန်တော့်ကို နှင်းနဲ့ သဘောတူ၊ တစ်ခမ်းတစ်နား လက်ထပ်ပေး၊ အိမ်ပေါ်ခေါ်တင်ကျွေး၊ အဲလိုလုပ်ပေးဖို့ ပြောတာ မဟုတ်ပါဘူး၊ အကယ်၍ ဦးတို့ သဘောမတူဘဲ ကျွန်တော်နဲ့ နှင်းက ခိုးရာလိုက်ပြေးရင် ဦးတို့ ဘာလုပ်မလဲ"

"သမီးအဖြစ်က စွန့်လွှတ်၊ အမွေဖြတ်ပစ်လိုက်မှာပေါ့ကွာ"

"ခုလဲ ကျွန်တော်ပြောတာက ဒီအတိုင်းပါပဲ၊ ဦး နှင်းကို သမီးအဖြစ် အသိအမှတ် မပြုချင်နေပါ၊ အမွေလဲ တစ်ပြားမှမပေးပါနဲ့၊ နှင်းကို တင့်တောင့်တင့်တယ် အနေအထားမျိုး တစ်နေ့ဖြစ်လာအောင် ကျွန်တော် ကြိုးစား အလုပ်လုပ်ပါ့မယ်၊ အဲဒီအခြေအနေကို လူသိရှင်ကြား အရှက်တစ်ကွဲဖြစ်ပြီးမှ လုပ်မယ့်အစား ဦးတို့ ဂုဏ်သိက္ခာ လဲ မထိပါးရအောင် ကျွန်တော့်ကို နှုတ်နဲ့ပဲ သဘောတူလိုက်ပြီး နှင်းကို ကျွန်တော်နဲ့ ထည့်ပေးလိုက်ပါ၊ ဦးတို့ ခွင့်ပြုချက်နဲ့ နှင်းလဲ သူ့အိမ်က သူဆင်းလာ၊ ကျွန်တော်ကလည်း နှင်းမျက်နှာငယ်အောင် ဟိုပုန်း ဒီခိုမလုပ်တော့ဘဲ ကျွန်တော် တတ်နိုင်တဲ့ အင်အားနဲ့ လူသိရှင်ကြား မင်္ဂလာဆောင်ပါ့မယ်၊ ဒါဆို အားလုံးအဆင်ပြေသွားမယ်လို့ ကျွန်တော်ထင်တယ်"

"နေပါဦးကွ၊ မင်းက သမီးကို တကယ်ခိုးလို့ ရမယ်လို့ထင်လို့လား၊ အခု မင်း ဒီလိုလာပြောတော့ ငါ့သမီးကို ငါ လုံခြုံအောင် ထားလိုက်တော့မှာပေါ့၊ ကဲပါကွာ… ရှုပ်ပါတယ်၊ မင်းပြန်တော့ မင်းပြောတာတွေ ငါတစ်ခုမှ စိတ်မဝင်စားဘူး၊ မင်းနဲ့လဲ ငါ့သမီးကို ဘယ်တော့မှ သဘောမတူနိုင်ဘူး"

"ကောင်းပြီလေ၊ ဒါဆို ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး ဦး၊ ကျွန်တော့်အပိုင်းကလည်း တာဝန်ကျေပါပြီ၊ နှင်းပြောသလိုပဲ ကျွန်တော့်မှာလဲ တစ်ခြား ရွေးချယ်စရာ လမ်းမရှိတော့ပါဘူး၊ ကျွန်တော့်ကိုလည်း လူကြီးတွေ မျက်နှာမထောက်ဘူးလို့ နောင်သောအခါ အပြစ်မတင်ပါနဲ့၊ ခုလောက် လက်ခံစကားပြောတာကိုပဲ ကျွန်တော် ကျေးဇူးတင်ပါတယ်"

နောက်ဆုံးကျတော့ ကျွန်တော့် ကြိုးပမ်းချက်က အရေးနိမ့်သွားသည်။

စိတ်ထဲမှာ မနေနိုင် မထိုင်နိုင် လာညှိနှိုင်းမိခြင်းအတွက်ပင် နောင်တရသွားမိ၏။

ခုဆို နှင်းကို သူတို့မျက်ခြည်ပြတ်မခံတော့ဘဲ လုံခြုံအောင် ထိန်းသိမ်းတော့မည်။

ကျွန်တော် နှင်းကို ခိုးလို့မှ ရနိုင်ပါတော့မလား။

ကျွန်တော် သက်ပြင်းနှင့်အတူ အိမ်ထဲမှ ပြန်ထွက်ခဲ့၏။

❑







www.burmeseclassic.com

www.burmeseclassic.com



။ ၂ ။

"ဟင်... နှင်း"

နှင်းတို့အိမ်သွားပြီး နောက်နေ့က စနေနေ့မို့ ကျောင်းမတက်ရ။

မနေ့ကတည်းက စိတ်မာတ်ကျနေသော ခံစားမှုကြောင့် ဝပ်ရှော့မှာလည်း အလုပ်ကောင်းကောင်း မလုပ်နိုင်ဘဲ ထိုင်ငေါင်နေမိသည်။

ထိုစဉ် နှင်းကားလေး ဝပ်ရှော့ရှေ့ ထိုးရပ်လိုက်သဖြင့် ကျွန်တော် အံ့အားသင့်သွားသည်။

ကားပေါ်မှ ဆင်းလာသူကလည်း နှင်း။

အံ့ဩစရာကောင်းလောက်အောင်ပင် နှင်းမျက်နှာက ရွှင်ပြနေသည်။





သူကလည်း ကျွန်တော့်ကို လှမ်းမြင်သွားပြီး ကျွန်တော့်ဆီ သွက်သွက်နှင့် ပေါ့ပေါ့ပါးပါး လျှောက်လာသည်။

"တော်သေးတာပေါ့၊ မောင့်ကို တွေ့မှ တွေ့ပါ့မလားလို့ နှင်းက စိတ်ပူနေတာ"

"မောင် ဘယ်မှ မသွားပါဘူး၊ အကြောင်းရှိလို့လား နှင်း၊ ဘာထူးလဲ"

"အို... ထူးတာမှ သိပ်ထူးတာပေါ့၊ မောင်အားရင် နှင်းနဲ့ ခဏလိုက်ခဲ့၊ မောင့်ကို ပြောပြစရာတွေ အများကြီးပဲ၊ အားလုံး အဆင်ပြေသွားပြီ သိလား"

"အားလုံး အဆင်ပြေသွားပြီ ဟုတ်လား နှင်း"

"ဟုတ်တယ်၊ မနေ့က မောင် ဖေဖေ့ကို ဘာတွေလာပြောပြီး ဘယ်လိုစည်းရုံးလိုက်လဲ၊ ညကျတော့ ဖေဖေနဲ့ မေမေ စကားတွေ အများကြီး ပြောတယ်၊ ဒီမနက်ကျတော့ ဖေဖေကရော မေမေကရော နှင်းကိုခေါ်ပြီးပြောတယ်၊ မောင်နဲ့ နှင်းကို သဘောတူလိုက်ပြီတဲ့"

"သဘောတူလိုက်ပြီ ဟုတ်လား"

"ဟုတ်တယ် ဖေဖေက မောင့်ကို သဘောကျသွားပြီတဲ့၊ အခါ သမီးတို့ တခြား ဘာစိတ်ကူးနဲ့မှ မဟုတ်တယုတ်တွေ လုပ်ဖို့ မစဉ်းစားကြနဲ့တော့၊ စာမေးပွဲကို ကောင်းကောင်းဖြေနိုင်အောင်လုပ်၊ စာမေးပွဲပြီးတာနဲ့ မောင်နဲ့ လက်ထပ်ပေးတော့မယ်တဲ့၊ အဲဒီကိစ္စ မောင့်ကိုလည်း အကျိုးအကြောင်း သွားပြောပြလိုက်တဲ့"

"ဟုတ်ရဲ့လား နှင်းရယ်၊ မနေ့တုန်းကတော့ ဦးက လုံးဝ သဘောမတူနိုင်ဘူး ကြိုက်ရာလုပ်လို့ကို မောင့်ကို ပြောလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်... မောင်ကလဲ ဟုတ်ပါတယ်ဆိုမှ ဖေဖေကလည်း အဲဒီကိစ္စပြောလိုက်ပါတယ်၊ မနေ့က သူပြောလိုက်တဲ့စကားတွေ မေ့ပစ်လိုက်တော့တဲ့၊ အဲဒါတွေက မောင့်စိတ်သဘောနဲ့ မောင် ဘာလုပ်မလဲဆိုတာ သိချင်လို့ မောင့်စိတ်ကို စမ်းကြည့်တာတဲ့၊ ဖေဖေက ခုမနက် ဘာပြောတယ်မှတ်လဲ"

"အင်း... ပြောပါဦး နှင်း၊ ဘာပြောလဲ"

"မောင်စိုးလတ်ကို သူ သဘောကျတယ်တဲ့၊ ကောင်လေးက ဆင်းရဲပေမယ့် လုပ်တာ ကိုင်တာ ပြောတာ ဆိုတာ ရိုးသားတယ်၊ ကြိုးစားတယ်၊ ပြဝ်သားတယ်၊ သတ္တိရှိတယ်၊ အမြော်အမြင်ကြီးတယ်၊ အဆင်ခြင်တရားရှိတယ်၊ လူကောင်လေးတဲ့၊ ဒီလိုလူမျိုးကို သမီးဘဝကြင်ဖော်အဖြစ် ရွေးတာ မမှားပါဘူးတဲ့"

"တော်သေးတာပေါ့ နှင်းရယ်၊ မောင်ကအဲလိုမှ နားလည်ပါ့မလားဆိုပြီး တစ်ညလုံး မောင် စိတ်ဓာတ်ကျနေတာ"

"တော်ပြီ စိတ်ဓာတ်မကျနဲ့တော့ စိတ်ဓာတ်တက်စရာပဲ ကျန်တော့တယ်၊ ဩော်... ဖေဖေက မှာသေးတယ်၊ မောင်စိုးလတ်ကို ပြောပြတဲ့၊ ကျောင်းပြီးရင် အလုပ်အကိုင်ကိစ္စကို တစ်ခြားမှာ ရှာမနေနဲ့တော့တဲ့၊ မောင်က ဓာတုဗေဒသမားလဲ ဖြစ်တော့ သူ့ အလုပ်ကုန်လုပ်ငန်းကိုပဲ ခုထက်ပိုပြီး ခေတ်မီတိုးတက်အောင် လူငယ်အမြင်နဲ့ ဦးဆောင်လုပ်ပေးတဲ့"

"ဟာ... အဲဒါမှ ပြဿနာပဲ" ❀

"ဟင်... ဘာဖြစ်လို့လဲမောင်"





"မောင်က ဒီပြင်အလုပ် လက်ခံပြီးနေပြီ နှင်းရဲ့၊ သူ့အလုပ် လုပ်ပေးဖို့ အချိန်ရမှာ မဟုတ်တော့ဘူး"

"ဟာ... မောင်ကလဲကွာ၊ နှင်းနဲ့ မတိုင်ပင်ဘဲ ဘာအလုပ်သွားလက်ခံလိုက်ရတာလဲ၊ လက်ခံထားတာ ဘာအလုပ်လဲ"

"လခ တစ်ထောင့်ငါးရာနဲ့ ဒရိုင်ဘာအလုပ်လေ၊ နှင်းပဲ တစ်သက်လုံး အဲဒီအလုပ် လုပ်ပေးရတယ်ဆို"

"ဟာ... သွားကွာ၊ ဘာမှန်းလဲ မသိဘူး၊ နှင်းက တကယ်မှတ်လို့ စိတ်တောင်ပူသွားတယ်၊ ရတယ်... ရတယ် အဲဒီအလုပ် နှစ်လုပ် တစ်ပြိုင်တည်းလုပ်"

"လစာကော"

"လစာကတော့ ထောင့်ငါးရာအပြင် နောက်ထပ် ငါးရာ နှစ်ဆယ့်ရှစ်ကျပ်ထပ်ယူ၊ အဲဒါ ဖေဖေပေးလိမ့်မယ်"

နှစ်ယောက်သား သဘောကျစွာ ရယ်မိသည်။

လောက၏ သဘာဝက ,သည်လိုဖြစ်၏။

* * *

နှင်းနှင့် ကျွန်တော် နောက်ဆုံးနှစ် စာမေးပွဲအပြီးတွင် လက်ထပ်သည်။

အင်းလျားကန်ဟိုတယ်တွင် တခမ်းတနား ပြုလုပ်ပေးသည်



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်မင်္ဂလာပွဲတွင် ချုတ်ယွင်းချက်ဟူ၍ ကျွန်တော့်ဘက်မှ မိဘဆွေမျိုးများ မပါရှိခြင်းတစ်ခုပဲ ရှိသည်။

ဦးလေးနှင့် အဒေါ်ကလည်း မလာ။

ဝပ်ရှော့မှ ကျွန်တော့် အလုပ်ရှင်နှင့် အလုပ်သမားများ၊ ကျောင်းသား သူငယ်ချင်းများသာ ကျွန်တော့်ဘက်က ဧည့်သည် ပရိသတ်ရှိသည်။

သို့သော် အားလုံးခြုံကြည့်လျှင် အစစ အရာရာ အဆင်ပြေပါ၏။

လက်မထပ်ခင် ကြားကာလ အဖြစ်အပျက်နှင့် လက်ထပ်ပြီး လက်ထပ်ပွဲ အဖြစ်အပျက်များကိုတော့ ကျွန်တော် အသေးစိတ်ပြီး မပြောတော့။

လက်ထပ်မင်္ဂလာဧည့်ခံပွဲပြီး နောက်နေ့တွင် ကျွန်တော်နှင့် နှင်းတို့ ပေလီသို့ ပျားရည်ဆမ်းခရီး တစ်လ ထွက်သည်။

ပြန်လာတော့ သူဌေးသားမက် အလုပ်ရှင် ဦးအောင်ဒင်မှ တိုက်ရိုက်ခန့်အပ်လိုက်သော လုပ်ငန်းအုပ်ချုပ်ရေးမှူး အသစ်အဖြစ် စတင် တာဝန်ထမ်းဆောင်သည့် နေ့မှစ၍ အလုပ်သင် အစမ်းခန့် ဝင်ရောက်လုပ်ကိုင်ရသည်။

ပထမတော့ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းသဘော၊ စီးပွားရေး ဈေးကွက်သဘော နားမလည်သေးသော့ကြောင့် ကြောင်တောင်တောင် ဖြစ်နေသေးသည်။

နှစ်လသုံးလလောက် ကြာသည့်အခါကျမှ လုပ်ငန်းသဘောကို ကျွန်တော် နားလည်သဘောပေါက်လာသည်။





အဆင်လည်း ချောပါသည်။

နောက်ပိုင်းကျတော့ ထိုစီးပွားရေးလုပ်ငန်းကြီး တစ်ခုလုံးမှာ ကျွန်တော့်ခြေ ကျွန်တော့်လက် ဖြစ်လာသည်။

သည်ဘက်ပိုင်း ဖြစ်စဉ်များကို အကျဉ်းချုပ်ပြောရလျှင်။

နှင်းနှင့် ကျွန်တော်တို့၏ အိမ်ထောင်ရေးလေးမှာလည်း အစစ လိုလေးသေးမရှိ။ အဆင်ပြေ ချောမောခဲ့သည်။

လက်ထပ်ပြီး တစ်နှစ်အကြာမှာ သားလေး အာကာစိုးလတ်နှင့် လက်ထပ်ပြီး နှစ်နှစ်ခွဲအကြာတွင် သမီးလေး ကံ့ကော်စိုးလတ်တို့ မွေးဖွားသည်။

သည်နာမည်များကိုလည်း ကျွန်တော်ပဲ ပေးခဲ့ခြင်း ဖြစ်၏။

သားက တနင်္ဂနွေသားလည်း ဖြစ် ကျွန်တော်ကပင် ကိုယ့်အယူအဆအရ ယောက်ျားတန်ခွန် လူရည်ချွန်ဟု မိုးစွန်တမွတ် ကြယ်ကို ဆွတ်လည်း မလွတ်စတမ်း ရမြဲလမ်းဆိုသော ထုံးကို နှလုံးပိုက်ကာ မိုးကိုကျော်၍ ကြယ်ကိုဆွတ်နိုင်သည့် သားဖြစ်စေရန် 'အာကာ' ဆိုသော အမည်ကို ယူလိုက်ခြင်းပင်။ နောက်က စိုးလတ်က ကျွန်တော့်နာမည်။

သမီးကတော့ တနင်္လာသမီးမို့ ကျွန်တော် ဦးစီးနေသော ဧရာဝတီ ပန်းကံ့ကော် အလှကုန်လုပ်ငန်းမှ ကံ့ကော်အမည်ကိုယူကာ ကျွန်တော့်နာမည် စိုးလတ်နှင့် တွဲပေးခဲ့ခြင်းပင်။

နှစ်ယောက်စလုံး ချစ်စရာကောင်းသော သားလေး၊ သမီးလေးများ ဖြစ်ကြသည်။

နှင်းတို့မှာ ညီအစ်မသုံးယောက်ရှိရာ အငယ်များဖြစ်ကြသော



www.burmeseclassic.com

www.burmeseclassic.com



သွယ်သွယ်နှင့် နွယ်နွယ်တို့ကလည်း ကျွန်တော့်သားနှင့် သမီးကို ချစ်သည်။

အတိုးအဘွားတွေကလည်း သည်မြေးတွေမှ မြေးတွေ။

တစ်သက်လုံးက မိဘမဲ့တစ်ကောင်ကြွက်အဖြစ် ကြီးပြင်းခဲ့ရသော ကျွန်တော့်မှာ ခုခါမှ မိဘကိုယ်စား နှင်း၏ ဖေဖေနှင့် မေမေ၊ ညီမများအဖြစ်လည်း သွယ်သွယ်နှင့် နွယ်နွယ်။ ပြီးတော့ ချစ်သောဇနီး။ ချစ်သော သားသမီးများနှင့် သာယာစိုပြေသော မိသားစုဘဝကလေးနှင့် ထိုအခါမှ ကြုံနေရသောအခါ ဘယ်သောအခါမှ မပျော်ရွှင်ခဲ့သော ပျော်ရွှင်မှုများဖြင့် အရမ်းကို ပျော်ရွှင်ကြည်နူးခဲ့ပါသည်။

ထိုဘဝလေးသည် ရာသက်ပန် တည်တံ့နိုင်မြဲမည့် ဘဝလေးဟုလည်း မိုက်မဲစွာ ယူမှတ်ထားခဲ့သည်။

စင်စစ် ကျွန်တော်သည် လောက၏ ပရိယာယ်ကို နားမလည်ခြင်းသာ ဖြစ်၏။

လောကမှာ အရာအားလုံးသည် ဘယ်သောအခါမှ မတည်မြဲပါ။

အထူးသဖြင့် လူ့ဘဝဆိုသည်မှာ ထာဝရ ပျော်ရွှင်ချမ်းမြေ့နေသော အရာမဟုတ်။

□





။ ၃ ။

ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား တွေကွင်းနောက်ဆုံးရှိချေ၏။ ဆိုသောစကားကို ငယ်စဉ်ဘဝကတည်းက စ၍ အကြိမ်များစွာ ကြားဖူးခဲ့သည်။

သို့သော် ထိုစကားသည် တစ်နေ့ကိုယ်နှင့် တိုက်ရိုက် သက်ဆိုင်လာရလိမ့်မည်ဟု စိုးစဉ်းမျှ မတွေးထင်မိခဲ့ . . .

နှင်းနှင့်အတူ ပျော်ရွှင်စွာ နေခဲ့သော ကာလများမှာ ပို၍ပင် မတွေးထင်မိ။

စင်စစ် . . .

နှင်းနှင့် ပေါင်းခဲ့ရသော ကာလများသည် ကျွန်တော့်ဘဝအတွက် ရွှေထီးဆောင်းသော နေ့ရက်များသာ ဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အရာအားလုံးသည် ရွှေရောင်လင်းလက် တောက်ပြောင်ခဲ့သည်ချည်းရှိ၏။

နေအိမ်ဆိုလျှင်လည်း ကျွန်တော့်မှာ ဘာမှ ထွေထွေထူးထူး အပင်ပန်းခံရှာစရာ၊ ဆောက်စရာမလို။

ဝင်ဒါမီယာခေါ် ရန်ကုန်မြို့၏ အချမ်းသာဆုံး စာရင်းဝင် ရပ်ကွက်၊ လမ်းမကြီးမှာရှိနေသည့် နှင်းတို့အိမ်ပေါ် အဆောင်သင့်တက်နေလိုက်ရုံ။

ယောက္ခမအိမ် တက်နေရသည် ဆိုသော်လည်း ကျွန်တော့်ဘဝက မျက်နှာငယ်သမက်ဘဝမျိုးမဟုတ်။

သူတို့အိမ်မှာ ဩဇာအရှိဆုံး ဖခင်၏ အထူးအားထား ချစ်ခင်အားကိုးသော သမက်ပီပီ အားလုံးကလည်း အရေးပေးသည်။

အိမ်မှာ ကားသုံးစီး ရှိသည့်အနက် ကြိုက်ရာကားကို ကြိုက်သလို ကျွန်တော် သုံးခွင့်ရှိသည်။

ဘာသုံးသုံးလည်း အားတုံ့အားနာနှင့် ဟိုလူ့မျက်နှာကြည့် သည်လူ့မျက်နှာကြည့်နေစရာ မလို။

တစ်အိမ်လုံးမှာ မိသားစုဝင် ယောကျ်ားဟူ၍ အဖေပြီးလျှင် ကျွန်တော်သာ ရှိသည်။

အိမ်မှာ ခိုင်းထားသော ဒရိုင်ဘာက စုစုပေါင်းမှ နှစ်ယောက်သာ ရှိသည်။

ဘယ်သူ ဘယ်ကား ဘယ်လိုသုံးသုံး ကားတစ်စီးက အိမ်မှာ အမြဲ ကျွန်တော့်အတွက် အရန်သင့်…။





ကျွန်ကားများနှင့် ဒရိုင်ဘာများကို ဦးစီးအုပ်ချုပ်နေရတာလည်း ကျွန်တော်…။

ကျွန်တော်က အဖေနှင့်အမေ သည်ကားစီး။ ဟိုကားကိုသွယ်သွယ်တို့ မသုံးနှင့် ကိုယ်သုံးစရာရှိသည်ဆိုလျှင် ဘယ်သူမှ ဘာမှ စောဒကမတက်…။

အလုပ်တိုက်မှာ ဆိုလျှင်လည်း နောက်ပိုင်းမှာ အဖေက ကျွန်တော့်ကို လုံးဝဥဿုံ မျက်နှာလွှဲသွားပြီမို့ အရာအားလုံးမှာ ကျွန်တော့်ဆုံးဖြတ်ချက်တစ်ခုတည်း။

ကျွန်တော်ထိုင်သော စားပွဲမှာ နံပါတ်နှစ်ခုနှင့် တယ်လီဖုန်းနှစ်လုံး။ ကျွန်တော်ခွင့်ပြုမှ သည့်ပြင်လူတွေ ကိုင်ခွင့်ရပေသည်။

ဩဇာအပြည့် အာဏာအပြည့်။

ထိုအိမ်မှာ ကျွန်တော့်ကို ဩဇာပေးနိုင်၊ ဗိုလ်ကျနိုင်သူမှာ နှင်းတစ်ယောက်သာ ရှိသည်။

ဒါတောင် နှင်းဗိုလ်ကျနိုင်သည်မှာ အိမ်တွင်းရေးနှင့် နှစ်ကိုယ်ချင်းကိစ္စသာ ဖြစ်သည်။

လုပ်ငန်းကိစ္စကျတော့ အဖေကလွဲလျှင် ကျွန်တော် ဘယ်သူမှ မကြောက်ရ။

သည်လိုနေခဲ့သော ဘဝဖြစ်သည်။

နှင်းကလည်း ကျောင်းပြီးကတည်းက ဘာအလုပ်မှ မလုပ်ဘဲ ကျွန်တော့်အနားမှာသာ…။

အိမ်ဆို အိမ်အလျှောက်။ အလုပ်တိုက် အလုပ်တိုက်



www.burmeseclassic.com

www.burmeseclassic.com



အလျှောက် ပြည့်စုံကြွင်နာပေးသူမို့ သူလည်း ဘာအပူအပင်မှမရှိသော အပျော်ဆုံးဘဝမှာ နေနိုင်သည်။

ထိုဘဝမှာ ဘာလိုလေသေးရှိသနည်း။

ဘာမှမရှိ။

ဘာပျော်စရာမကောင်းတာရှိသနည်း။

ဘာမှမရှိ။

ဤမျှကောင်းလှသည့်ဘဝ၊ စိတ်ချမ်းသာစရာ ကောင်းလှသည့် ဘဝသည် ရုတ်တရက် အပြောင်းလဲကြီး ပြောင်းလဲသွားမည်ဟု မည်သူက ထင်ပါမည်နည်း။

သို့သော် ကျွန်တော့်ဘဝမှာ ထိုကိစ္စသည် တကယ်ပင် ဖြစ်ခဲ့၏။

* * *

ထိုနေ့....

ထိုနေ့သည် ကမ္ဘာလောကကြီးရှိ အခြားနေ့များနှင့် ဘာမှ ထူးထူးခြားခြား သိသာ ခြားနားလှသည့် နေ့တစ်နေ့မဟုတ်။

မှတ်မှတ်ရရ ထိုနေ့သည် နှင်းနှင့် ကျွန်တော်တို့ လက်ထပ်ပြီး ငါးနှစ်ပြည့်ရန် သုံးလေးရက်သာ လိုတော့သော နေ့ဖြစ်သည်။





နေ့အားဖြင့် ပြောရလျှင် သောကြာနေ့။

မနက်ခင်း ရှစ်နာရီလောက်အထိ ထိုနေ့သည် အခြားနေ့များ ထလိုပင် သာယာအေးချမ်းစွာ ရှိသည်။

မနက်ခင်းအိပ်ရာထ၊ ရေမိုးချိုး၊ အဝတ်အစားလဲ နံနက်စာ စား။ အပြင်ကို ကိုယ့်ကိစ္စနှင့်ကိုယ် ဟိုသွား ဒီသွား မသွားခင်အထိ အားလုံးသည် ဘာမှ မထူးခြား။ ဘာမှ သီးခြားမဆန်၊ ဘာအတိတ် နိမိတ်မှလည်း မပြ။

သာမန်လုပ်ရိုးလုပ်စဉ် ဖြစ်ရိုးဖြစ်စဉ်များသာ ဖြစ်သည်။ ထူးထူးကဲကဲပြောရလျှင် ထူးခြားသော အဖြစ်ဟူ၍ အိမ်သားတစ်ယောက် ယောက် ခလုတ်တိုက်မိတာမျိုး၊ လျှာကိုက်မိတာမျိုးပင် မဖြစ်။

သာမန် ပုံမှန်နေ့စဉ် ဖြစ်နေကျများသာ။

မနက်စာ ကော်ဖီဝိုင်းကျမှ ထိုကိစ္စနှင့် ဆက်စပ်သော ကိစ္စ တစ်ခုက အစပြုသည်။

"မောင်စိုး"

"ခင်ဗျာ အမေ"

"မင်း ဒီနေ့ ဘာလုပ်စရာရှိလဲ"

ဘာလုပ်စရာရှိလဲ။ ဒါကလည်း ထူးထူးခြားခြား မေးခွန်း တော့ မဟုတ်။

အမေ ကျွန်တော့်ကို ခိုင်းစရာရှိလျှင် ဒါမှမဟုတ် သူလုပ်ချင်တာ တစ်ခုခုရှိလျှင် သို့မဟုတ် အိမ်မှာ သူတစ်ခုခုလုပ်ချင်စိတ် ထူးပေါ်လျှင် သည်လိုပဲ မေးနေကျ။

ကျွန်တော်က ခေါင်းထဲမှာ သည်နေ့လုပ်မည့်ဟု လျှာထား



www.burmeseclassic.com

www.burmeseclassic.com



သော အလုပ်များကို ပြန်စဉ်းစားလိုက်ပြီး…

"သိပ်ထွေထွေထူးထူး မရှိပါဘူး အဖေ၊ မန္တလေးက လှမ်းပို့ လွှဲလိုက်တဲ့ တန်ဖိုးငွေတွေ သွားထုတ်ဖို့နဲ့ မော်ယမြိုင်က အော်ဒါမှာထားတဲ့ မိတ်ကပ်တစ်သောင်း ဒီနေ့စပြီး ပို့ပေးလိုက်ဖို့ပဲ ရှိပါတယ်"

"ဒါနဲ့ မောင်ပြောတော့ အခွန်ရုံး ခဏသွားရဦးမယ်ဆို"

နှင်းက ဝင်ပြောသည်။ ဒါက လွန်ခဲ့သည့် သုံးလေးရက်ထဲက စီစဉ်ထားသည့်ကိစ္စ။ နှင်းပြောမှ ကျွန်တော်က သတိရ၍…

"ဪ… ဟုတ်တယ် အဖေ၊ အခွန်ရုံးက ဗုဒ္ဓဟူးနေ့ထဲက ခေါ်ထားတာ၊ ကျွန်တော်က စာရင်းမပြီးသေးလို့ ဆိုပြီး၊ သောကြာနေ့မှ လာမယ်လို့ ပြောထားတယ်၊ အဖေ ဘာလုပ်ချင်လို့လဲ"

အဘိုးကြီးက ခေါင်းခါရင်း…

"ဘာဲရယ်မဟုတ်ပါဘူးကွာ၊ ဒီနေ့ ပျင်းပျင်းရှိတာနဲ့ သန္တေပင်က ခြံလေးခဏသွားကြည့်မလားလို့၊ မင်းမအားလဲနေပါ၊ ရတယ်၊ ငါ နှင်းနှင်းနဲ့ပဲ သွားလိုက်မယ်၊ မိနှင်း အဖေ့ကို ကားမောင်းပို့ပေးဟုတ်လား…"

"ရတယ် အဖေ၊ သမီးပို့ပေးမယ်၊ မေမေကော လိုက်မှာသား"

"မေးကြည့်လေ၊ လိုက်ရင် လိုက်ခဲ့ပေါ့၊ ဘယ်လိုလဲ အမေကြီး လိုက်ခဲ့မှာလား…"

"မလိုက်တော့ပါဘူး၊ ကျုပ် ဒီနေ့ ခြံထဲက ပိန်းပန်းအိုးတွေ ကျုပ်နေလို့ ခွဲနိုင်းဖို့ ကောင်လေးတွေ ခေါ်ထားတယ်"

"ဒါဖြင့်လဲ ပြီးတာပဲ၊ တို့သားအဖ နှစ်ယောက်ပဲ သွားလိုက်





တာပေါ့၊ ကလေးတွေကလည်း ကျောင်းတက်ရမှာ မဟုတ်လား"

"ဟုတ်ကဲ့ အဖေ"

စာရင်းချုပ်လိုက်တော့ ကျွန်တော်က ကားတစ်စင်းယူပြီး အလုပ်တိုက်သွားသည်။ နွယ်နွယ်က နောက်ကားတစ်စင်းနှင့် ကလေးတွေခေါ်ပြီး ကျောင်းသွားပို့သည်။

အမေနှင့် သွယ်သွယ်က အိမ်မှာ သူတို့ပိန်းပန်းအိုးတွေနှင့် အလုပ်ရှုပ်ရန် ကျန်နေခဲ့သည်။

အဖေနှင့်နှင်း နှစ်ယောက်သား ထောက်ကြံ့အလွန် သန္တေပင်ရွာရှိ အဖေဝယ်ထားသော ခြံကြီးဆီသွားသည်။

ကျွန်တော်က အလုပ်တိုက်စောထွက်သွားလိုက်သဖြင့် ဘယ်အချိန် ဘယ်လို အိမ်ကထွက်သွားမှန်းပင် မသိလိုက်။

ကျွန်တော်က ကုန်ပို့စရာရှိ၍ ဟိုင်းလက်ကားယူသွားသည်။ နွယ်နွယ်နှင့် ကလေးတွေက တိုရိုတာဆလွန်း။

သည်တော့ အဖေနှင့် နှင်းနှင်းက ပတ်ဗလစ်ကာ ပစ်ကပ်ကားလေးနှင့် သွားသည်။

ခေါင်းခန်းမှာပဲ အဖေက ထိုင်စီး၍ နှင်းက မောင်းသည်။

ကားကလည်း ကားသေး။ နှင်းကလည်း သည်ကားကို မောင်းနေကျ သုံးနေကျမို့ စိတ်ထဲမှာ ဘာတစ်ခုမှပင် အပူအပန်မရှိပါ။

ကိုယ့်အလုပ်နှင့် ကိုယ်ရှုပ်ပြီး သည်ကိစ္စ မေ့မေ့လျော့လျော့ပင် ဖြစ်နေခဲ့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

"ဟင်…"

ကြားလိုက်ရသော သတင်းကြောင့် ကျွန်တော့်ခေါင်းတစ်ခုလုံး မွှင့်ထွက်သွားသည်လား ထင်လိုက်ရသည်။

ရင်ဝသို့လည်း အမှုလုံးကြီးတစ်လုံး ပြေးဆောင့်၏။

ဖုန်းက ညနေပိုင်း လေးနာရီလောက်ကျမှ ရောက်လာသည် ဖုန်း။

တစ်နေ့တာ အလုပ်ပြီးသလောက်ဖြစ်၍ ခဏကြာလျှင်ပင် ကျွန်တော် လုပ်စရာတွေ လက်စသတ်ပြီး အိမ်ပြန်ခါနီးအချိန်။

ဖုန်းမြည်သဖြင့် ကောက်ကိုင်လိုက်သောအခါ အိမ်ကဖုန်း၊ သွယ်သွယ့်အသံက တုန်တုန်ယင်ယင် ပေါ်ထွက်လာသည်။

"ကိုစိုး…ဖြစ်တဲ့နည်းနဲ့ အမြန်ပြန်လာခဲ့စမ်းပါ၊ ဖေဖေနဲ့ နှင်းတို့ ထောက်ကြံ့မှာ ကားတိုက်လို့တဲ့၊ အင်းစိန်ရဲစခန်းက ဖုန်းဆက်တယ်၊နှစ်ယောက်စလုံး အင်းစိန်ဆေးရုံ ပို့ထားရတယ်တဲ့"

"ဟင်…"

"အဲဒါ ကိုစိုးအခု ထွက်လာခဲ့စမ်းပါ"

"ထွက်လာခဲ့မယ် သွယ်သွယ်၊ ဒီကိစ္စ အမေသိပြီးလား"

"သိတာပေါ့၊ ရဲစခန်းက ဖုန်းဆက်တော့ အမေကိုင်တာ"

"အဖေတို့ အခြေအနေကကော ဘယ်လိုတဲ့လဲ"

"အဲဒါတော့ မသိဘူး၊ အင်းစိန်ဆေးရုံကို လာခဲ့ပါလို့ပြောတယ်"





အိမ်ကို ဖုန်းနံပါတ်ပြောပြ အကြောင်းကြားခိုင်းနိုင်ပုံ ထောက်၍ ခြေအနေက သိပ်မဆိုးနိုင်ဟု ခန့်မှန်းမိသည်။

သို့သော် ပူတာကတော့ ပူတာပဲမို့ ကျွန်တော် တိုက်က တိတ်တွေကို ကမန်းကတန်း မှာစရာရှိတာမှာပြီး အိမ်ကို ဒုန်းစိုင်းင်းထွက်လာခဲ့သည်။

အမေ၊ ကျွန်တော်နှင့် သွယ်သွယ်တို့ သုံးယောက် ဆေးရုံကို သည်။

ဟိုရောက်တော့ အဖေ့ကိုရော နှင်းကိုပါ အသက်ရှင်လျှက်တွေ့ရတော့။

အမှန်တော့ ရဲစခန်းကရဲများ ကားပေါ်မှာ ဟိုသည်ရှာကြည့်း စာရွက်စာတမ်းများ အဖေ့အိတ်ထဲမှ လိပ်စာကတ်ပြားများကနေ သင့် အိမ်ဖုန်းနံပါတ်ရပြီး အကြောင်းကြားနိုင်ခြင်း ဖြစ်သည်။

ဖေဖေနှင့်နှင်းကတော့ ထောက်ကြံ့မှ မှော်ဘီဘက် အထွက် သင့်ကွေ့ကြီးမှာ အရှိန်ပြင်းစွာ မောင်းလာရင်း မျက်နှာချင်းဆိုင်မှ လာတဲ့ အရှိန်ပြင်းစွာ မောင်းလာသည့် ကုန်တင်လော်လီကားကြီး ကားတစ်စင်းကို ကျော်တက်ရင်း တိုက်မိစဉ်မှာပင် နှစ်ယောက်စလုံး ဆိုးခဲ့ခြင်းဖြစ်သည်။

ကားတစ်စီးလုံးလည်း ရစရာမရှိတော့။

ကျွန်တော်လည်း ထိုနေ့မှစ၍ မုဆိုးဖိုဘဝ ရောက်ခဲ့၏။

❑

www.burmeseclassic.com

www.burmeseclassic.com



၊ ၄ ၊

အကယ်၍ တွေးငယ်နှင့်သာ မတွေ့ဖြစ်ခဲ့လျှင် ကျွန်တော့အ စတ်ကြောင်း နောက်ပိုင်း ဇာတ်လမ်းများမှာလည်း ဘာထူးခြားမှုမြ စဉ်မှ ရှိတော့မည်မဟုတ်။

နေ့ီးသည် ကွယ်လွန်ပြီးသည့် နောက်ပိုင်း ကျန်ရစ်ခဲ့သော ယောကျ်ား တစ်ယောက်၏ အထီးကျန်ဘဝက ခြောက်သွေ့လွန်း သည်။

သားနှင့်သမီး ကျန်ခဲ့၍သာ တော်သေးသည်။

ထို့ပြင် အဖေပါဆုံးပါးသွားသဖြင့် အိမ်ရှိလုပ်ငန်းမှာ ဦး ဦးဆောင်မည့်သူ ကျွန်တော်သာ ကျန်တော့သည်။

သို့သော် အမေနှင့်ခယ်မများမလည်း ကျွန်တော့်ကို မိသား မှ ခွဲခွာမထွက်စေချင်။



သားနှင့်သမီးကို သူတို့က ဝိုင်းစောက်ရှောက်ပေးပြီး ကျွန်တော့်ကိုလည်း ယခင်အတိုင်း လုပ်ငန်းကို ကွပ်ကဲစေချင်သည်။

ကျွန်တော်ကလည်း သည်အတိုင်းပဲ လုပ်လာခဲ့ပါ၏။

တစ်ခုတော့ အဆင်ပြေသွားပါသည်။ သည်အတိုင်း တိတ်တိတ်သာ ထိုင်နေခဲ့လျှင် အလွန်ခံစားရပြင်းထန်မည့် သောက နှင့် ခြောက်သွေ့ခြင်းအချိန်များ သည်အလုပ်ထဲ စိတ်ဝင်စားပစ်ခြင်းနှင့် အတော်လေး သက်သာရာရခဲ့သည်။

မနက်မိုးလင်းသည်နှင့် သားကိစ္စ သမီးကိစ္စလုပ်စရာရှိတာ လုပ်ပေး၊ ပြီးတော့ အလုပ်ခွင်ထဲဝင်။ တစ်နေကုန် အလုပ်ထဲမှာနစ် မြုပ် ညနေစောင်းတော့ အိမ်ပြန်။ အိမ်မှာရှိနေသော သားနှင့်သမီးတို့ နှင့် သည်လိုပဲ အချိန်ဖြုန်း။

အချိန်တန် ညအိပ်ရာဝင်တော့ ဒိုင်ယာဆီပင်ကို အိပ်ဆေး တစ်မျိုးမျိုးသောက်ပြီး အနားယူလိုက်။ နောက်တစ်နေ့ မိုးလင်းတော့ သားကိစ္စ သမီးကိစ္စ လုပ်စရာရှိတာလုပ်ပေး။ ပြီးတော့ အလုပ်ခွင်ထဲ ဝင်။ ပြီးတော့...

သည်သံသရာက ဘဝမှာ အတော်လေး အဆင်ပြေစွာ လည်ပတ်နေခဲ့သည်။

ငါးနှစ်...

နည်းနည်းနောနော အချိန်မဟုတ်။

နှင်းနှင့် ရှိခဲ့စဉ် ပျော်ရွှင်စရာကောင်းသော အချိန်ငါးနှစ်ကို ခဏလေးလို ကျော်ဖြတ်ခဲ့သော်လည်း နှင်းဆုံးပြီး သည်ဘက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



အထီးကျန်ကာလ ငါးနှစ်ကိုတော့ အတော်လေး ကြာမြင့်စွာ ကျေ…
ဖြတ်ခဲ့ရသည်။

သည် ငါးနှစ်ကာလကဲမှာ ထူးထူးခြားခြား ပြောစရာအဖြ…
အပျက်ဟူ၍လည်း တစ်ခုနှစ်ခုသာ ရှိခဲ့၏။

တစ်ခုက သွယ်သွယ့်ကိစ္စ။

* * *

"မောင်စိုးလတ်၊ ဒီအတိုင်း ဆက်နေသွားလို့တော့ မဖြစ်ဘူး ထင်တယ်၊ တစ်ခုခုတော့ ဥုံးစားရင် ကောင်းမယ်"

"ဘာကိုလဲ အမေ၊ ဘာနဲ့ပတ်သက်ပြီး အမေပြောတာလဲ"

"ပြော် မဟုတ်ပါဘူး၊ မောင်စိုးလတ်လဲ သမီးဆုံးပြီး နောက်ပိုင်းမှာ တစ်ခြား …စိတ်မှ မကူးတော့လဲ၊ ဒီအတိုင်းနေခဲ့တာ သုံးနှစ်လောက်ရှိပြီ၊ ကြာ…တော့လဲ မောင်စိုးလတ် ဒီဘဝကို ငြီးငွေ့နေမလားလို့"

ကျွန်တော်က ရယ်လိုက်သည်။

"အမေက ကျွန်တော် နောက်အိမ်ထောင်ပြုဖို့ ပြောနေတာလား၊ ရှိပါစေတော့ အမေရာ၊ ကျွန်တော့်မှာလဲ အုပ်ထိန်းစောင့်ရှောက်ပေးရမယ့် သားနဲ့ သမီးနဲ့၊ ပြီးတော့ ခုလိုနေနေရတာလဲ ကျွန်တော် ပျော်ပါတယ်၊ အလကားနေရင်း ပြဿနာသစ် မရှာချင်တော့ပါဘူး"





"ဒီလိုလဲ မဟုတ်သေးဘူး မောင်စိုးလတ်၊ တစ်ပင်လဲမှ တစ်ပင်ထူ ဆိုတဲ့ စကားရှိတယ်၊ ဘာပဲပြောပြော ဒီလောက်အထိ မောင်စိုးလတ်နေထိုင်ခဲ့တာကိုပဲ အမေတို့က သစမီးကိုယ်စား ဝမ်းသာလှပါပြီ၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ အမေ"

"လူမှာ သဘာဝဆိုတာ ရှိတယ်လေ၊ ခုချိန်ထိ မောင်စိုးလတ် ဒီဘဝကို မငြီးငွေ့ဘူးဆိုပေမယ့် တစ်ချိန်ချိန်မှာ လူ့သဘာဝကို မောင်စိုးလတ်လဲ လွန်ဆန်နိုင်မယ် မဟုတ်ဘူး၊ အဲဒီတော့မှ မဖြစ်သင့် မဖြစ်ထိုက်တဲ့ အနေအထားမျိုးတွေနဲ့ အမေတို့ စိတ်ဆင်းရဲရရင် မကောင်းပါဘူး"

မှန်တာပြောရလျှင် သည်ကိစ္စကို ကျွန်တော် သိပ်စိတ်မဝင်စား။ သို့သော် လူကြီး၊ လူကြီးသဘာဝ သူပြောချင်နေတာရှိရင်လည်း ပြောပါစေ။ ဟူသော စိတ်ဖြင့်…

"ဒါဖြင့် အမေက ဘယ်လို လုပ်စေချင်လို့လဲ၊ အမေ ကျွန်တော့်ကို ပြောစရာရှိရင်ပြောလေ"

"ဒီလိုလေ၊ ဘာပြောပြော ခုချိန်မှာ အမေက မောင်စိုးလတ်ရဲ့ မိဘလိုလဲ ဖြစ်နေတော့ မောင်စိုးလတ်ရဲ့ အိမ်ထောင်ရေးကိစ္စက အမေ့ဘက်က လူကြီးအဖြစ်နဲ့ သင့်တော်ရာတစ်ခုခု စီမံရ ကောင်းမလားလို့"

"အမေက ဘယ်သူနဲ့ ကျွန်တော့်ကို သဘောတူနေလို့လဲ"

"သမီးလတ် သွယ်သွယ်နဲ့"

"ဗျာ သွယ်သွယ်နဲ့ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မောင်စိုးလတ်၊ တစ်နွယ်ငင် တစ်စင်ပါဆိုတဲ့ စကားလဲရှိသားပဲ၊ သမီးကြီး နှင်းနှင်း မရှိတော့တဲ့အခါမှာ ဒီသား သမီးတွေကိုလည်း ဆက်ထိန်းသိမ်း စောင့်ရှောက်ဖို့ ဒီမိသားစုကြီး လည်း ဥမကွဲ သိုက်မပျက်ရှိဖို့၊ အမေတို့ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာတွေ လည်း အလေအလွင့် မရှိဖို့၊ ဒီကိစ္စဟာ အသင့်တော်ဆုံး အစီအစဉ် လို့ အမေတော့ ထင်တာပဲ"

ရုတ်တရက် ကျွန်တော် အံ့အားသင့်သွားသဖြင့် ရုတ်ချည်း ဘာစကားမှ ပြန်မပြောနိုင်....

သည်လိုဖြစ်လာလိမ့်မည်ဟုလည်း ဘယ်တုန်းကမှ ကျွန်တော် မတွေးခဲ့စဖူး...။

သွယ်သွယ်ကိုလည်း မျက်လုံးထဲမှာ ညီမလေး တစ်ယောက် လိုပဲမြင်သည်။

စိတ်ထဲမှာလည်း ညီမလေးတစ်ယောက်လိုပဲ ခင်သည်။ အိမ်ထောင်ဖက်တစ်ယောက်အဖြစ် ဘယ်လိုမှ စိတ်ကူး စဉ်းစား၍ မရ...။

"သွယ်သွယ့် သဘောကကော အမေ"

"သွယ်သွယ်ကတော့ အမေ့စကား နားထောင်မှာပါ"

သွယ်သွယ်နှင့် ညှိနှိုင်းပြီးထားဖြစ်ကြောင်း ဖြစ်နိုင်သည်ဟု တွေးမိသည်။

သိပ်ပစ်ပစ်ခါခါကြီး ငြင်းပယ်လိုက်လို့ မဖြစ်သေး။ တစ် ဘက်သား ရှက်သွားမှာစိုးသည်။

"အင်းလေ အမေရယ်၊ စဉ်းတော့ စဉ်းစားကြည့်သေးတာ





ပေါ့၊ လက်တလောကြီးတော့ မလုပ်ပါနဲ့ဦး၊ ကျွန်တော်လဲ ခုလိုနေရတာ ပဲ ပျော်သလို ဖြစ်နေပါတယ်၊ သွားလေသူကိုလည်း စိတ်သန့်တယ်၊ သွယ်သွယ်ကိုလည်း ဘာမှမပြောပါနဲ့ဦး"

ဤနည်းဖြင့် သွယ်သွယ့်ကိစ္စကို လိမ္မာစွာ ငြင်းထားခဲ့ရ၏။

* * *

ဒုတိယကိစ္စကတော့ သွယ်သွယ့်ကိစ္စထက်စာလျှင် သည် ဘက်ပိုင်းကျသည်။ သွယ်သွယ့်ကိစ္စနှင့်လည်း အဆက်အစပ်ရှိပေ သည်။

ကျွန်တော့်အထင် သွယ်သွယ့်ကိစ္စ ပြောဆိုပြီး ခြောက်လ လောက်အကြာမှာ ဖြစ်မည်။ အတိအကျတော့ မဟုတ်။

သည်ကိစ္စကလည်း အမေ့ထံမှပင် စကြားရသော အစီ အစဉ်ပါ။

"မောင်စိုးလတ် အမေ တစ်ခုပြောမယ်"

"ပြော အမေ၊ ဘာပြောမလို့လဲ"

"စိတ်ထဲမှာ အမေ့ကို တစ်မျိုးတော့ မထင်နဲ့၊ နှင်းနှင်း လက်ဝတ်လက်စား ပစ္စည်းတွေ မောင်စိုးလတ်ဆီမှာ ရှိတယ်မဟုတ် လား"



www.burmeseclassic.com

www.burmeseclassic.com



"ရှိပါတယ် အမေ၊ နှင်းရှိစဉ်ကအတိုင်းပဲ သူ့အဝတ်အစား တွေနဲ့ တူတူထားပါတယ်"

"အဲဒါတွေ အမေ ပြန်လိုချင်တယ် ရမလား"

နည်းနည်းတော့ ထူးဆန်း အံ့ဩသလို ဖြစ်သွားသည်။

သို့သော် ဒါတွေကလည်း နဂိုကတည်းက ကျွန်တော့် ပစ္စည်းများ မဟုတ်သဖို့ ကျွန်တော့်အဖို့ ဘာမှ ထွေထွေထူးထူး စဉ်းစားနေစရာ အကြောင်းမရှိ။

"ရပါတယ် အမေ၊ အခုယူမှာလား၊ ကျွန်တော် သွားယူ ပေးမယ်"

"အေး… သွားယူလိုက်"

ကျွန်တော် ချက်ချင်း ထယူပေးလိုက်သည်။

ဒါတွေက သူ့ဟာနှင့်သူ သေတ္တာလေး တစ်ခုတည်းတွင် တစ်စုတစ်စည်းတည်း သိမ်းထားသည်မို့ ငါးမိနစ်အတွင်းမှာ အမေ့ ဆီ ပြန်ရောက်သည်။

အမေက ကျွန်တော် ကမ်းပေးသော ပစ္စည်းများကို လှမ်းယူ ရင်း…

"အမေ့ကို တစ်လွဲတော့ မထင်နဲ့၊ အမေ့စိတ်ကူးက ဒါတွေ ကို ဒီတိုင်းထားမယ့်အစား၊ ရောင်းချင်လဲ ရောင်းပစ်လိုက်မယ်၊ ဒါမှ မဟုတ် ရွှေဆိုင်မှာ ဈေးဖြတ်ပြီး အမေယူချင်လဲ ယူလိုက်မယ်၊ အငယ် တွေ ဝတ်ရတာပေါ့၊ အဲဒီ မိုက်ဆံတွေကိုတော့ မင်းသားနဲ့ မှင်းသမီး အတွက်နဲ့ ကုံကော်နာမည်နဲ့ ငွေစုလက်မှတ်တွေ ဝယ်ပေးထားမယ်၊ ဘယ်လိုသဘောရလဲ"





"မဟုတ်ဘူး အမေ၊ ဒါတွေ ကျွန်တော် ရှင်းပြစရာ မလိုပါ ဘူး၊ အမေကောင်းမယ်ထင်တာလုပ်ပါ"

"ကလေးတွေ နောင်ရေးအတွက် စီစဉ်ရတာပါ မောင်စိုး လတ်၊ အဲဒီမိုက်ဆံတွေကိုလည်း ကလေးတွေ အသက်နှစ်ဆယ် မပြည့် ခင်း ထုတ်လို့မရအောင် စီမံထားမယ်"

"လုပ်ပါ အမေ အမေကောင်းသလိုသာ စီမံပါ"

"နောက်တစ်ခုက လုပ်ငန်းနဲ့ ပတ်သက်လို့ မင်းနာမည်နဲ့ လုပ်ထားတဲ့ ကိစ္စတွေအားလုံး သွယ်သွယ့်နာမည်နဲ့ ပြောင်းထားပေး လိုက် မောင်စိုးလတ်၊ ပြီးတော့ သွယ်သွယ့်ကိုလဲ လုပ်ငန်းသဘော ထွမ်းကျင်အောင် တွဲသင်ပေးလိုက်ပါ"

"ဟုတ်ကဲ့"

အိမ်ကိစ္စ၊ ကားကိစ္စ၊ အလုပ်ကိစ္စ ပစ္စည်းအများစုက အမေ့ နာမည်နှင့် ရှိသည်။

ကျွန်တော့်နာမည်နှင့် ရှိသည်များက အပတ်စဉ်လိုလို ငွေ ထုတ် ငွေသွင်းပြုနေရသော ဘဏ်စာရင်းများနှင့် နယ်မှ ကုန်ဖိုးငွေ လွှဲစာရင်းများသာ ရှိသည်။

ဒါတွေကလည်း စာစာကအတိုင်းပင်။ ကျွန်တော့် ငွေကြေး များမဟုတ်။

အမေ့သဘောကို ကျွန်တော် ရိပ်မိပါသည်။ သွယ်သွယ့်ကို လက်ထပ်ဖို့ကိစ္စ ကျွန်တော် ရှောင်ဖယ်ဖယ်လုပ်နေခြင်းကို အမေ ကြိုက်။

တစ်နည်းအားဖြင့် သူဆိုလိုသည့် အဓိပ္ပာယ်မှာ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်နေသည့် လုပ်ငန်းကိစ္စများအားလုံးကို သွယ်သွယ်ပိုင်သည်။

နှင်း အမွှေကိုကျတော့ သားနှင့်သမီးရမည်။

ဒါတွေ ကျွန်တော်လိုချင်လျှင် သွယ်သွယ့်ကိုယူ။ ယူသည့်နေ့မှာ ဒါတွေ ကျွန်တော်ရမည်ဖြစ်၏။

သို့သော် သည်အကြောင်းများကြောင့်လည်း ကျွန်တော် သွယ်သွယ့်ကိုယူရန် မစဉ်းစားဖြစ်ခဲ့။

□





॥ ၅ ॥

မှန်တာပြောရလျှင် ထွေးငယ်နှင့် မတွေ့ခင်အချိန်အထိ ကျွန်တော် ဘယ်မိန်းကလေးကိုမှလည်း စိတ်မဝင်စား။

ဘဝမှာ အချစ်ဆိုတာလည်း နောက်တစ်ကြိမ် ပြန်ပေါ်လာလိမ့်မည်ဟု မထင်ခဲ့။

နှင်းနှင့်အတူ ပေါက်ဖွားခဲ့သော အချစ်သည် နှင့်နှင့်အတူပင် သေဆုံးသွားပြီဟု ထင်ခဲ့သည်။

သည့်အတွက် နှင်းဆုံးပြီး ငါးနှစ်လောက်ကြာသည်အထိ ကျွန်တော့်နှလုံးသားကော၊ ကျွန်တော့်ဘဝပါ ငြိမ်သက်အေးချမ်းနေခဲ့ခြင်း ဖြစ်သည်။

ထွေးငယ်....

ထွေးငယ်ဆိုသော မိန်းကလေးသည် စောစောက ကျွန်တော် စိတ်မဝင်စားဟု ပြောခဲ့သော အခြားမိန်းကလေးများနှင့် သိပ်ကြီးကြီးမားမား ခြားနား ထူးခြားလှသော မိန်းကလေးတစ်ယောက်တော့ မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



အသားဖြူဖြူ၊ သွယ်သွယ်မြင့်မြင့်နှင့် မျက်လုံးကြည်ကြည် နှာတံလေးပေါ်ပေါ်၊ နှုတ်ခမ်းနှင့် သွားလေးများလှ၍ ရယ်သောအခါ ပါးပေါ်မှာ ပါးချိုင့်လေးတစ်ခွက် ရစ်ခွေပေါ်လာကာ ချစ်စရာကောင်းသည်ဟု ပြောနိုင်သော အချက်ကလေးတွေသာ ရှိသည်။

သည့်အပြင် အခြားမိန်းကလေးများထက်လည်း ဘာမှ ပို၍ မထူးခြား။

ဒါဖြင့်ရင် သူ့ကျမှ ဘာကြောင့် ကျွန်တော့်နှလုံးသားက နွေးထွေးလှုပ်ရှားလာရပါသနည်း။

သည်အချက်ကတော့ အံ့ဩစရာကောင်းသည်။

ထွေးငယ်နှင့် ဆုံစည်းခဲ့ရသောအဖြစ်ကလေးများမှာ အများကြီးမဟုတ်သော်လည်း အနည်းငယ် ထူးခြားချက်ကလေးတွေတော့ ရှိသည်။

ဒါတွေကြောင့်များလား။

ကျွန်တော် သေချာတော့မသိ။

သို့သော် ထင်ကြေးနှင့် ကျွန်တော် တွေးတော တွေးမိ၏။

* * *

ထွေးငယ်နှင့်တွေ့သောအချိန်မှာ ကျွန်တော်ကလေးမဟုတ်တော့။

ထိုအတွေ့ စိတ်လှုပ်ရှားထိနိုက်လွယ်သည့် လူငယ်လေးလည်း





မဟုတ်တော့။ လူကြီးမဟုတ်သေးသည့်တိုင် အသက်သုံးဆယ်ကျော်၊ သုံးဆယ့်တစ်နှစ်ရှိ လူရွယ်ဖြစ်နေပြီ။

သည်အရွယ်မှာ အသိဉာဏ် အလွန်အမင်း မရင့်ကျက်သေးဟု ပြောနိုင်သည့်တိုင် နုနုနယ်နယ်လေးတော့ မဟုတ်တော့ပြီ။

ပြီးတော့ ကျွန်တော့်မှာ အိမ်ထောင်ရေးဘဝဆိုသည်ကလည်း ကြုံတွေ့ခဲ့ပြီးသား။

စိတ်ဓာတ်မခိုင်မာသော ခံစားမှုများ ပေါ်ပေါက်တတ်သည့် အလုပ်အကိုင်မသေချာ၊ ဘဝအခြေမရေရာ၊ အရာရာမှာ တေလွင့်ဝေဝါးနေသော လူတစ်ယောက်လည်း မဟုတ်။

ကျွန်တော့်မှာ အလုပ်အကိုင် စားဝတ်နေရေး၊ ကလေးသူငယ် သားသမီးများနှင့် အစစ ခိုင်မာရေရာနေသော အခြေအနေ။

ဤသည်တို့ကို ရှင်းပြနေခြင်းမှာ အကျိုးမဲ့ အကြောင်းမဲ့ မဟုတ်။ အကြောင်းရှိသည်။

အဘယ်ကြောင့်ဆိုသော် နောင်သောအခါ ထွေးငယ်နှင့် ပတ်သက်၍ ဖြစ်လာရသော ပြဿနာများတွင် ကျွန်တော် ပတ်ဝန်းကျင်က လုံးဝ ဘယ်သူမှ ထည့်မစဉ်းစားကြသောကြောင့် ဖြစ်၏။

အခုလုံးသည် ထိုအချက်ကို

◻



www.burmeseclassic.com

www.burmeseclassic.com



။ ၆ ။

"ဩော်…"

ထိုနေ့က အလုပ်မှအပြန် နည်းနည်းနောက်ကျသည်။

အရောင်းဆိုင်မှ စာရင်းပိတ်ပြီး အလုပ်ရုံဘက် နည်းနည်း ဝင်ကြည့်နေလိုက်ရသဖြင့် နောက်ကျသွားခြင်း ဖြစ်သည်။

ကျွန်တော်တို့လုပ်ငန်းမှာ အရောင်းဆိုင်ပိုင်းနှင့် ထုတ်လုပ်သော အလုပ်ရုံပိုင်းဟု နှစ်ပိုင်းရှိရာ သည်ဘက်ပိုင်း အရောင်းဆိုင်မှာ သွယ်သွယ်တို့ ညီအစ်မရှိနေ၍ မျက်နှာလွှဲ၍ ရသော်လည်း အလုပ်ရုံပိုင်းမှာ ပြဿနာတစ်ခုပြီး တစ်ခု တက်နေသည်။

သည်နေ့လည်း အလုပ်ရုံမှ အလုပ်သမလေး ငါးယောက် စကားတွေများ ရန်တွေဖြစ်ကြသဖြင့် သည်ကိစ္စ သွားရှင်းနေရခြင်း ပင်။





ကျွန်တော့်သဘောက သွယ်သွယ်နှင့် နွယ်နွယ် တစ်ယောက် ပြီး အရောင်းဆိုင်တစ်ယောက်၊ အလုပ်ရုံတစ်ယောက် ထားချင် သည်။

ခုတော့ ပြောမရ။ အလုပ်ရုံက ဘာစော်နံသည် ညာစော် နံသည်။ ဘာပေသည် ညာပေသည် စသဖြင့် ချေးများပြီး တစ်ယောက် မှ မသွားချင်။

ဟိုမှာက မိန်းကလေး အများစုရှိသည်မို့ မိန်းကလေးတစ် ယောက် သွားအုပ်ချုပ်နိုင်လျှင် အတော်ကောင်းမည့်ကိစ္စ။

ထိုအတွေးများ တွေးပြီး အိမ်ဧည့်ခန်းထဲ အဝင်၊ ဧည့်ခန်းထဲ ရှိ ဧည့်သည်တွေနှင့် အမေ၊ သွယ်သွယ်၊ နွယ်နွယ်တို့ပါ တွေ့လိုက်ရ သကြောင့် 'ဩော်' ခနဲ ရေရွတ်လိုက်မိသည်။

"မောင်စိုးလတ် ပြန်လာပြီလား"

"ဟုတ်ကဲ့ အမေ"

"အေးကွယ်၊ ဟိုမှာလဲ ဘယ်လောက် ပင်ပန်းလာသလဲတော့ မသိဘူး၊ ဒီမှာလဲ ကိစ္စတစ်ခုရှိနေလို့ ခဏလောက်လာခဲ့ပါဦး"

"ဟုတ်ကဲ့"

ကျွန်တော်က ခပ်သွက်သွက်ပင် ပြန်ပြောရင်း ဧည့်ခန်းထဲ ဝင်လာခဲ့သည်။

ဧည့်ခန်းထဲက ဧည့်သည်များကို ကျွန်တော် မသိ။ သို့သော် လည်း သည် ကုန်သည်လုပ်စားနေပြီမို့ လူမှုဆက်ဆံရေးကိစ္စအားမှာ ကျွန်တော် သိပ်မ နုံချာတော့။

မသိသူများဖြစ်သော်လည်း အမေ့နားမှာ ကပ်ထိုင်နေသည့်

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးအရွယ် လူကြီးတစ်ယောက်နှင့် အဒေါ်အရွယ် အဒေါ်ကြီးတ
ယောက် သွယ်သွယ်တို့၊ နွယ်နွယ်တို့နားမှာ ထိုင်နေသော နွယ်နွယ်
အရွယ် နှစ်ဆယ်ပတ်ဝန်းကျင်ခန့်မှန်းရသည့် ကောင်မလေးတစ်ယော
တို့ကို ချပြီး ပြုံးပြလိုက်သည်။

"ထိုင် မောင်စိုးလတ်၊ ဒါ မင်းအဖေရဲ့ ညီမနဲ့ သူ့ခင်ပွန်း
ဦးကျော်ရင်နဲ့ ဒေါ်သန်းသန်းတဲ့၊ တို့အချင်းချင်းလဲ မတွေ့ရတာကြ
ပြီ၊ သူတို့လဲ အလုပ်လုပ်ရင်း ဟိုရောက် ဒီရောက် ရောက်နေ
ကိုအောင်ဒင်နဲ့ နှင်းနှင်းဆုံးတုန်းက တစ်ခါပဲဆုံလိုက်ပြီး ဒီနောက်ပို
မတွေ့ဖြစ်ကြဘူး၊ အဲဒီတုန်းကလည်း မောင်စိုးလတ်ဆေးရုံကိစ္စ၊ က
ကိစ္စ၊ အသုဘမြေချဖို့ကိစ္စတွေနဲ့ လုံးပန်းနေရလို့ တွေ့လိုက်ရ
မထင်ဘူး၊ သူတို့လဲ အဲဒီတုန်းက ခဏပဲနေနိုင်တာကိုး"

"ဒါက ကိုကျော်ရင်နဲ့ မသန်းသန်းတို့ရဲ့ သမီး ထွေးင
နာမည်အရှည်က ဘယ်သူ ထွေးထွေးငယ်နော်"

"ဟုတ်ပါတယ် ကြီးကြီး"

"အေး... ကိုကျော်ရင်ကော၊ သန်းသန်းကော၊ ထွေး
ကော မှတ်ထား၊ ဒါ အာကာနဲ့ ကုံကော်တို့ရဲ့ အဖေ၊ နှင်းနှင်းယော
မောင်စိုးလတ်"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းပါတယ်"

"အေးကွာ၊ ဦးတို့လဲ ဝမ်းသာပါတယ်"

အဒေါ် မသန်းသန်းနှင့် ထွေးငယ်ဆိုသော ကောင်လေးတို
တော့ ပြုံးရုံသာ ပြုံးပြသည်။

ကျွန်တော်က အမေ့ထံ ပြန် အာရုံစိုက်သည်။





အဲ သိသိသာသာကြီးတော့မဟုတ်။ သို့သော် မလိုလဲ လိုလဲ
ဝန်ခံစကားလေး နည်းနည်းပြောရလျှင် ကျွန်တော်က မူလကတော့
အမှတ်တမဲ့ပုံစံနှင့် ခဏလှမ်းကြည့်လိုက်ခြင်းသာ ဖြစ်သည်။

သို့ရာတွင် ထို အမှတ်တမဲ့ ခဏလေးထဲမှာ ကောင်မလေး
၏ အပြုံးမျက်နှာသည် ကြည်ကြည်လင်လင်လေးနှင့် အတော် ချစ်
စရာကောင်းကြောင်းကိုတော့ ဘာဖြစ်လို့မှန်းမသိ။ ကျွန်တော သတိ
ထားလိုက်မိ၏။

အဝှုးသဖြင့် မျက်လုံးကြည်ကြည်လေး။

ပြီးတော့ နှုတ်ခမ်းပါးပါးလှလှလေးနှင့် သွားဖြူဖြူ ညီညီ
ညာညာလေး။

ပြီးတော့ ပါးပေါ်က ခွက်ခွက်ခွေခွေ ပါးချိုင့်လေးတစ်မွှင့်။

ဘယ်သူမှ သိလိုက်ချင်မှ သိလိုက်မည်။ ကျွန်တော်ပင်လျှင်
နောင်ကျမှ ပိုသတိထားမိခြင်းဖြစ်၍ ထိုစဉ်ကတော့ စောစောက အမှတ်
တမဲ့ပုံစံနှင့် အမေ့ဆီ ချက်ချင်း အာရုံပြန်ရောက်သည်။

"အဲဒါ..."

အမေက စကားကို ပြန်စရင်း ခဏရပ်သည်။

ကျွန်တော် ပြန် အာရုံစူးစိုက်ပြီးကြောင်း သေချာမှ

"ခုတော့ သူတို့လဲ ရန်ကုန်ပြန်ရောက်နေကြပါပြီ၊ အခု
စကားစပ်မိရင်းကနေ မေးတော့ ဒီမိန်းကလေး ထွေးငယ်က အဝေး
သင်တက္ကသိုလ်ကနေ မာတုဗေဒဘွဲ့ရပြီးသားတဲ့၊ အလုပ်အကိုင်က
လည်း ရှတ်တရက် ရှာမရတော့၊ အမေတို့ လုပ်ငန်းကလည်း မာတု



www.burmeseclassic.com

www.burmeseclassic.com



ဗေဒ သမားတွေဆို အသုံးတည့်တာနဲ့ သူ့ကို အမေတို့လုပ်ငန်းမှာ အလုပ်တစ်ခုခု ပေးလို့ရမလားလို့"

ကျွန်တော် ခေါင်းထဲမှာ စောစောက အိမ်ထဲအဝင် တွေးလာသော အတွေးစကို ပြန်သတိရ၏။

* * *

သို့သော် သည်ကိစ္စက မိန်းကလေးတစ်ယောက်ကိစ္စ ဖြစ်နေ၍ ကျွန်တော် အလိုက်ကန်းဆိုးသိစွာပင် သွယ်သွယ်တို့ကို လှမ်းကြည့်သည်။

သွယ်သွယ်က ဝင်၍…

"အရောင်းဆိုင်မှာတော့ သမီးတို့နှစ်ယောက်စလုံး ရှိနေတယ် အမေ၊ ကိုစိုးလဲ ဒီဘက်မှာပဲ အနေများတာပဲ"

အင်း… ဒါဆို သွယ်သွယ့်သဘောက သူ့အရောင်းဆိုင်မှာတော့ မထားလိုတာ သေချာသွားပြီ။ သည်အထိလည်း ကျွန်တော့် စိတ်ကကူးက အံ့ဝင်ခွင်ကျ ဖြစ်နေ၏။

နွယ်နွယ့်အခြေအနေ လှမ်းကြည့်သည်။

နွယ်နွယ်ကတော့ သည်ကိစ္စ သိပ်စိတ်မဝင်စားသလိုလိုလှ ရင်း…



"အလုပ်ရုံထဲမှာကျတော့လဲ အနံ့ပေါင်းစုံ၊ အမှုန့်ပေါင်းစုံ၊ အရည်ပေါင်းစုံတွေနဲ့ ရှုပ်ပွနေတာ၊ တွေးတွေး စိတ်ညစ်မှာပဲ"

ကျွန်တော့် စိတ်ကူးရည်မှန်းချက်ကို ဒါရိုက်ပြောပြဖို့ ခက်သွားပြီဟု ကျွန်တော် သိလိုက်သည်။

သို့သော် ဖြစ်နိုင်သလောက်တော့ ကြိုးစားပေးလိုက်ပါမည်ဟု တွေးပြီး…

"ဟုတ်တယ်၊ သွယ်သွယ်နဲ့ နွယ်နွယ်ပြောသလိုပဲ၊ အရောင်းဆိုင်မှာကျတော့ လူက လုံးဝ မလိုဘူး၊ အလုပ်ရုံဘက်မှာတော့ ကျကျနန စီမံခန့်ခွဲပေးမယ့်သူ မိန်းကလေးတစ်ယောက်တော့ လိုအပ်တယ်၊ ဒါပေမဲ့ နွယ်နွယ်ပြောသလို၊ ဒီအခန်းက ဓာတုဗေဒဓာတ်ခွဲခန်း ခပ်ညစ်ညစ်ပတ်ပတ် တစ်ခုနဲ့ တူနေတော့ လုပ်ချင် မလုပ်ချင် မပြောတတ်ဘူး"

"တွေးငယ်အနေနဲ့ကတော့ ရပါတယ် အစ်ကို၊ တွေးငယ်လဲ အဝေးသင်တက္ကသိုလ်က ဆိုပေမယ့် အနီးဆုံး တက္ကသိုလ်တွေမှာ လက်တွေ့တွေ ဝင်ပြီးသားမို့ ဒီပစ္စည်းတွေ ကြားမှာနေရတာ စိတ်ညစ်စရာမရှိပါဘူး"

"မောင်းစိုးလတ် ဘယ်လိုသဘောရလဲ"

"သူ လုပ်နိုင်မယ်ဆိုရင်တော့ အလုပ်ရုံမှာ ဝင်လို့ရပါတယ်"

"လုပ်နိုင်ရမှာပေါ့ သားရယ်၊ အလုပ်လုပ်တာပဲ၊ ကိုယ့်ပညာနဲ့လည်း နီးနီးစပ်စပ်ရှိတော့ ပိုတောင် အဆင်ပြေသေးတယ်"

"ဟုတ်တယ် ကိုစိုးလတ်၊ ဦးလဲ အဲဒီနေရာမှာပဲ လုပ်စေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"လစာနှုန်းကကော မင်း ဘယ်လိုပေးချင်သလဲ မောင်စိုးလတ်"

ဦးကျော်ရင်နှင့် ဒေါ်သန်းသန်းတို့ စကားအဆုံးမှာ အမေက အလုပ်သဘော စမေးသည်။

ကျွန်တော် တစ်ချက် စဉ်းစားရင်း...

"ရပါတယ် အမေ၊ ဒါကတော့ အမေ ကြည့်စီစဉ်ပါ၊ အစဦးပိုင်း အလုပ်သင်သဘောမှာတော့ တစ်ထောင်အောက်ပေါ့၊ နောက်ပိုင်း ကျွမ်းကျင်လာရင် တစ်ထောင်အထက် အမေ ကြိုက်သလို သတ်မှတ်နိုင်ပါတယ်"

"အေးလေ ဒါကလည်း ကိုယ့်အမျိုးတွေပဲ၊ ဒီလိုပဲ ကြည့်လုပ်ပေးရမှာပေါ့၊ နည်းတယ် များတယ်တော့ မဟုတ်ဘူး၊ အလုပ်သင်တန်းမှာ ရှစ်ရာယူ၊ အလုပ်တတ်တော့ ထောင့်နှစ်ရာယူပေါ့၊ နောက်တော့လဲ ထောင့်လေးငါးရာအထိ တိုးပေးနိုင်ပါတယ်"

"ထွေးငယ်လုပ်ချင်ပါတယ် ကြီးကြီး"

"အေး... အဲဒါဆို လုပ်လေ၊ ဘယ်နေ့ သူ အလုပ်စဝင်ရမလဲ မောင်စိုးလတ်"

"မနက်ဖြန်ကစဝင်လို့ ရပါတယ် အမေ၊ လစာကိစ္စတွေ ဘာတွေကတော့ သွယ်သွယ်နဲ့ပဲလုပ်ပါ၊ လုပ်ငန်းမြှင်းကိုပဲ ကျွန်တော် ကြီးကြပ်ပေးပါ့မယ်"

ဤနည်းဖြင့် ထွေးငယ် ကျွန်တော့်အပါးသို့ ရောက်လာခြင်း ဖြစ်သည်။

သို့သော် ထိုစဉ်က ကျွန်တော့်မှာ ထွေးငယ်နှင့် ပတ်သက်





သာ ခံစားမှုဟူ၍ ဘာတစ်ခုမှ ဖြစ်ဖြစ်မြောက်မြောက် မခံစားမိသေး။ မှန်သော သစ္စာစကားဖြစ်ပါ၏။

□



www.burmeseclassic.com

www.burmeseclassic.com



॥ ၇ ॥

"မေမေကလည်း ဘာကိစ္စ အဲဒီကောင်မလေးကို အလုပ်

လိုက်ရတာလဲ၊ သမီးတို့ ဒီလောက် ဟိုပိတ် ဒီပိတ်လုပ်နေတဲ့ကြားက

ဇာတ်လမ်းက ကျွန်တော် လုံးဝ ထင်မထားသလောက်

မြန်ဆန်စွာ စတင်သည်။

ကျွန်တော့်အထင် ဦးကျော်ရင်တို့ သားအမိသားအဖ

ယောက် ခြံဝမှ ရောက်သေးရဲ့လား မသိ။

ကျွန်တော် ထိုင်ရာက ပြန်မထရသေး။ သွယ်သွယ်က

သူ့အမေကို တိုက်ခိုက်ထိုးနှက်တော့သည်။

နွယ်နွယ်ကလဲ။

"ဟုတ်တယ် မေမေကလည်း သိပ်ခက်တာပဲ၊ သမီးက

အဲဒီတစ်အိမ်သားလုံးကို ကြည့်လို့မရဘူး"

"အိုကွယ်… ဆွေမျိုးတွေပဲ"





"ဘာဆွေမျိုးလဲ၊ သူတို့ကိစ္စရှိမှ မျက်စိလည် လမ်းမှားရောက်လာတဲ့ လူတွေကို ဆွေမျိုးလို့ ခေါ်လို့ရမလား၊ သမီး မှတ်မိတယ် အမေ၊ ဖေဖေနဲ့ မမ ဆုံးတုန်းကလဲ ဆွေမျိုးဆိုပြီး ဝိုင်းကူလုပ်ပေးဖို့ နေနေသာသာ ဖင်ပူအောင်တောင် အိမ်မှာ ထိုင်သွားလို့လား"

"ဟုတ်တယ်၊ နွယ်နွယ်လဲ သတိထားမိတယ်၊ သူတို့ ရန်ကုန်ကိုရောက်နေတာ ကြာလှပြီ၊ ထွေးထွေးဆိုတဲ့ ကောင်မဆို မတွေ့ချင်မှ အဲဆုံး၊ ဗိုလ်ချုပ်ဈေးမှာ အပတ်တိုင်း လိုလို တွေ့နေတာပဲ၊ တွေ့ရင် မခေါ်ချင်သလို မပြောချင်သလို ပုံစံကိုက ထောင့်မကျိုးဘူး"

"နောက်တစ်ခုက အဲဒီကောင်မလေးက ခပ်ရှုပ်ရှုပ်ပဲ၊ ခပ်ရှုပ်ရှုပ်လေးလို့ ပြောတယ်"

"ဟုတ်ပါ့၊ သူတို့လားရှိုးကနေ ပြောင်းမလာခင်တုန်းကလဲ ဘာလိုလို ညာလိုလို ကြားလိုက်သေးတယ်"

ကျွန်တော်က ဘာမှမပြောဘဲ အသာ ငြိမ်နေလိုက်သည်။

ဒါတွေက သူတို့ဆွေမျိုးသားချင်းကိစ္စ။ ကျွန်တော်နှင့် အနေသာကြီး။ အစကတည်းကိုက သူတို့ဘာတော်ပြီး ဘယ်လိုပတ်သက်နေမှန်းပင် ကျွန်တော် မသိ။

သူတို့အိမ်သား ဘယ်နှစ်ယောက်ဖြစ်နေသည့် အတောအတွင်းမှာ ကျွန်တော်နှင့် တစ်ခါမှ မဆုံဖူးတာတော့ အမှန်…။

"ဒါကတော့ ကိုယ့်မှာလဲ လူလိုနေတာနဲ့ ခေါ်ခိုင်းတာပဲ သမီးရယ်၊ အလုပ်ထဲမှာတော့ အလုပ်စည်းကမ်း ရှိရမှာပေါ့၊ အလုပ်နဲ့ မအပ်စပ်တာတွေ ဖြစ်လာတော့လည်း အလုပ်စည်းကမ်းဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပစ်လိုက်လို့ရပါတယ်၊ ခက်တာက သန်းသန်းက နင်တို့အဖေ ညီမဟဲ့”

“ညီမဆိုတာကလည်း ဘယ်နှစ်ဝမ်းကွဲမှန်းတောင် မသိပါဘူး အမေရယ်၊ အရင်းအခြာ မဟုတ်ပါဘူး”

“ကိစ္စမရှိပါဘူးလေ သမီးတို့က အရောင်းဆိုင်၊ ထွေးငယ်ကို ထားမှာက အလုပ်ရုံ၊ တစ်ခြားစီပဲ၊ သမီးတို့ မပတ်သက်ချင်ရင် ခပ်တန်းတန်းပဲ နေလိုက်ပေါ့၊ မဟုတ်ဘူးလား မောင်စိုးလတ်”

“ဟုတ်ပါတယ် အမေ၊ ဟုတ်တယ် သွယ်သွယ်၊ အလုပ်ရုံထဲမှာကျတော့ သွယ်သွယ်ကော နွယ်နွယ်ကော နေမှ မနေချင်တာ၊ သူ့ဟာသူ သူ့အလုပ်နဲ့ သူရှိနေ ပစေပေါ့”

“သူ့အလုပ်နဲ့သူ ရှိနေရင်တော့ အကြောင်းမဟုတ်ပါဘူး၊ ဒါပေမဲ့ အဲဒီအလုပ်ရုံထဲကို ကိုစိုးကျတော့ မသွားတာမှ မဟုတ်ဘဲ၊ အဲဒီကောင်မလေး နန့်ပျာပျာနဲ့ တစ်ခုခု သတင်းကြားရင်တော့ ကိုစိုး မလွယ်ဘူး”

“ဟာ… သွယ်သွယ်ကလဲ၊ ဘာဆိုင်လို့လဲ၊ ကိုယ် အဲလိုလူစားမျိုးမဟုတ်ဘူး”

“အေးလေ သမီးကလည်း ဘာတွေလျှောက်ပြောနေတာလဲကွယ်”

“ဟုတ်ပါတယ်၊ ကိုစိုး အဲလိုလူစား မဟုတ်ဘူးဆိုတာတော့ သွယ်သွယ်လည်း နားလည်ပါတယ်၊ ဒါပေမဲ့ သွယ်သွယ်တို့နဲ့ တန်းတူ ဆက်ဆံရမယ့်လူမျိုး ဒီအလုပ်ထဲမှာ လုံးဝမရှိချင်ဘူး”

“သွယ်သွယ်တို့ နွယ်နွယ်တို့လဲ ကိုယ်က တန်းတူဆက်ဆံ





မလိုပါဘူး၊ သူက လခပေးပြီး ခေါ်ခန့်ထားတဲ့ ကိုယ့်အလုပ်သမား ”

“ပြီးရော အဲလိုပဲ၊ အမြဲသဘောထားပါ”

“ဟုတ်တယ် နွယ်နွယ်လဲ အဲဒါပဲ ပြောချင်တယ်”

ဟောဗျာ ဟု ကျွန်တော် တအံ့တဩနှင့် ထမအော်ရုံ ဖြစ်သွားသည်။

ဘယ်လိုကနေ ဘယ်လို သူတို့ကိစ္စက ကျွန်တော့် ခေါင်းပေါ် ရောက်လာသည် မသိ။

ကျွန်တော်က သူတို့အဖြစ်သဲပုံကို ကြည့်၍ ပြုံးလိုက်ပြီး ရပ်လိုက်သည်။

သည်ထဲမှာ ကျွန်တော် ရှိမနေတာ အကောင်းဆုံးဟု ဆုံးဖြတ်လိုက်သောကြောင့် ဖြစ်၏။

* * *

“တာတူဗေဒ အချိုးအဆတွေကိုတော့ ထွေးငယ် ဘယ်လို ချိန် မှတ်မိမလဲ အစ်ကို၊ ဒါတွေပါ ထွေးငယ်က စစ်ဆေးမှာလား”

ထွေးငယ် အလုပ်စဝင်သောနေ့မှာ ကျွန်တော် လုပ်ငန်း သဘောတွေ အကျဉ်းချုပ်ရှင်းပြသည်။

သူ့အပိုင်းက နည်းနည်းပညာသည်ဆန်သောအပိုင်း ဖြစ်၍ စာရင်းဇယားစာရွက်တွေပါ နှီးနွယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ခေါင်းညိတ်လိုက်ပြီး…

"ဟုတ်ပါတယ်၊ အားလုံးကိုတော့ ထွေးငယ် ချက်ချင်
ဘယ်မှတ်မိမလဲ၊ ဒါပေမဲ့ အဲဒီအပိုင်းတွေက သူ့ ကျွမ်းကျင်သူ
သူ ရှိကြပါတယ်၊ သူတို့အလုပ် သူတို့လုပ်သွားကြမှာပါပဲ၊ တစ်ခု
တယ်၊ ထွေးငယ်အနေနဲ့ကျတော့ အလုပ်ခွင်ကြီး တစ်ခုလုံးကို တဖြည်း
ဖြည်း သိအောင်လုပ်သွားရင်တော့ ပိုကောင်းတာပေါ့"

"ထွေးငယ် ကြိုးစားပါ့မယ်"

"ကြိုးစားရမှာပဲ ထွေးငယ်၊ အထူးသဖြင့် ထွေးငယ် လိ
လိမ်မာမှာ ကိုင်တွယ်သွားရမယ့် ကိစ္စတွေက သူတို့အလုပ်သမား
အချင်းချင်း ဆက်ဆံရေးပဲ၊ အလုပ်ခွင်ထဲမှာ အလုပ်ခွင်နဲ့ မဆိုင်တဲ့
ကိစ္စတွေ သိပ်မဝင်လာစေနဲ့။ စကားလဲ သိပ်မများစေနဲ့၊ ဒါပေမဲ့
သူတို့ သိပ်စိတ်ညစ်လောက်အောင် ချုပ်ချယ်တာမျိုးလဲ မကောင်းဘူး"

"ထွေးငယ် သဘောပေါက်ပါတယ် အစ်ကို၊ တတ်နိုင်သ
အဆင်ပြေအောင် ထွေးငယ်လုပ်ပါ့မယ်၊ ထွေးငယ်မှာ လိုအပ်တာ
ရင်လဲ အစ်ကို ထွေးငယ်ကို မညှာပါနဲ့ ပြောပါ ဆိုပါ ဆုံးမပါ၊ ပြီး
တော့…"

"ပြီးတော့… ဘာဖြစ်လဲ ထွေးငယ်"

"ဒီဘက် ထွေးငယ်အလုပ်ဝင်တဲ့ အစပိုင်းမှာတော့ ထွေး
ငယ်ကို သိပ်ပစ်မထားပါနဲ့၊ နည်းနည်း အနီးကပ်နေပေးစေချင်တယ်"

"နေရမှာပေါ့ ထွေးငယ်၊ ရပါတယ်၊ ထွေးငယ့်လုပ်ငန်း
ကျွမ်းကျင်တဲ့ အထိ ကိုယ် ထွေးငယ်နဲ့ မကင်းမပြတ် ရှိနေမှာပါ"





"ကျေးဇူးတင်ပါတယ် အစ်ကို၊ ထွေးငယ် အစ်ကို့ကိုပဲ
အားကိုးရမှာပါ"

အပြုံးလေးနှင့် ပြောသောစကားက အတော်လေး ညွတ်နူး
ညင်သာ လှိုက်လှဲသည်။ ကျွန်တော် သူ့ကို သနားသွားမိလေသည်။

အလုပ်အကြောင်းတွေ မပြောမီ အလုပ်ကိစ္စတွေ မစမီ
ထွေးငယ် ကြိုတင်ပြောခဲ့သော စကားတချို့ကိုလည်း ပြန်လည်ကြား
ယောင်မိ၏။

* * *

၁

"ထွေးငယ် ဒီစားပွဲမှာထိုင်"

"ဟုတ်ကဲ့"

"ဒါပေမဲ့ တစ်နေကုန် စားပွဲမှာချည်း ထိုင်အလုပ် လုပ်လို့
တော့ မရဘူး"

"ဟုတ်ကဲ့"

"မနက် အလုပ်ဝင်ချိန်ရောက်တာနဲ့ အလုပ်သမား ဘယ်နှစ်
ယောက် ဆင်းတယ်၊ ဘယ်နှစ်ယောက် ပျက်ကွက်တယ်၊ ဒီတော့
အလုပ်သမား အားလုံး ကိုယ့်နေရာ ကိုယ့်အလုပ်မှာ ရှိနေ မနေ
အကုန်စစ်"

"ဟုတ်ကဲ့"

"ပြီးရင် အလုပ်လုပ်နေတဲ့ နေရာတိုင်းကို ကြော



www.burmeseclassic.com

www.burmeseclassic.com



မယောင်မလည် လျှောက်သွားပေး၊ ပြီးရင် အမှတ်တမဲ့လိုလို ဘာလို
လိုနဲ့ သူတို့လုပ်ပြီးသားပစ္စည်းတွေကို ဝင်စစ်"

"ဟုတ်ကဲ့"

"ဟာ"

ကျွန်တော် ထွေးငယ်ပုံစံကိုကြည့်ပြီး စိတ်ဓာတ်ကျသွားသည်။

သူ့ပုံစံက အလုပ်ရုံမှာ မန်နေဂျာသဘောမျိုး အလုပ်ရှင် ကိုယ်စား စောင့်ကြပ်ကြီးမှူးပေးရမည့်သူနှင့် မတူ။

ဘာနှင့် တူနေသလည်းဆိုတော့ အလုပ်ရုံ စက်ရုံတစ်ခုထဲကို လာလေ့လာသည့် အလယ်တန်းကျောင်းသူလေးတစ်ယောက်နှင့် တူ နေသည်။

ကျွန်တော်ပြောသမျှ တစ်ခွန်းမကျန် ဟုတ်ကဲ့ လိုက်ကာ ဗလာစာအုပ်လေး တစ်အုပ်နှင့်လည်း ပြောသမျှ လိုက်မှတ်နေသည်။

ကျွန်တော် စိတ်ပျက်လက်ပျက်နှင့် ဟာခနဲ တစ်ချက် ညည်း လိုက်ရင်း...

"မဟုတ်ဘူးလေ ထွေးငယ်၊ ဒီအရွယ်ကြီး ဘယ်နှယ်ပြော သမျှကို စာအုပ်နဲ့ လိုက်မှတ်နေရတာလဲ၊ လူကြီးပဲ ခေါင်းနဲ့ မှတ်လေ နောက်ပြီး အကုန်လုံး ဟုတ်ကဲ့ချည်းပဲလည်း လိုက်လုပ်မနေနဲ့ဦး မေးစရာရှိရင် ပြန်မေးမှာပေါ့"

"ဟုတ်ကဲ့"

"ဟင်း လုပ်ပြန်ပြီ"

"ဟုတ်... အဲ... ဟာ၊ ထွေးငယ် ဘာပြောရမယ်တော မသိတော့ဘူး၊ မဟုတ်ဘူး အစ်ကို၊ ထွေးငယ် လောလောဆယ်





အစ်ကို့ကို ဘာမေးရမယ်ဆိုတာ မသိသေးဘူး၊ အစ်ကိုပြောသမျှ တစ် ခွန်းမကျန် ထွေးငယ် မှတ်မိချင်နေတယ်။ အဲဒါကြောင့် တမင် လိုက် မှတ်နေတာပါ"

"ဟုတ်ကဲ့ကကော"

"ဟုတ်ကဲ့ဆိုတာက ထွေးငယ်မှတ်လို့ပြီးပြီဆိုတာ အစ်ကို့ ကို လှမ်းပြောတဲ့သဘောပါ"

"စိတ်နဲ့ မှတ်ပါလား ထွေးငယ်"

"တစ်ခုခု မေ့ကျန်ခဲ့မှာစိုးတယ် အစ်ကို"

"မေ့ခါမှ မေ့ပေါ့ကွာ၊ ဒီလိုကြီး လိုက်မှတ်နေတာက လူမြင် လို့ မကောင်းပါဘူး"

"လူမြင်မကောင်းတာက နောက် အစ်ကို၊ အရေးကြီးတာ က အစ်ကိုခိုင်းတဲ့ ကိစ္စတွေမှာ ထွေးငယ်ဘာတစ်ခုမှ မလစ်ဟင်းချင် ဘူး၊ အစ်ကိုခိုင်းထားတာတွေ အမှတ်စဉ်ထိုးပြီး တစ်ခုမကျန် လုပ်ဖြစ် အောင် သတိထားလုပ်ရမှာ၊ အရေးကြီးတာက ထွေးငယ် အလုပ်လုပ် တာကို အစ်ကို စိတ်တိုင်းကျမှ"

"ဘာဖြစ်လို့လဲ"

"အလုပ်မှာ ထွေးငယ်ကိုခန့်ဖို့ ထောက်ခံပေးထားတာ အစ်ကို တစ်ယောက်တည်းရှိတယ်၊ အစ်ကိုကပါ ထွေးငယ် အလုပ်လုပ်တာကို သဘောမကျတော့ဘူးဆိုရင် ထွေးငယ် အလုပ်ထွက်ရဖို့ပဲ ရှိတယ်"

"ကိုယ်တစ်ယောက်တည်းထောက်ခံတယ်လို့ ထွေးငယ်က ဘာလို့ ပြောနိုင်တာလဲ"

"မမသွယ်နဲ့ နွယ်နွယ်က ထွေးငယ်ကိုမှ သဘောမကျဘဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်... ဒီကိစ္စ ထွေးငယ်သိလား"

"သိပါတယ် အစ်ကို၊ မနေ့က ထွေးငယ်ကို အလုပ်ခန့်ဖို့ ကိစ္စပြောတဲ့ စကားဝိုင်းမှာ မမသွယ်နဲ့ နွယ်နွယ့်မျက်နှာက သိသိသာသာကြီးကို သုန်မှုန်နေတာ"

"ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ တစ်ခုတော့ရှိပါတယ် ထွေးငယ်ရာ၊ ဒီအလုပ် လုပ်ခွင့်ရတော့လဲ ထွေးငယ်လဲ ပညာတတ်ပဲ၊ ဒီပြင် အလုပ်တွေ လုပ်စရာအများကြီး ရှိပါသေးတယ်၊ အလုပ် မလုပ်ရမှာ စိုးတာနဲ့ ကိုယ့်ကို ဒီလောက် ကြောက်နေရတာမျိုးတော့ မလုပ်ပါနဲ့"

"မဖြစ်ဘူး အစ်ကို၊ ထွေးငယ်တို့မိသားစု အနေအထားကို ထွေးငယ်ပဲ သိတယ်၊ အခု ထွေးငယ်တို့ ဒီအလုပ်ရလိုက်တာ ဖေဖေတို့ မေမေတို့အတွက် အရမ်း အသက်ရှူချောင်သွားလိမ့်မယ်"

"ထွေးငယ်ဖေဖေက လက်ရှိ အစိုးရအလုပ်နဲ့ပဲ မဟုတ်လား"

"ဖေဖေက ရှေ့လဆိုရင် ပင်စင်ယူရတော့မှာ အစ်ကို၊ ဖေဖေ ပင်စင်ယူတာနဲ့ မိသားစု ရပ်တည်ရေးကိစ္စက အများကြီး ကသိတော့မှာ၊ ဒါကြောင့် ကြီးကြီးတို့ မမသွယ်တို့ နွယ်နွယ်တို့ဆီမှာ အလုပ် လုပ်ရင် မျက်နှာငယ်ရမယ်ဆိုတာ သိရဲ့နဲ့ ထွေးငယ် ဇွတ်မှုဆာပြီး ဒီမှာအလုပ်ဝင်ခဲ့တာပဲ"

"ထွေးငယ်တို့ ဆွေမျိုးတွေကြားမှာ ပြဿနာရှိခဲ့ဖူးတယ် ထင်တယ်"

"ရှိတာပေါ့ အစ်ကို၊ အများကြီးရှိခဲ့တာပေါ့၊ ထားပါတော့လေ၊ ဒါတွေ အရေးမကြီးပါဘူး၊ အရေးကြီးတာ ထွေးငယ်တို့မိသား





စု အနေအထားက ရှေ့လဆို ဒီအလုပ်အပေါ်မှာ မှီခိုရတော့မယ်၊ အဲဒီအတွက် အစ်ကို ထွေးငယ်ကို စိတ်တိုင်းမကျမချင်း ပြုပြင်ယူပါ၊ အလုပ်တော့ မထုတ်ပစ်ပါနဲ့"

"ဟာ ထွေးငယ်ကလဲ"

"တကယ်ပြောတာပါ အစ်ကို၊ ထွေးငယ် တောင်းပန်နေတာပါ"

ထွေးငယ်မျက်နှာမှာ တောင်းပန်တိုးလျှိုးမည့် အမူအရာတွေ ပါနေ၏။

ကျွန်တော် စိတ်မကောင်း။

❐



www.burmeseclassic.com

www.burmeseclassic.com



။ ၈ ။

"အလို"

မြင်ရသော မြင်ကွင်းအပေါ်မှာ ကျွန်တော် မအံ့သြဘဲ ဘယ်လိုမှ မနေနိုင်တော့။

အရာအားလုံးက ကျွန်တော့်ကို လန့်ဖျပ်သွားစေသည်။

ဘယ်လိုတွေဖြစ်ကုန်ကြတာတုန်း။

ကျွန်တော်တို့ အလှကုန်လုပ်ငန်း အလုပ်ရုံကလေးက နိုင်ငံတော်ပိုင် စက်ရုံ အလုပ်ရုံကြီးများလို လှလှပပ ခမ်းခမ်းနားနား ထည်ထည်ဝါဝါကြီးမဟုတ်။

ပုဂ္ဂလိက မိသားစုလုပ်ငန်းပီပီ နေရာထိုင်ခင်း ခပ်ကျဉ်းကျဉ်းထဲမှာ ဖြစ်သလိုနှင့် အလုပ်လုပ်နေရလို့ ရရုံတည်ထားရသည့် အရှုပ်မျိုး။





သို့အတွက် နှစ်ဆယ့်လေးပေ ပေငါးဆယ်လောက်သာ ရှိ...ာ ဂိုဒေါင်လို အဆောက်အအုံထဲမှာ ပစ္စည်းတွေကော၊ လူတွေကော၊ ...ထ်တွေကော၊ ကျပ်ညပ်နေသည်။ ရှုပ်ပွပွေလီနေသည်။

မလုပ်မဖြစ် လုပ်ရသော သန့်ရှင်းရေးမှအပ ကျန်သည့်...လှအပ အသန့်အပြန့်ကိစ္စများကို အာရုံပင် မပြုနိုင်။ လှည့်လည်း...ညည့်ဖြစ်။ လိုအပ်တာတွေလည်း သည်လိုပဲ မမြင်ချင်ယောင်ဆောင် ...ရသည်။

သည်အစဉ်အလာက ကျွန်တော့် လက်ထက်ကျမှ ဖြစ်ရ...ည်မဟုတ်။ ကျွန်တော့် မတိုင်ခင် ရှေးလက်ထက်တွေက သည့်...က်ပင် ပိုဆိုးသည်ဟု သိရသည်။

ခုကျတော့ အလုပ်ရုံတစ်ခုလုံး လုံးဝ ပြောင်းလဲနေ၏။

စုစုပေါင်းမှ သည်ဘက်ကို ကျွန်တော် မရောက်သည်မှာ ...ရက်ပဲရှိသည်။ ပြင်ပကိစ္စများမှာ အလုပ်များနေသဖြင့် အရောင်း...င်ကော အလုပ်ရုံပါ ကျွန်တော် မရောက်သလောက်ပင်။

ထိုအချိန်မှာ တွေးငယ်၏ အလုပ်ခွင် သက်တမ်းကလည်း ...လတောင် မပြည့်သေး။ လုပ်ငန်းကင်ခန်းများကို ဆိုးဆိုးရွားရွား...ားမရှိဘဲ နည်းနည်း မျက်နှာကိုလွှဲလို့ရသည့် အနေအထားမှာပင် ...သေးသည်။

အသေးအမွှား အမှားတွေတော့ ရှိမှာမုချ။

သို့သော် ဒါတွေကလည်း ကျွန်တော် မမြင်ချင်ယောင် မ...ယောင် ဆောင်ရမည့်ကိစ္စတွေသာ ဖြစ်သည်။ သိပ် အမှ[illegible]ကြီး...သာ လုပ်ပေးရမည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ တခြား အများအယွင်း ဘာရှိသည်မသိသော်လည်း အလုပ်ရုံ၏ ရှုခင်းမြင်ကွင်းတွေကတော့ များစွာ ပြောင်းလဲနေပြီ။

ထွေးငယ် ဘယ်လိုကနေ ဘယ်လို စည်းရုံးလှုပ်ရှား ဆောင်ရွက်လိုက်သည် မသိ။

တစ်သက်လုံးက လုပ်မရသည့် သန့်ရှင်းသပ်ရပ်ခြင်းများ ရုံအတွင်းမှာ သိသိသာသာ ပေါ်လာသည်။

ရွှေ့မရသည့် အထိုင်ချပြီးသား စက်ကိရိယာများမှ အပ ကျန် ရွှေ့ပြောင်းနိုင်သည့် အရာအားလုံးကို သူ့နေရာနှင့် သူ သန့်ရှင်းသေသပ်စွာ နေရာချထားသည်။

ထွေးငယ်ကိုကြည့်လိုက်တော့ မရွှေထွေးငယ်က သန့်ရှင်းရေးဝတ်စုံ ဝတ်ပြီး တံမြက်စည်းရှည်တစ်ချောင်း၊ ရေပုံးတစ်လုံး၊ ထို့နောက် ထိပ်တွင် အဝတ်ရေစိုတပ်ထားသော တုတ်တံရှည်တစ်ချောင်းနှင့်။

ကျွန်ုပ်တို့၏ အလုပ်ရုံမန်နေဂျာကြီး မည်ကဲ့သို့ဖြစ်နေသည် မသိ။

"ဘယ်လိုဖြစ်တာလဲ ထွေးငယ်"

ထွေးငယ်က ရယ်ပြီး...

"ကျန်တာတွေက ထွေးငယ်မလုပ်တတ်သေးဘူး အစ်ကို၊ အားလုံးကို ယောင်ဝါးဝါးနဲ့ စမ်းတဝါးဝါး၊ ဖြစ်နေသေးတယ်၊ အဲဒါကြောင့် ထွေးငယ် အလုပ်တတ်ဆုံးနဲ့ အကျွမ်းကျင်ဆုံးအလုပ်ကို တမင်စလုပ်နေတာ"

"ဖြစ်မှ ဖြစ်ရလေ ထွေးငယ်ရယ်၊ အဲလိုလုပ်ချင်ရင်လဲ အလုပ်ရုံကို တစ်ရက်ပိတ်ပြီး ကျန်တဲ့ အလုပ်သမားတွေနဲ့ လုပ်ပါလား"

"မဖြစ်သေးဘူး အစ်ကို၊ အဲဒီအခါကျတော့လဲ ကုန်ထုတ်လုပ်မှု ကျဆင်းလို့ ပြဿနာတက်နေဦးမယ်၊ ခုတော့ အဆင်ပြေသွားပါပြီ၊ အားလုံးလဲပြီးပြီ၊ ဘယ်လိုနေလဲ ကျေနပ်ရဲ့လား"

"ကျေနပ်ပါတယ်၊ ဒီလိုလုပ်ဖို့ လွယ်တာမှမဟုတ်ဘဲ"

"အဲဒါဆို မဆိုးပါဘူး အစ်ကို၊ ထွေးငယ်ကို အလုပ်အကိုင်ရှာဖွေပေးတဲ့အတွက် အစ်ကိုလည်း ဒီပြင်လူတွေဆီမှာ မျက်နှာမငယ်ရတော့ဘူးပေါ့"

ထွေးငယ်၏ ပူပန်မှုအတွက် ကျွန်တော် သနားပြီး စိတ်မကောင်းပင် ဖြစ်သွားသည်။

ထိုအချိန်မှာပင် ထွေးငယ်၏ စိတ်ဓာတ်ကို ကျွန်တော် အမှတ်ထင်ထင် ဖြစ်သွားမိကြောင်း ဝန်ခံနိုင်ပါ၏။

* * *

"ဟင်... ထွေးငယ် မပြန်ရသေးဘူးလား"

အမှန်က ထိုနေ့က ကျွန်တော်ကိုယ်တိုင် အိမ်ပြန် အရမ်းနောက်ကျနေခြင်း ဖြစ်သည်။

နယ်စာရင်းတွေထဲမှာ အပေါင်းအနှုတ်မှားပြီး ငွေနှစ်ထောင်လောက် ပျောက်နေသဖြင့် တစ်ညနေလုံး ကျွန်တော် ခေါင်းတွေမူးနောက်အောင် အလုပ်များနေခဲ့သည်။







www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စာရင်းဇယားများ မပြီးဆုံးနိုင်မှုကြောင့် သွယ်သွယ်တို့ နှယ်နှယ်တို့ပင် ကျွန်တော့်ကို မစောင့်တော့ဘဲ ပြန်နှင့်သွားကြသည်။

သွယ်သွယ်တို့ကို ကားတစ်စင်းနှင့် ဒရိုင်ဘာ ထည့်ပေးလိုက်ပြီး ကျွန်တော်တစ်ယောက်တည်း ပစ်ကပ်အဖြူလေး မောင်းပြီး ပြန်လာခဲ့သည်။

ပထမတော့ အိမ်ကို ဒါရိုက်ပြန်မည် စဉ်းစားသော်လည်း နောက်နေ့ ကုန်ပို့စရောက်စွတစ်ခုအတွက် အလုပ်ရုံမှ ပစ္စည်းလက်ကျန် အခြေအနေ ဝင်ကြည့်ရန် ခရီးစဉ်ကို ပြောင်းလဲလိုက်သည်။

ဤတွင် ထွေးငယ်ကိုဘတ်စ်ကားဂိတ်၌ သွားတွေ့ခြင်းဖြစ်သည်။

ကျွန်တော်က ကားလေးကို မှတ်တိုင်အလွန်တွင်ရပ်ပြီး ထွေးငယ်ဆီ လျှောက်သွား၍ မေးသည်။ ထွေးငယ်က ခေါင်းခါ၍ မဲ့ရင်း…

"မပြန်ရသေးဘူး အစ်ကို၊ ကားတွေက ကျပ်သိပ်ပြီး တက်မရလို့ ထွေးငယ်မှတ်တိုင်မှာ ရပ်စောင့်နေတာ နာရီဝက်ကျော်သွားပြီ"

"ထွေးငယ်က ဘယ်ပြန်ရမှာလဲ"

"မြောက်ဥက္ကလာကို"

"ဟင်း အဝေးကြီးပါလား"

ကျွန်တော် အံ့အားသင့်သွားသည်။ ကျွန်တော့်စိတ်ထဲမှာ ထွေးငယ်အလုပ်ဆင်း အလုပ်တက်လုပ်နေရသည်မှာ သည်လောက် ဝေးမှန်း မသိ။

တစ်ခါမှလည်း စကားစပ်ပြီး ဘယ်မှာနေလဲ မမေးဖူးသောကြောင့် ထွေးငယ် မြောက်ဥက္ကလာမှာနေမှန်းလည်း မသိ။





ထွေးငယ်က ပြုံးပြီး…

"ကား ရှောရှောရှူရှူရတဲ့နေ့ဆိုရင်တော့ သိပ် အခက်အခဲ မရှိပါဘူး အစ်ကို၊ ကားကျပ်ရင်သာ နည်းနည်း စိတ်ညစ်ရတာပါ၊ ဒီနေ့လဲ ထွေးငယ် အလုပ်ရုံကပြန်တာ နည်းနည်း နောက်ကျသွားလို့ပါ"

ကျွန်တော်က နာရီကို ငုံ့ကြည့်လိုက်သည်။

ညနေ ငါးနာရီကျော်နေပြီ။

မြို့ထဲကနေ မြောက်ဥက္ကလာ အနည်းဆုံး တစ်နာရီတော့ ကားစီးရမည်။

ဟာ… မိန်းကလေးတစ်ယောက်တည်း ပြန်မည့်အချိန်ကြီးက သိပ်နောက်ကျလွန်းနေသည်။

"ဒီလိုလုပ်ပါလား ထွေးငယ်၊ ပြန်ချိန်က သိပ်နောက်ကျနေပြီ ကိုယ့်ကားနဲ့ လိုက်ခဲ့ပါလား၊ ထွေးငယ်ကို ကိုယ် လိုက်ပို့ပေးလိုက်မယ်၊ နောက်နေ့တွေကျတော့ နည်းနည်းစောစောပြန်ပေါ့"

ထွေးငယ်ရယ်၍…

"ရပါတယ် အစ်ကို၊ အစ်ကို အိမ်ပြန်နောက်ကျနေပါ့မယ်၊ ထွေးငယ်အတွက် ဒုက္ခမရှာပါနဲ့၊ ဒီလမ်းနဲ့ ဒီခရီးက ထွေးငယ်ပြန်နေကျပါ"

"မဟုတ်သေးဘူး ထွေးငယ်၊ လာပါ ကားပေါ်တက်ပါ၊ ကိုယ်လိုက်ပို့ပါ့မယ်၊ ထွေးငယ် နေ့တိုင်း အဲလောက် အဝေးကြီးပြန်နေရတာ ကိုယ် တကယ်မသိဘူး"

"ဘာလဲ အစ်ကိုက ထွေးငယ်ပြန်ရတာ ဝေးလို့ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ပေးမိတာ မှားပြီ ထင်သွားလား၊ မလုပ်ပါနဲ့ အစ်ကိုရယ် ပြန်ရတာ ပေးတာက အကြောင်းမဟုတ်ပါဘူး''

''မဆိုင်ပါဘူး ထွေးငယ်၊ အဲဒီအဓိပ္ပာယ်နဲ့ ကိုယ်ပြောတာ မဟုတ်ဘူး၊ ကဲပါ အပိုတွေ ဘာမှမပြောနဲ့ ကားပေါ်တက်၊ ထွေးငယ် ကိုယ့်ဘာသာမတက်ရင် ကိုယ် အတင်းဆွဲခေါ်ပြီး ကားပေါ်တင်သင့် တင်ရလိမ့်မယ်၊ ကဲ…ဘယ်လိုလဲ''

ထွေးငယ်က သက်ပြင်းချရင်း…

''အဲလောက်တော့ မလိုပါဘူး အစ်ကိုရယ်၊ ဒီခရီး ဒီလမ်း ကို ကိုယ်ပိုင်ကားလေးနဲ့ သွားရတာ သိပ်ပြင်းစရာကောင်းတဲ့ ကိစ္စမျိုးမှ မဟုတ်တာ၊ ထွေးငယ်က အစ်ကို့ကို အားနာလို့ပါ၊ အစ်ကို တကယ်ပို့ပေးချင်တယ်ဆိုရင်တော့ ထွေးငယ် ကိုယ့်ဘာသာပဲ တက်ပါ့ မယ်''

ပြောပြောဆိုဆိုနှင့် ကားဘက်လျှောက်လာသည်။

ကျွန်တော်က ကားထဲအရင်ဝင်ထိုင်၍ တစ်ဘက်တံခါးကို အတွင်းမှ ဖွင့်ပေးလိုက်သည်။

ထွေးငယ် ဝင်ထိုင်သည်။

ကားလေးမောင်းထွက်ပြီးမှ ကျွန်တော်က သတိရ၍…

''ဪ… ထွေးငယ် အလုပ်ရုံမှာ သနပ်ခါးမိတ်ကပ် လက်ကျန် ဘယ်လောက်ရှိသေးလဲ''

ထွေးငယ်က ချက်ချင်း မဖြေသေးဘဲ သူ့ပလတ်စတစ်ခြင်း လေးထဲမှ မှတ်စုစာအုပ်လေး ထုတ်ယူသည်။ ပြီးမှ စာမျက်နှာတစ်ခု ကို လှန်လိုက်ပြီး…





''တစ်ရာ့ရှစ်ဆယ့်ငါးဒါဇင်နဲ့ ဘူးလွတ် ခြောက်ဘူးရှိတယ် အစ်ကို၊ ဘာဖြစ်လို့လဲ''

''မဟုတ်ပါဘူး၊ မနက်ဖြန် ပုသိမ်ကို ဒါဇင်တစ်ရာလောက် ပို့ရမှာမို့ လက်ကျန် ရှိ မရှိ သိချင်လို့''

''ရှိပါတယ် အစ်ကို ဒါပေမဲ့ ပက်ကင်စက္ကူ သေတ္တာတွေ တော့ နည်းနေပြီ၊ အဲဒါလေး မြန်မြန်ပို့ပေးလို့ရမလား''

''ကိုယ်မှာထားပြီးသားပါ၊ မနက်ဖြန်ကျရင် ပို့ပေးခိုင်းလိုက် မယ်၊ ဒီပြင်ဟာကော ဘာလိုသေးလဲ''

''စနိုးပုလင်း ပလတ်စတစ်အဖုံးတွေလဲ လိုချင်သေးတယ်၊ ပုလင်းကတော့ ရှိပါတယ်၊ အဖုံးပဲ မရှိတာ''

''ဟုတ်ပြီ ထွေးငယ် ကိုယ် အဖုံးသမားတွေကို ထပ်လော ဆော်လိုက်ပါ့မယ်၊ သူတို့ဘက်ကလည်း မီးခဏ ခဏ ပျက်နေလို့တဲ့၊ အရက်ကို လိုတာရှိရင် ကိုယ့်ဆီဖုန်းဆက်ပြီး မှာထားလေ''

''ဟုတ်ကဲ့ အစ်ကို''

အလုပ်ကိစ္စက အလုပ်ရုံမဝင်ရဘဲ ပြီးသွားသဖြင့် အဆင်ပြေ သွားသည်။

အလုပ်ကိစ္စအပြီးမှာ ကျွန်တော်တို့နှစ်ယောက်လည်း ဘာ စကားမှ ထပ်မပြောဖြစ်ဘဲ အတန်ကြာ ငြိမ်သက်သွားသည်။

ဤအချက်သည်ပင် ထွေးငယ်နှင့် ကျွန်တော့်ကြား အလုပ်ကိစ္စ မှအစ ဖြစ်သော အခြားကိစ္စများ ဝင်လာစရာ အကြောင်းဖြစ်သွားသည် ပင်၏။

❐



www.burmeseclassic.com

www.burmeseclassic.com



* ၉ *

"ထွေးငယ်တို့မှာ မောင်နှမ ဘယ်နှစ်ယောက်ရှိလဲ"

"သုံးယောက်ပါ အစ်ကို"

"ထွေးငယ်က..."

"အငယ်ဆုံးပါ"

"အကြီးဆုံးတွေက..."

"သူတို့က အိမ်ထောင်သည် အိမ်ထောင်ကွဲတွေပါ၊ အစ်[illegible] အကြီးဆုံးက မန္တလေးမှာနေပါတယ်၊ မမကတော့ ပဲခူးမှာ"

"ဒါဖြင့် အိမ်မှာ ထွေးငယ်တို့ သားအမိသားအဖ သုံးယော[illegible] တည်းပေါ့"

"ဟုတ်ပါတယ် အစ်ကို"

"ထွေးငယ်တို့ ဖေဖေကကော ပင်စင်ယူလိုက်ပြီလား"





"ယူလိုက်ပြီ အစ်ကို"

"ဒီလိုဆို အခု ထွေးငယ်တို့ မိသားစုဝင်တွေက ထွေးငယ် ဖေဖေ ပင်စင်နဲ့ ထွေးငယ်လစာပဲလား၊ အစ်ကိုနဲ့ အစ်မကကော ထောက်ပံ့ကြသေးလား"

"ဟင့်အင်း၊ ဖေဖေ့ ပင်စင်နဲ့ ထွေးငယ် လခပါပဲ၊ အစ်ကို ကြီးကော မမကော သူတို့မိသားစုနဲ့ သူတို့ ဝင်ငွေပြေလည်အောင် သုံးနေရတယ် ထင်ပါတယ်၊ အဝေးလဲ အဝေးမှာနေတာဆိုတော့ အကြောင်းကြီးကြီးမားမား မရှိရင် အိမ်ကိုတောင် မရောက်ကြပါဘူး"

"အခု ဒီဝင်ငွေနှစ်ခုနဲ့ကော ထွေးငယ်တို့မိသားစု အဆင်ပြေ ရဲ့လား"

"ပြေမယ်ထင်ပါတယ် အစ်ကို၊ ခုချိန်ထိတော့ ဖေဖေလည်း ပင်စင်ယူပြီးစ ဂရယ်ဂျူဒီတွေ ဘာတို့ကလည်း ရထားတော့ ငွေလေး ကြေးလေး လက်ထဲရှိနေသေးတယ်၊ ရေရှည်မှာ ဘယ်လိုရှိမယ်ဆို တာလည်း မခန့်မှန်းနိုင်သေးဘူး"

"အကယ်၍ ဒီဝင်ငွေ နှစ်ခုတည်းနဲ့ မိသားစု စားဝတ်နေ ရေး မပြေလည်ဘူးဆိုရင်ကော၊ ဘယ်လိုလုပ်ကြမလဲ၊ ဟို... ကိုယ် က စိတ်ဝင်စားလို့ မေးကြည့်တာနော်၊ ထွေးငယ်တို့အိမ်တွင်းရေးတွေ စပ်စုနေတာ မဟုတ်ဘူး"

"ရပါတယ် အစ်ကို၊ အဲဒီကိစ္စဟာ ထွေးငယ်လဲ စိတ်ပူ နေတဲ့ ကိစ္စပါပဲ၊ ခုတိုင်းက အစ်ကိုပြောသလို ဒီဝင်ငွေနှစ်ခုတည်းနဲ့ မိသားစု စားဝတ်နေရေး မပြေလည်နိုင်တဲ့ကိစ္စဟာ ကြုံကိုကြုံရတော့ မှာ သေချာနေသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ ထွေးငယ် ဘာလုပ်မယ် စဉ်းစားလဲ"

"ထွေးငယ် အမှန်အတိုင်း ပြောရမလား အစ်ကို"

"ပြောရမှာပေါ့ ထွေးငယ်၊ ကိုယ်လည်း အမှန်အတိုင်း သိချင်လို့ မေးနေတာပဲ"

"အင်း အမှန်အတိုင်း ပြောရရင်တော့ ဒီအလုပ်ဟာ ထွေးငယ်ရဲ့ ဘဝ ရည်မှန်းချက်အလုပ် မဟုတ်ဘူးအစ်ကို၊ ခုချိန်မှာ ထွေးငယ် အလုပ်တစ်ခုခု မရှိရင် မဖြစ်တော့လို့သာ မဖြစ်မနေ ဝင်လုပ်ရတာ၊ ဘဝမှာ ထွေးငယ်ရည်မှန်းထားလေးတစ်ခု သတ်သတ်ရှိတယ်၊ အဲဒါလေး ဖြစ်မြောက်အောင်တော့ တစ်ဖက်က ကြိုးပမ်းချင်သေးတယ်၊ အဲဒီရည်မှန်းချက်လေး အောင်မြင်သွားမှပဲ ထွေးငယ်တို့ ဘဝလေးလည်း စိတ်တိုင်းကျ အဆင်ပြေသွားမယ်လို့ ထွေးငယ် ထင်တယ်"

"အဲဒီ ရည်မှန်းချက်ဆိုတာက ဘာလဲ ထွေးငယ်၊ ကိုယ် သိခွင့်ရှိမလား"

"ဟင့်အင်း ဒီလိုကြီး ဖွင့်ပြောရမှာကတော့ ရှက်စရာပဲ၊ မသိချင်ပါနဲ့ အစ်ကိုရာ၊ ထွေးငယ် ဝါသနာနဲ့ ဆက်စပ်နေတဲ့အလုပ်ပါ၊ ဒါမျိုးက ကြိုးစားတိုင်းလည်း ဖြစ်တာမဟုတ်ပါဘူး၊ ငယ်ငယ်ကတည်းက စိတ်ကူးနဲ့ ရှူးခဲ့တဲ့ အိပ်မက်မို့လို့သာ ဖြစ်မလား ဖြစ်မလား မျှော်လင့်နေရတာပါ၊ ဘယ်ကစပြီး ဘာလုပ်ရမှန်းတောင် သိတာမဟုတ်ပါဘူး"

ထွေးငယ်ကရယ်၍ ပြောသည်။

ထွေးငယ်၏ ရှက်စနိုးဟန် အမူအရာကြည့်ပြီး ကျွန်တော်က တစ်စုံတစ်ခုကို တွေးမိသဖြင့်…





"ဘာလဲ ထွေးငယ်က ရုပ်ရှင်မင်းသမီး ဖြစ်ချင်နေလို့လား"

ထွေးငယ်က ရှက်သည့်ပုံစံဖြင့် ခိုးခိုးခစ်ခစ် ရယ်သည်။ ပြီးမှ…

"အင်း… အစ်ကို့စိတ်မှန်းက ဆိုးတော့ မဆိုးပါဘူး၊ ဒါပေမဲ့ ဒီလောက်တော့ ထွေးငယ် အဆင့်မမြင့်ပါဘူး၊ သတ္တိလဲ မရှိပါဘူး၊ အဲဒါမျိုး အနုပညာအလုပ်ပဲ"

"အငြိမ့်မင်းသမီးတော့ မဟုတ်ပါဘူးနော်"

"ဟာ… မဟုတ်ပါဘူး အစ်ကိုကလဲ"

"ဒါဖြင့် အဆိုတော်လား"

"အင်း…"

ထွေးငယ်က မျက်နှာလေးနီနီဖြင့် ပြုံးရင်း ခေါင်းညိတ်သည်။

ကျွန်တော် အံ့သြသွား၏။

ကျွန်တော် အံ့သြသွားရခြင်း အကြောင်းက နှစ်ခုရှိသည်။

တစ်ခုက အဆိုတော် ဖြစ်ချင်သည်ဆိုသော ထွေးငယ်၏ ရည်မှန်းချက်ကိုစွ။

ထွေးငယ်သည် သည်လိုမျိုး ရည်မှန်းချက်ရှိသော မိန်းမလေး ဖြစ်လိမ့်မည်ဟု လုံးဝ မထင်မိ။ ကောင်းတာ ဆိုးတာကို ပြောတာ မဟုတ်။ ကျွန်တော့်စိတ်ထဲမှာ ထွေးငယ်ကို အနုပညာအလုပ်တွေနှင့် ဘယ်လိုမှ တွဲမမြင်မိခြင်း ဖြစ်သည်။

စိတ်ထဲမှာ မိဘနှစ်ပါးနှင့် သူ့ စားဝတ်နေရေးအတွက် ငွေရှာနိုင်ရန် အလုပ်ကို ကြိုးကြိုးစားစား လုပ်နေသော ဓာတုဗေဒဘွဲ့ရ မိန်းကလေးတစ်ဦးဟုသာ သာမန်မြင် မြင်နေမိသည်။

www.burmeseclassic.com



နောက်တစ်ခုက ထွေးငယ်သည် ရှက်တတ်၊ နောက်တတ်သော ကလေးငယ်ဆန်ဆန် မိန်းကလေး ဖြစ်နေသည်ဆိုသော ကိစ္စ။

ကျွန်တော့်စိတ်ထဲမှာ မူလက ထွေးငယ်ကို မြင်နေမိသော ပုံစံမှ ခုကလေးဆန်သော ပုံစံထက် အများကြီး ကြီးနေသည်။ ပြီးတော့ ရင့်ကျက်နေသည်။

ခုတော့ ထွေးငယ်သည် ကျွန်တော် အံ့သြရလောက်အောင် ရှက်စနိုး အမူအရာလေးတွေနှင့် ငယ်ရွယ်ဖျတ်လတ်နေသည်။ ပြီးတော့ သူ့ရည်မှန်းချက်က အဆိုတော်တဲ့။

ကျွန်တော် လုံးဝ ထင်မထားသည့်အဖြစ်များပင်။

ကျွန်တော် အမှန်တကယ်ပင် အံ့သြနေမိ၏။

□



# အပိုင်း သုံး

## အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



။ ၁ ။

"ထွေးငယ် သီချင်းတွေ ဘာတွေ ဆိုခဲ့ဖူးလို့လား"

"အင်း..."

"ဘယ်မှာဆိုဖူးတာလဲ ထွေးငယ်၊ ရေဒီယိုမှာလား၊ တီဗွီမှာလား၊ စတိတ်ရှိုးတွေမှာလား"

"ဟင့်အင်း အဲဒီတွေမှာတော့ တစ်ခါမှ မဆိုဖူးပါဘူး ကျောင်းတုန်းက ကျောင်းကပွဲတွေ ဘာတွေနဲ့ အိမ်မှာပဲ ဆိုဖူးတာ အစ်ကိုပြောတဲ့ နေရာတွေမှာဆိုဖို့ ကြိုးစားတော့ ဖေဖေကော၊ မေမေ ကကော ကျောင်းပြီးအောင် အရင်လုပ် ဘွဲ့ရရင် ကြိုက်ရာ လုပ်ခွင့်ပေး မယ်၊ ခုတော့ မလုပ်ရသေးဘူးဆိုလို့ ငြိမ်နေခဲ့တာ"

"အခု ဘွဲ့ရပြီးတော့ကော ထွေးငယ်က အဲဒီကိစ္စကို ဘယ်ကနေ ဘယ်လိုစလုပ်မယ်လို့ စဉ်းစားထားလဲ"





ထွေးငယ်က ရယ်သည်။

"ခုကျတော့ ဘယ်ကနေ ဘာစလုပ်ရမယ်ဆိုတာ ဘယ်လိုမှ စဉ်းစားလို့ မရတော့ဘူး အစ်ကို၊ ထွေးငယ်မှာ ဘာ အားကိုး ဘာ အဆက်အသွယ်မှလည်း မရှိဘူး၊ အဲဒီလောကထဲမှာ ယုံကြည်စိတ်ချ ရတဲ့ မိတ်ဆွေအပေါင်းအသင်းလဲ တစ်ယောက်မှ မရှိဘူး"

"ဒါဖြင့် ထွေးငယ်ရည်မှန်းချက်က တော်တော် နီးစပ်နေတာ ပေါ့"

"အင်း... အတော်လေး နီးစပ်တယ်လို့ ပြောရမှာပေါ့ အစ်ကို၊ မျှော်လင့်ချက် လုံးဝမရှိသလောက် ဖြစ်နေတဲ့ လူနာလို ဖြစ်နေတာ မဟုတ်လား၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ ထွေးငယ်"

"ဒါပေမဲ့ တစ်နေ့နေ့မှာ ဖြစ်ကို ဖြစ်ရမယ်ဆိုတဲ့ ရည်မှန်း ချက်ကိုတော့ ထွေးငယ် မလျှော့သေးဘူး၊ လူဆိုတာ ရည်မှန်းချက်၊ မျှော်လင့်ချက်နဲ့ အသက်ရှင်တာတဲ့၊ ထွေးငယ်ဆက်နေရမယ့်ဘဝမှာ အဓိပ္ပာယ်ရှိဖို့ ဒီမျှော်လင့်ချက်လေးတွေကိုတော့ မစွန့်လွှတ်နိုင်သေး ဘူး"

သုံးရက်။

ဤစကားများသည် လွန်ခဲ့သော သုံးရက်။ ထွေးငယ်ကို သူ့အိမ်ရှိရာ မြောက်ဥက္ကလာသို့ ကားနှင့် ပြန်ပို့ပေးရင်း ထွေးငယ်နှင့် ပြောခဲ့သော စကားများဖြစ်သည်။

သုံးရက်တိတိ ကြာမြင့်ပြီဖြစ်သည့်တိုင် ထိုစကားများက ကျွန်တော့် နားထဲမှ မထွက်သေး။



www.burmeseclassic.com

www.burmeseclassic.com



နှစ်သယ်လေးနာရီလုံးလုံး စက္ကန့်မလပ် အချိန်အပြည့်၊ သတိရနေခြင်း မဟုတ်သည့်တိုင် အလုပ်ကလေး အနည်းငယ် ပါး၍ ခေါင်းထဲ နည်းနည်း ရှင်းသွားပြီဆိုသည်နှင့် ထိုစကားသံများ ခေါင်းထဲရောက်လာသည်။

ကျွန်တော့်အတွက်လည်း အတော် စဉ်းစားစရာကောင်းသည့် ကိစ္စတစ်ခုလို ဖြစ်နေ၏။

ကျွန်တော် စဉ်းစားသည်က တခြားမဟုတ်။

ထွေးငယ်။

သူဖြစ်ချင်နေသည့် ရည်မှန်းချက်၊ သူပြည့်စုံချင်သည့် မျှော်လင့်ချက်ကို ဘယ်လိုဖြစ်အောင် ရအောင်လုပ်မည်နည်း ဆိုသည့် အကြောင်းပင် ဖြစ်၏။

ကျွန်တော် စိတ်ဝင်စားသည်။

ဘဝမှာ အစစ ရုန်းကန်နေရသည့် မိန်းကလေး။

သူတစ်ယောက်တည်းအတွက်သာမက မိဘနှစ်ပါးအတွက်ပါ လုပ်ကိုင်ကျွေးမွေး ပြုစုနိုင်ရန် ရှိသမျှ ခွန်အား၊ ဉာဏ်အားဖြင့် ကျားကုတ်ကျားခဲ ကြိုးစားနေရသည့် မိန်းကလေး။

တခြားဟာတွေ ရှည်ရှည်ဝေးဝေး မစဉ်းစားသေးဘူးလား။ သူ တစ်နေ့ တစ်နေ့ အလုပ်ဆင်းနေရသည့် ခရီး၏ အခက်အခဲ ပင်ပန်းမှုကို ကျွန်တော်ကိုယ်တိုင်လိုက်ပို့၍ မျက်မြင်သိခဲ့ရသည်။

အလုပ်ရုံနှင့် သူ့အိမ် ခရီးအကွာအဝေးသည် နည်းနည်းနောနောမဟုတ်။ သူ့လို ဘတ်စ်ကားစီး လိုင်းကားနှင့် မဟုတ်ဘဲ ကိုယ်ပိုင်ကားလေးနှင့် မောင်းပို့သည့် ကျွန်တော်ပင်သည် ခရီး၏





အတော်ဝေးကွာရှည်လျားမှုကို နည်းနည်း ညည်းညူမိသည်။

ဒါတောင် ကျွန်တော်က ခရီးကြုံ တစ်ခေါက်တည်း။

သူက နေ့စဉ်ထာဝရ။ မနက်တစ်ခါ အလာ။ ညနေ တစ်ခါ အပြန် နေ့တိုင်းကြုံနေရသည်။

ပြီးတော့ ထိုနေ့က ကျွန်တော် သူ့အိမ်အထိ ရောက်ခဲ့သေးသည်။

ထိုအခါမှာသည် သူ့ဒုက္ခကို ကျွန်တော် ပိုနားလည်ခဲ့ရပြန်သေးသည်။

* * *

"ရပြီ အစ်ကို ဒီမှာပဲရပ်တော့"

"ထွေးငယ်တို့အိမ် ရောက်ပြီလား"

"ရောက်တော့ မရောက်သေးဘူး အစ်ကို၊ ဒါပေမဲ့ အိမ်အထိရောက်မယ့်လမ်းက ကားဝင်လို့ မကောင်းတော့ဘူး၊ လမ်းအရမ်းဆိုးတယ်၊ အစ်ကို အိမ်အထိ လိုက်ချင် လိုက်ခဲ့ပါ၊ ကားကိုတော့ ဒီမှာပဲ ရပ်ထားခဲ့ပေါ့"

"ကိုယ့်ကို အိမ်မလိုက်စေချင်လို့ ဒီမှာပဲ ရပ်ခိုင်းတာ မဟုတ်ဘူးပေါ့"

ထွေးငယ်က ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို အဲလိုထင်မှာစိုးလို့ ထွေးငယ်က တမင် ကြံပြီး အစ်ကို့ကို အိမ်လိုက်ခဲ့ဖို့ ခေါ်တာပါ၊ မဟုတ်ပါဘူး အစ်ကို၊ ရောက်တုန်း အိမ်အထိတော့ လိုက်ခဲ့ပါ"

ကျွန်တော်ကလည်း ရယ်ရင်း ကားပေါ်မှ ဆင်းလိုက်လေသည်။

ထို့နောက် ကားတံခါးများ ဂျက်ချပိတ်၍ ထွေးငယ်နှင့်အတူ လမ်းလျှောက်လိုက်လာခဲ့သည်။

ထွေးငယ်တို့ အိမ်က ကားလမ်းမကြီးပေးမှ ခွဲထွက်ဆင်းသွားသော လမ်းသွယ်ကျယ်ကြီးတစ်ခုပေါ်မှာ....။

သို့သော် ထိုလမ်းက ကျယ်သည်မှအပ ထိုလမ်းထဲသို့ ကား ဆင်း၀င်ဖို့မှ ခက်သည်။ လမ်းထိပ်အဆင်းက ချောင်းကမ်းပါး အသေးစားလေး တစ်ခုလို ဖြစ်နေ၏။

ပြီးတော့ လမ်းတစ်လျှောက်လုံး ကမူများ ချိုင့်များ ပြည့်နှက်နေသည်။ သူပြောသလိုပင် ဘယ်လိုမှ ကားမောင်း၀င်၍ မရ။

"ထွေးငယ်တို့အိမ် ရောက်ပြီ အစ်ကို၊ အောက်ထပ်မှာ ထွေးငယ်တို့ နေတယ်၊ အပေါ်ထပ်ကတော့ အိမ်ရှင်တွေ"

အိမ်ကတော့ သိပ်အဆိုးကြီးမဟုတ်။ အတန်အသင့် ကျယ်၀န်းသော ပျဉ်ထောင်နှစ်ထပ်အိမ် ဖြစ်သည်။

ထွေးငယ်က သည်အိမ်မှာ သူတို့ငှားနေခြင်းဖြစ်ကြောင်း တ[illegible]ာည်း ပြောပြသွားသည်ဟု ကျွန်တော် သဘောပေါက်သည်။

အိမ်ထဲမှာ ထွေးငယ်၏ အဖေရော အမေကော ရှိနေ[illegible] သ[illegible]





"မေမေ အစ်ကိုပါလာတယ်၊ ဒီနေ့ သမီး အလုပ်ကပြန်တာ နောက်ကျပြီး ကားတွေအရမ်းကြပ်နေလို့ အစ်ကိုက ကားဂိတ်မှာ တွေ့ပြီး အိမ်အထိ လိုက်ပို့တာ အစ်ကို့ကို ကျေးဇူးတင်တဲ့အကြောင်း လေး ပြောလိုက်ပါဦး"

သူ့အမေက ပျာပျာသလဲဖြင့်...

"ဟုတ်လား၊ ဟယ်... မောင်စိုးလတ်ကို အားနာလိုက်တာ၊ ကျေးဇူးတင်ပါတယ်၊ ဒီလိုပဲ မောင်စိုးလတ်၊ ဒီလမ်းက ကားတွေကတော့ ဒီအတိုင်းပဲ"

"ကျေးဇူးပါပဲ မောင်စိုးလတ်ရေ၊ ကဲကွာ ရောက်တုန်း ခဏတဖြုတ်တော့ ထိုင်ပါဦး၊ အမေကြီးရေ၊ မောင်စိုးလတ်စားဖို့ တစ်ခုခုလုပ်ပါကွာ"

သူ့အဖေကလည်း ၀င်ပြောသည်။

ကျွန်တော်က ငြင်းလိုက်သော်လည်း သူ့အဖေက...

"မဟုတ်ပါဘူး မောင်စိုးလတ် တစ်ခုခု စားပြီးမှပြန်ပါ၊ ဒီလမ်း ဒီခရီးကို ကားနဲ့လိုက်ပို့တယ်ဆိုတဲ့ ကျေးဇူးက သမီးအတွက် အရမ်းကြီးပါတယ်၊ ဟိုတစ်ရက်ကလည်း အဲဒီလိုပဲ နောက်ကျပြီး ကားကြပ်၊ တစ်နေ့ကုန်လဲ ပင်ပန်းလာလို့လား မသိဘူး၊ မင်းနှမ တစ်ယောက် ကားပေါ်ကအဆင်းမှာ မူးလဲသွားလို့ အနားကလူတွေ ၀ိုင်းပြီး ဆေးခန်းပို့လိုက်ကြရသေးတယ်"

"ဟင်..."

ကျွန်တော် အလန့်တကြားဖြင့် ထွေးငယ်ကို လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တွေးငယ် ဒါတွေကိုပင် ကျွန်တော့်ကို မပြောပြပါလား။

* * *

သည်မိန်းကလေးက သီချင်းတွေ ဘယ်လို ဆိုမည်နည်း။ ဘယ်လိုလေ့ကျင့်မည်နည်း။

ဘယ်ပုံ ဘယ်နည်းဖြင့် သည်နေ့ အခြေအနေအရ အင်မတန် တိုးဝင်ပေါက်မြောက်အောင်မြင်ဖို့ခက်သော အနုပညာသောက ရပ်ဝန်းကို ထိုးဖောက်ဝင်ရောက် ကြိုးစားပါမည်နည်း။

သူနှင့် အလှမ်းဝေးလှသော ထိုရည်မှန်းချက်ကို သူကသာ မစွန့်လွှတ်နိုင်သေးသော်လည်း ကျွန်တော်ကတော့ ဘယ်လိုမှ သူ့ဘာသာ ဖြစ်စရာနည်းလမ်း ရှာမရ။

သူ့ကိစ္စ ကျွန်တော် ဝင်ကူညီပေးဖို့။

သည်ကိစ္စကတော့ ဖြစ်စရာနည်းလမ်း ရှိပါ၏။





။ ၂ ။

လေးရက်မြောက်သောနေ့မှာပင် ကျွန်တော် ခင်မောင်လွင်နှင့် သွားတွေ့သည်။

သည်ကိစ္စမှာ ခင်မောင်လွင်နှင့် ဘယ်လိုမှ မပတ်သက်၍ မရ။

ကျွန်တော်ကိုယ်တိုင်ကလည်း အနုပညာသမားမဟုတ်။ ကျွန်တော်လုပ်နေသည့် အလုပ်ကလည်း အနုပညာနှင့် မပတ်သက်။

သို့သော် ခင်မောင်လွင်က ကျောင်းပြီးကတည်းက ဘားလမ်းမှာ အခန်းတစ်ခန်း သူ့မိဘကို ဝယ်ခိုင်းပြီး တေးသံသွင်းနှင့် ကက်ဆက်ခွေ အရောင်းဆိုင် ဖွင့်ထားသူ ဖြစ်သည်။

တစ်ဖက်ကလည်း ကက်ဆက်သုံးပစ္စည်းများနှင့် အသံသွင်း အသံဖမ်းဆိုင်ရာ ကိရိယာတန်ဆာပလာများ မျိုးစုံ တင်ရောင်းသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူလည်း အနုပညာသမားတော့ မဟုတ်။

သို့သော် အနုပညာလောကနှင့် ရင်းနှီးဆက်နွယ်ပြီး ကြီးပွား ချမ်းသာနေသူ ဖြစ်သည်။

ကျွန်တော်က အကျိုးအကြောင်း ပြောပြသောအခါ သူက ရယ်ပြီး...

"မင်း ဒီအလုပ်ကို တကယ်လုပ်ပေးဖို့ ဆုံးဖြတ်ပြီးလာ တာလား ရိုးလတ်"

သူ့အမေးကြောင့် ကျွန်တော်က ကြောင်သွားပြီး...

"ဘယ်အလုပ်ကိုပြောတာလဲ ခင်မောင်လွင်"

"ဘယ်အလုပ်ရမလဲကွ၊ မင်းပြောတဲ့ ကောင်မလေးက အဆိုတော်ဖြစ်အောင် လုပ်ပေးဖို့ဆိုတဲ့ ကိစ္စပေါ့"

"ဟာ... အဲဒါကတော့ သုံးလေးရက် သေချာစဉ်းစား ပြီးမှ လုပ်ပေးဖို့ ဆုံးဖြတ်ပြီး မင်းဆီလာတာပေါ့ကွ"

"အဲဒီကောင်မလေးက နှင်းနှင်းတို့ သွယ်သွယ်တို့နဲ့ အမျိုး နော်"

"ခွေနီးမျိုးစပ်ပေါ့ကွာ"

"ဘယ်အရွယ်လောက်ရှိပြီလဲ"

"နှစ်ဆယ်ကျော်ပေါ့၊ ငါ့ထက် ဆယ်နှစ်လောက်ငယ်မယ်"

"ရုပ်ရည်ကော"

"မဆိုးပါဘူး၊ ချစ်စရာလေးပါ"

"သူ့ သီချင်းဆိုတာ မင်း နားထောင်ဖူးလား"

"ဟင့်အင်း..."





"သူ့အသံကော ကောင်းပုံရလား"

"မဆိုးပါဘူးကွ၊ စကားပြောတဲ့ အသံကတော့ ချစ်စရာ လေးပဲ"

"အရွအရာကကော သွက်သွက်လက်လက် ရှိရဲ့လား"

"သိပ် သွက်သွက်ကြီးတော့ မဟုတ်ဘူး၊ ဒါပေမဲ့ ထိုင်း ထိုင်းကြီးတော့ မဟုတ်ပါဘူး၊ စကားပြောတာ ဆိုတာ ဟန်အမူအရာ လေးတွေက ချစ်စရာကောင်းပါတယ်"

"စိတ်နေ စိတ်သဘောကကော ဘယ်လိုရှိလဲ"

"ကောင်းပါတယ်၊ ရိုးသားတယ်၊ ကြိုးစားတယ်၊ ဟန် မဆောင်တတ်ဘူး၊ အလုပ်လုပ်တာလည်း အပင်ပန်းခံ၊ စနစ်တကျရှိ ပါတယ်၊ စိတ်ကောင်း နှလုံးကောင်းလေးပါ၊ သူ့စိတ်ဓာတ်ကိုက ချစ်စရာလေး"

"အင်း... ဒါဆိုရင် လွယ်ပါတယ်၊ အဆိုတော် အနေနဲ့ နာမည်ကြီး မကြီး အောင်မြင်မယ် မအောင်မြင်မယ်တော့ သေချာ ပေါက် အာမ မခံနိုင်ဘူး၊ ဒါပေမဲ့ သီချင်းဆိုဖို့ကတော့ သူ့မှာ ဘာ အခက်အခဲမှ မရှိတော့ဘူး"

"စီးရီးတွေ ဘာတွေကော ထုတ်လို့ မရလား"

"ရတာပေါ့"

"စတိတ်ရှိုးတွေ ဘာတွေဆိုဖို့ကော"

"ပိုတောင်လွယ်သေး"

"တီဗီတွေ ဘာတွေမှလဲ လွှင့်ချင်တယ်ကွာ"

"ဒါလဲ မခက်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နာမည်ကျော်တာ မကျော်တာကတော့ သူ့ကံပေါ့၊ ဟုတ်တယ် မဟုတ်လား"

"ဒါပေါ့…"

"အဲဒါဆိုလုပ်ကွာ၊ ငါ မနက်ဖြန် သန်ဘက်ခါလောက် သူ့ကို ခေါ်လာပြီး မင်းနဲ့ တွေ့ပေးမယ်၊ မင်း သေချာထပ်အကဲခတ်ချက် ခတ်"

"ဟာ မလိုပါဘူး၊ မင်းအလုပ် စချင်တဲ့အချိန်သာ ပြော၊ ချက်ချင်း စလုပ်လို့ရအောင် ငါ စီစဉ်ပေးမယ်"

"ဟာ…ဟုတ်ရဲ့လား ခင်မောင်လွင်ရာ၊ နည်းနည်းပါးပါး တောင် မလေ့လာတော့ဘူးလား"

"ဘာ… လေ့လာရမှာလဲ"

"သီချင်းဆိုဖို့ ဖြစ်နိုင် မဖြစ်နိုင်လေ"

ကျွန်တော့် စကားအဆုံးမှာ ခင်မောင်လွင်က ရယ်သည်။ ရယ်ရင်းနှင့် ကျွန်တော့်ပခုံးကို ပုတ်ရင်း…

"အင်း… မင်းတော့ ဒုက္ခရောက်တော့မယ် ထင်တယ် ကိုးလတ်၊ ငါတော့ မင်းတစ်အိမ်လုံးနဲ့ မင်းပြဿနာတွေတက်မှာ မြင်ယောင်သေးတယ်"

"ဟော… ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲကွာ၊ ဖြစ်တာက ရှင်းရှင်းလေးပဲ၊ အဆိုတော်အနေနဲ့ အောင်မြင်ဖို့ မအောင်မြင်ဖို့ကိစ္စ ဖယ်ထားရင် သီချင်းဆိုတာက ဘာခက်လဲ၊ ပိုက်ဆံရှိတဲ့ လူတစ်ယောက်ယောက်က သူ့အတွက် ငွေကုန်ကြေးကျခံပေးရင် စီးရီးလဲထုတ်လို့ရတယ်၊ စတိတ်ရှိုးလဲ ဆိုလို့





ရတယ်၊ တီဗီမှာလဲ တစ်ခါလွှင့်ကတော့ ဘာမှမခက်ဘူး၊ အဲဒီအတွက် မင်းရှိနေတဲ့ဟာ ကောင်မလေးကို ဘယ်သူက ဘာလေ့လာဖို့ လိုတော့မှာလဲ"

"ဒါပေမဲ့ ခင်မောင်လွင်ရာ"

"ဒါပေမဲ့ပါနဲ့တော့ ကိုးလတ်ရာ၊ အချင်းချင်းတွေပဲ မင်းပါးစပ်ဟလိုက်တာနဲ့ အူဘယ်နှစ်ခွေရှိတယ်ဆိုတာ ငါသိပါတယ်၊ ခုဟာက ရှင်းရှင်းလေးပဲ၊ မင်းကောင်မလေးကို အဆိုတော်ဖြစ်အောင်လုပ်ပေးဖို့ သီချင်းတွေဆိုရဖို့ ငါ့ဆီ အသည်းအသန် လာပြောတယ်၊ ဟုတ်တယ် မဟုတ်လား"

"အင်း…"

"အဲဒီကောင်မလေးသီချင်းဆိုတာလည်း မင်းမကြားဖူးဘူး၊ အသံ ကောင်း မကောင်းလဲ မင်းမသိဘူး၊ သီချင်းဆိုတတ် မဆိုတတ် ဆိုတာလည်း မင်းမကြည့်ခဲ့ဖူးဘူး၊ ခုန ငါမေးကြည့်သလောက် ကောင်မလေးရဲ့ ရုပ်ရည် အသံရယ်၊ အမူအရာရယ်၊ စိတ်နေစိတ်ထားရယ် အားလုံးကို မင်းသုံးသပ်တာ 'ချစ်စရာလေး' ဆိုတဲ့ မှတ်ချက်တွေချည်းပဲ"

ကျွန်တော် ဖျတ်ခနဲ မျက်လုံးပြူးသွားသည်။

"အဲဒီတော့ ဘာပြောစရာလိုလဲ၊ အရာအားလုံးကို သူ့အတွက် မင်းချစ်လို့ လုပ်ပေးနေတာလေ၊ ယောက်ျားတစ်ယောက်ဟာ မိန်းမတစ်ယောက်ကို ချစ်ပြီဆိုရင် ရူပကြယ်ကိုတောင် ခူးပေးမယ်လို့ ပြောသေးတာပဲကွာ၊ ကောင်မလေးကို ဘာကိစ္စဖြစ်ဖြစ်၊ မင်းမဖြစ်ဖြစ်အောင် လုပ်ပေးတော့မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်ထဲ ခုန်လာသည်။

"ဒါကြောင့် ငါပြောပါတယ်၊ ကောင်မလေး သိချင်းမဆိုရမှာ မပူနဲ့၊ အားလုံးဖြစ်အောင် မင်းလုပ်ပေးသွားမှာ အမှန်ပဲ၊ ဒါပေမဲ့ အဲဒီအတွက် မင်း မင်းအိမ်နဲ့ ပြဿနာတက်မှာတော့ သေချာတယ်၊ ငါပြောတာ ရှင်းပြီလား"

ဘုရား… ဘုရား….

သူပြောတာ ဟုတ်များ ဟုတ်နေပြီလား။

အစက ကိုယ့်ဟာကိုယ် သတိမထားမိ။

သူပြောလိုက်တော့မှ ကျွန်တော့်ကို ကျွန်တော် သတိထားမိလာသည်။

ဟုတ်သည်။

ကျွန်တော့် မျက်စိထဲမှာ တွေးငယ်သည် အရာအားလုံး ချစ်စရာလေးတွေချည်ပဲ ဖြစ်နေ၏။

ထိုမှတစ်ပါး အဆိုတော်ဖြစ်စရာ ဘာအချက်အလက်မှ ခုထိ ကျွန်တော် လုံးဝမသိသေးပါတကား။

❑





။ ၃ ။

မဟုတ်သေးဘူးဟု ကျွန်တော့်ကိုယ် ကျွန်တော် ဆုံးမသည်။

အမှန်တကယ်ပင် ကျွန်တော့် လုပ်ပုံတွေက လုံးဝမဟုတ်။

ကျွန်တော့် အသက်အရွယ်၊ ကျွန်တော့် အတွေ့အကြုံ၊ ကျွန်တော့်ဘဝ အခြေအနေ၊ ကျွန်တော့် အသိဉာဏ်များနှင့် ကျွန်တော် ဆိုဝသည်လိုဖြစ်ဖို့ မသင့်။

တစ်သက်လုံးက ဘာကိစ္စမဆို ကျိုးကြောင်း ဆီလျော်စွာ တွေး၊ ကိုယ်လုပ်မည့် အလုပ်တစ်ခုကို အားလုံး အသေးစိတ် လေ့လာပြင်ဆင်ပြီး လိုအပ်သည့် အချက်အလက်တွေ ပြည့်စုံမှ ပိုင်နိုင်စွာနှင့် အောင်မြင်အောင်လုပ်တတ်သည့် ကျွန်တော်…။

အလုပ်တစ်ခုကို ဘယ်တော့မှ လက်လွတ်စပယ် မလုပ်တတ် အစစ ချင့်ချိန်တိုင်းထွာ တွက်ချက်ပြီးမှ လုပ်တတ်သည့် ကျွန်တော်။



www.burmeseclassic.com

www.burmeseclassic.com



အခု သည်ကိစ္စမှာ ဖြစ်သွားသည့် ကျွန်တော်က ထိုကျွန်တော်များနှင့် လုံးဝမတူဘဲ တကယ့်ကို စည်းလွတ် ဝါးလွတ် ဖြစ်သွားသည်။

မဟုတ်...။

သည်အချိုးက လုံးဝမဟုတ်။

သည်ကိစ္စကို အစမှ ပြန်စစ်ဆေးရန် ကိုယ့်ကိုယ်ကို ဆုံးဖြတ်လိုက်သည်။

ဘာကိစ္စ၊ ထွေးငယ်ကို ကျွန်တော် ချစ်ရမည်နည်း။

မချစ်သင့်....။

ထွေးငယ်ကို ကျွန်တော့်ချစ်သည်နှင့် ထွေးငယ်ကို အစကတည်းက ကြည့်မရသော သွယ်သွယ်။ နွယ်နွယ်နှင့် အမေတို့ အပါအဝင် တစ်အိမ်လုံးနှင့် ပြဿနာတွေ တက်လာလိမ့်မည်။

ပြီးလျှင် ထိုပြဿနာက မီးခိုးမဆုံး မိုးမဆုံး ကြီးကျယ်တော့မည်။

ပြီးတော့ ကလေးတွေကိစ္စလည်း ရှိသေးသည်။

ကျွန်တော်ကလည်း လူပျိုမဟုတ်။

ထို့ပြင် အရွယ်တွေကလည်း ပတ်ဝန်းကျင် အမြင်မှာ သင့်တော်သော အမြင်ဖြင့် မြင်နိုင်သည့် အရွယ်တွေမဟုတ်။

အဆိုးဆုံးက ထွေးငယ်သည် ကျွန်တော့်ကို သူ့ဘဝအတွက် ရိုးသားဖြူစင်စွာ အားကိုးလိုက်ခြင်းသာ ဖြစ်သည်။

ကျွန်တော်က ဒါကို အခွင့်အရေးမယူသင့်...။

မှန်သည်။

ကျွန်တော် ထွေးငယ်ကို မချစ်ရ။





အင်းလေ... ကျွန်တော်ကိုယ်တိုင်ကိုလည်း ထွေးငယ်ကို မချစ်သေးပါ။ အမှတ်တမဲ့ သတိလက်လွတ် ဖြစ်သွားခြင်းသာ ဖြစ်သည်ဟု ထင်ပါသည်။

သေချာပြန်စဉ်းစားကြည့်တော့ ထွေးငယ်ကို ကျွန်တော် ဘယ်တုန်းကမှ ချစ်သည်ဟု တွေးမှ မတွေးခဲ့ဖူးဘဲ။

ဟူး... တော်ပါသေးရဲ့။ ယခုမှ အလုံးကြီး ကျသွားသည်။

မှန်ပါသည်။

ကျွန်တော် ထွေးငယ်ကို မချစ်သေးပါ။

ထွေးငယ်၏ ဘဝလေးကို မြှင့်တင်ပေးပြီး ထွေးငယ်စိတ်ချမ်းသာစေရန် ရည်ရွယ်မိခြင်းသာ ဖြစ်ပါသည်။

ဤသို့ပင် ကျွန်တော် ကိုယ့်ကိုယ်ကို စိတ်သက်သာရာရှာလိုက်မိပါ၏။

* * *

သည်သုံးလေးရက်မှာ ထွေးငယ်ကို ညနေတိုင်းလိုလို ပြန်ပို့ပေးဖြစ်ခဲ့သည်။

ရှည်လျားလှသော လမ်းခရီးတစ်လျှောက်မှာလည်း စကားလေးတွေ အတူတူ ပြောဖြစ်ခဲ့ကြသည်။

ထိုစကားများ အားလုံးကို စစ်ဆေးကြည့်လျှင်လည်း ချစ်ကြောင်း ကြိုက်ကြောင်းနှင့် ဆက်နွယ်သော စကားမျိုးများ တစ်ခွန်း



www.burmeseclassic.com

www.burmeseclassic.com



တလေပင် မပါရှိခဲ့။ ခပ်ဆင်ဆင်ဖြစ်သော စကားများပင် မပြောဆိုမိ။

အစိက ပြောဖြစ်ကြသော အကြောင်းများက လုပ်ငန်းကိစ္စ သူ့အိမ် ကိုယ့်အိမ်အကြောင်းနှင့် တစ်ခါတစ်ရံ သူသီချင်းဆိုချင်သည့် အကြောင်း သီချင်းဆိုခြင်း အပေါ် သူ စိတ်ဝင်စားသည့်အကြောင်းများပင် ဖြစ်သည်။

တစ်ခုတော့ရှိသည်။

ထွေးငယ်နှင့် စကားပြောနေရသည့် အချိန်လေးများကို ကျွန်တော် သဘောကျကျေနပ်သည်။

စကားပြောရာတွင် ထွေးငယ်က ရိုးသားသည်။ ပွင့်လင်းသည်။ ဟန်ကြီးပန်ကြီး စကားများ ဟန်ဆောင် ပန်ဆောင် စကားများ ဘာတစ်ခုမှ မပြော။

ကိုယ်နှင့် စိတ်တူကိုယ်တူ သူငယ်ချင်းတစ်ယောက်၊ ဒါမှမဟုတ် ညီအစ်ကိုမောင်နှမ တစ်ယောက်ယောက်နှင့် ပြောနေရသလို ပြောစရာအကြောင်းအရာ မကုန်။ ပြော၍ ဆို၍ မဝ။

ကိုယ့်ဘက်ကလည်း ဘာတစ်ခုမှ ဟန်ဆောင်ထိန်းချုပ်နေစရာမလိုဘဲ လွတ်လပ်ရယ်မောနောက်ပြောဆိုနိုင်သည်။

သည်လိုမျိုး စကားဝိုင်းမျိုးလေးတွေ ကျွန်တော့်ဘဝမှာ မရတာ ကြာခဲ့ပြီ။

အလုပ်ထဲမှာ ဖြစ်ဖြစ်၊ အိမ်မှာဖြစ်ဖြစ်၊ ကျွန်တော့်မှာ သည်လို ပြောစရာ အဖော်မရှိ။ သူငယ်ချင်း အပေါင်းအသင်းများနှင့်လည်း အလှမ်းဝေးနေခဲ့ရတာ ကြာပြီ။





သို့အတွက် ထိုညနေခင်းလေးများသည် ကျွန်တော့်အတွက် သူလိုက်ပို့သော အလုပ်ပိုတစ်ခု မဟုတ်တော့ဘဲ တစ်နေကုန် ပင်ပန်းစိတ်ရှုပ်ထွေးသမျှ အနားယူစရာ၊ အပန်းဖြေစရာ စကားဝိုင်းလေး တစ်ခု ဖြစ်နေသည်။

သည်နေ့တော့ ပြောစရာစကားကလည်း ပိုများနေသဖြင့် လမ်းခရီးအချိန်လောက်နှင့် မလောက်တော့ဘဲ မြောက်ဥက္ကလာ မယ်လမုဘုရားရှိ အအေးဆိုင်လေး တစ်ဆိုင်မှာ ဝင်ထိုင်ဖြစ်သည်။

"ဒီနေ့ ကိုယ့်သူငယ်ချင်း တေးသံသွင်းဆိုင်ပိုင်ရှင်ဆီ ရောက်ခဲ့တယ် ထွေးငယ်၊ ထွေးငယ် သီချင်းဆိုဖို့ကိစ္စတောင် တိုင်ပင်ခဲ့သေးတယ်"

"ဘာတဲ့လဲ အစ်ကို၊ မဖြစ်နိုင်ဘူး မလုပ်ပါနဲ့တဲ့လား"

"ဟာ… အဲလိုတော့ မပြောပါဘူး ထွေးငယ်ရဲ့၊ သီချင်းဆိုတာက မခက်ပါဘူး၊ စီးရီးထုတ်ထုတ်၊ စတိတ်ရှိုးဆိုဆို၊ တယ်လီဗေးရှင်းက လွှင့်လွှင့် ကြိုက်တာလုပ်လို့ရတယ်တဲ့၊ အောင်မြင်တာ မအောင်မြင်တာကတော့ ထွေးငယ်ရဲ့ အရည်အချင်းနဲ့ ကုသိုလ်ကံပေါ် မူတည်မှာပဲတဲ့"

"အောင်မြင်တဲ့ကိစ္စကို ထွေးငယ်လဲ ဘာမှမပြောပါဘူး၊ သူပြောသလိုပဲ ထွေးငယ်ရဲ့ အရည်အချင်းနဲ့ ကုသိုလ်ကံပေါ့၊ ဒါပေမဲ့ ခုနပြောတဲ့ ကြိုက်တာလုပ်လို့ရတယ် ဆိုတာတွေကသာ ထွေးငယ့်မှာ ခက်နေတာ၊ အဲဒါတွေ ဘယ်သူက လုပ်ပေးမှာလဲ၊ သူ လုပ်ပေးမှာလား"

"ကိုယ် လုပ်ပေးမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…"

"မဟင်နဲ့ ထွေးငယ်၊ ကိုယ် တကယ်ပြောတာ၊ ထွေးငယ် ဒီလောက် စိတ်အားထက်သန်နေတဲ့ အလုပ်ကို မဖြစ်ဖြစ်အောင် ကိုယ် လုပ်ပေးမယ်၊ အောင်မြင်တည်တံ့ဖို့ကိစ္စသာ ထွေးငယ် ကြိုးစား အောင်မြင်သွားရင် ဒီအောင်မြင်မှုရဲ့ အသီးအပွင့်တွေဟာ ထွေးငယ် ကို ဒါတွေလုပ်ပေးမှာလဲ"

"ထွေးငယ် စိတ်ချမ်းသာစေချင်လို့ပေါ့၊ ထွေးငယ် ခုလို ရုန်းကန်နေရတဲ့ ဘဝကြီးကြည့်ရတာ ကိုယ် စိတ်ဆင်းရဲတယ်၊ ထွေး ငယ် အရွယ်နဲ့ ထွေးငယ် ယူထားရတဲ့ဘဝတာဝန်ကလည်းမမျှဘူး၊ အဲဒါကြောင့် တတ်နိုင်သလောက် ကိုယ်ဘက်က ကိုယ်လုပ်ပေးနိုင် သလောက် လုပ်ပေးလိုက်မယ်လို့ ကိုယ် ဆုံးဖြတ်ထားတယ်"

"ခုလဲပဲ အဲဒီအတွက် အစ်ကိုထွေးငယ်ကို အလုပ်ပေးထား ပြီးပြီပဲ၊ ကျွန်တာတော့ တော်ပါတော့ အစ်ကိုရယ်၊ အစ်ကို့ကို ဒါတွေ ထွေးငယ်ပြောပြတာ ဒီလိုလုပ်ပေးစေချင်လို့ မဟုတ်ပါဘူး၊ အစ်ကို့ ကို ခင်လို့ အစ်ကိုတစ်ယောက်အနေနဲ့ စိတ်ထဲက ရည်မှန်းချက်လေး တစ်ခုကို အဖြစ်သာ ပြောပြတာပါ"

"ကိုယ်ကလည်း ထွေးငယ်ကို ခင်လို့ ညီမတစ်ယောက် အနေနဲ့ ရည်မှန်းချက်ကလေး အောင်မြင်နိုင်တဲ့ လမ်းစပေါ် ရောက်သွား အောင် ပံ့ပိုးပေးတာပါ၊ နောက်ပြီး ဒီကိစ္စက ကိုယ်လုပ်ပေးနိုင်တဲ့ ခွင်ထဲမှာရှိနေတယ်၊ လုပ်ငန်းအသေးစိတ်ကို ကိုယ် နားမလည်ပေမယ့် ကိုယ့်သူငယ်ချင်း ခင်မောင်လွင်က ဒီလောကထဲမှာ စီးပွားရှာနေတာ၊





သူ့ကို စီစဉ်ခိုင်းပြီး လိုအပ်တဲ့ ငွေကြေးကိစ္စလောက်ပဲ ကိုယ်က တာဝန်ယူရမှာဆိုတော့ အပန်းလဲ မကြီးပါဘူး"

"ဒါပေမဲ့ အစ်ကိုစိုက်ထုတ်ရမယ့် ငွေကြေးကနည်းမှာမဟုတ် ဘူး"

ကျွန်တော် သက်ပြင်းချသည်။

"လောကမှာ တစ်ခါတလေ ငွေကြေးထက်တန်ဖိုးကြီးတဲ့ အရာတွေ အများကြီးရှိတတ်ပါတယ် ထွေးငယ်ရယ်၊ ကိုယ်လဲ သိပ် ချမ်းသာလွန်းလို့ ဒါတွေ လုပ်ပေးတာ မဟုတ်ပါဘူး၊ ကိုယ် အခုကိုင် တွယ်နေရတဲ့ ငွေကြေးနေပစ္စည်းဥစ္စာတွေဟာ ကိုယ့်ပိုင်ဆိုင်မှုတွေမှ မဟုတ်ဘဲ ထွေးငယ်သိတယ် မဟုတ်လား"

"အင်း… သိပါတယ် အဲဒီတော့…"

"ဒါပေမဲ့ ကိုယ့်မှာကိုယ်ပိုင်လို့ ပြောနိုင်တဲ့ ငွေကြေးအနည်း အကျဉ်းတော့ ရှိပါတယ်၊ အဲဒါပဲ သုံးမှာပါ၊ အဲဒီအတွက် ကိုယ့်မျက်စိ ရှေ့မှာ ထွေးငယ် ပျော်ပျော်ရွှင်ရွှင်နဲ့ စိတ်ချမ်းသာသွားရင် ကိုယ်ကျေနပ် တယ်၊ လောကမှာ လူတစ်ယောက် စိတ်ချမ်းသာပျော်ရွှင်အောင် လုပ် ပေးတာလဲ ကုသိုလ်ကောင်းမှုတစ်ခုပဲ မဟုတ်လား"

"အောင်မြင်ရင်တော့ ကောင်းတာပေါ့ အစ်ကိုရယ်၊ တကယ် လို့ ဒီကိစ္စက မအောင်မြင်ဘဲ ဆုံးရှုံးသွားမယ်ဆိုရင် အစ်ကို ဖန်တီး ပေးထားရတာတွေဟာ အလကားဖြစ်ကုန်မှာပေါ့"

"ဒါလည်း ကုသိုလ်ပဲပေါ့ ထွေးငယ်၊ လောကမှာ ဒီလိုကိစ္စ မျိုးတွေက ပုံသေကားချပ်တွက်လို့ ရတာမှ မဟုတ်ဘဲ၊ ဒါပေမဲ့ ကြိုး စားကြည့်တာကတော့ မမှားပါဘူး၊ ကိုယ်လည်း တတ်နိုင်သမျှတော့



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းကြိုးစားပေးမှာပေါ့၊ အရေးကြီးတာက လတ်တလော ထွေးငယ်လုပ်ချင်တာလေးတွေ လုပ်လိုက်ရဖို့ပဲ၊ ဘယ့်လိုပဲဖြစ်ဖြစ် အဲဒါလေးတွေ လုပ်နေရရင် ထွေးငယ်လဲ ပျော်နေမှာပဲ၊ ထွေးငယ်ပျော်နေတာ မြင်ရရင် ကိုယ်လည်းစိတ်ချမ်းသာမှာပဲ၊ ဒါပါပဲ ထွေးငယ်ရာ၊ သိပ်လဲ အရှည်အရှည်ကြီးတွေ တွေးမနေပါနဲ့၊ ခုလောလောဆယ် ကိစ္စပဲ စဉ်းစားပါ"

"အစ်ကို့ကို ထွေးငယ် တစ်ခုမေးမယ်"

"မေး…ထွေးငယ် ဘာမေးမလို့လဲ"

"အစ်ကိုနဲ့ ထွေးငယ်တွေ့တာ ဘာမှမကြာသေးဘူး၊ ပြီးတော့ ထွေးငယ်နဲ့ ဆွေမျိုးတော်နေတဲ့ မမသွယ်တို့ မိသားစုကတောင် ထွေးငယ်ကို ဧတနာမထားဘဲနဲ့ အစ်ကိုက ဘာဖြစ်လို့ ထွေးငယ်ကို သံယောဇဉ်ကြီးနေရတာလဲ"

"ကိုယ့်မှာ အဖော်မရှိဘူး ထွေးငယ်၊ ပြီးတော့ အင်မတန်ငြီးငွေ့စရာကောင်းလှတဲ့ နေ့စဉ် ပုံမှန် အလုပ်တွေကြားမှာ ကိုယ်နစ်နေခဲ့ရတာလဲ ကြာပြီ၊ ဒီတော့ ဘာပဲပြောပြော ခုချိန်မှာ ကိုယ်နဲ့ အင်မတန် စကားပြောလို့ကောင်းတဲ့ စကားပြောဖော်လေးဖြစ်နေတဲ့ ထွေးငယ်ကို ကူညီရင်း ကိုယ်လည်း စိတ်ဝင်စားမယ်ထင်တဲ့ ပုံမှန်မဟုတ်တဲ့ အလုပ်လေးတစ်ခု လုပ်ကြည့်ချင်တယ်"

"ထွေးငယ်နဲ့ စကားပြောရတာကို အစ်ကိုပျော်တယ်ပေါ့"

"စိတ်ချမ်းသာတယ်လို့ ပြောရမှာပေါ့ ထွေးငယ်"

"အင်းလေ ဒီလိုဆိုလဲ အစ်ကို့သဘောပါ၊ ထွေးငယ်ကတော့ အစ်ကို့ကို ဘာဒုက္ခမှ မပေးချင်ဘူး၊ ထွေးငယ်အတွက်လဲ ဘယ်သူ့မှာမှ ဝန်ထုပ်ဝန်ပိုးမဖြစ်စေချင်ဘူး၊ ဒါပေမဲ့ ဒီလိုလုပ်လို့ အစ်ကိုစိတ်ချမ်းသာမယ်ဆိုရင်တော့ လုပ်ပါ၊ အစ်ကို စိတ်ချမ်းသာသထက် ချမ်းသာအောင်လဲ ထွေးငယ် ကြိုးစားပေးပါ့မယ်"

"ကိုယ်လဲ အဲလိုပဲ ဖြစ်စေချင်ပါတယ်၊ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်၊ ဒီကိစ္စကို သွယ်သွယ်တို့ နွယ်နွယ်တို့ မသိစေချင်ဘူး၊ တတ်နိုင်သလောက် ကိုယ့်မိသားစု အသိုင်းအဝိုင်းက မသိအောင် ထွေးငယ်လည်း တာဝန်ယူပေးပါ"

"ဘာဖြစ်လို့လဲ အစ်ကို"

"သူတို့က ထွေးငယ်ကို ဘယ်လိုသဘောထားတယ်ဆိုတာ ထွေးငယ်သိနေတာပဲ၊ ဒီကိစ္စကို ကိုယ် ထွေးငယ်အတွက် လုပ်ပေးနေတယ်ဆိုတာသိရင် ဘာဖြစ်လာမလဲ"

"အင်း… ဟုတ်ပါတယ်၊ အင်းလေ… ထွေးငယ် နားလည်ပါတယ်၊ ဒါလဲ အစ်ကို့သဘောအတိုင်း ဖြစ်အောင် ထွေးငယ် ကြိုးစားပေးပါ့မယ်"

ထိုစကားများအဆုံးမှာ ထွေးငယ်နှင့် ကျွန်တော် တစ်ယောက်ကို တစ်ယောက် နားလည်သော အပြုံးများဖြင့် ပြုံးဖြစ်ကြသည်။

မယ်လမုဘုရားရင်ပြင်ဘက်မှ ငြိမ်းချမ်းသော ခေါင်းလောင်းသံလေးများ ကြားနေရ၏။

□







www.burmeseclassic.com

www.burmeseclassic.com



* ၄ *

"ဘယ်လို စိုးလတ်၊ ဒီကိစ္စကို ငါက အစစ စီစဉ်ဆောင်ရွက်ပေးရမယ်၊ ပြီးတော့ ဒီကိစ္စနဲ့ ပတ်သက်လို့ သွယ်သွယ်တို့ တစ်အိမ်သားလုံး မသိအောင်လဲ တာဝန်ယူရမယ် ဟုတ်လား"

"ဟုတ်တယ် ခင်မောင်လွင်"

"ဘယ်လိုလဲကွာ စိုးလတ်ရာ၊ မင်းဥစ္စာက ဟုတ်မှ ဟုတ်သေးရဲ့လား"

"ဟုတ်ပါတယ် ခင်မောင်လွင်၊ ငါမဟုတ်တာ ဘယ်တော့မှ မလုပ်ပါဘူး၊ ခုကိစ္စကလည်း မင်းနားလည်အောင် ငါသေချာရှင်းပြပြီးပြီ၊ မင်းလက်ခံနိုင်တဲ့အထိ၊ ဆွေးနွေးမှာပဲ၊ ငါပြောသလိုကြီးပဲ မင်းက ဇွတ်မှိတ်လုပ်ပေးရမယ်လို့ မပြောပါဘူး"

"ကဲ… ဒါဖြင့် ငါနည်းလည်အောင် ရှင်းပြပါဦး"





ကျွန်တော်က ထွေးငယ်ကို ပြောခဲ့သည့်အတိုင်းပင် ဒီအလုပ်ကျွန်တော် ဘာကြောင့် လုပ်ချင်ကြောင်း ရှင်းပြလိုက်သည်။

ကျွန်တော့်စကားများအဆုံးမှာ ခင်မောင်လွင်က ကျွန်တော့်မျက်နှာကို သေချာကြည့်ရင်း…

"ငါနားလည်သလောက် ပြောရရင်တော့ ခုကိစ္စမှာ မင်းကိုယ်မင်း လှည့်စားနေတာပဲလို့ ငါထင်တယ် စိုးလတ်၊ ဒါပေမဲ့ ထားပါတော့လေ၊ ခုနေမှာ ဒီအကြောင်းတွေပြောပြီး မင်းနဲ့ ငါ ငြင်းခုန်မနေချင်ဘူး၊ အဲဒီတော့ မင်းလုပ်ချင်တဲ့ပုံစံကိုပဲ ငါဖြစ်အောင် ကူညီပေးပါ့မယ်၊ ဒါပေမဲ့ တစ်ခုတော့ ငါကြိုပြောထားမယ်"

"ဘာလဲ"

"မင်း ဒီကိစ္စနဲ့ ပတ်သက်လို့ တစ်ချိန်ချိန်မှာ ဘာပဲဖြစ်လာလာ ငါ့ကို ပွင့်ပွင့်လင်းလင်း တိုင်ပင်ဆွေးနွေးနိုင်ပါတယ် စိုးလတ်၊ ယောက်ျားတစ်ယောက်အနေနဲ့ မင်းကို ငါ အစစ နားလည်တယ်ဆိုတာ မင်းသိထားပါ၊ အဲဒါပါပဲ"

သူ့စကားကြောင့် ကျွန်တော့်ခေါင်း ရှုပ်ထွေးသွား၏။

ပါဠိတွေ ပါတ်သားတွေ ပေါရာဏတွေ ခက်ဆစ်တွေ မပါသည့်တိုင် သူ့စကားများက ထူးဆန်းလွှမ်းလှသည်။

သူ့စကား၏ ဆိုလိုရင်းအနက် သို့တည်းမဟုတ် သူ့ကိုယ်သူ သေချာပေါက် သိနေသည်ဟု ဆုံးဖြတ်ပြီး ပြောလိုက်သည့် အချက်ကို ကျွန်တော် ဘယ်လိုမှ ဖမ်းမရ။

သို့အတွက် ကျွန်တော်က ရိုးသားစွာပင် စိတ်ကိုလျှော့လိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘာကိုဆိုလိုချင်တာလဲ ခင်မောင်လွင်၊ မင်းပြောတဲ့စကားအတိုင်းပဲ ငါ မင်းကို အခု ပထမဆုံးအကြိမ် အဖြစ် စပြီး ပွင့်ပွင့်လင်းလင်း တိုင်ပင်ဆွေးနွေးပါတယ်၊ မင်းစိတ်ထဲမှာ ငါ့ကို ဘယ်လိုထင်နေလဲ၊ ဒီကိစ္စနဲ့ ပတ်သက်လို့ ငါ့ကို မင်းဘယ်လို နားလည်လို့လဲ၊ ငြင်းဖို့ခုန်ဖို့ မဟုတ်ပါဘူးကွာ၊ ငါတကယ်သိချင်လို့ မေးတာပါ"

ကျွန်တော့် အမူအရာနှင့် ကျွန်တော့်အပြော အဆိုတို့ကို ကြည့်ပြီး ခင်မောင်လွင်က ရယ်သည်။ ရယ်ရင်းနှင့် ခေါင်းခါရင်း…

"နေပါဦးကွာ၊ ခုချိန်က ဒါတွေဆွေးနွေးဖို့ စောပါသေးတယ်၊ ခဏတစ်ဖြုတ်တော့ မသိလိုက် မသိဘာသာပဲ ဖြစ်ဖြစ် မသိချင်ယောင်ဆောင်လို့ပဲဖြစ်ဖြစ် နေနေတာ ကောင်းပါတယ်၊ အဲဒီတော့ လောလောဆယ် မင်းဒီတစ်ခုသာလုပ်"

"ဘာလုပ်ရမှာလဲ"

"ကောင်မလေးကို မင်းအဆင်ပြေတဲ့တစ်နေ့ ငါနဲ့ချိန်းပြီး ငါ့ဆီခေါ်လာခဲ့၊ ငါအသေပိုင်တဲ့ ချာတိတ်တွေတီးဝိုင်းနဲ့ ဆက်ပေးမယ်၊ လောလောလတ်လတ် လုပ်ငန်းစလို့ရသွားတာပေါ့"

"ငွေရေးကြေးရေးကိစ္စကကော"

"ဒါအရေးမကြီးပါဘူး၊ လိုအပ်ရင် လိုအပ်သလို မင်းကို ငါ သတ်သတ်ပြောမှာပေါ့"

"ငါပြောတာတော့ မင်းမမေ့နဲ့နော် ခင်မောင်လွင်၊ ဒီကိစ္စမှာ တစ်လျှောက်လုံး ငါတန်းလန်း တန်းလန်း မပါချင်ဘူး၊ သူ့အဆော် အသွယ်နဲ့ သူ အဆင်ပြေသွားရင် ငါဘေးထွက်နေတော့မှာ"





ခင်မောင်လွင်က ရယ်ပြန်သည်။

"အေးပါ… ငါကတော့ မင်းမပါအောင် စီစဉ်မှာပါပဲ၊ ဒါပေမဲ့ မင်းဟာမင်း ဖွတ်ဝင်ပါတာမျိုးကိုတော့ ငါလဲ ဘာမှတတ်နိုင်မှာမဟုတ်ဘူး"

"ငါပါစရာအကြောင်းမရှိပါဘူးကွာ"

"အေးလေ… စောင့်ကြည့်ရသေးတာပေါ့"

ကျွန်တော် နားမလည်သော စကားများပြောပြီး ခင်မောင်လွင်က စကားလက်စသတ်သည်။

ထိုအချိန်ကတော့ ခင်မောင်လွင့်စကားများကို ကျွန်တော် တကယ်နားမလည်တာ အမှန်။

သို့သော် နောက်ပိုင်းမှာတော့ သူ့စကားကို ကျွန်တော် နားမလည်လို့မရအောင် ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



။ ၅ ။

ပြသနာက တီးဝိုင်းမှ ချာတိတ်များ အနေအထားပင် ဖြစ်သည်။

ခင်မောင်လွင်က သူတို့နှင့် တွေ့ဆုံပြီး လောလောလတ်လတ် လုပ်ငန်းစနိုင်ရန် ထွေးငယ်ကို တစ်ရက်ခေါ်လာပေးဟု မှာသည်။

ကျွန်တော်ကလည်း ခင်မောင်လွင်ကတစ်ဆင့် တစ်ရက်ချိန်းပြီးထွေးငယ်ကို ခေါ်သွားပေးသည်။

သည်မှာ အချိန်ကစကားနည်းနည်းပြောလာသည်။

စနေ၊ တနင်္ဂနွေလိုရက်မျိုးမှာ တီးဝိုင်းက ထိုပုဂ္ဂိုလ်လေးတွေကလည်း မင်္ဂလာဆောင်ပွဲတို့ ဘာတို့နှင့် အလုပ်ရှုပ်နေကြသည်။

ကျွန်တော်တို့ ပုဂ္ဂလိကလုပ်ငန်းမှာကလည်း အရေးကြီးကြီးသလို သည်ရက်မျိုးမှာ အချိန်ပိုသဘောမျိုး ဝင်သင့် ဝင်နေရသည်။





သို့အတွက် တွေ့ဆုံမည့်ရက်ကို ကြားရက်ပဲ သတ်မှတ်လိုက်ရ၏။

ကြားရက်ဆိုတော့ အလုပ်ချိန်အတွင်းမှာ ထွေးငယ်ကို အပြင်ခေါ်ထုတ်ပေးဖို့ခက်သည်။

အလုပ်ရှင်က အလုပ်သမားတွေရှေ့မှာ ထွေးငယ်ကို ကျွန်တော် ထင်ထင်ပေါ်ပေါ်ကြီး ခေါ်ထုတ်မသွားရဲ။

ပထမအကြိမ် တွေ့ဆုံ ဆက်စပ်ပေးရမှာမို့ ထွေးငယ် တစ်ယောက်တည်း လွှတ်လိုက်ဖို့ကလည်း မသင့်။

ခင်မောင်လွင်ကလည်း ညနေပိုင်းကျမှ ထိုပုဂ္ဂိုလ်လေးတွေရှိရာ အသံသွင်းစတူဒီယိုလိုက်သွားပြီး တွေ့လိုက်တာအကောင်းဆုံးဆိုသဖြင့် ကြားရက် ဗုဒ္ဓဟူးနေ့ကြီး အလုပ်သိမ်းချိန် ညနေပိုင်းကို ရွေးချယ်ချိန်းဆိုလိုက်ရသည်။

စတူဒီယိုကို ကျွန်တော်တို့နှစ်ယောက်သွားချိန်မှာ ခင်မောင်လွင်နှင့်တစ်ကွ တီးဝိုင်းအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့သား သုံးလေးယောက် အဆင်သင့် စောင့်နေကြသည်။

ခင်မောင်လွင်က လုပ်မည့်ကိုင်မည့် အစီအစဉ်ကို ကြိုတင်ပြောပြထားပြီးသားမို့ သည်ကိစ္စတွေ အကျယ်အကျယ်မပြောတော့ပဲ ကျွန်တော်တို့နှစ်ယောက်နှင့် သူတို့အဖွဲ့ကို မိတ်ဆက်ပေးသည်။

သည်ကတည်းက ကျွန်တော့်စိတ်ထဲမှာ တစ်စုံတစ်ရာ နှိုးလှိုးခုလုဖြစ်နေခြင်းဖြစ်၏။

"ရပါတယ် မထွေးထွေးငယ်၊ ဒီကအာစရိ ဦးခင်မောင်လွင်



www.burmeseclassic.com

www.burmeseclassic.com



ပြောပြထားလို့ မထွေးထွေးငယ်ကို လာခေါ်လိုက်မယ်၊ အချိန်ရ ရသလို လေ့ကျင့်တာပေါ့ မဟုတ်ဘူးလား"

"ကြီးကြီးကျယ်ကျယ်တော့ မဆိုဖူးပါဘူး ကိုဖိုးလစ်၊ ကျောင်းပွဲတွေ ဘာတွေမှာလောက်ပဲ ဆိုဖူးတာပါ၊ ဒီလိုကျကျနနလုပ်မယ်ဆိုရင်တော့ ကိုဖိုးလစ်တို့က အများကြီး သင်ပေးဖို့တော့ လိုမှာပေါ့"

"မပူပါနဲ့ ဒါတွေက ရပါတယ်၊ ကျွန်တော်တို့ တီးဝိုင်းတိုက်တဲ့နေ့တွေမှာ မထွေးထွေးငယ်ကို လာခေါ်လိုက်မယ်၊ အချိန်ရ ရသလို လေ့ကျင့်တာပေါ့ မဟုတ်ဘူးလား"

"ဟုတ်ကဲ့ ကောင်းပါတယ် ကိုဖိုးလစ်"

"ဖိုးလစ်ပြောတာ ကောင်းပါတယ်၊ လောလောဆယ် ကိုယ်ပိုင်သီချင်းမရသေးခင် လူသိများပြီးသား သီချင်းနှစ်ပုဒ် သုံးပုဒ်လောက် ကျွန်တော်တို့ဝိုင်းနဲ့ အပီတိုက်ထားလိုက်တာပေါ့၊ ဒါဆို မင်္ဂလာဆောင်တို့ အခြားဧည့်ခံပွဲတို့တွေမှာ ဝင်ဆိုလို့ရသွားပြီ မပူပါနဲ့ ကျွန်တော်တို့ အပီစီစဉ်ပေးပါ့မယ်"

စိုးဟန်ဆိုသော ဂစ်တာသမားကလည်း ဝင်ပြောသည်။

ဒရမ်သမားကလည်း အားကျမခံ

"ကိုယ်ပိုင်သီချင်းလဲ ဘာဖြစ်လဲစိုးဟန်ရာ၊ ဒီတစ်ရက်နှစ်ရက်အတွင်း နှစ်ပုဒ်သုံးပုဒ် တစ်ယောက်ယောက် ရေးခိုင်းလိုက်လဲ ရတာပဲ၊ ဖိုးလစ်ဆီမှာတောင် ရေးပြီးသားနှစ်ပုဒ် ရှိသေးတယ်၊ မချွေပေးမလို့ ရေးထားတာ မချွေ မပေးနဲ့တော့ပေါ့ကွာ၊ မထွေးထွေးပဲ ပေးလိုက်ပါတော့"





တစ်ဘက်က ဂရုတစိုက်နှင့် အားပေး အလေးထားပြုမှုများကြောင့် ထွေးငယ် အရမ်းတက်ကြွနေသည်ကို မြင်ရသည်။

"ကျေးဇူးတင်ပါတယ်ရှင်၊ ထွေးငယ်တော့ ကိုဖိုးလစ်တို့အဖွဲ့ကို အားကိုးရမှာပဲ၊ အားလဲကိုးပါတယ်၊ လိုတာရှိရင်လဲ ဝိုင်းပြုပြင်ပေးကြပါ"

"ဟာ ဒါတော့မပူပါနဲ့ ထွေးငယ်၊ ကျွန်တော်တို့ အားလုံးက ဆော်ဒါစိတ်ရှိပါတယ်၊ ဘာမှလိုလေးသေးမရှိစေရဘူး၊ လုံးဝစိတ်ချ"

"တီဗီမှာလွှင့်ဖို့တွေ ဘာတွေကော အဆင်ပြေပါ့မလား"

သည်အမေးကတော့ ကျွန်တော် ဘယ်လိုမှ မနေနိုင်စွာ ဝင်မေးလိုက်ခြင်း ဖြစ်သည်။

သူတို့က အားလုံး လွယ်ပြနေသဖြင့် ရုတ်တရက် ပျောက်ဆုံးသွားသလိုဖြစ်သော ကျွန်တော့်အခန်းကဏ္ဍကို ကျွန်တော် ပြန်နေရာယူလိုက်ခြင်းလည်း ဖြစ်သည်။

ဒါလည်း ဖိုးလစ်ဆိုသော ပုဂ္ဂိုလ်က လုံးဝဂရုစိုက်ဟန်မပြ။

"ဟာ... အဆင်ပြေပါတယ် အစ်ကိုကြီး ဘာမှမပူနဲ့၊ လောလောဆယ်ကို ဧပြီလမှ လွှင့်ဖို့ သင်္ကြန်သီချင်းတွေ သွင်းစရာရှိတယ်၊ ရှေ့လဆန်းလောက်မှာ ရက်ကောဒင်းလုပ်မယ်၊ အဲဒီမှာ ထွေးငယ်အတွက် ကျွန်တော်တို့ တစ်ပုဒ်ဖယ်ထားလိုက်မယ်၊ နှစ်ပုဒ် သုံးပုဒ်ဆိုချင်ရင်လဲ ရတယ်နော်၊ အားမနာနဲ့"

"အဲဒီအတွက် ကုန်ကျစရိတ်ကော ရှိမလား"

"ဒါတွေပြောစရာမလိုပါဘူး အစ်ကိုကြီး၊ ဦးခင်မောင်လွင်နဲ့ ညှိပြီး ကျွန်တော်တို့ အဆင်ပြေအောင် လုပ်လိုက်ပါ့မယ်၊ အစ်ကို

www.burmeseclassic.com



ကြီး အလုပ်များတယ်ဆိုတာ ဦးခင်မောင်လွင် ပြောပြလို့ ကျွန်တော်တို့ သိပြီးသား၊ အစ်ကိုကြီးအလုပ်သာ အစ်ကိုကြီးလုပ်၊ ဒီဘက်ပိုင်း ကျွန်တော်တို့ တာဝန်သာထား၊ အစ်ကိုကြီး လှည့်ကြည့်စရာကို မလိုဘူး"

ခင်မောင်လွင်ကလည်း ဝင်၍...

"ဟုတ်တယ် စိုးလတ်၊ လုပ်စရာရှိတာ သူတို့ဟာ သူတို့ စီစဉ်ပြီး လုပ်သွားလိမ့်မယ်၊ မင်းမအားရင် ဒီကိစ္စတွေ မင်းဘာမှ လိုက်ပြီး လုပ်ပေးစရာမလိုပါဘူး၊ မင်းမျက်နှာလွှဲလို့ရပါတယ်"

ကျွန်တော့်စကားနှင့် ကျွန်တော် ပိတ်မိနေပြီမို့ ကျွန်တော် ဘာမှမပြောသာတော့။ အသာလေး ဘေးကနေပဲ ကြည့်နေလိုက်သည်။

ထွေးငယ်နှင့် ဖိလစ်တို့အုပ်စု ရွှမ်းရွှမ်းဝေအောင် ပြောဆိုတိုင်ပင် ရယ်မောနေကြသည်များကိုလည်း အောင့်သီး အောင့်သက်နှင့် မြင်နေ တွေ့နေရသည်။

အပြန်လမ်းခရီးတွင် ကျွန်တော့်ရင်ထဲ၌ မီးခဲကြီးကြီးတစ်တုံး ပြာနည်းနည်းဖုံးပြီး ထည့်ထားခံရသလို ဖြစ်နေ၏။

* * *

"အစ်ကို"

စတူဒီယိုမှ အပြန်လမ်းတစ်လျှောက်လုံးမှာ ကျွန်တော် ဘာစကားမှ မပြောနိုင်ဘဲ ငြိမ်သက်နေမိသည်။





ထွေးငယ်ပြောနေသည့် ဝမ်းသာအားရ စကားများမှာလည်း ကျွန်တော် အာရုံမရောက်။

ပြောသမျှစကားတွေကို မကြားတစ်ချက် ကြားတစ်ချက်နှင့် စကားတစ်ခွန်းမှ မတုံ့ပြန်မိ။

ကြာတော့ ကျွန်တော့်ဘက်က နှုတ်ဆိတ်နေခြင်းကို သတိပြုများမိပုံပေါ်သည်။

ထွေးငယ်၏ စကားများ ရုတ်တရက် ရပ်သွား၏။ ဒါကိုလည်း ကျွန်တော် ဂရုမစိုက်အား။ ကျွန်တော့်အတွေးနှင့် ကျွန်တော် ငြိမ်သက်နေသည်။

ထပ်မံ၍ အတော်လေး ကြာသွားသည့်အခါမှာတော့ ထွေးငယ်က ငြိမ်သက်ခြင်းကို သည်းခံနိုင်တော့ပုံမရ။

ကျွန်တော့်ကို အကြာကြီး စိုက်ကြည့်နေပြီးနောက် စိတ်မရှည်သော လေသံဖြင့် ကျွန်တော့်ကို ခပ်ဆတ်ဆတ် လှမ်းခေါ်သည်။

ကျွန်တော် သူ့ကို လှည့်ကြည့်သည်။

သို့သော် ကြာရှည်ရှည် ကြည့်နေ၍တော့ မရ။ ကားမောင်းနေရသည်မို့ ခဏသာကြည့်ပြီး ရှေ့ဘက် ပြန်လှည့်သည်။

"အစ်ကို အဲဒါဘာဖြစ်နေတာလဲ"

ကျွန်တော့်ခေါင်းထဲမှာ ချီတုံ ချတုံ အတွေးများ ပေါ်လာသည်။

ကျွန်တော် ဘာဖြစ်နေသနည်း။

ကျွန်တော်ဖြစ်နေသည့်အကြောင်းများကို သူသိအောင် ဖွင့်ပြောပြလိုက်ရလျှင် ကောင်းမလား။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် ဘာမှမဟုတ်ပါဘူးပဲ ပြောပြီး ဖုံးဖိထားလိုက်ရကောင်းမလား။

"အစ်ကိုပြောလေ၊ အဲဒါ ဘာဖြစ်နေတာလဲ၊ ထွေးငယ်မေးတာ ကြားရဲ့လား"

ကျွန်တော် သက်ပြင်းတစ်ချက်ချမိသည်။

"ကြားပါတယ်"

"ကြားရင် ဘာဖြစ်လို့ ပြန်မဖြေတာလဲ"

"ဘာဖြေရမှန်းမသိလို့ပေါ့ ထွေးငယ်ရာ၊ ကိုယ့်ဟာကိုယ်လည်း ဘာဖြစ်နေမှန်း သေချာမှ မသိဘဲ"

"ဟာ မဟုတ်သေးပါဘူး၊ ကိုယ့်ဟာကိုယ်တော့ ဘာဖြစ်နေမှန်းသိရမှာပေါ့၊ ဘာလဲ ထွေးငယ်ကို တစ်ခုခု မကျေမနပ်ဖြစ်နေလို့လား၊ ပွင့်ပွင့်လင်းလင်းပြော အစ်ကိုရာ အဲလိုကြီးတော့ မြုံမနေနဲ့၊ ထွေးငယ် အစ်ကိုမကြိုက်တာ ဘာလုပ်မိလို့လဲ"

"မဟုတ်ပါဘူး၊ အဲလိုမဟုတ်ပါဘူး၊ ဒီကိစ္စက ထွေးငယ်နဲ့ မပတ်သက်ပါဘူး၊ ကိုယ့်ခံစားချက်နဲ့ ကိုယ်ပါ"

"အဲဒီခံစားချက်က ဘာလဲ ပြောပါ"

"မသိချင်ပါနဲ့ ထွေးငယ်ရာ၊ ကိုယ်မပြောချင်ဘူး"

"မပြောချင်လို့ မရဘူး အစ်ကို၊ ခုကိစ္စက ထွေးငယ်နဲ့ မပတ်သက်ဘူးဆိုတာ အစ်ကိုညာတာ၊ ဘာလို့ မပတ်သက်ရမှာလဲ၊ ထွေးငယ်နဲ့ အတူတူရှိနေတဲ့အချိန်ပိုင်းမှာတင် အစ်ကို့ အရှုအရာ ပြောင်းသွားတာပဲ၊ ထွေးငယ် ရှင်းရှင်းမေးမယ်နော်၊ အစ်ကို မညာနဲ့၊





ဘာလဲ ထွေးငယ် ဒီအလုပ် လုပ်မယ်ဆိုတာကို အစ်ကိုမကြိုက်ဘူး မဟုတ်လား"

"အဲလိုလဲ မဟုတ်ပါဘူး"

"အဲလိုမဟုတ်ရင် ဘယ်လိုလဲ၊ ဒီကိစ္စနဲ့တော့ ပတ်သက်နေတယ် မဟုတ်လား"

"အဲဒါတွေ မေးမနေနဲ့ ထွေးငယ်၊ ကိုယ်မဖြေချင်ဘူး၊ ထွေးငယ် ကိုယ့်ဟာ ကိုယ်လုပ်စရာရှိတာ ဆက်လုပ်၊ ကိုယ်ဘာဖြစ်နေတယ်ဆိုတာလဲ ထွေးငယ် စိတ်မပူဝင်စားနဲ့၊ ကိုယ့်ဟာကိုယ် ဘာဖြစ်နေနေ ဝစ်သာထား၊ အချိန်တန်ရင် သူ့ဟာသူ ကောင်းသွားလိမ့်မယ်"

"အို… ဘယ်ဖြစ်မလဲ၊ ထွေးငယ်က အစ်ကို့ကို အားကိုးပြီး အစ်ကို့မျက်နှာပဲ ကြည့်နေရတဲ့သူ၊ အစ်ကို အဲလိုကြီးဖြစ်နေရင် ထွေးငယ် ဘာမှလုပ်တတ်တော့မှာ မဟုတ်ဘူး၊ အဲလိုဆို ထွေးငယ် ဘာမှမလုပ်တော့ဘူး"

"အဲဒါက တကယ်ပြောတာလား"

"ဘာကိုမေးတာလဲ အစ်ကို"

"ကိုယ် အဲလိုကြီးဖြစ်နေရင် ထွေးငယ် ဘာမှမလုပ်တတ်တော့ဘူးဆိုတာ တကယ်ပြောတာလားလို့ မေးတာ"

"တကယ်ပေါ့၊ အဟုတ်ပြောတာ၊ ထွေးငယ်ဟာ ထွေးငယ်ဖြစ်ချင်တာ လုပ်ချင်တာက တစ်ခြားပဲ၊ ဒါပေမဲ့ အစ်ကိုမကြိုက်ဘူးဆိုရင်တော့ ထွေးငယ် ဘာမှမလုပ်ဘူး၊ လုပ်ချင်စိတ်လဲ မရှိဘူး၊ ဒီပြင်အလုပ်နဲ့ပဲ ထမင်းစားမယ်"

"သေချာတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com

"သိပ်သေချာတာပေါ့"

"အဲဒါဆိုရင်တော့ ကိုယ် အမှန်အတိုင်းပြောမယ် တွေးငယ်၊ ကိုယ် အဲဒီအလုပ်ကို တွေးငယ်ကို ဆက်မလုပ်စေချင်ဘူး"

"ဘယ်အလုပ်ကို ပြောတာလဲ၊ သီချင်းဆိုတဲ့ အလုပ်ကို ပြောတာလား"

"ဟုတ်တယ်"

"ဒါဖြင့် ဘာဖြစ်လို့ မလုပ်စေချင်ဘူးဆိုတာ အစ်ကိုပြောပြ၊ အစ်ကိုတို့ဘက်က အကျိုးအကြောင်း ခိုင်လုံရင် တွေးငယ် ဆက်မလုပ်တော့ဘူး"

"ဟင်း…"

ကျွန်တော် ထုံးစံအတိုင်း သက်ပြင်းအရင်ချမိသည်။ ပြီးမှ…

"ကိုယ့်ဘက်က အကျိုးအကြောင်း ခိုင်လုံချင်မှတော့ ခိုင်လုံမယ် တွေးငယ်၊ ဒါပေမဲ့ အဲဒီအလုပ်ကို ဆက်မလုပ်စေချင်တာတော့ အမှန်ပဲ၊ ရှင်းရှင်းပြောရရင် တွေးငယ်ကို အဲဒီလိုလူတွေအများကြီးနဲ့ ရင်းရင်းနှီးနှီး ဆက်ဆံနေတာ၊ ကိုယ့်ကွယ်ရာမှာ အဲဒီလူတွေနဲ့ လုပ်ကိုင်သွားလာရင်းက ရင်းနှီးနေတာ ကိုယ်မခံနိုင်ဘူး၊ အဲဒီလူတွေလည်း မဟုတ်ပါဘူး၊ ဒီပြင် ဘယ်ယောကျ်ားလေးနဲ့မှ တွေးငယ် ရင်းရင်းနှီးနှီး မဆက်ဆံစေချင်ဘူး၊ ဘာကြောင့်မှန်း သေချာမသိပေမယ့် စိတ်ထဲမှာ အရမ်း ဒေါသဖြစ်နေတာပဲ၊ မခံနိုင်ဘူး၊ နေလို့လဲ မရဘူး"

တွေးငယ်က ကျွန်တော့်စကားအဆုံးမှာ ရယ်သည်။

ပြီးမှ အရယ်ရပ်၍…





"ဒီကိစ္စက တွေးငယ် အတင်းတောင်းဆိုခဲ့တာ မဟုတ်ဘူး နော်၊ အစ်ကိုပဲ အစ်ကို့စိတ်ကူးနဲ့ အစ်ကိုစီစဉ်ပေးခဲ့တာ"

"ဟုတ်တယ် တွေးငယ်၊ အဲလိုစီစဉ်ပေးလိုက်ရင် ဘယ်လို လူမျိုးတွေနဲ့ ဘယ်လိုပတ်သက်ပြီး ဘာတွေဖြစ်လာလိမ့်မယ်ဆိုတာ ကိုယ် အစက နားမလည်ခဲ့ဘူး၊ တွေးငယ် စိတ်ချမ်းသာဖို့ပဲ အမိက ဘား ကြိုးစားပေးခဲ့တာ"

"ခုကျတော့ ဘာဖြစ်သွားလို့လဲ"

"မပြောတတ်ဘူး တွေးငယ်ရာ၊ တွေးငယ်နဲ့ အဲဒီလူတွေ ကိုပြောဆို ဆက်ဆံနေတာကြည့်ပြီး ကိုယ် အရမ်း နောင့်တရသွားတယ်"

"အဲဒါ အစ်ကို သက်သက်တိုတာ၊ ဒါ အလုပ်သဘော ဆက်ဆံတာပဲ အစ်ကိုရဲ့၊ ဒီလောကမှာ ဒီလိုပဲနေရတာပေါ့"

"ဟုတ်ပါတယ်၊ အဲဒါကြောင့် ကိုယ့်ကို ဂရုမစိုက်ပါနဲ့ တွေးငယ်လုပ်စရာရှိတာပဲ ဆက်လုပ်ပါလို့ ပြောတာပေါ့၊ ကိုယ်ဖြစ်နေ အခုက ဘာမှ သိပ် အဓိပ္ပာယ်ရှိတာမှ မဟုတ်တာဘဲ"

"တွေးငယ် အဲလိုပြောတာတော့ မဟုတ်ပါဘူး အစ်ကို၊ အဓိပ္ပာယ်မရှိဘူးဆိုတာလဲ မဟုတ်ပါဘူး၊ ဒီကိစ္စက သိပ် အဓိပ္ပာယ် ရှိတာပေါ့၊ အင်းလေ အစ်ကို ဒီလိုဖြစ်နေတယ်ဆိုရင်လည်း တွေးငယ် အလုပ် မလုပ်တော့ပါဘူး၊ တကယ်ပြောတာပါ၊ အထူးသဖြင့် အစ်ကို စိတ်မချမ်းမသာဖြစ်မယ့် ကိစ္စဆို ဘာအလုပ်မှ တွေးငယ် မလုပ်ချင်ဘူး၊ တစ်ခုပဲရှိတယ်"

"ပြော တွေးငယ်၊ အဲဒါဘာလဲ"

"အဲဒီအလုပ်ကို အစ်ကိုမကြိုက်တဲ့အတွက် တွေးငယ်မလုပ်



www.burmeseclassic.com

www.burmeseclassic.com

တော့ဘူး၊ ဒါပေမဲ့ အဲဒါမလုပ်ရင် ထွေးငယ် ဘာလုပ်ရမလဲဆိုတာ အစ်ကိုရွေးပေး၊ အစ်ကိုရွေးပေးတဲ့အလုပ်ကို ထွေးငယ်လုပ်မယ်''

''ခုလက်ရှိ လုပ်နေတဲ့ အလုပ်ကို ထွေးငယ် သဘောမကျ လား''

''အဲဒါ အစ်ကိုစဉ်းစားလေ၊ ဒါပဲလုပ်ဆိုရင်လည်း ထွေးငယ် ဒါပဲလုပ်မှာပေါ့၊ ထွေးငယ် အစ်ကိုဆုံးဖြတ်တာ နာခံမယ်လို့ ပြောပြီး ပြီပဲ''

''ဟင်း...''

ဘယ်နှစ်ကြိမ်မြောက် ချမိမှန်းမသိသော သက်ပြင်းကို ကျွန်တော် ချမိသည်။

ကျွန်တော် သည်ညစဉ်းစားပြီး နောက်နေ့ကျမှ အဖြေပေး မည်ဟု ထွေးငယ်ကို ကျွန်တော် ပြောခဲ့သည်။

နောက်နေ့မနက်ခင်းမှာ ကားဂိတ်ကစောင့်နေ။ ကျွန်တော် သူ့ကိုလာခေါ်မည်ဟုလည်း သေချာမှာခဲ့၏။

□





။ ၆ ။

''ဘယ်သွားမလို့လဲ ကိုစိုး''

အသင့်ထုတ်ထားသော ကားလေးရှိရာ ဆင်ဝင်အောက်သွား သည့် ခြေလှမ်းများ တုန့်ခနဲ ရပ်သွားသည်။

တခြားသူမဟုတ်။ သွယ်သွယ်။

ဣန္ဒြေမပျက်အောင် တတ်နိုင်သမျှ ကျွန်တော် ထိန်းသိမ်း ပါသည်။

အဘယ်မျှလောက် ထိန်းသိမ်းနိုင်မည်။ သို့မဟုတ် ဣန္ဒြေ ပျက်သွားမည်တော့ ကျွန်တော်မသိ။ တတ်အားသရွေ့ တည်ငြိမ်အောင် ထားသော အမူအရာဖြင့်...

''ကိစ္စလေးတစ်ခုရှိလို့ သွယ်သွယ်၊ အဲဒီကနေ တစ်ခါတည်း ဆိုင်ကိုလာခဲ့မယ်''

''ဘာကိစ္စလဲ''

www.burmeseclassic.com

www.burmeseclassic.com



ရောက်သည် မေးခွန်းက အသားလွှတ်ကြီး ဝင်ဖောက်လိုက် သော မေးခွန်းဟု သဘောပေါက်သည်။

သို့သော် မလိုအပ်ဘဲ ပြဿနာမဖြစ်စေချင်သဖြင့်…

"သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထားလို့ သွယ်သွယ်၊ သိ မကြာပါဘူး၊ ခဏထိုင်စကားပြောရုံလောက်ပဲ"

သွယ်သွယ် တစ်ခုခု ဆက်မေးမည်ပြုပြီးမှ ဘာစဉ်းစာ သည် မသိ။ ဆက်မမေးတော့ဘူး ဘရိတ်အုပ်လိုက်သည်။

ကျွန်တော် ကားပေါ်တက်ပြီး မောင်းထွက်လာခဲ့၏။

ဒါမျိုးကိစ္စတွေကြောင့်ပဲ သွယ်သွယ်ကို ကျွန်တော် မကြို ခြင်းပင်။

* * *

"မနေ့က ကိစ္စနဲ့ ပတ်သက်လို့ ကိုယ်ဆုံးဖြတ်တာကို ထွေ ငယ် တကယ်နာခံမှာလား"

"အင်း… နာခံမယ်"

"တကယ်လို့ ကိုယ့်ဆုံးဖြတ်ချက်ကြီးက မှားနေရင်၊ ဒါ မဟုတ် တစ်ဘက်စောင်းနင်းကြီး ဖြစ်နေတယ်ဆိုရင်ကော"

"ဖြစ်ပစေပေါ့၊ ဘာဖြစ်လဲ"

"ကိုယ့်မှာ ဘာအကြောင်းပြချက်မှ မရှိဘူး ထွေးငယ်"



"ဒါပေမဲ့ လုပ်တာတော့ မလုပ်စေချင်ဘူး မဟုတ်လား"

"ဟုတ်တယ်၊ ထွေးငယ် ဒီပြင် ယောကျ်ားလေးတွေနဲ့ ဘယ် လိုမှ မပတ်သက်စေချင်ဘူး၊ ထွေးငယ်ပြောသလိုပဲ အဲဒီကိစ္စမှာ ကိုယ် သိပ်သဝန်တိုနေမိတယ်၊ အဲဒါကကော ထွေးငယ် ဘယ်လိုသဘောရ လဲ"

"ဘာကိုလဲအစ်ကို၊ ထွေးငယ် ဘာကို ဘယ်လိုသဘောရ ရမှာလဲ"

"ကိုယ် အဲလကားနေရင်း အူတိုနေမိတာကိုပေါ့"

ထွေးငယ်က ရယ်ရင်း…

"ရပါတယ်၊ ဘာဖြစ်လဲ တိုပေါ့"

"နောက်တစ်ခုက ဒီပြင်လူတစ်ယောက်ယောက်ကို ထွေးငယ် အားကိုးသွားမှာကိုလည်း စိုးရိမ်ရတယ်၊ ထွေးငယ် အမြဲ တမ်း ကိုယ့်ကိုပဲ အားကိုးစေချင်တယ်"

"ဒါလဲ ရပါတယ်၊ ထွေးငယ်လည်း အဲလိုပဲ အားကိုးချင် တာပဲ"

"ထွေးငယ်နဲ့ ပတ်သက်လို့ အစစ အရာရာ အားလုံး ကိုယ် တာဝန်ယူချင်တယ်၊ အဲဒါကော ဖြစ်မလား"

"ဖြစ်ပါတယ်"

"ဒါဖြင့် ထွေးငယ်ကို ကိုယ် လက်ထပ်မယ်နော်"

"အို… အစ်ကိုက အဲဒီအမိပ္ပာယ်ကြီးနဲ့ ပြောနေတာလား"

"ဘာဖြစ်လို့လဲ ထွေးငယ်၊ ကိုယ့်ကို စိတ်ဆိုးသွားလို့လား"

"အဲလိုတော့ မဟုတ်ပါဘူး အစ်ကို၊ ဒါပေမဲ့ လက်ထပ်

www.burmeseclassic.com

www.burmeseclassic.com



တယ် ဆိုတာ ချစ်မှလက်ထပ်လို့ ရတာမျိုးမဟုတ်လား၊ ပထမအဆင့်က ထွေးငယ်ကို အစ်ကိုချစ်ဖို့လိုတယ်လေ"

"ဟာ… ချစ်တာပေါ့ ထွေးငယ်ရာ၊ ချစ်လို့ လက်ထပ်ခွင့်တောင်းတာပေါ့၊ ဒါပေမဲ့ ကိုယ့်အသက်အရွယ်နဲ့ အဲဒီစကားတွေပြောဖို့ သိပ်ကလေးကလားနိုင်နေမလားလို့ လိုရင်းကို အဓိကထားပြောတာပါ"

"အစ်ကိုကတော့ ဟုတ်တာပေါ့၊ ဒါပေမဲ့ ထွေးငယ်က ကလေးပဲ၊ ကလေးကလား စကားတွေလည်း ကြားချင်သေးတာပေါ့၊ အစ်ကို ထွေးငယ်ကို ဘယ်တုန်းက စချစ်လဲ၊ ဘာဖြစ်လို့ချစ်တာလဲ၊ ဘယ်လောက် ချစ်တာလဲ၊ တကယ်ချစ်တာကော ဟုတ်ရဲ့လား၊ ဘာလား ညာလားနဲ့ သိချင်တာတွေ အများကြီးပဲ၊ ဒါတွေ အစ်ကိုအရင်ပြောဖို့တော့ သင့်တာပေါ့"

သည်တစ်ခါ ရယ်ဖြစ်သူက ကျွန်တော်…

"ဘာရယ်တာလဲ အစ်ကို"

ထွေးငယ်က ရှက်ကိုး ရှက်ကန်းဖြင့် မေးသည်။

ကျွန်တော်က ရယ်မြဲရယ်ရင်း…

"လူကြီးတွေရှက်ရင် ဘာလုပ်တတ်သလဲ ထွေးငယ်"

"ကလေးရှက်တော့ ငို၊ လူကြီးရှက်တော့ ရယ်တယ်လို့ ထွေးငယ်ကြားဖူးတာပဲ၊ ဘာလဲ အစ်ကိုက ရှက်သွားလို့လား"

"အင်း…"

"အမယ်လေး အစ်ကိုရယ်၊ အစ်ကိုကပဲ ရှက်ရသေးတယ်တဲ့၊ ရှက်တော်မူရခြင်း အကြောင်းရင်းကို ပြောပါဦး၊ ဦးလူကြီး"





"သော်… ဒီအရွယ်ကြီးကျမှ ချစ်ကြောင်း ကြိုက်ကြောင်းတွေ ဖွဲ့နွဲ့ပြောရမှာမို့လို့ပါ၊ ဒါပေမဲ့ ခုတော့ မရှက်တော့ပါဘူးလေ၊ ပြောပြမယ်လာ ထွေးငယ်၊ တစ်နေ့ရာရာမှာ မုန့်တစ်ခုခုစားရင်း အဲဒီအကြောင်းတွေ ပြောတာပေါ့"

"ဟာ… မုန့်မစားဘဲ ဒီအတိုင်း ပြောလို့မရဘူးလား"

"မရဘူး ထွေးငယ်ရဲ့၊ လူကြီးက ကလေးကိုကြိုက်ရင် မုန့်ပေးကြိုက်ရသတဲ့၊ အဲဒါကြောင့် ပိုသေချာသွားအောင် မုန့်အရင်ကျွေးရတာ ထွေးငယ် ကိုယ့်ကိုချစ်လား"

"အို… ဘယ်သိဦးမှာလဲ၊ အစ်ကိုမှ ထွေးငယ်ကို ဘာမှ မပြောသေးဘဲနဲ့"

"ထွေးငယ်ကို ကိုယ်ချစ်တယ် ထွေးငယ်၊ ဘယ်တုန်းက စချစ်လဲဆိုတော့ စတွေ့ကတည်းကလို့ ထင်တာပဲ၊ ဒါပေမဲ့ သိပ်တော့ မသေချာဘူး၊ သေချာသွားတာက မနေ့ကမှ မနေ့ကတော့ ထွေးငယ်ကို ကိုယ်အရမ်းချစ်နေပြီဆိုတာ သေချာသိသွားတယ်၊ တကယ်ချစ်တာပါထွေးငယ်၊ တစ်သက်လုံးချစ်သွားဖို့လဲ သေချာပါတယ်၊ လက်လဲ သိပ်မကြာခင် လက်ထပ်မယ်၊ ကဲ… ထွေးငယ်ဘက်က အဖြေပဲပေးတော့"

ထွေးငယ်က ရယ်သည်။

"မဆိုးပါဘူး၊ အစ်ကိုက ထွေးငယ်ပြောဆိုလဲ ရှက်ရှက်နဲ့ ပြောပေးသားပဲ၊ ဒါဆုံးဖြတ်ချက်အမှန်ပဲပေါ့ အစ်ကို၊ ဟုတ်လား"

"ဟုတ်တယ် ထွေးငယ်၊ အဲဒါ ဆုံးဖြတ်ချက်အမှန်ပဲ"

"အဲဒါဆို ထွေးငယ်ဘာအဖြေပေးစရာလိုသေးလဲ အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ အစကတည်းက အစ်ကို့ ဆုံးဖြတ်ချက်ကို ထွေးငယ် နာခံပါ့မယ်လို့ ပြောထားပြီပဲ"

ထိုနေ့က ဆိုင်းအပြန် တစ်နာရီလောက် နောက်ကျသည်။ သွယ်သွယ်မျက်နှာ မှုန်ကုပ်နေသည်။

❑





။ ၇ ။

"ငါ နားလည်ပါတယ် စိုးလတ်၊ ဒီကိစ္စနဲ့ ပတ်သက်လို့ အံ့သြစရာလဲ ငါ့မှာ ဘာမှမရှိပါဘူး၊ အစကတည်းက ဒီလိုဖြစ်လာလိမ့်မယ်လို့ ငါတွက်ပြီးသားပဲ"

ထွေးငယ်နှင့်ပတ်သက်သည့် အခြေအနေ အကျိုးအကြောင်း ပြောပြသောအခါ ခင်မောင်လွင်က အေးအေးဆေးဆေးနှင့် ဤစကားကို ပြောသည်။

အံ့သြနေမိသည်က ကျွန်တော်…

"အင်း… ဘယ်လိုလုပ်ပြီး ကြိုသိ၊ ကြိုတွက်နိုင်တာလဲ ခင်မောင်လွင် မှန်တာပြောရရင် တစ်နေ့၊ တစ်ချိန် ဒီလိုဖြစ်လာမယ်လို့ ငါ လုံးဝမထင်ခဲ့မိဘူး၊ ဒီလိုဖြစ်လာပါစေဆိုတဲ့ စိတ်နဲ့လဲ ထွေးငယ်ကို ငါကူညီခဲ့တာ မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



“ဒီကိစ္စက သိပ်ဆန်းဆန်းပြားပြားကိစ္စမဟုတ်ဘူး စိုးလတ်ရာ၊ ငါ့ဘက်က ကြိုတင်တွက်နိုင်တာလဲ သိပ်အံ့ဩလောက်တဲ့ကိစ္စမျိုး မဟုတ်ပါဘူး၊ နှင်းဆုံးပြီး ငါးနှစ်ကျော်ကာလအတွင်းမှာ မိန်းကလေး တော်တော်များများနဲ့ မင်း တွေ့ဖူးခဲ့တာပဲ၊ ဒါပေမဲ့ ဒီမိန်းကလေးအပေါ်ထားတဲ့ သဘောထားမျိုး တစ်ခါမှ မင်းမဖြစ်ခဲ့ဖူးဘူး၊ ဒီမိန်းကလေးကျမှ မင်းဘက်က ထူးထူးခြားခြား လှုပ်ရှားနေတာတွေ့တော့”

“အဲဒါတော့ ဟုတ်တယ် ခင်မောင်လွင်၊ ထွေးငယ်ကျမှ ငါ့ဘက်က ထူးထူးခြားခြား စိတ်ကော ကိုယ်ကော လှုပ်ရှားနေမိတယ်ဆိုတာ ငါ ဝန်ခံပါတယ်၊ အဲဒီတော့ ထွေးငယ်ကို ငါချစ်တယ်ဆိုတဲ့အပိုင်းကိုတော့ မင်းလက်ခံပြီပေါ့၊ အဲဒီအတွက် ဘာပြောစရာရှိသေးလဲ”

“မရှိပါဘူး၊ လက်ခံပါတယ်၊ ဘာဖြစ်လို့လဲ”

“မဟုတ်ဘူးလေ၊ တစ်ခါတုန်းက မင်းရယ် ငါရယ် နှင်းရယ်ဟာ သူငယ်ချင်းတွေမဟုတ်လား”

“ငါ မင်းကို ပြောဖူးပါတယ် စိုးလတ်၊ ယောက်ျား တစ်ယောက်အနေနဲ့ မင်းကို ငါအစစ နားလည်ပါတယ်လို့၊ ခုမှပြောတဲ့စကားမဟုတ်ဘူးနော်၊ ဟိုတစ်ခါ ထွေးငယ်ကိစ္စ မင်းလာ တိုင်ပင်တည်းက”

“အင်း…”

“တစ်ခုတော့ရှိတာပေါ့၊ အခု ထွေးငယ်နဲ့ မင်းကိစ္စမှာ နှင်းက အစိကအခန်းက မပါဝင်တော့ပေမယ့် ကလေးတွေကိစ္စကို မင်း



အဆင်ပြေအောင်လုပ်ဖို့တော့ လိုလိမ့်မယ်”

“ဘယ်လိုဟာကို ပြောတာလဲ ခင်မောင်လွင်”

“အလေးတွေနဲ့ ထွေးငယ်ရဲ့ ဆက်ဆံရေးပေါ့၊ ဘာပဲပြောပြော ကလေးတွေနေရာကကြည့်ရင် ထွေးငယ်ဟာ”

ခင်မောင်လွင်က အားနာဟန်ဖြင့် စကားကို မဆက်ဘဲ ရပ်သည်။ ကျွန်တော်က ဖြည့်စွက်၍…

“မိထွေး ဖြစ်နေတယ် ခင်မောင်လွင်၊ ဟုတ်ပါတယ်၊ ဒါကိုလဲ ငါထည့်စဉ်းစားလို့ မရပါဘူး၊ အသေးစိတ်ကိစ္စတွေတော့ ထွေးငယ်နဲ့လဲ ထပ်ညှိရဦးမှာပါ၊ ခုဟာက ငါနဲ့ ထွေးငယ် ဒီလို အခြေအနေရှိပြီဆိုတဲ့ ပထမအဆင့်မှာ အရင်းနှီးဆုံးဖြစ်တဲ့ မင်းကို အရင်ဦးဆုံး ဖွင့်တိုင်ပင်ကြည့်တာပါ”

“အိမ်ထောင်ဘက်ဆုံးပြီး ငါးနှစ်အကြာမှာ တစ်ဝင်ထူဖို့ ကြိုးစားတဲ့ လူတစ်ယောက်ကိုတော့ ငါ့အနေနဲ့ ဘာမှ အထွေအထူး ပြောစရာကို မရှိပါဘူး၊ ဒါပေမဲ့…”

“ဒါပေမဲ့ ဘာဖြစ်လဲ ခင်မောင်လွင်”

“ဒါပေမဲ့ လောကရဲ့ သဘောသဘာဝလေးတစ်ခုကိုတော့ မင်း အာရုံထဲမှာ အမြဲ နှလုံးသွင်းထား၊ အဲဒါက ဘာလဲဆိုတော့ တို့နိုင်ငံရဲ့ လူမှုပတ်ဝန်းကျင်ဟာ ဘယ်လိုနည်းနဲ့ ပြုပြု၊ နောက်အိမ်ထောင်ပြုတယ်ဆိုတာကို သိပ်သဘောမတွေ့တဲ့ကိစ္စပဲ”

“ဘယ်လို သဘောမတွေ့တာလဲ”

“အစုံပေါ့ကွာ၊ ပထမအိမ်ထောင်နဲ့ မကွာဘဲ ထပ်ယူယူ၊ ကွာပြီးပဲ ထပ်ယူယူ၊ တစ်အိမ်ထောင်ပျက်စီးလို့ နောက်တစ်အိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



ပဲ ထွေထောင်ထွေထောင်၊ မစာတ်သာလို့သာ ကြည့်နေရမယ်၊ သိပကြိုက်တတ်တဲ့ ခလေ့မရှိဘူး၊ အကောင်းပြောရိုးထုံးစံလဲ သိပ်မရှိဘူး၊ အဆိုးဆုံး ဘာလဲသိလား"

"မသိဘူး..."

"လူပို့ အပျို့ အိမ်ထောင်ပြုတဲ့ကိစ္စမှာ တို့လူမျိုးဟာ ကာယကံရှင်နှစ်ယောက်နဲ့ သူတို့အချစ်ကို ဦးစားပေးသလောက်၊ အဲဒီ နောက် အိမ်ထောင်ကိစ္စမှာ ကာယကံရှင်တွေရဲ့ ခံစားမှုကို ဘယ်တော့မှ ထည့်မတွက်နိုင်တဲ့ ဓလေ့ပဲ မင်း ကြုံပါလိမ့်မယ်"

"ဪ... ဖြစ်နိုင်ရင်တော့ ဘယ်သူက အလကားနေရင်း နောက်အိမ်ထောင်ပြုချင်မလဲကွာ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ လူမျိုးတစ်မျိုးမှာ သူ့သားနဲ့ သူ့ တန်ဖိုးထားတတ်တဲ့ ဓလေ့လေးတွေ ရှိတာကိုး၊ တို့ဆီမှာက ငယ်လင်ငယ်မယား၊ ကောင်းကောင်းဆိုးဆိုး ရာသက်ပန်လက်တွဲရမယ်ဆိုတဲ့ အယူအဆရှိတယ်၊ ဒါက မင်းကိစ္စနဲ့ မဆိုင်ဘူး၊ မင်းကိစ္စက တစ်ပတ်လဲမှ တစ်ပင်ထူဆိုတဲ့ ကိစ္စမျိုးပဲ"

"ဒါပေမဲ့ ပြဿနာတွေတော့ ရှိမှာပဲ မဟုတ်လား"

"ရှိမှာပေါ့ စိုးလတ်ရာ သိပ်ရှိမှာပေါ့၊ မင်းကြုံရမယ့် ပြဿနာက မင်းထင်တာထက်တောင် ပိုများဦးမယ်"

"ဟင်း..."

ခင်မောင်လွင် စကားအဆုံးမှာ ကျွန်တော် သက်ပြင်းချသည်။

ထွေးငယ်နှင့် ကျွန်တော့်ကြားမှာ ပျော်စရာလေးတွေက ခုမှ စရုံရှိသေးသည်။





အင်းလေ စရုံဆိုတာထက် သိပ်ပျော်စရာကောင်းမှာပဲဟု ထင်ရရုံရှိပါသေး၏။

* * *

"အစ်ကို့ကို ခေါ်ဖို့ နာမည်တစ်ခု ထွေးငယ် ရွေးထားလိုက်ပြီ"

"ဟုတ်လား ထွေးငယ်၊ ဘယ်လိုခေါ်မလို့လဲ"

"ကိုလတ်လို့"

"ကိုလတ် ဟုတ်လား"

"ဟုတ်တယ်၊ ကိုလတ်နာမည်ထဲက စာလုံးတစ်လုံးလည်း ပါအောင်၊ နောက်တစ်ခုက ထွေးငယ်မှာ အစ်ကိုကြီးပဲရှိပြီး မမလေးနဲ့ ကိုကိုကြီးကြားမှာ အစ်ကိုလတ် မရှိဘူး၊ ကိုလတ်ကို အစ်ကို့နေရာမှာလည်းထားရင်း ဒီနာမည်ကို ထွေးငယ် မနည်းရွေးလိုက်ရတာ"

"ကိုယ်ကတော့ ထွေးငယ်ပဲ ခေါ်မယ်နော်"

"အင်း... ဒါတော့ ကိုလတ်ကြိုက်သလိုခေါ်ပေါ့"

"အခေါ်အဝေါ်ကိစ္စလေး ပြီးပြတ်သွားရင် နောက်တစ်ခု အရေးကြီးတာလေး ဆွေးနွေးရအောင် ထွေးငယ်"

"ဘာလဲ ကိုလတ်"

"ထွေးငယ်နဲ့ ကိုလတ် လက်ထပ်ဖို့ကိစ္စပါ"

"ဟာ... ကိုလတ်ကလည်း ဖြည်းဖြည်းပေါ့၊ ဒီလိုပဲ နိုး



www.burmeseclassic.com

www.burmeseclassic.com



ကြောင် နိုးဖုက်နဲ့ ပျော်ပျော်ရွှင်ရွှင်လေး နေလိုက်ပါဦး ကိုလတ်ရယ်၊ အမှန်ပြောရရင် ကိုလတ်ကို ထွေးငယ်ချစ်လွန်းလို့သာ ကိုလတ်အချစ်ကို လက်ခံတုံ့ပြန်ရတာ၊ တကယ်တမ်းကျတော့ ကိုလတ်နဲ့ ထွေးငယ် ကြားမှာ ပြဿနာတွေ အများကြီးရှိတယ်နော်၊ အဲဒါ ကိုလတ် သိရဲ့လား"

"ဟင်း လာပြန်ပြီလား၊ ဒီပြဿနာဆိုတဲ့စကား မနေ့ကလည်း ခင်မောင်လွင်နဲ့ ကိုယ်တွေ့တော့ ဒီပြဿနာကိစ္စပဲ၊ သူက ပြောတယ် ထွေးငယ်၊ ခု ထွေးငယ်ကလည်း ဒီစကားပြောလာပြန်ပြီ"

"ကိုခင်မောင်လွင်က ဘာတွေပြောလို့လဲ ကိုလတ်"

"အတိအကျ ပြဿနာက ဘာပြဿနာဆိုတာမျိုးတော့ မပြောပါဘူး၊ ပြဿနာတွေရှိမယ်ဆိုတာပဲ ပြောတာပါ၊ အတိအကျကတော့ ပြဿနာတစ်ခုပဲ သူကပြောတယ်"

"အဲဒါက ဘာလဲဟင်"

"ကလေးတွေကိစ္စ ထွေးငယ်၊ ဒီကိစ္စ ထွေးငယ်နဲ့ စကားဆွေးနွေးပြီးပြီလားတဲ့"

"အဲဒီတော့ ကိုလတ်က ဘာပြောလိုက်လဲ"

"မဆွေးနွေးရသေးဘူးလို့၊ ဒါပေမဲ့ ဒီကိစ္စကတော့ ထွေးငယ်လဲ နားလည်မှုရှိမှာပါလို့တော့ ပြောလိုက်တယ်"

သည်တစ်ခါ သက်ပြင်းချရသူက ထွေးငယ်။

"ဟင်း..."

ထွေးငယ်က သက်ပြင်းချရင်း...





"ဒီကိစ္စ ထွေးငယ်ဘက်က အပြီးအပိုင် ဆုံးဖြတ်ချက်ချပြီးသားပါ ကိုလတ်ရယ်၊ ကိုလတ်မှာ သားနဲ့ သမီး ရှိနေတာ သိရဲ့ သားနဲ့ ထွေးငယ် သူတို့ကိုမေ့ပြီး ကိုလတ်အချစ်ကို တုံ့ပြန်ခဲ့တာမဟုတ်ဘဲ"

"ထွေးငယ် ဆုံးဖြတ်ချက်က ဘာလဲထွေးငယ်"

"ကိုလတ်သားနဲ့ သမီးဟာ ထွေးငယ်ရဲ့ သားသမီးပဲ ဖြစ်ရမှာပေါ့၊ ထွေးငယ် သူတို့လေးတွေကို ထွေးငယ်ရဲ့ သားလေးတွေ သမီးလေးတွေ အနေနဲ့ ကြိုပြီး ချစ်ပြီးသားပါ၊ သူတို့လေးတွေရဲ့ မေတ္တာကို မတုံ့အပြန်ရအောင်လဲ ထွေးငယ် မဖြစ်မနေ ကြိုးစားရမှာပေါ့"

"ဝမ်းသာပါတယ် ထွေးငယ်ရယ်၊ ပြီးတော့ ကျေးဇူးလဲ တင်ပါတယ်၊ ထွေးငယ် ဒီလိုဆုံးဖြတ်မယ်လို့လဲ ကိုယ် မျှော်လင့် ယုံကြည်ထားခဲ့ပါတယ်၊ ဒါဆိုရင် ကိုယ်တို့ဘဝမှာ ပြဿနာဆိုးဆယ်ရာခိုင်နှုန်းလောက် ပြေလည်သွားပါပြီ"

ထွေးငယ် ခေါင်းခါသည်။

"မဟုတ်ဘူး ကိုလတ်၊ ဒီကိစ္စကို အစကတည်းက ထွေးငယ်က ပြဿနာလို့ မယူဆခဲ့ဘူး၊ ထွေးငယ်ရယ်၊ ကိုလတ်ရယ်၊ သားနဲ့သမီးရယ် သုံးဦးသုံးဖလှယ်ကြားမှာ ညှိနှိုင်းလို့ မရမယ့် ပြဿနာတစ်ခုမှ မရှိဘူး"

"ဒါဖြင့် ပြဿနာက ဘယ်မှာရှိနေလို့လဲ ထွေးငယ်"

"အဓိကကတော့ ကလေးတွေ ဖယ်ပြီး ကျန်တဲ့ ကိုလတ်သားစုနဲ့ ထွေးငယ်အိမ်၊ ထွေးငယ် မိသားစုပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အိမ်ကိစ္စကိုတော့ ကိုယ့်ဟာကိုယ် ပြေလည်အောင် ရှင်းပါ့မယ်၊ ထွေးငယ်အိမ်၊ ထွေးငယ် မိသားစု ပြဿနာက ဘယ်လိုဟာမျိုး ဖြစ်နိုင်လို့လဲ"

"ဘယ်လိုမျိုးတွေ တက်လာမလဲတော့ ထွေးငယ်လည်း မပြောတတ်ဘူး ကိုလတ်၊ ဒါပေမဲ့ သေချာပေါက်တက်လာမယ့် ပြဿနာတစ်ခုကတော့ ထွေးငယ်ပြောနိုင်တယ်၊ အဲဒီကိစ္စလည်း ကိုလတ်ကို ထွေးငယ် ဖွင့်ပြောပြချင်နေတာနဲ့ အတော်ပါပဲ"

"ဘာလဲ ထွေးငယ်"

"ကိုလတ်ကို တမင်မပြောဘဲ ထားခဲ့တာ၊ ထွေးငယ်မှာ အိမ်ကမိဘတွေ ဘာသောတူထားတဲ့ လူတစ်ယောက်ရှိတယ်"

"ဟင်"

"တရားဝင် စေ့စပ်တာတို့ လုပ်ထားတာတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ လူကြီးချင်း စကားပြောဆိုထားတာတော့ ရှိတာပေါ့၊ ထွေးငယ်ကလည်း ခေါင်းညိတ်ထားခဲ့ပြီးသား"

"အဲဒီတော့ ဘယ်လိုလုပ်မလဲ ထွေးငယ်၊ ခုလူကကော ဘယ်မှာလဲ"

"ဒီကိစ္စကတော့ ထွေးငယ်ပဲ ကြည့်ရှင်းရမှာပေါ့လေ၊ အဲဒီတုန်းကတော့ ထွေးငယ်လည်း ကိုလတ်နဲ့ ခုလိုဆုံရ ချစ်ရမယ်ဆိုတာမှ မသိသေးတာ၊ သာမန်အားဖြင့် လက်ထပ်ဖို့သင့်တဲ့ လူတစ်ယောက်ပဲလေ ဆိုပြီး ခေါင်းညိတ်ခဲ့တာပေါ့၊ ခုတော့ အချစ်ဆိုတဲ့ ပြဿနာက ဝင်လာပြီ၊ ထွေးငယ်လဲ ဘာမှ မတတ်နိုင်တော့ဘူး၊



သူ့ကိုပဲ နားလည်အောင် ပြောပြီး ဖြတ်တောက်ရှင်းလင်းရတော့မှာပေါ့၊ ဒါပေမဲ့ ခုတော့ သူ ဒီမှာ မရှိသေးဘူး"

"ဘယ်ရောက်နေလို့လဲ"

"တာချီလိတ်မှာ၊ ဟိုမှာ သူ့အလုပ်က တာဝန်ကျနေတော့ သုံးလတစ်ခါ လေးလတစ်ခါလောက်ပဲ ရန်ကုန်ကို လာနိုင်မယ်လို့ ပြောတယ်၊ ထွေးငယ်တို့ ရန်ကုန်ကို ပြောင်းပြီးစက တစ်ခါတော့ လာသွားတယ်"

"အဲဒီကိစ္စကို ထွေးငယ် ကိုယ့်ဘာသာကိုယ် တာဝန်ယူပြီး ရှင်းနိုင်တယ် မဟုတ်လား"

"ရှင်းနိုင်ပါတယ်၊ ရှင်းနိုင်လို့ပဲ ဒီကိစ္စ ယတိပြတ် ဆုံးဖြတ်ခဲ့တာပေါ့"

"အဲဒါဆိုလဲ အဲဒီကိစ္စကို မေ့ထားလိုက်တော့မယ် ထွေးငယ်ရာ၊ ဒီကိစ္စ အစကတည်းက ကိုယ်မသိတာ၊ ခုလဲ မသိသလိုဘဲနေလိုက်တော့မယ်၊ ပြီးခဲ့တဲ့ကိစ္စတွေလည်း ကိုယ် စိတ်လဲမဝင်စားဘူး၊ ကိုယ်လည်း ဘာမှမပြောပြမနေနဲ့တော့"

ထွေးငယ် ရယ်သည်။

"အမှန်တော့ အဲဒါအကောင်းဆုံးပါပဲ"

"ဟုတ်တယ် ထွေးငယ်၊ ခုလောလောဆယ်မှာ အဲဒီပြဿနာဆိုတဲ့ဟာတွေကိုတောင် ခေါင်းထဲ လုံးဝမထည့်ချင်သေးဘူး၊ ဖြစ်မယ့်ပြဿနာက အချိန်တန်ရင် သူ့စရိုက်နဲ့ သူလာပြီး ဖြစ်လာမှာပါ၊ အဲဒီတော့မှပဲ ရှင်းစရာရှိတာ ရှင်းတော့မယ်၊ ခုချိန်မှာ ထွေးငယ်နဲ့ ကိုယ် စိတ်ချမ်းသာစရာလေးတွေပဲ ရှာကြံပြီး ပျော်နေချင်သေး

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကိုယ့်ဘဝမှာ အဲလိုမပျော်ဖြစ်ခဲ့တာ ကြာပြီ၊ ဒီနေ့လည်း အလုပ်ရှိတဲ့နေရာကို နောက်ကျနိုင်သလောက် နောက်ကျပြီးတော့ပဲ သွားတော့မယ်၊ ထွေးငယ်နားမှာ ကိုယ် အကြာကြီး နေချင်တယ်''

''အဲဒါလည်း အကောင်းဆုံးထဲက အကောင်းဆုံးတစ်ခုပဲ ကိုလတ်''

ခုမှ စိတ်လက်ပေါ့ပါးစွာ ရယ်မောဖြစ်တော့သည်။

ရှမ်ပူနံ့လေးများ သင်းပျံ့ပျံ့ ကြိုင်နေသေးသော ထွေးငယ်၏ ဆံပင်ဖွာဖွာလေးများကို ကျွန်တော် အားရပါးရ ရှိုက်နမ်းလိုက်သည်။

ထွေးငယ်က ကျွန်တော့် ရင်ခွင်ထဲသို့ ပို၍ တိုးဝင်လာ၏။





॥ ၈ ॥

လက်ထပ်ဖို့ကိစ္စ ခဏာမေ့ထားလိုက်ချိန်တွင် ကျွန်တော်နှင့် ထွေးငယ်တို့အကြားမှာ စိတ်မချမ်းသာစရာလေးများ ပို၍ တိုးပွားလာ၏။

အနည်းဆုံး တစ်နေ့ နှစ်ခါလောက်တော့ ထွေးငယ်နှင့် ကျွန်တော် ပုံမှန်တွေ့ဆုံခွင့်ရနေသည်။ မနက်ပိုင်းတစ်ခေါက်က မြောက်ဥက္ကလာကနေ အလုပ်ရုံအထိ ထွေးငယ်ကို သွားကြိုရင်း အချိန်ရ ရသလို တွေ့နိုင်သည်။ ညနေပိုင်းကျတော့ အလုပ်ရုံမှနေ မြောက်ဥက္ကလာပြန်ပို့ရင်း အချိန်ရ ရသလို တွေ့နိုင်သည်။

သည်ကြားထဲ တနင်္ဂနွေတစ်ရက်ကိုလည်း သိပ်ချမ်းသာမပေး။ အခြားအရေးကြီးသော အကြောင်းကိစ္စမပေါ်လျှင် မနက်ကနေ ညနေစောင်းလောက်အထိ အိမ်ကို အကြောင်းတစ်ခုခုစီပြီး တစ်နေကုန်နီးပါး တွေ့နိုင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ပိုင်းနှင့် ညနေပိုင်းကြားရက်တွေကတော့ အချိန်လည်း သိပ်မရ။ အလုပ်ရဲ့ အချိန်မီဝင်ရန် အိမ်အပြန် သိပ်နောက်မကျ ကိစ္စများကိုလည်း ထောက်ထားနေရသဖြင့် သိပ်ဝေးဝေးလံလံ ဘယ် နေရာမှ မသွားဖြစ်။

ခရီးလမ်းသင့်နေသော မယ်လမုဘုရား၊ ကမ္ဘာအေးဘုရား မရမ်းကုန်းလမ်းဆုံက မြိုင်ဟောဝန်ဥယျာဉ်နှင့် ပြည်သူ့ ဥယျာဉ် နေရာမျိုးလေးတွေ၌သာ တစ်ခုခု စားသောက်ရင်း စကားပြော ကား မောင်းရင်း ကားကက်ဆက် သီချင်းလေးတွေ ဖွင့်နားထောင်။ တစ် တလေတော့လည်း ကားလေးထဲမှာ တူတူထိုင်၍ ဆံစလေးတွေ ပါ လေးတွေ နမ်းရင်း တစ်ယောက်ကို တစ်ယောက် ထွေးပိုက်သည် အလုပ်လေးတွေနှင့် အချိန်ကုန်ခဲ့သည်။

တနင်္ဂနွေလိုနေ့မျိုးမှာတော့ နည်းနည်း ဝေးဝေးလံလံ အရပ် ကလေးတွေ သွားနိုင်၏။

ကျိုက္ကလို့ ဘုရား၊ မင်္ဂလာဒုံဥယျာဉ်၊ လှော်ကား သဘာဝ ဥယျာဉ်။ တစ်ခါတလေလည်း ပဲခူးလောက်အထိ ကားမောင်းပြီး ဘုရားဖူးနိုင်သည်။

ကျွန်တော်တို့နှစ်ယောက် ထိုပုံမှန်တွေ့ဆုံခြင်း လေးမျိုးဖြင့် နေလိုက်ရသည့်ကာလက သိပ်တော့မကြာ။ အားလုံးပေါင်းမှ နှစ်လ လောက်ပဲရှိမည်။

သို့သော် ထိုနှစ်လလောက် အတောအတွင်းမှာ အတော်လေး နေရာစုံစုံတော့ သွားလာလည်ပတ်နိုင်ခဲ့၏။

မှန်တာပြောရလျှင် ကျွန်တော်ကိုယ်တိုင်လည်း ကျွန်တော့်





အရွယ်၊ ကျွန်တော့်ဘဝနှင့် ကျွန်တော့် ပတ်ဝန်းကျင်ကိစ္စများကို မေ့လျော့နေခဲ့၏။

နှင်းနှင့်တုန်းကမှ ကျောင်းသား၊ ငွေကြေးအခြေအနေကလည်း မပြည့်စုံသမို့ သည်လောက် စိတ်သွားတိုင်း ကိုယ်မပါနဲ့။ ခုကျတော့ အစစ ပြည့်စုံနေသည့် အခြေအနေမျိုးစမို့ စိတ်ထဲမှာ ဖြစ်ချင်သမျှ အားလုံးကို စိတ်ကြိုက် ဖန်တီး ပျော်ရွှင်အောင် လုပ်လို့ ရနေသည်။

ထွေးငယ်ကျတော့ ပိုလို့ပင် ပျော်ရွှင်နေဦးမည် ဖြစ်ကြောင်း သံသယဖြစ်စရာမလို။

ဘဝမျှော်လင့်ချက် အိပ်မက်လေးများဖြင့် ရွှန်းလဲ့နေသော ထွေးငယ်၏ ချစ်မျက်လုံးလေးများသည် သူ့ကိုယ်တိုင်သာမက မြင်ရသူ ကျွန်တော့်ကိုပင်လျှင် ကြည်နူးမှုပုံစံလေးများ အမြောက်အမြားကို ခွဲဝေပေးနိုင်သည်။

ညတိုင်းလိုလို ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် အိပ်မက်မက်သည်။

ထိုအိပ်မက်လေးများကို နောက်တစ်နေ့ မနက်မှာ ပြန်ပြောပြရင်း နှစ်ယောက် ပြိုင်တူမက်ထားကြသည့် အနာဂတ်ဘဝ ချစ်အိပ်မက်ကြီးတစ်ခုအတွက်လည်း ပို၍ လှပသော အိပ်မက်ဘဝလေးများ ဖြည့်ဆည်းဖြစ်ကြသည်။

နှစ်လ။

အပျော်ရွှင်ဆုံး ကာလလေးများ၏ သက်တမ်းသည် နှစ်လောက်သာ ကြာပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သောအခါမှ နောက်ထပ် ဖန်တီးတည်ဆောက်ယူ၍ ရမှာမဟုတ်တော့သည့် အချမ်းမြေ့ဆုံး ချစ်အိပ်မက်ကာလလေးများ ပါကွယ်။

ဟုတ်ပါတယ်နော် ထွေးငယ်။

* * *

"မောင်နိုးလတ် ဒီကိုခဏလာဦး"

ထွေးငယ်ကို ဥက္ကာလာလိုက်ပို့ပြီး ပြန်လာတော့ ညခြောက်နာရီခွဲကျော်နေပြီ။

ကျွန်တော်က ကားရုံထဲ ကားသွင်းပြီး အိမ်ပေါ်တက်လာသည်နှင့် ဧည့်ခန်းထဲမှ အသင့်စောင့်ကြိုနေဟန်တူသော အမေက လှမ်းခေါ်လိုက်သောကြောင့် ရင်ထဲမှာ ဒိတ်ခနဲ ဖြစ်သွား၏။

"ဟုတ်ကဲ့ အမေ"

မှန်မှန်ပြောရလျှင် ကျွန်တော့်မှာ အမေ့ကို ယောက္ခမဟူသော အသိ လုံးဝမရှိကျွန်တော့။ အမေ့အရင်းနှင့် မကြီးပြင်းခဲ့ရသလို နှင့် ရှိစဉ်ကတ္တေ့ဘ နှင်းမရှိတော့သည့် ကာလမှာကော အမေပဲခေါ် အမေ ဟုပဲ စိတ်ထဲမှာ စွဲမြဲထားသဖြင့် အမေပဲဖြစ်နေသည်။

အမေ့မျက်နှာ သိပ်မကြည်လင်။ မသောင်းမွှန်။

"ထိုင်ဦးကွာ၊ မင်းနဲ့ အမေပြောစရာစကားရှိလို့" ဟု ကျွန်တော် ကုလားထိုင်မှာ ဝင်ထိုင်သည်။





အမေ ဘာမှမပြောခင်မှာပင် ကြိုတင်ချိန်ကိုက်ထားသလို သွယ်သွယ်နှင့် နွယ်နွယ်တို့လည်း ဧည့်ခန်းထဲ ဝင်လာသည်။

သုံးအစ်မနှစ်ယောက်၏ မျက်နှာကလည်း ခပ်တင်းတင်း ခပ်တည်တည်။

တစ်ခုခုကို ကျွန်တော် ရင်ဆိုင်ရတော့မည် ဖြစ်ကြောင်း အမေ မေးစရာမလိုတော့။ တစ်ခုတော့ရှိပါသည်။ သည်ကိစ္စက သိတော့ ချောက်ချားစရာမဟုတ်။ ကျွန်တော်သိချင်သည့် အဖြေ တစ်ခု သိရရှိသာ ရှိမည်ဟု ကျွန်တော်တွေးသည်။

အေးချမ်းတည်ငြိမ်စွာ ရင်ဆိုင်ဖို့လည်း ကျွန်တော် ဆုံးဖြတ်သည်။

"ဟင်း…"

သက်ပြင်းတစ်ခုကို မည်သူ့မှမသိအောင် အသာ ခိုးချလျက် ကုလားထိုင်ပေါ်မှာ တင်းတင်းတောင့်တောင့်ကြီး ဖြစ်မနေအောင် ကိုယ်ကို အသာလျှော့ချလိုက်သည်။

"ပြော အမေ အမေ ကျွန်တော့်ကို ဘာပြောမလို့လဲ"

"မင်းအခုတလော ခြေလှမ်းတွေပျက်နေတယ် မောင်နိုးလတ် အမေတို့မသိအောင် မင်းဘာတွေ ကြိတ်လုပ်နေလဲကွယ့်"

"တည့်တည့်ပြောလိုက်ပါ အမေရာ၊ ဒီမှာ ကိုစိုး ရှင်းရှင်း ပြောရရင် ဟိုထွေးထွေးဆိုတဲ့ ကောင်မနဲ့ ကိုစိုး ဘာတွေဖြစ်နေလဲ၊ ဘယ်လိုခြေပုန်းခုတ်နေလဲဆိုတာတွေ သွယ်သွယ် သိထားပြီးပြီ ဘာမှ ဖုံးဖိလိမ်ညာဖို့ ကြိုးစားမနေနဲ့တော့ မေမေ့ကိုလည်း သွယ်သွယ် အကုန် ပြောပြပြီးသား"



www.burmeseclassic.com

www.burmeseclassic.com



နွယ်နွယ်ကတော့ ကျွန်တော့်မျက်နှာကို စူးစိုက်ကြည့်ပြီး ဘာအ အကဲခတ်နေသည်။

ဒါဆိုရင်တော့လည်း တစ်မျိုးတော့ ကောင်းပါတယ်ဟု ကျွန်တော် စိတ်သက်သာစွာတွေးသည်။ အရှည်အလျား ရှင်းပြရမည့် ဒုက္ခများမှ ကျွန်တော် လွတ်မြောက်ပြီလေ…။

"အမေတို့ သွယ်သွယ်တို့ သိပြီးသားဆိုရင်တော့ ကျွန်တော် အရှည်အဝေး ရှင်းပြမနေတော့ပါဘူး၊ လိမ်ညာ ဖုံးဖိဖို့ကတော့ အစ ကတည်းက ကျွန်တော့်မှာလဲ ရည်ရွယ်ချက်မရှိပါဘူး၊ ဟုတ်ပါတယ် အမေ၊ ထွေးငယ်နဲ့ ကျွန်တော် ရည်ငံနေပါတယ်၊ အဆင်ပြေတဲ့အချိန် တစ်ချိန်မှာ လက်ထပ်ဖို့လဲ ဆုံးဖြတ်ထားပါတယ်"

အမေ အေးဆေးစွာ ခေါင်းခါသည်။

"မဖြစ်နိုင်ဘူး မောင်စိုးလတ်၊ မောင်စိုးလတ် ဘာတွေပဲ ဆုံးဖြတ်ထားထား၊ ဒီကိစ္စကို အမေတို့ လုံးဝ သဘောမတူနိုင်ဘူး၊ ခွင့်လဲ မပြုဘူး"

"ရှင် သိပ်မိုက်ရိုင်းတဲ့လူပဲ ကိုစိုး၊ အစကတည်းက ရှင် ဒီအကြံနဲ့ ထွေးထွေးကို အလုပ်ပေးခဲ့တာ မဟုတ်လား"

"သမီးအသာနေ ဒီကိစ္စ မေမေ့ဘာသာ ပြောမယ်"

လှုပ်ရှားပေါက်ကွဲချင်လာသော စကားနိုင်းတဲ့ အမေက ထိန်းလိုက်သည်။ ကျွန်တော်ကတော့ တည်တည်ငြိမ်ငြိမ် ပင် ရင်ဆိုင်သည်။

"ဖြစ်နိုင်ရင်တော့ အမေတို့ သဘောတူညီချက်နဲ့ ထွေးငယ် ကို ကျွန်တော် လက်ထပ်ပြီး၊ မိသားစု ဥမကွဲ သိုက်မပျက် နေနိုင်





အောင် ကြိုးစားချင်ပါတယ်၊ အမေ ကျွန်တော်လည်း ကျွန်တော့် အသက်အရွယ်နဲ့ ကျွန်တော် တစ်ပင်ထူပြီး ဘဝစိုစိုပြည်ပြည်လေး နေပါရစေ"

အမေက ခေါင်းခါမြဲ ခါရင်း….

"တစ်ပင်လဲလို့ တစ်ပင်ထူတဲ့ ကိစ္စကို အမေ အတင်း အကြပ် တားနေတာ မဟုတ်ဘူး မောင်စိုးလတ်၊ မောင်စိုးလတ် ထူ ချင်ရင် အစောကြီး ထူလို့ရအောင် အမေကိုယ်တိုင် လမ်းဖွင့်ပေးခဲ့ တာ ဘယ်လောက်ကြာပြီလဲ၊ တစ်ချိန် ဒီပြဿနာမျိုး မကြုံချင်လို့ သွယ်သွယ့်ကို လက်ထပ်ပါဆိုတာ အမေ အစောကြီးကတည်းက ပြောခဲ့တဲ့ကိစ္စ"

သွယ်သွယ် မျက်နှာမှာ နီရဲရဲ အရိပ်ကလေး ဖျတ်ခနဲ ပြေး သွားသည်။

သို့သော် ဆည်ကိစ္စ ခုမှသိရပြီး အံ့သြသွားသည့် အသွင် လက္ခဏာမျိုးတော့ လုံးဝမပေါ်။ ဒါဆို သည်ကိစ္စကို သွယ်သွယ် လည်း သိထားပြီးခဲ့တာ ကြာရှေ့မည်။

"ဒါပေမဲ့ ခုဟာက သွယ်သွယ်ကို လက်ထပ်ဖို့ ဇွတ်ပြော ပြီး ရှင်တို့ကိစ္စကို ခွဲနိုင်းနေတာ မဟုတ်ဘူးနော် ကိုစိုး၊ သွယ်သွယ် အနေအထားက ဒီလိုအောက်ကျခံစရာ ဘာအကြောင်းမှ မရှိဘူး၊ ရှင့်ထက်သာတဲ့ လူပျိုလူလွတ်တွေ သွယ်သွယ်တို့မှာ ကုန်ထုတ်ပင် လို့တောင် မကုန်နိုင်ဘူး၊ ဒါတော့ ကိုစိုး မြဲမြဲမှတ်ထားပါ"

သွယ်သွယ့်မာနစကားက အမှန်လည်း အမှန်ဖြစ်ပါသည်။ ကျွန်တော်ကလည်း သည်ကိစ္စကို ငြင်းခုန်ဖို့ စိတ်ကူးမရှိ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် နားလည်ပါတယ် သွယ်သွယ်၊ သွယ်သွယ်နဲ့ ကိစ္စ ကိုယ် ငြင်းခဲ့ရတဲ့ အကြောင်းကလည်း ဒါတွေနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး၊ မှန်တာပြောရရင် သွယ်သွယ့်ကို ကိုယ် နှင်းနဲ့ ပတ်သက်ပြီး ညီမလေးအရင်း တစ်ယောက်လိုပဲ အောက်မေ့နေလို့ပါ"

"အဲဒါဆိုရင်တော့ သွယ်သွယ်ကလည်း ညီမတစ်ယောက် အနေနဲ့ပဲ ပြတ်ပြတ်ပြောရမှာပဲ ကိုစိုး၊ အခု ထွေးထွေးနဲ့ ကိစ္စကို ကိုစိုး အပြီးအပြတ် နော်ကဆုတ်ပါ၊ ဒီမိသားစု အသိုင်းအဝိုင်းထဲကို အဲဒီကောင်မမျိုး လုံးဝ အဝင်မခံနိုင်ဘူး၊ သွယ်သွယ်တို့ မျိုးရိုးကျင်မှာလဲ ဒီလို အဆင့်အတန်း မရှိတဲ့ အပေါစား ဆန်ဆန် မိန်းမမျိုးအတွက် လက်ခံထားစရာ နေရာမရှိဘူး"

"နေစမ်းသမီး"

"မနေဘူး မေမေ၊ ပြောသင့်တဲ့ စကားကို ပြီးအောင်ပြတ်အောင်တော့ ပြောရမှာပဲ၊ ကိုစိုးဟာ ကိုစိုး ဒါမျိုးမှ လိုချင်တယ်၊ ဒါမျိုးမှ ကိုယ်နဲ့ တန်တယ်ထင်ရင်လဲ၊ အဲဒီအသိုင်းအဝိုင်းမှာပဲ ကိုစိုး တစ်ယောက်တည်း ကြိုက်သလိုသွားနေ၊ အာကာနဲ့ ကုံကော်ဟာ မမနှင်းသားနဲ့ သမီး၊ အဆင့်အတန်းမရှိတဲ့ မိထွေးနဲ့ နေရမယ့် ကလေးတွေ မဟုတ်ဘူး၊ သူတို့ကို သွယ်သွယ်တို့ စောင့်ရှောက်မယ်၊ ဒီအိမ်မှာ သွေးရင်း သားရင်းတွေနဲ့ အကျင့်ကောင်းတဲ့ လူတွေ အဆင့်အတန်းရှိတဲ့ လူတွေချည်းပဲ၊ ကလေးတွေအတွက် ဘာမှ ပူစရာမရှိဘူး"

"နေပါဦး သွယ်သွယ်ရာ"

"မနေနိုင်ဘူး ကိုစိုး၊ ကိုစိုး သွယ်သွယ်တို့ မိသားစုအပေါ် စော်ကားတာတွေက သိပ်ရိုင်းစိုင်း ရက်စက်တယ်၊ သွယ်သွယ်တို့မှာ ဒီကလေးတွေရဲ့ နောင်ရေးကို ကြည့်ပြီး ဘယ်လောက်အထိ အနစ်နာခံထားခဲ့ရတယ် မှတ်လဲ၊ သွယ်သွယ် ရုပ်၊ သွယ်သွယ့် အခြေအနေ အဆင့်အတန်းနဲ့ သွယ်သွယ် ချစ်သင့် ချစ်ထိုက်တဲ့ လူတွေအများကြီးကို ခေါင်းခါပြီး ကိုစိုးလို လူမျိုးကို လက်ထပ်ပါလို့ မေမေက ပြောတဲ့အခါ သွယ်သွယ် ခေါင်းညိတ်ပေးခဲ့ရတယ်"

တစ်လျှောက်လုံး မျိုသိပ်ထားခဲ့ရသော ခံစားချက်များ ပေါက်ကွဲနေပြီဟု သိသည်။ ဘာမှမတတ်နိုင်။ ကျွန်တော် စိတ်မကောင်းစွာပင် နားထောင်ပေးရတော့သည်။

"ဒီကြားထဲမှာ ကိုစိုးက ခေါင်းခါတော့ သွယ်သွယ့်နေရာမှာ ဘယ်လိုခံစားရမလဲ ကိုစိုး စဉ်းစားကြည့်၊ ဒါပေမဲ့လည်း ကိုစိုးကို သွယ်သွယ် ဘာတစ်ခွန်းပြောလဲ၊ ဪ… ဒီကိစ္စက အစကတည်းက မိသားစုအတွက် ရည်ရွယ်ခဲ့တာပဲလေ ဆိုပြီး ကိုယ့်ဟာကိုယ် ကြိတ်မျက်ရည်ကျတယ်၊ ပြီးတော့ ဒီကိစ္စနဲ့ ဆက်စပ်ပြီး ကိုစိုး ဒီအိမ်မှာ အနေကြံ့မှာ အနေခက်မှာစိုးလို့ ဘာမှ မသိချင်ယောင်ဆောင်ခဲ့တယ်၊ ကိုစိုးကို ပုံမှန်ထက်တောင် ပိုအလေးပေးဦးစားပေး၊ ဂရုစိုက်ခဲ့တယ်၊ ခု ကိုစိုးထက်ကျတော့ ဒါတွေ တစ်ခုမှ မထောက်ထားဘူး၊ သွယ်သွယ်တို့ မုန်းမေ့၊ မကြိုက်မေ့၊ အဖက်မလုပ်မေ့ဆိုတဲ့ မိန်းကလေးမှ တမင် ရွေးတယ်…"

"ကိုစိုးလုပ်တာ ဘယ်လောက် ရက်စက်လဲ၊ သွယ်သွယ်တို့ မိသားစု ကိုစိုးအပေါ်မှာ ဘာမကောင်းတာလုပ်မိလို့ ကိုစိုး ဒီလို ရက်စက်ရတာလဲ၊ သွယ်သွယ်တို့ မိသားစုမှာ ဘာအပြစ်ရှိလဲ၊ ကိုစိုး







www.burmeseclassic.com

www.burmeseclassic.com



ကော ကိုစိုးသားသမီးတွေ အပေါ်ကော သွယ်သွယ်တို့ မကောင်းတာ ဘာရှိလဲ''

ပြောရင်းနှင့် သွယ်သွယ်က ယူကျုံးမရ ငိုကြွေးသည်။

ကျွန်တော် ဘာလုပ်ရတော့မည်မှန်းပင် မသိတော့။

ပြဿနာက ကျွန်တော် မျှော်လင့်သည့်ထောင့်။ မျှော်လင့်သည့် နေရာမျိုးမှ လုံးဝ ပေါ်ထွက်မလာ။

ကျွန်တော် ထင်ထားသည့် ပုံစံလည်း လုံးဝမဖြစ်။

ခုဖြစ်လာသည့် ပြဿနာက ကျွန်တော် လုံးဝ မမျှော်လင့်ထားသလို ဘယ်လိုလုပ်ပြီး သည်ပြဿနာကို ဖြေရှင်းရတော့မည်မှန်းလည်း မသိတော့။

ထိုညက တိုက်ခိုက်သော မုန်တိုင်းသည် အတော်ပြင်းထန်သော မုန်တိုင်းဖြစ်၏။

❐





॥ ၉ ॥

''ထွေးငယ်ကတော့ သိပ်မအံ့ဩပါဘူး ကိုလတ်၊ အစကတည်းက ဒီလိုပဲ ဖြစ်လာမှာပဲလို့ ထွေးငယ်တွက်ပြီးသားပါ''

''အံ့ဩစရာကောင်းတာက ခုအချိန်မှာ အပေါက်ကွဲဆုံးက သွယ်သွယ်ဖြစ်နေတယ် ထွေးငယ်၊ အဲဒီကိစ္စကို ကိုယ်လုံးဝ မမျှော်လင့်ထားခဲ့ဘူး''

ထွေးငယ်က ရယ်သည်။

''မအံ့ဩနဲ့ ကိုလတ်၊ မမသွယ်နဲ့ ကိစ္စကိုလတ် ပြောပြထားတာတည်းက တစ်ချိန်ကျရင် ကိုလတ်ရင်ဆိုင်ရမယ့်သူဟာ မမသွယ်ဆိုကပဲလို့ ထွေးငယ်သိခဲ့တယ်၊ ခုကိစ္စမှာ မမသွယ်အပေါက်ကွဲဆုံးဖြစ်နေတာကိုလဲ ထွေးငယ်လက်ခံပါတယ်၊ မမသွယ်နေရာမှာ ထွေးငယ်ဆိုလဲ ဒီလိုဖြစ်မှာပဲပေါ့''

''ဘယ်လိုဖြစ်လို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ၊ ကိုလတ်က ယောကျ်ားဆိုတော့ မိန်းမတွေ သဘော သဘာဝကို ဘယ်သိနိုင်မလဲ၊ ခုကိစ္စက ကိုလတ်အနေနဲ့ မမသွယ်ကို အကြီးအကျယ် စော်ကားလိုက်တဲ့ကိစ္စပဲ၊ ဘာပဲဖြစ်ဖြစ် မမသွယ်ဟာ ထွေးငယ်ထက် အစစ အရာရာ သာတယ်ဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး"

"အင်း… အဲဒီတော့…"

"အဲဒီတော့ ထွေးငယ်ထက် အလှအပ ရုပ်ရည်ကိုယ်လုံး ကိုယ်ပေါက် စည်းစိမ်ဥစ္စာ အဆင့်အတန်း ပြည့်စုံမှု အစစသာတဲ့ မမသွယ်ကို ကိုလတ်က ငြင်းခဲ့ ထားခဲ့ပြီး ဘာမဟုတ် ညာမဟုတ် သူတို့ဆီမှာ အလုပ်ကလေးတစ်ခုမနည်းတောင်းလုပ်နေရတဲ့ ထွေးငယ် ကို လက်ထပ်ဖို့ ရွေးတယ်ဆိုတော့ အများအမြင်မှာ ဘယ်လိုနေမလဲ"

"ဟာ… ဒါက အများအမြင်နဲ့ ဆိုင်တဲ့ကိစ္စမှ မဟုတ်ဘဲ ထွေးငယ်ရယ်၊ ဘာသာသာ သာပြည့်စုံ ပြည့်စုံ၊ အချစ်ဆိုတာ ဒီပေါ်မှာ မူတည်နေတာမှ မဟုတ်ဘဲ၊ ထွေးငယ်ကို ကိုယ်ကချစ်လို့ ရွေးတာပဲဟာ"

"ဘာဖြစ်လို့ ချစ်တာလဲ ကိုလတ်၊ အဲဒီကိစ္စ ကိုလတ်ပဲ ဖြေကြည့်ပါဦး"

"မပြောတတ်ဘူး ထွေးငယ်၊ ကိုလတ် သိသလောက်က တော့ ကိုယ်ဟာ ထွေးငယ်ရဲ့ ဘဝကို စာနာ နားလည်ရာကနေ၊ တစ်ခုခု ဖြည့်ဆီးတာဝန်ယူချင်တာက စခဲ့တာပဲသိတယ်"

"အဲဒါက ကိုလတ်ရဲ့ ယောကျ်ားစိတ်၊ အထူးသဖြင့် ပြည့် စုံနေတဲ့ မိန်းမသားတစ်ယောက်ဆီမှာ မှီခိုတွယ်ကပ်နေရတာထက်၊





အားငယ်ချို့တဲ့ ငဲ့နေတဲ့ မိန်းကလေး တစ်ယောက်ကို ဦးဆောင် ရှန်းကန်ပြီး ရှေ့က မားမားရပ် အကာအကွယ်ပေးချင်တဲ့ ယောကျ်ား ကောင်းတစ်ယောက်ရဲ့ စိတ်၊ အဲဒီယောကျ်ားမျိုးကို ထွေးငယ်လို မိန်းကလေးတွေကလည်း လိုချင်တာပဲ၊ အားကိုးတာပဲ၊ ဒါပေမဲ့ မမသွယ် မိန်းကလေးနေရာက ကြည့်လိုက်တဲ့အခါကျတော့ သူတို့ သိက္ခာ အရှိန်းထိခိုက်သွားတယ်"

"အင်း… ကိုယ်နားလည်ပြီ ထွေးငယ်၊ ကဲပါလေ၊ ဘာ ကြောင့် ဖြစ်ရတယ်ဆိုတာ ထားပါတော့၊ အရေးကြီးဆုံးက ဘာ ဆက်ဖြစ်မလဲဆိုတဲ့ ကိစ္စပဲ၊ ခုကိစ္စမှာ သွယ်သွယ် အရှိန်းပေါက်ကွဲ သွားပြီ၊ သူ့ဘက်က နိုင်ရာနည်းတွေနဲ့လဲ ကိုင်တော့မှာ သေချာတယ် ထွေးငယ်"

"ထွေးငယ် သိပါတယ် ကိုလတ်၊ ဒီနေ့လဲ ထွေးငယ်ကို အလုပ်တိုက် မပို့ပါနဲ့တော့၊ ထွေးငယ် သွားလဲ မမသွယ်က လက်ခံ တော့မှာမှ မဟုတ်ဘဲ"

"အဲဒီကိစ္စလဲ ထွေးငယ် တွက်လို့ရတာပဲလား"

"ကိုလတ်ရယ်၊ ကိုလတ်ကို စချစ်ပြီဆိုကတည်းက ဒါတွေ ရင်ဆိုင်ရတော့မယ်ဆိုတာ ထွေးငယ် အကုန်သိပြီးသားပါ၊ ဒါကြောင့် ကိုလတ်ကို ချစ်တဲ့ပြန်တဲ့နေ့က စပြီး ထွေးငယ် အခြားအလုပ်တစ်ခု ကို အဆင်သင့်ရှာနေခဲ့တယ်၊ ဒီကနေ ချက်ချင်းမထွက်တာက ကိုလတ်နဲ့ ခုလိုနေ့တိုင်း ဆုံနေရတဲ့ အခွင့်အရေးလေး မရတော့မှာ စိုးလို့ပါ"

"ဘာအလုပ်လဲ ထွေးငယ်"



www.burmeseclassic.com

www.burmeseclassic.com



"ထွေးငယ်တို့ အဝေးသင်တက္ကသိုလ်သင်တန်း ဓာတု ဗေဒဌာနက ဆရာမတစ်ယောက် အလုပ်ကထွက်ပြီး ထောင်ထားတဲ့ ကုမ္ပဏီတစ်ခုမှာပါ၊ ဆရာမရဲ့ အောက်မှာ မန်နေဂျာ ဒါမှမဟုတ် အတွင်းရေးမှူးတစ်ယောက်အနေနဲ့ လုပ်ပေးဖို့ ကိုလတ် မပူပါနဲ့၊ ဆရာမက အပျိုကြီးပါ၊ သူ့ကုမ္ပဏီမှာလည်း ဝန်ထမ်းအများ စုက မိန်းကလေးတွေချည်းပါပဲ၊ သူ့ထုတ်ကုန် သွင်းကုန်လုပ်ငန်းက လည်း မိန်းကလေးသုံး အလှပြင်ပစ္စည်းချည်းပဲ"

"ဘာလဲ ကိုယ်သဝန်တိုမှာစိုးလို့ အစစ ကြိုတင်ပြင်ဆင် ခဲ့တာတွေချည်းပဲလား"

"အင်းပေါ့၊ ကိုလတ် သဝန်တိုတာကို ထွေးငယ် ကျေနပ် ပါတယ်၊ သဝန်မတိုမှာတောင် စိုးနေသေးတယ်၊ ဒါပေမဲ့ ကိုလတ် စိတ်ဆင်းရဲမှာ ကျတော့လဲ ထွေးငယ် အရမ်းကြောက်တယ်၊ တစ်ခုခု အထင်လွဲပြီး မချစ်တော့ဘဲနေမှာကို ပိုကြောက်သေးတယ်၊ ဒါကြောင့် ထွေးငယ် အစစအရာရာ အမြဲသတိရှိတယ်၊ ဆင်လဲ ဆင်ခြင်တယ်၊ ကိုလတ် မကြိုက်တာ ဘာမှ မလုပ်ဖြစ်အောင်လဲ အရမ်းဂရုစိုက်တယ်၊ ကိုလတ် မသိဘူးနော်၊ ကိုလတ့် အရမ်းကံကောင်းတာပဲ"

"ဘာဖြစ်လို့လဲ ထွေးငယ်"

"ထွေးငယ် ကိုလတ်ကို အရမ်းချစ်တယ်ဆိုတာ ထွေးငယ် ကိုယ့်ဟာကိုယ် သိနေလို့ပေါ့၊ ကိုလတ်တောင် ထွေးငယ်ကို အဲလောက် မချစ်နိုင်ပါဘူး"

"မဟုတ်ပါဘူး ထွေးငယ်ရယ်၊ ကိုလဲ ထွေးငယ်ကို အရမ်း ချစ်ပါတယ်"





ထွေးငယ်၏ နောက်ဆုံးစကားတစ်ခုသည် ညက ကျွန်တော် စိတ်ညစ်လာခဲ့သမျှသော မုန်တိုင်းအားလုံးကို ချေဖျက်ပစ်လိုက်နိုင် သည်။

ထွေးငယ် ဘာကြောင့် သွယ်သွယ်ကို အလဲထိုးနိုင် ယူနိုင် ခဲ့သည်ဆိုသည်ကို ကျွန်တော် ရိပ်မိပြီထင်၏။

* * *

ညက မုန်တိုင်း၏ ဒဏ်ရာဒဏ်ချက်များက မသေးလှ။

ပထမဆုံးအဆင့်အဖြစ် သွယ်သွယ်က နောက်နေ့မနက်မှစ၍ ထွေးငယ်ကို အလုပ်မှ ဝက်ပက်စက်စက် ပြောပြီး ထုတ်ပစ်လိုက်မည် ဟု ကြိမ်းသည်။

"မထွက်နိုင်ဘူး ဆိုလို့ကတော့ သွယ်သွယ်နဲ့ အတွေ့ပဲ၊ အလုပ်ထဲကနေ ပါးရိုက်ပြီးတော့ကို နှင်ထုတ်မယ်၊ ကြိုက်ရာသွား၊ ကြိုက်ရာတိုင်၊ တရားရုံးက ဆုံးဖြတ်ပေးတဲ့ လျော်ကြေးကို နှစ်ဆပေး ပြီး လျော်ပစ်လိုက်မယ်"

သို့အတွက် သည်မနက် ထွေးငယ်ကို အကျိုးအကြောင်း ပြောပြပြီး အလုပ်မသွားတော့ရန် တားမြစ်ဖို့ ကျွန်တော် ရည်ရွယ်ထား ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း သည်အကြောင်းတွေပင် ကျွန်တော်မပြော လိုက်ရ။ အကောင်းပါးပြီး အရာရာ ကြိုမြင်တတ်သော ထွေးငယ်က သူ့ဟာသူပင် အလွယ်တကူ ဖြေရှင်းပေးသွားသည်။

ကျန်သည့်အပိုင်းများကတော့ ထွေးငယ်နှင့် မဆိုင်တော့။ ထွေးငယ်ကိုလည်း အကုန်မပြောပြတော့။

ကျွန်တော့်ဘာသာ စဉ်းစားဆုံးဖြတ်ပြီး ကျွန်တော်ကိုယ်တိုင် ရင်ဆိုင်ရမည့် အခန်းကဏ္ဍများသာဟုသာ သတ်မှတ်လိုက်၏။

ဒါတွေကလည်း ခပ်သေးသေးတွေမဟုတ်။

* * *

ဒုတိယအဆင့်အနေနှင့် သွယ်သွယ်က ဆိုင်လုပ်ငန်း၊ အလုပ်ရုံလုပ်ငန်းများမှ စီမံခန့်ခွဲမှု အာဏာအားလုံးကို အပြီးအပြတ် သိမ်းယူလိုက်သည်။

"ကိုစိုးကိုလည်း သွယ်သွယ် ရှင်းရှင်းပဲ ပြောမယ်၊ ကိုစိုး အဲဒီကောင်မကို ဖြတ်ဖို့ စဉ်းစားပါ၊ သွယ်သွယ် တစ်လအချိန်ပေးမယ်၊ ဒီအတောအတွင်းမှာ ဆိုင်ကော အလုပ်ရုံကော သွယ်သွယ် ဦးစီးတော့မယ်၊ လုပ်ငန်းကိစ္စမှန်သမျှ ကိုစိုး ဘာမှ အဆုံးအဖြတ်ပေးစရာ မလိုတော့ဘူး၊ တယ်လီဖုန်းကအစ သွယ်သွယ်ပေးမှ ကိုစိုး ကိုင်ခွင့်ရှိတယ်





ရှင်းရှင်းပဲ၊ ဒါ ဘာသဘောလဲတော့ ဒီအိမ်မှာ ကိုစိုး ရှိလဲ ဖြစ်တယ် ဆိုတာ ကိုစိုးသိစေချင်တဲ့သဘောပဲ၊ ဆိုင်ကိုကော အလုပ်ရုံကိုကော ကိုစိုးလာချင်လာ၊ မလာချင်လဲနေ ရတယ်၊ အဲဒီကောင်မနဲ့ ဆက်သွယ်ချင်ရင်လည်း ကိုယ့်ဟာကိုယ် အပြင်ထွက် ဆက်သွယ်၊ အိမ်ကနေ ဆိုင်ကနေ ဖုန်းတောင် ပြောခွင့်မရှိဘူး"

ဒါကတော့ ပြဿနာမဟုတ်ပါ။

ကျွန်တော့်ဘက်က သဘော်ကျသလိုတောင် ဖြစ်မိပါသေးသည်။

သို့အတွက်...

"ဒီအတွက် သွယ်သွယ် တစ်လ အချိန်ပေးစရာတောင် မလိုပါဘူး၊ သွယ်သွယ် ခုချက်ချင်းပဲ ကိုယ့်ဘက်ကလည်း အဖြေပေးလို့ရပါတယ်၊ ထွေးငယ်ကို ကိုယ် လုံးဝ မဖြတ်နိုင်ဘူး၊ သွယ်သွယ် ကြိုက်သလိုလုပ်"

ဆိုသော စကား။

သို့သော် ကျွန်တော် ထိုစကားကို ချက်ချင်း မပြောဖြစ်၊

သွယ်သွယ်၏ နောက်ထပ် ထွက်ပေါ်လာသော စကားများကြောင့် ဖြစ်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



တတိယအဆင့်ကတော့ သွယ်သွယ်၏ အပြီးသတ် စစ်ကြေ ငြာခြင်းပင် ဖြစ်သည်။

"အဲဒီအပြင် ကိုစိုး ချင့်ချိန်နိုင်အောင်လဲ တစ်ခါတည်း ပြောလိုက်မယ်၊ အဲဒီကောင်မနဲ့ပဲ ယူမယ် ဆိုးဖြစ်ရင် ယူတဲ့နေ့က စပြီး ကိုစိုး ဒီအိမ်ပေါ်က ဆင်းပါ၊ ဒီအိမ်၊ ဒီကားတွေနဲ့ ဒီအလုပ် တွေမှန်သမျှ အားလုံး သွယ်သွယ့်နာမည်ချည်ပဲ၊ ကိုစိုးနဲ့ ဘာမှမဆိုင် ဘူး၊ တစ်ခြားတစ်ချပ်မှလဲ တောင်းယူခွင့်မရှိဘူး၊ ကလေးတွေကိုလည်း လုံးဝ ထည့်မပေးနိုင်ဘူး..."

"ကိုစိုးကြိုက်တဲ့ နေရာမှာ ထိုင်၊ လိုအပ်တယ်ထင်ရင် တရားရုံးကလည်း တောင်းယူနိုင်တယ်၊ သွယ်သွယ်တို့ဘက်ကလည်း မမေက တရားဆိုင်ပြီး အဘွားနေရာက ဖြစ်ဖြစ်၊ သွယ်သွယ် ကိုယ်တိုင်လည်း မမနှင်းရဲ့ နေရာက ဖြစ်ဖြစ် ရင်ဆိုင်မယ်၊ ကိုစိုး အိမ်ပေါ်က ဆင်းရင် ကိုစိုး အဝတ်အစားကလွဲလို့ ဘာတစ်ခုမှ ယူခွင့် မရှိဘူး၊ ဒါပဲ၊ ကိုစိုး ကြိုက်သလိုဆုံးဖြတ်"

ကျွန်တော်က သည်ကိစ္စအားလုံးကို သွယ်သွယ်တချည်း ဒိုင်ခံပြောနေသဖြင့် အယူခံ ဒါမှမဟုတ် လျှောက်လဲချက်လေး တင် သွင်းခွင့် ရလိုရငြား အမေ့ကို လှမ်းကြည့်သည်။

အမေကလည်း ဒါကိုသိပုံရသည်။





ကျွန်တော့်အကြည့်ကို အေးဆေး တည်ငြိမ်စွာပင် ခေါင်း ညိတ် တုံ့ပြန်ရင်း...

"ဟုတ်တယ် မောင်စိုးလတ်၊ အမေတို့ ဘက်ကတော့ ဒီ သဘောအတိုင်းပဲ ရှိတယ်၊ ဒါ မောင်စိုးလတ်ကို ခြိမ်းခြောက်တာလဲ မဟုတ်ပါဘူး၊ မောင်စိုးလတ် အပေါ် အလကားနေရင်း သံယောဇဉ် ပြတ်တောက် မုန်းတီးလွန်းလို့လဲ မဟုတ်ပါဘူး၊ မောင်စိုးလတ် စဉ်း စားနိုင်အောင် ပြောပြတာပါ၊ အကယ်၍ အဲလိုမဟုတ်ရင် ဘယ်လို ဖြစ်မယ်ဆိုတာလဲ သမီးက ဆက်ပြောလိုက်ဦးလေ"

ဓာတ်လမ်းက မသန်းဆိုသော ရုပ်ရှင်ကားနာမည်ကဲ့သို့ပင် ဓာတ်လမ်းက သွယ်သွယ့်ဆီ ပြန်ရောက်သွားသည်။

သွယ်သွယ့်ဆီမှ မပြီးသေးသော ပန်းချီကား၏ အဆုံးသတ် စုတ်ချက်နှင့် ဆေးရောင်များလည်း ပို၍ ပီသ ရဲတင်းလာလေသည်။

"အဲလိုမဟုတ်ဘဲ ထွေးထွေးကို အပြီးအပြတ် ဖြတ်တောက် မယ်ဆိုရင်တော့ ကိုစိုးအရင်ပုံစံအတိုင်း ပြန်နေနိုင်တယ်၊ အဲဒီကိစ္စ တွေနဲ့ ပတ်သက်ပြီး ဘာတစ်ခုမှ ကိုစိုးအပေါ်မှာ အကြိတ်အခဲ အတေး အမှတ် မထားဘူး၊ အားလုံးကို မေ့ပစ်ပြီး အရင်ပုံစံအတိုင်းပဲ ပြန်နေ မယ်"

"နောက်တစ်ခုကတော့ အမေကပဲ ပြောပါ့မယ်၊ အကယ် ၍ အမေ့စကား နားထောင်ပြီး သွယ်သွယ်နဲ့ လက်ထပ်မယ်ဆိုရင် တော့ သွယ်သွယ် နာမည်နဲ့ ရှိနေတဲ့ ပစ္စည်းဥစ္စာတွေအားလုံး မောင် စိုးလတ် တစ်ဝက်ပိုင်ဆိုင်ခွင့်ရမယ်၊ အာကာနဲ့ ကုံ့ကော်ကို အမွေ အားလုံး လွှဲပေးခွင့်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အဲဒီအမွေတွေ အားလုံး နွယ်နွယ်လည်း ဘာတစ်ခုမှ မယူဘူး"

ပြဿနာ၏ အခြေအနေကတော့ ဒါပဲဖြစ်သည်။

ပြဿနာ၏ အဖြေကို ကျွန်တော် ဘာမှမရှာနိုင်သေး။





# အပိုင်း လေး

## (ဖြေရှင်းခြင်း)



www.burmeseclassic.com

www.burmeseclassic.com



(ပြန်လည်ဖော်ပြချက်များ)

॥ ၁ ॥

"ကရင်…ရင်…ရင်…ရင်…"

တယ်လီဖုန်းနှလုံးရှိသည့်အနက် လုပ်ငန်းနှင့် မသက်ဆိုင်သော အနီရောင် ကိုယ်ရေးကိုယ်တာဖုန်းမှာ အသံမြည်လာသည်။

"နေ…နေ…ကိုစိုး၊ သွယ်သွယ် ကိုင်လိုက်မယ်"

နယ်ပို့ရန် ထုပ်ပိုးပြင်ဆင်နေသည့် အလှကုန်ပစ္စည်းများ စစ်ဆေးနေရာမှ တယ်လီဖုန်းပြေးကိုင်ရန် ကြိုးစားလိုက်သော ကျွန်တော့် ခြေလှမ်းများ တုံ့ခနဲ ရပ်သွားသည်။

အမှန်က သွယ်သွယ်ရှိနေသော အရောင်းကောင်တာနှင့် ကျွန်တော်ရှိနေသော ပစ္စည်းထုပ်ပိုးခန်း နေရာချင်းယှဉ်လျှင် ကျွန်တော့် နေရာက ဖုန်းနှင့် အများကြီး ပိုနီးသည်။





ပြီးတော့ တယ်လီဖုန်းရှိရာ စားပွဲက ကျွန်တော့် အလုပ်စားပွဲပါ။

ခါတိုင်းဆို ဘယ်ဖုန်းက ဘာတွေမြည်မြည်၊ ထိုကိစ္စကို သူတို့အရေးပင်မစိုက်။ အနယ်နယ်အရပ်ရပ်က လုပ်ငန်းကိစ္စပဲ ဆက်ဆက်၊ မိသားစုနှင့် ရင်းနှီးသော ဆွေမျိုး၊ မိတ်သင်္ဂဟများက ကိုယ်ရေးကိုယ်တာ ကိစ္စပဲ ဆက်ဆက် သည်ဖုန်းက ကျွန်တော်ပဲ ကိုင်ရသည့်ဖုန်း…။

သူတို့နှင့် တိုက်ရိုက်ပတ်သက်သည့် ဖုန်းကျမှသာ ကျွန်တော်က ခေါ်ပေးရန် သင့် မသင့် ဆုံးဖြတ်ပြီး ခေါ်ပေးသင့်သည်ထင်၍ ခေါ်ပေးမှ သူတို့ ကိုင်ရသည့်ဖုန်း…။

ခုတော့ သည်အခွင့်အာဏာတွေ ကျွန်တော့်မှာ မရှိတော့။

ကြိုတင်ပြင်ဆင်ထားသည့်အတိုင်း ကျွန်တော့်ကို အကျယ်ချုပ်၊ ချုပ်ချယ်ကန့်သတ်လိုက်ကြပြီ။

"ဟင်း…"

ကျွန်တော် ဘာမှမပြောတော့ဘဲ သက်ပြင်းသာ တိတ်တိတ်ခိုးချလျက် စောစောက စစ်ဆေးနေသော မန္တလေးထုပ်များထံ ပြန်လှည့်သည်။

သို့သော် လိုရမယ်ရ တယ်လီဖုန်းဆီတော့ နားစွင့်ထားလိုက်၏။

"ဟယ်လို…"

သွယ်သွယ့်အသံ…။

"ဟယ်လို…"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှ ပြန်ထူးသံ မကြားရဟု ထင်သည်။ သွယ်သွယ့် အသံက ပို၍ကျယ်လာသည်။

"ဟယ်လို… ဘယ်ကဆက်နေတာလဲ၊ ဟယ်လို"

ပို၍ စိတ်မရှည်တော့သော အသံ…

"တောက်"

သွယ်သွယ့်ထံမှ နောက်ဆုံးကြားရသည့် အသံက တက်ခေါက်သံ ဖြစ်၏။ ပြီးတော့ တယ်လီဖုန်းကို ဆောင့်ကြီးအောင့်ကြီး ပြန်ချသံပါ ကြားရသည်။

"ဘယ်လိုလဲ သွယ်သွယ်၊ နင့်အသံကြားတော့ ဘာမှ ဟိုဘက်က မပြောဘဲ ငြိမ်နေတယ် မဟုတ်လား"

"အေး… သိပ်ဒေါသဖြစ်ဖို့ကောင်းတာပဲ"

သွယ်သွယ့်ကို လှမ်းကြည့်၍ ကောင်တာနားမှ ကျန်နေသော နွယ်နွယ်က လှမ်းမေးသည်။ သွယ်သွယ်က မကျေမနပ်ဖြင့် ပြန်ဖြေသောအခါ နွယ်နွယ်က ရယ်၍…

"ဒေါသဖြစ်မနေနဲ့ သွယ်သွယ် ငါမပြောဘူးလား၊ အဲဒီဖုန်းက ဘယ်လိုမှ ရိုးသားတဲ့ဖုန်း မဟုတ်ပါဘူးလို့၊ အဲဒီလိုပဲ ကလိမ်ကကျစ် အမြဲလုပ်ပစ်တဲ့ ဆတ်ဆလူးဖုန်း"

"အေး ဟုတ်တယ်၊ အရှက်ကိုမရှိတဲ့ ဟာတွေ"

ဒါတွေက ကျွန်တော့်ကို ဘေးတိုက် ချိန်ရွယ်၍ ပစ်နေသော ခပ်ရမ်းရမ်း မြားတံတွေ ဖြစ်သည်။

ကျွန်တော် မသိချင်ယောင်ဆောင်ပြီး ကိုယ့်အလုပ်သာ ရှိုယ်ဆက်လုပ်နေလိုက်သည်။





သို့သော် ရပ်ထဲမှာတော့ အပူစိတ်လေးတစ်ခု ပေါ်နေလေသည်။

"တွေးငယ်ဘာများ ပြောစရာရှိလို့ပါလိမ့်"

* * *

"ကိုစိုး… တယ်လီဖုန်း"

ဆယ့်ငါးမိနစ်လောက်အကြာမှာ လုပ်ငန်းသုံး ဖုန်းအစိမ်းရောင်မှနေ တယ်လီဖုန်းမြည်သံ ပေါ်ထွက်လာသည်။

သည်တစ်ခါတော့ သွယ်သွယ်က ကျေကျေနပ်နပ် အမူအရာနှင့် ကျွန်တော့်ကို လှမ်းခေါ်သည်။ ကျွန်တော်က အေးအေးဆေးဆေးပင် လျှောက်သွားရင်း…

"ဘယ်သူလဲ သွယ်သွယ်"

"ကိုခင်မောင်လွင်"

သြော်… ဒါ့ကြောင့် ဒီလို သဘောထားကြီးစွာ ခေါ်ပေးတာပဲဟု သဘောပေါက်လိုက်သည်။

ခင်မောင်လွင်ကိုတော့ သူတို့ စိတ်ချလက်ချ ရှိ၏။

စိတ်မချစရာလည်း မရှိ။ ခင်မောင်လွင်က ကျွန်တော်နှင့် သာမက နှင်းနှင့်ပါ ကျောင်းနေဖက်သူငယ်ချင်း။

ပြောရလျှင် နှင်းနှင့် ကျွန်တော်တို့၏ ဇာတ်လမ်းမှာ အဓိက အခန်းကဏ္ဍတွေ များစွာမှလည်း ပါဝင်ခဲ့သူ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းကျတော့ ခုချိန်မှာ သူတို့အတွက် တကယ်စိတ်မချရစရာ အကောင်းဆုံးသူမှာ ခင်မောင်လွင်သာ ဖြစ်ကြောင်း သူတို့ လုံးဝမသိကြ။

"ဟယ်လို…"

ကျွန်တော့်အသံအဆုံးမှာ တစ်ဖက်မှာ ခင်မောင်လွင်အသံ ညြသြကြီး ပေါ်ထွက်လာသည်။

"ဟော့ကောင် စိုးလတ်၊ ဘယ်လိုဖြစ်နေလဲ၊ ခုချိန်မှာ မင်းတစ်ယောက် သိပ်သနားစရာအကောင်းဆုံး ပုဂ္ဂိုလ်လေး ဖြစ်နေပြီထင်တယ် ဟုတ်လား"

"အေး… ဟုတ်တယ် ခင်မောင်လွင် ဒီလိုပေါ့ကွာ၊ ဆို… ဘာကိစ္စလဲ"

"ဘာကိစ္စလဲဆိုတော့ မင်း ငါ့ကို လက်ဘက်ရည်တိုက်သင့်တဲ့ ကိစ္စတစ်ခု ပေါ်လာလို့ပဲ ဆိုပါစို့"

"အေးပါ ဒါတွေက စကားထဲ ထည့်ပြောစရာမလိုပါဘူး၊ မင်းဖြစ်ချင်တာ အကုန်ဖြစ်ရမှာပေါ့"

"မင်း ဒီအတိုင်းပဲ ပုံမှန်အတိုင်း ဆက်ပြောနေနော်၊ ငါနဲ့ ပြောသလိုပဲပြော၊ ထွေးထွေးရောက်နေတယ်၊ မင်းနဲ့ အရေးတကြီး ပြောစရာရှိလို့တဲ့"

ထင်သည်။ သည်အတိုင်းပဲဖြစ်လိမ့်မည်ဟု ကျွန်တော် တွေးခဲ့ တွက်ခဲ့ပြီးသား။

ရင်ထဲမှာ ပေါ့သလိုဖြစ်သွားသည်။ သို့သော် အမူအရာတော့ မပျက်စေဘဲ…





"အေး… ရတယ်"

"ကိုလတ်လား"

ထွေးငယ်အသံ။ အသံနားထောင်ရခြင်းဖြင့် ထွေးငယ် စိတ်မော လူမော ဖြစ်နေပုံရသည်။

"ဟုတ်တယ်"

"ကိုလတ် ဒီကို ခဏထွက်လာလို့ ရမလား"

"ဘယ်ကိုလဲ ခင်မောင်လွင်၊ မင်းဆိုင်လား"

"ဟုတ်တယ် ကိုလတ်၊ ကိုခင်မောင်လွင့်ဆိုင်"

"ရပါတယ်ကွ၊ ဒီကနေ ထွက်လာရတာ ဘာပင်ပန်းတာလိုက်လို့၊ ဘာကိစ္စလဲသာပြော"

"ထွေးငယ်စောင့်နေမယ် ကိုလတ်၊ အခြေအနေ အရမ်းဆိုးနေတယ်"

"ဩော်… အေး… ငါကြည့်လိုက်မယ်လေ၊ ဒါပဲလား"

"ဆက်ဆက်နော် ကိုလတ်၊ ဒီနေ့ ကိုလတ်နဲ့ မတွေ့လို့ မဖြစ်ဘူး"

"အေးပါ… ခုလာခဲ့မှာပါ"

ပြောရင်းနှင့် တယ်လီဖုန်းပြန်ချသည်။

ထို့နောက် သွယ်သွယ်နှင့် နွယ်နွယ်တို့ဘက် လှည့်၍ ခပ်ညည်တည်နှင့် ပြောလိုက်သည်။

"ခင်မောင်လွင်ဆီ ခဏသွားလိုက်ဦးမယ် သွယ်သွယ်၊ သူ့တပ်ခွေတစ်ယောက် ဆိတ်ကမ်းက ကားတစ်စီးထုတ်ထားလို့တဲ့၊ ချောင်တယ်ပြောတယ်၊ သွားကြည့်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုစိုး သိပ်မကြာနဲ့နော်"

"အင်းပါ၊ ဒါပေမဲ့ ခုသွားတာက ခင်မောင်လွင့်ဆီသွားတာနော်၊ ဒီကောင်နဲ့တွေ့ရင် ထုံးစံအတိုင်း နည်းနည်းတော့ ကြာမယ်"

ပြောပြောဆိုဆိုနှင့် စားပွဲပေါ်မှ ကားသော့ကို လှမ်းယူပြီး အလုပ်တိုက် အပြင်ဘက်သို့ ထွက်ခဲ့သည်။

ထောင်ဗူးဝမှနေ အပြင်ဘက် ထွက်လာရသလို ခံစားလိုက်ရ၏။

* * *

"ဟာ..."

လွန်ခဲ့သော ဆယ်နှစ်ကျော်ကာလက အဖြစ်များဆီ အာရုံရောက်သွားသဖြင့် ခင်မောင်လွင်တို့ဆိုင်ကို ကျော်မောင်းသွားသည်ကို သတိမပြုမိလိုက်။

ကား သုံးလေးစီးစာ ကျော်သွားပြီးမှ သတိရ၍ ကားကို ရပ်သည်။

ကျော်လွန်လာခဲ့သလောက် နောက်ပြန်ဆုတ်ဖို့ရာကတော့ မဖြစ်နိုင်တော့။

ကားကို သင့်သလို ဆိုက်နားပြီး ခင်မောင်လွင်တို့ဆိုင်ဘက်သို့ ပြန်လျှောက်လာခဲ့သည်။

"ဟော... လာပါပြီဗျာ၊ လောင့်ချိုင့်စံ ကိုယ်တော်လေး"





အိမ်မှာနေရတော့သည့် ပုံစံအကြောင်း သူ့ကို သေသေချာချာ ပြောပြထားသည်ကို အကြောင်းပြု၍ ခင်မောင်လွင်သည် စကားကို တွင်တွင် သုံးနေခြင်းဖြစ်သည်။

ကျွန်တော်က သူ့စားပွဲဆီ လျှောက်လာခဲ့၏။

သူ့စားပွဲတွင် ထွေးငယ်လည်း ရှိနေသည်။

ထွေးငယ်မျက်နှာလေး သိသိသာသာ ချောင်ကနေသည်ကို သတိထားမိ၏။

"စောင့်ရတာ သိပ်ကြာသွားလား ထွေးငယ်"

"မကြာပါဘူး ကိုလတ်၊ ကိုလတ်ရောက်လာတာ မြန်သားပဲ"

ကျွန်တော်က ထွေးငယ်ဘေးမှ ကုလားထိုင်တွင် ဝင်ထိုင်သည်။

ခင်မောင်လွင်က ရယ်ပြီး...

"မြန်မြန်ဆန်ဆန် ရောက်လာပေမယ့် စကားတော့ အေးအေးဆေးဆေးပဲ ပြောကြပါကွာ၊ မင်းတို့ လွတ်လွတ်လပ်လပ် ပြောရအောင် ငါ ရှောင်ပေးပါ့မယ်"

ပြောပြောဆိုဆိုနှင့် ဆိုင်ရှေ့ခန်းအရောင်းကောင်တာများဘက် ထွက်သွားသည်။

"ကဲ... ဆို ထွေးငယ် ဘာထူးလဲ"

"ထွေးငယ်တို့ကိစ္စ မေမေတို့ကို ဖွင့်ပြောလိုက်ပြီ"

"ဟင်..."

"အဲဒါ ညက အိမ်မှာ အကြီးအကျယ် ပြဿနာတက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



တစ်အိမ်လုံးကတစ်ဖက်၊ ထွေးငယ်တစ်ဖက်ပဲ၊ သူတို့က ကိုလတ်နဲ့ လုံးဝမဖြစ်နိုင်ဘူး၊ သဘောမတူဘူး၊ လက်မခံနိုင်ဘူးတဲ့"

"ဟင်း…"

ကျွန်တော် သက်ပြင်းနှင့် အင်းနှင့် တစ်ပြိုင်တည်း ရော၍ ပြုလုပ်လိုက်သည်။ ဒါမျိုးဖြစ်လာနိုင်သည်ဟု ကြိုတွက်ဆထားမိသောကြောင့် အကြီးအကျယ် အံ့သြ၊ စိတ်အနှောင့်အယှက်ဖြစ်တာမျိုးတော့ မဖြစ်။

သို့သော် ပြဿနာက ပို၍ ကျပ်တည်းခက်ခဲသွားပြီဟုတော့ နားလည်လိုက်သည်။

အစပိုင်း ပြဿနာရှိခဲ့သည်ဟု ကျွန်တော့်ဘက်က တစ်ခြမ်းတည်း။ ခုတော့ ထွေးငယ်ဘက်မှာပါ ပြဿနာက ရှိနေပြီ။

"ခင်မောင်လွင့်ကို ပြောပြလိုက်သေးလား"

"ပြောပြလိုက်တယ် ကိုလတ်၊ ကိုလတ်မရောက်ခင် ပြောပြထားတယ်"

"သူက ဘာပြောလဲ"

"ဒီလိုပဲရှိမှာပေါ့တဲ့၊ ကိုယ့်ကိစ္စ ကိုယ် ဘာဆက်လုပ်သင့်သလဲဆိုတာသာစဉ်းစား၊ ဘယ်သူ့ဆီကမှ သဘောတူညီချက်တွေရအောင် ကြိုးစားမနေနဲ့တော့တဲ့"

အဖြေမှန်ကတော့ ဒါပဲဖြစ်သည်။

ကျွန်တော်လည်း ဒီအတိုင်းပဲ သဘောပေါက်ပါသည်။ တ… ချိန်ချိန် မလွဲမရှောင်သာသောတစ်နေ့ သည်လိုပဲ လုပ်ရမည်ဆိုတာ… လည်း ရှေးဦးမဆွကပင် နားလည်ခဲ့သည်။





သို့သော်…

သို့သော်… ကျွန်တော့်ဘက်က သည်လောက်ပြတ်သားမှု မရသော အကြောင်းတွေရှိသည်။

တချို့ကိစ္စတွေကို ခင်မောင်လွင်ကော ထွေးငယ်ပါ မသိ။ သိလျှင်လည်း သဘောလောက်သာ သိမည်။ တိတိကျကျနှင့် ခရေစေ့တွင်းကျကို ကျွန်တော်ပဲ သိသည်။

အကျပ်အတည်းကိုမှ တကယ့်အကျပ်အတည်း။

လွန်ပြီးသောကိစ္စများကို နောက်ပြန်ဆုတ်ရတာ ခက်သည်မှာ ယာဉ်အသွားအလာများပြားသော ကားလမ်းမပေါ်တွင်သာ ဖြစ်တတ်သော ကိစ္စမဟုတ်။

လူ့ဘဝမှာ ပိုဆိုး၏။

❑



www.burmeseclassic.com

www.burmeseclassic.com



" ၂ "

"တစ်နေရာရာ သွားရအောင် ထွေးငယ်ရယ်၊ ပြဿနာတွေ
က ကိုယ်တို့ မျှော်လင့်ထားတာထက် အများကြီး ပိုနေပြီ၊ အေးအေး
ဆေးဆေး တစ်နေရာရာသွားပြီး ထွေးငယ်ဘက်က အခြေအနေတွေ
ကို အသေးစိတ် ကိုယ့်ကိုပြောပြ၊ ပြီးတော့ ဘာလုပ်ကြမလဲဆိုတာ
လည်း နှစ်ယောက်တိုင်ပင်ရအောင်"

ကျွန်တော့်စကားကြောင့် ထွေးငယ် တွန့်ဆုတ်ဆုတ် ဖြစ်သွား
ပြီး လက်ထဲမှ နာရီကို ငုံ့ကြည့်သည်။ ပြီးမှ သက်ပြင်းတစ်ချက်ချ
၍ စိတ်ကို ဆုံးဖြတ်လိုက်ဟန်ဖြင့်…

"သွား ကိုလတ်ရယ်၊ မထူးပါဘူး၊ သွားချင်တဲ့နေရာ
သွားတော့၊ ထွေးငယ် အလုပ်ကနေ ခဏဆိုပြီး ထွက်လာခဲ့တာ





ဒါပေမဲ့ အလုပ်ထဲလဲ စိတ်မပါပါဘူး၊ ဖြစ်ချင်ရာဖြစ်ဆိုပြီး လောကထဲ
ကြီးကို မိုက်မိုက်ကန်းကန်းပဲ ရင်ဆိုင်ပစ်ချင်တဲ့ ဆန္ဒတွေ ဖြစ်နေတယ်"

သည်ဘက်ရက်ပိုင်းမှာ ထွေးငယ်နှင့် ကျွန်တော် မတွေ့ဖြစ်။

ကျွန်တော့်အပိုင်းကလည်း ကျွန်တော့် ပြဿနာနှင့် ကျွန်တော်
လုံးထွေးနေခဲ့သည်။ ထွေးငယ်တို့အလုပ်ကလည်း ကုမ္ပဏီရုံးက မြို့
ထဲမှာ အခန်းငှားဖွင့်ရုံ ဖွင့်၍ တကယ့်ပင်မလုပ်ငန်း အတိုင်းက မြောက်
ဥက္ကလာအပိုင်း အလွန်နားတွင်သာ ရှိသည်။

ထွေးငယ်က မြောက်ဥက္ကလာက အလုပ်ရုံမှာပဲ ထိုင်ပေး
ရသည်။

သို့အတွက် အကြိုအပို့ကိစ္စလည်း ကျွန်တော် လုပ်ပေးစရာ
မလိုတော့။

သုံးလေးငါးရက်နေမှ တစ်ခါလောက် တွေ့ဖို့ ထွေးငယ်နှင့်
တိုင်ပင်ထားခဲ့သည်။ အရေးပေါ်လျှင်တော့ ခုလိုဆက်သွယ်ဖို့ ကြိုတင်
မှာထားခဲ့၏။

ထွေးငယ်၏ ညှိုးလျော်အားလျော့နေသော မျက်နှာလေးကို
ကြည့်ပြီး ကျွန်တော့်ရင်ထဲ နင့်သွားသည်။

"ကဲပါ ထွေးငယ်ရယ်၊ ဒီကိစ္စက ဒေါသဖြစ်စရာလည်း
မဟုတ်ဘူး၊ စိတ်ပျက်စရာလည်း မဟုတ်ပါဘူး၊ ပြဿနာရှိရင် အဖြေ
ရှိရမှာပေါ့၊ ကိုယ်နဲ့ ထွေးငယ် လက်တွဲပြီး ဖြေရှင်းလိုက်ရင် ပြေလည်
သွားမှာပါ၊ လာ ထွေးငယ် ကိုယ်လည်း ခဏဆိုပြီး ထွက်ခဲ့တာပါ၊
ဒါပေမဲ့ ထွေးငယ်ပြောသလိုပဲ မထူးတော့ပါဘူး၊ သန်းခေါင်ထက်လဲ
ညဥ့်မနက်နိုင်တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကမ်းပေးသောလက်ကို ထွေးငယ်က လှမ်းဆုပ်လိုက်သည်။

* * *

"ထွေးငယ်အိမ်က ကိုယ်နဲ့ သဘောမတူတဲ့ ကိစ္စ ဘာအကြောင်းပြလဲ"

ကားလေးကို ဘာစကားမှမပြောဘဲ အတွေးကိုယ်စီနှင့် မောင်းလာရင်း ကမာရွတ်မီးပွိုင့်ကျမှ ပြည်လမ်းဘက် ခွဲထွက်ရင်း ကျွန်တော်စကားစလိုက်သည်။

"အချက်နှစ်ချက် အကြောင်းပြတယ် ကိုလတ်၊ တစ်ချက်က ထွေးငယ်မှာ ရွေးချယ်ပြီးသား လူပျိုလူလွတ် အလုပ်နဲ့ အကိုင်နဲ့ အရာရှိ၊ တင့်တောင်းတင့်တယ် လူတစ်ယောက်ရှိရဲ့သားနဲ့ မုဆိုးဖို ကလေးနှစ်ယောက် အဖေကို အဓိပ္ပာယ်မရှိ ပြောင်းကြိုက်လို့တဲ့၊ နှစ်အချက်က အဲဒီအဝန်းအဝိုင်းက လူတွေနဲ့ မပတ်သက်ချင် ပြဿနာမရှုပ်ချင်လို့တဲ့"

အဲဒါလဲ ဟုတ်တာပဲဟု တွေးမိသည်။ သူတို့ဘက်က ကြည့်တော့လည်း သူတို့အကြောင်းပြချက်က တိကျခိုင်လုံနေသည်။

"ဘယ်လိုလုပ် သူတို့သိသွားတာလဲ ထွေးငယ်"

"ထွေးငယ် အလုပ်ပြောင်းလုပ်တဲ့ကိစ္စမေးတော့ အကျိုးအကြောင်း ဖြေရင်းနဲ့ ထွေးငယ်လဲ မထူးဘူးဆိုပြီး ပြောပြလိုက်တာ၊ ဟုတ်တယ်လေ ဘာထူးမှာလဲ၊ ခုရင်မဆိုင် တစ်နေ့ ရင်ဆိုင်ရမယ့်ကိစ္စပဲ"

"မှန်ပါတယ် ထွေးငယ်၊ ရင်ဆိုင်ရမှာတော့ ရင်ဆိုင်ရမှာပဲပေါ့၊ ဒါပေမဲ့ ခု ကိုယ်တို့ ဖြစ်နေတာက ရင်ဆိုင်လိုက်တိုင်း ဘယ်လိုမှ အဆင်ပြေအောင် ဖြေရှင်းလို့မရတဲ့ ပြဿနာတွေနဲ့ချည်း အမြဲတမ်းသွားသွား တိုးနေတယ်၊ ခုပဲကြည့်လေ၊ ထွေးငယ် အိမ်ကအချက်နှစ်ချက်အကြောင်းပြပြီး ကိုယ်တို့ကိစ္စကို လုံးဝ လက်မခံဘဲ ပယ်ချတယ်"

ထွေးငယ်က ကျွန်တော့်စကားကို နားထောင်နေရင်း ကျွန်တော့်ဘက် လှည့်ကြည့်သည်။ ထွေးငယ် မျက်လုံးများမှာ မျက်ရည်များ ရစ်ဝိုင်းနေသည်။

ကျွန်တော်က သူ့ဆီမှ အကြည့်ပြန်ခွာကာ ကားလမ်းမပေါ်ပြန် မျက်နှာမူရင်း…

"အဲဒီမှာ ဒုတိယတစ်ချက်ဖြစ်တဲ့ ဟိုဘက် အဝန်းအဝိုင်းနဲ့ မပတ်သက်ချင်၊ ပြဿနာမရှုပ်ချင်ဘူးဆိုတာက ဖြစ်အောင်လုပ်ပေးမယ်ဆိုဖြစ်နိုင်သေးတယ်၊ ပထမအချက်ဖြစ်တဲ့ ကိုယ့်ကလေးကုသိုလ်ကံကြမ္မာ အခြေအနေကိုတော့ ကိုယ် ဘယ်လိုလုပ် ပြုပြင်ပြောင်းလဲပေးလို့ ရနိုင်မှာလဲ ထွေးငယ်၊ ဒီဘဝမှာ ကိုယ့်ဘက်က ဘယ်လိုမှ ပြုပြင်ယူချင်လို့ မရတော့တဲ့ ကိစ္စ"

"ထွေးငယ် နားလည်ပါတယ် ကိုလတ်၊ ထွေးငယ်လဲ သူတို့ စိတ်မချမ်းသာတဲ့ အလုပ်မျိုး ဘယ်လုပ်ချင်ပါ့မလဲ၊ ဒါပေမဲ့




မိုးညိုစာပေ

www.burmeseclassic.com



ထွေးင်ယကုသိုလ်ကြမ္မာကိုက ဒီအတိုင်း ဖန်လာတာပဲ၊ ပြီးတော့ အိမ်ထောင်ပြုတယ်ဆိုတာလည်း နှလုံးသားနဲ့ ရင်းရတဲ့ကိစ္စ၊ မချစ်ရင် ဘယ်လိုပေါင်းမလဲဆိုတာကိုကျတော့ သူတို့ ထည့်မစဉ်းစားတော့ဘူးလား"

"နောက်ဆုံးတော့ ခင်မောင်လွင် ပြောသလိုပဲ၊ ကိုယ့်ကိစ္စ ကိုယ် ဘာဆက်လုပ်သင့်သလဲဆိုတာပဲ စဉ်းစား၊ ဘယ်သူ့ဆီကမှ သဘောတူညီချက်တွေရအောင် ကြိုးစားမနေနဲ့တော့လို့ပဲ ဆုံးဖြတ်ရမလို ဖြစ်နေပြီ၊ ထွေးငယ်"

"ဆုံးဖြတ်ရမလို ဖြစ်နေတာမဟုတ်ဘူး ကိုလတ်၊ ဆုံးကို ဆုံးဖြတ်ရတော့မှာ ခုတိုင်းက ဘယ်လိုမှ ညှိနှိုင်းမရတော့တဲ့ အခြေအနေတွေ"

"သူတို့ဘက်က ကြည့်တော့လဲ မှန်တာပဲ ထွေးငယ်၊ ကိုယ်လဲ မိဘတစ်ယောက်အနေနဲ့ ကိုယ်ချင်းစာပါတယ်၊ သမီးလေး ကံ့ကော် ဒီလိုအဖြစ်မျိုးနဲ့ ကြုံနေရင် ကိုယ်လဲ ဘယ် ကြည်ဖြူခွင့်လွှတ်နိုင်ပါ့မလဲ"

"ဟုတ်ပါတယ်၊ မမသွယ်နေရာကို ထွေးငယ် ကိုယ်ချင်းစာတတ်သလိုပေါ့၊ ဒါပေမဲ့ ထွေးငယ်ဘက်ကတော့ အပြတ်ဆုံးဖြတ်ပြီးသားပါ၊ ဒီကိစ္စမှာ ထွေးငယ် ဘယ်တော့မှ နောက်မဆုတ်တော့ဘူး၊ အစကတည်းကလည်း ဒီကိစ္စတွေ ထည့်မစဉ်းစားဘဲ ကိုလတ်ကို ချစ်ခဲ့တာမဟုတ်ဘူး၊ ခုမှ အစကလဲ ပြန်မစဉ်းစားနိုင်တော့ဘူး၊ ဘာပဲဖြစ်ဖြစ် ထွေးငယ် ရှေ့ဆက်တိုးတော့မှာပဲ"

"ခုတိုင်းကလဲ အဲလို ဘာပဲဖြစ်ဖြစ် ဆိုတဲ့ သဘောမျိုးနဲ့ပဲ





စွန့်စားရင်ဆိုင်ရတော့မှာပဲ အခြေအနေမျိုး ကိုယ်တို့မှာ လုံးဝမရှိတော့ဘူး"

ကျွန်တော်က ဆက်၍ သွယ်သွယ် စစ်ကြောပြောလိုက်သည့် တတိယအဆင့်အကြောင်းကို ပြောပြလိုက်သည်။

"ဒါပါပဲ ထွေးငယ် သူတို့ပြောတာက ရှင်းတယ်၊ ခုချိန်မှာ ထွေးငယ်ကို ကိုယ်ယူမယ်ဆို လက်ချည့် ဆင်းသွားဆိုတဲ့ အဓိပ္ပာယ်ပဲ၊ ဆိုလိုဖြစ်တာအောင်လဲ သူတို့ဘက်က အစောကြီးကတည်းက ကျကျနန ပြင်ဆင်ထားပြီးသားပဲ"

ပစ္စည်းပစ္စယများ နာမည်လွှဲပြောင်းပေးခဲ့မှုတွေ၊ နှင်း လက်ဝတ် လက်စားများ ထုခွဲရောင်းချ၊ ကလေးတွေနာမည်နှင့်ထားလိုက်မှုတွေ ပြောပြလိုက်သည်။

"ဒါပေမဲ့ ဒါတွေက ကိုယ်လည်း အစကတည်းက မလိုချင်လို့ သူတို့လုပ်ချင်တာ လုပ်ဖို့ ခွင့်ပေးခဲ့တာတွေပဲ၊ ဒါတွေလဲ မလွမ်းပါဘူး၊ တစ်ခုပဲ အခု ကိုယ့်မှာ ခက်နေတယ်၊ အဲဒါကြောင့်မို့လဲ ခုထိ သွယ်သွယ်ကို ဘာယတိပြတ် အဖြေမှ မပေးသေးဘဲ ပို နေမြဲ ကျားနေမြဲနဲ့ သူပြောတဲ့ တစ်လမကုန်မချင်း ကိုယ်စောင့်နေခဲ့တာပေါ့"

"အဲဒီ ခက်နေတယ်ဆိုတာက ဘာလဲ ကိုလတ်"

"ထွေးငယ်နဲ့ တည်ထောက်မယ့် ဘဝကို ကိုယ်တာနဲ့ ပြီး အစပျိုးရမလဲ ဆိုတာပဲပေါ့ ထွေးငယ်၊ ပြီးတော့ ကလေးတွေကိုလည်း ကိုယ် ဘယ်လိုလုပ်ထားခဲ့ရမလဲ"

ထွေးငယ်က ခေါင်းညိတ်သည်။ ပြီးမှ . . .



www.burmeseclassic.com

www.burmeseclassic.com



"ထလေးတွေကိစ္စပဲ အဓိကထား စဉ်းစားပါ ကိုလတ်ရယ်၊ သူတို့လေးတွေအတွက်ပဲ ထွေးငယ်လည်း စိတ်ပူနေမိတာပါ၊ ကျန်တဲ့အပိုင်းတတော့ ထွေးငယ် ခဏပြောသလိုပဲ၊ 'ဘာဖြစ်ဖြစ်'ပါ၊ ထွေးငယ်လဲ အဲဒီပစ္စည်းဥစ္စာတွေနဲ့ ထွေးငယ်တို့ ဘဝကို တည်ဆောက်ရင် တစ်သက်လုံး ပြောမဆုံး ဖြစ်တော့မှ၊ ထွေးငယ်အချစ်ကိုလည်း ဒီနည်းနဲ့ အစော်ကား အထိပါးမခံချင်ဘူး"

"ဖြစ်နိုင်ရင်တော့ ကိုယ့်အတွက် အချိန်နည်းနည်း လိုချင်တယ် ထွေးငယ်ရယ်၊ ထွေးငယ်က 'ဘာပဲဖြစ်ဖြစ်' ဆိုပေမယ့် အဲဒီဘာတွေဖြစ်လာမှန်းမသိတဲ့ ဆင်ကန်းတောတိုး 'ဘာဖြစ်ဖြစ်' ဘဝကြီးထဲကို ထွေးငယ်ကို ကိုယ် အတူခေါ်မထားရဲဘူး"

"ဘာဖြစ်လို့လဲ ကိုလတ်"

"ဘဝဆိုတာ ဘယ်လိုမှ ခန့်မှန်းလို့မရတဲ့ အခက်အခဲပြဿနာတွေ အများကြီးရှိနိုင်တယ် ထွေးငယ်၊ ခုမှ အစပြန်ပျိုးရမယ့် ကိုယ်တို့ဘဝမျာ ဘာတွေ ကြုံလာရဦးမယ်ဆိုတာ ဘယ်လိုမှ ခန့်မှန်းနိုင်မှာ မဟုတ်ဘူး၊ လက်ချည်းသက်သက် ပြန်စရမယ့် ဘဝမှာ နှစ်ယောက်အတွက် အခြေခံလိုအပ်ချက် ဖြစ်တဲ့ စားဝတ်နေရေး ကိစ္စလေးတွေကိုတောင် ပြန်ပူပန်ရမယ့် အခြေအနေရှိတယ်"

"ထွေးငယ်တို့ အဲလောက် အခြေအနေ အထိတော့ ဆိုးဂျာမရှိပါဘူး ကိုလတ်ရယ်၊ ထွေးငယ်မှာလဲ အလုပ်နဲ့ အကိုင်နဲ့ပါ"

"အားလုံးကို ကိုယ် သေချာစဉ်းစားပြီးထားပါ ထွေးငယ်၊ ဒီစကားတွေက စဉ်းစားပြီးမှ ပြောတဲ့ စကားပါ၊ ကဲပါလေ ဒီကိစ္စ





တွေ ကိုယ် အသေးစိတ် ရှင်းပြပါ့မယ်၊ ရှင်းပြထားမှလဲ ဖြစ်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ထွေးငယ်ထက်စာရင် ကိုယ်က ဘဝအတွေ့အကြုံကော အသက်အရွယ်ကော ကြီးတဲ့ လူကြီး၊ ဒါတွေ ရှင်းမပြဘဲနဲ့တော့ ကိုယ့်ဘက်က ဘာမှ မိုက်မိုက်ကန်းကန်း မလုပ်ချင်ဘူး၊ နောက်ပြီး ဒီစကားတွေကို ကားမောင်းရင်းနဲ့လည်း မပြောချင်ဘူး၊ တစ်နေရာမှာ အေးအေးဆေးဆေး ထိုင်ပြီးမှ ပြောပြမယ်"

ပြောရင်းနှင့် ကျွန်တော် ကားလေးကို အတော်လှမ်းလှမ်း ဆက်မောင်းသည်။

မြို့ပြင် အဝေးပြေးလမ်းမကြီးပေါ် ရောက်၍ လမ်းဘေးမှာ လှူအရမ်းရှင်းနေသော လက်ဖက်ရည် တစ်ဆိုင်ရှေ့မှ…

"ကဲ ခဏဆင်းရအောင် ထွေးငယ်၊ ဒီကမ္ဘာပေါ်မှာ ဒီထက်လူရှင်းပြီး စကားပြောလို့ကောင်းမယ့် လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှ ရှိမှာ မဟုတ်တော့ဘူး၊ ဒီမှာပဲ လက်ဖက်ရည်သောက်ရင်း စကားပြောရအောင် ပြီးတော့ ဆုံးဖြတ်ချက်တစ်ခုလည်း အပြီးအပိုင် ချကြတာပေါ့"

ထွေးငယ်က ကျွန်တော့်စကားကို နားထောင်ရင်း ဆိုင်ဘက်တစ်ဖက်ကြည့်၍ ရယ်သည်။ ပြီးမှ…

"လက်ဖက်ရည်ကတော့ တစ်စက်မှ ကောင်းမယ့်ပုံမပေါ်ဘူး ကိုလတ်၊ ဒါပေမဲ့ ဒီဆိုင် ရွေးတာပဲ ကောင်းပါတယ်၊ ဆိုင်နာမည်လေးကို ထွေးငယ် အရမ်းသဘောကျတယ်"

သည်တော့မှ ဆိုင်နာမည်လေးမှာ ထုံးဖြင့်ရေး၍ ကမ္ဘာ့ကာဖေး



www.burmeseclassic.com

www.burmeseclassic.com



နှိုတ်ထားသော ဆိုင်းဘုတ် အစုတ်အပြတ်ကလေးကို မြင်သည်။

"ဆုံစည်းရာ"

ကျွန်တော် ပြုံးလိုက်၏။





။ ၃ ။

"ပထမဆုံးကြုံရမယ့် ပြဿနာက ရန်ကုန်မှာ ကိုယ်တို့ နေသင့် မနေသင့်ဆိုတဲ့ ပြဿနာပဲ ထွေးငယ်"

ဆိုင်လေးထဲ ရောက်၍ လက်ဖက်ရည် တစ်ခွက်စီ မှာပြီးသည်နှင့် စောစောက ပြတ်သွားသော စကားကို ပြန်ဆက်သည်။

"ရန်ကုန်မှာ နေဖြစ်ရင်တော့ ထွေးငယ်ပြောတဲ့ အလုပ်နဲ့ အကိုင်နဲ့ဆိုတဲ့ ကိစ္စက ရှိနိုင်သေးတယ်၊ ဒါထွေးငယ်ဘက် ပြောတာနော်၊ ကိုယ့်ဘက်ကတော့ ဒီနေ့အိမ်ပေါ်ကဆင်းတာနဲ့ ဒီနေ့ အလုပ်လက်မဲ့ပဲ"

"ရန်ကုန်မှာနေဖို့ မနေဖို့ဆိုတဲ့ကိစ္စက…"

"ပြောမယ်လေ၊ ကိုယ်တို့နှစ်ယောက် ယူမယ့်အနေအထားက ဘယ်သူမှသဘောမတူဘဲ၊ ကိုယ့်သဘောနဲ့ ကိုယ် ယူမယ့်အနေအထား



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘက်က ကိစ္စပြတ်လို့ ဘယ်သူမှ လာမနှောင့်ယှက်ဘူးထား၊ ထွေးငယ်အိမ်က ဒီအတိုင်းနေမတဲ့လား၊ အတင်းလိုက်ခွဲမယ်ဆိုပါတော့ ထွေးငယ် ဘယ်လိုလုပ်မလဲ”

“မလိုက်ဘူး ပြောမှာပေါ့”

“မလိုက်လိုက် လိုက်လိုက်၊ အတင်းဆွဲခေါ်ရင်ကော ကိုယ်က ဘာလုပ်ရမလဲ၊ ဒီလူကြီးမိဘတွေကို ကိုယ်က ရိုက်ချရမှာလား”

“အင်း…ဟုတ်တယ် ကိုလတ်၊ ထွေးငယ်တို့ ချက်ချင်း လက်ငင်းကြီးတော့ ရန်ကုန်မှာနေလို့ မဖြစ်ဘူး၊ ခဏတဖြုတ်တော့ တစ်မြို့တစ်ရွာထွက်သွားပြီး ရှောင်နေရဦးမှာပဲ”

“ဟုတ်တယ် ထွေးငယ်၊ ထွေးငယ်မိဘတွေက ဘယ်လိုမှ ခွဲလို့ရမှာမဟုတ်တော့ဘူး၊ သူ့ဘဝနဲ့သူ ရှိပါစေတော့လို့ စိတ်ဒုန်းဒုန်း ချနိုင်တဲ့အထိ တစ်နယ်တစ်ကျေးမှာ သွားနေရမှာ၊ အဲဒါက တစ်လ လည်း ကြာနိုင်တယ်၊ နှစ်လလည်း ကြာနိုင်တယ်၊ အခြေအနေမကောင်း ရင် နှစ်နဲ့ချီပြီး နေရမယ်၊ အဲဒီအချိန်အထိ ထွေးငယ်အလုပ်က စိတ်ရှည် လက်ရှည်နဲ့ စောင့်နေမလား”

“ဘယ်စောင့်နေမလဲ ကိုလတ်ရယ်”

“အဲဒါဆို ကိုယ်တို့စားဖို့၊ ဝတ်ဖို့၊ နေဖို့တာနဲ့ ဖန်တီးမလဲ၊ နယ်မှာရရာအလုပ်ကလေးတစ်ခုစီလုပ်ပြီး ဖန်တီးရမယ်၊ အဲဒီအခါမှာ ဒီအချိန် ဒီအခြေအနေမျိုးနဲ့ ဘယ်လိုမှ အစိုးရအလုပ်တစ်ခုခုလဲ ဝင် မလုပ်နိုင်ဘူး၊ အပြင်အလုပ်ပဲ လုပ်ရမှာ၊ အဲဒီနယ်မှာ သူစိမ်းတွေဖြစ် နေတဲ့ ကိုယ်တို့အတွက် ဟန်ကျပန်ကျအလုပ် ဘယ်ကရမလဲ”

“စိတ်ညစ်လိုက်တာ ကိုလတ်ရယ်”





“အဲဒါ ကိုယ်က သားသမီးတွေထားခဲ့ရမယ့်ကိစ္စ၊ ထွေးငယ် က အိုကြီး အိုမမိဘတွေထားခဲ့ရမယ့်ကိစ္စတွေရဲ့ စိတ်သောကရောက် စရာတွေ ထည့်မပြောသေးဘူး ထွေးငယ်၊ ဟိုမှာ တည်ဆောက်ရမယ့် ဘဝအတွက် အနိမ့်ဆုံးလိုအပ်မယ့် ထမင်းစားဖို့ကိစ္စလေးပဲ ကွက်ပြော သေးတာ၊ အဲဒီတော့ ဘာဖြစ်ဖြစ်ရင်ဆိုင်မယ်ဆိုတဲ့ စကားကို အဲဒီအထိ ထွေးငယ် စဉ်းစားပြီးပြီလား”

“အဲလောက်အထိတော့ ထွေးငယ် မစဉ်းစားမိဘူး ကိုလတ်၊ ထမင်းစားဖို့လောက်ကတော့ တစ်နည်းနည်းနဲ့ သူ့ဟာနဲ့ သူ့အဆင်ပြေ သွားမှာပဲလို့ပဲ တွက်မိတယ်”

“မပြောဘူးလို့လဲ ကိုယ်မပြောပါဘူး ထွေးငယ်၊ မျှော်လင့် ထားတာထက်တောင် အများကြီး အဆင်ပြေတာတွေလည်း ဖြစ်နိုင် ပါသေးတယ်၊ ခု ကိုယ်ပြောနေတာက အဆိုးဆုံး အခြေအနေကို ပြောတာ အဆိုးဆုံး ဖြစ်နိုင်ရင် အကောင်းဆုံးဆိုတာတွေလည်း ဖြစ် နိုင်တာပဲပေါ့၊ ဒါပေမဲ့ တွက်တဲ့ထဲမှာတော့ အဲဒီအဆိုးဆုံးကို အရင် ဆုံး စတွက်ရမှာပဲ ထွေးငယ်၊ အဆိုးဆုံးကို ရင်ဆိုင်မယ်လို့ ဆုံးဖြတ် ပြီးရင် အကောင်းဆုံးတွေ၊ အကောင်းတွေ နည်းနည်းဆိုးတာတွေ ရင်ဆိုင်ဖို့ ဘာပြဿနာမှ မရှိတော့ဘူး”

“ဒါပေမဲ့ ထွေးငယ်ကိုလတ်နဲ့ မခွဲနိုင်ဘူး”

“ဟုတ်တယ်လေ ထွေးငယ်၊ ကိုယ်လည်း ထွေးငယ်နဲ့ ခွဲ နိုင်တယ်ထင်လို့လား၊ မခွဲနိုင်ပါဘူး၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ်၊ ထွေးငယ် ဟာ အရွယ်ရောက်ပြီးသား မိန်းကလေးဆိုတဲ့တိုင် ကိုယ်နဲ့နှိုင်းစာရင် ထွေးငယ်ဟာ ဘဝအကြောင်း ဘာမှနားမလည်တဲ့ကလေးပဲ၊ နားမလည်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ကလေးကို နားလည်အောင် အရင်ပြောပြဖို့က ကိုယ့်မှ တာဝန်ရှိတယ်၊ အဲလိုရှင်းပြလို့ ဘဝဆိုတာကို ထွေးငယ်နားလည်ပြီးမှ ရင်ဆိုင်ရမယ့် ဒုက္ခပမာဏကို ထွေးငယ်သိပြီးမှ ထွေးငယ်ဆုံးဖြတ်တဲ့ ဆုံးဖြတ်ချက်ကို ကိုယ် အတည်ယူနိုင်မယ်"

"နို့မို့ဆိုရင်…"

"နို့မို့ဆိုရင် ကိုယ်ဟာ အသုံးမကျတဲ့ လူကြီးတစ်ယောက်ဖြစ်သွားမှာပေါ့ ထွေးငယ်၊ အဲဒီထက် ပိုဆိုးတာက တစ်ချိန်ချိန်မှာ ထွေးငယ် ကိုယ့်ကို မုန်းတီးသွားမှာကို ကိုယ်မကြောက်တာပဲပေါ့၊ ဘဝအတွက် စားဖို့ထမင်းကိစ္စတောင်မှ မပြေလည်တဲ့အခါ အခုကိုယ်တို့နှစ်ယောက်နဲ့ အတူရှိရတဲ့ 'အချစ်'ဆိုတာကကော အမြဲ လက်တွဲပြီး လိုက်လာနိုင်ဦးမှာလား…"

"စားဝတ်နေရေး ဒုက္ခတွေနဲ့ ပိလာလို့ ကိုယ်တို့နှစ်ယောက်ကြားမှာ အချစ်ဆိုတာကို ဦးစားမပေးနိုင်တော့ဘူးဆိုရင် အဲဒီအချစ်ကြောင့် ကိုယ်တို့ အရမ်းစိတ်ညစ်နေရပြီဆိုရင် ကိုယ်တို့နှစ်ယောက်ချစ်လွန်းလို့ မခွဲဘဲအတင်းပေါင်းကြတဲ့ကိစ္စဟာ ဘာအဓိပ္ပာယ်ရှိတော့မလဲ…"

"ခုချိန်မှာ မပေါင်းဘဲ နောက်ဆုတ်ခွာလိုက်ကြတာကမှ တစ်သက်လုံးအချစ်နဲ့ လွမ်းနေနိုင်ကြဦးမယ်၊ ဘဝရဲ့ စားဝတ်နေရေးအခက်အခဲကြောင့် တစ်နေ့ တစ်နေ့ ဒုက္ခနဲ့ သောကနဲ့ အချစ်ဆိုတာကို ထည့်မစဉ်းစားနိုင်တော့ရင် ကိုယ်တို့ဘာဖြစ်လို့ ပေါင်းကြတော့မှာလဲ၊ ကိုယ့်အချစ်ကို ကိုယ်သတ်ပစ်လိုက်သလို ဖြစ်မသွားဘူးလား"





"အဲဒါအတွက် ဖြေရှင်းစရာနည်းလမ်းမရှိတော့ဘူးလား ကိုလတ်ရယ်"

"အချိန်လိုတာပေါ့ ထွေးငယ်၊ အဲဒီပြဿနာတွေ အားလုံးကို ကိုယ်တစ်ယောက်တည်း အရင် ရင်ဆိုင်ဖြေရှင်း ကြိုးစားဖို့ အချိန်လိုတာပေါ့၊ ကိုယ့်ဘက်က ဒါတွေကို ဖြေရှင်းပြီး ထွေးငယ်ကို တင့်တောင်းတင့်တယ် ထားနိုင်ပြီဆိုတဲ့ အချိန်ကျမှ ထွေးငယ်ရေ လာတော့လို့ ခေါ်လိုက်ရင် ဒီပြဿနာတွေနဲ့ ထွေးငယ် ရင်ဆိုင်စရာမလိုတော့ဘူး၊ ကိုယ့်ကြောင့် ပင်ပန်းဆင်းရဲရတဲ့ ဒုက္ခတွေနဲ့ ထွေးငယ် ကိုယ့်ကို ငြူစူမုန်းတီးနာကြည်းစရာလည်း မလိုတော့ဘူး"

"ကိုလတ်က အချိန်ဘယ်လောက်လောက် ယူရမှာလဲ"

"ဘယ်ပြောတတ်မလဲ ထွေးငယ်၊ တစ်နှစ်ဖြစ်ချင်လဲ ဖြစ်မယ်၊ နှစ်နှစ်ဖြစ်ချင်လဲ ဖြစ်မယ်၊ အဲဒီထက်မက သုံးလေးငါးနှစ်လဲ ဖြစ်ချင်ဖြစ်မယ်"

"ဟာ… အဲလောက်အထိတော့ ထွေးငယ် မစောင့်နိုင်ဘူးကွာ၊ ဒီကြားထဲမှာ ထွေးငယ် တစ်ယောက်တည်း ဘယ်လိုနေရမလဲ"

"ကိုယ် အကြံပေးချင်တာကတော့ တတ်နိုင်သလောက် အချိန်ဆွဲပြီး ထွေးငယ်နေတတ်အောင် ကြိုးစားစေချင်တာပဲ၊ အဲဒါမှ မဟုတ်လို့ ဘယ်လိုမှနေလို့ မရတော့ဘူးဆိုရင်တော့ ခုနဒုက္ခတွေ ထွေးငယ်ခံနိုင်အောင် ကြိုးစားတော့၊ ဒါမှမဟုတ် တခြားအရေးပေါ်ကိစ္စ တစ်ခုခုပေါ်လာတဲ့အခါ ဒီဒုက္ခတွေ ထည့်စဉ်းစားပြီး ထွေးငယ့်ဘယ်ကို စွန့်မလား၊ ပေါင်းသင်းမလား၊ ယတိပြတ်ဆုံးဖြတ်ချက် တစ်ခုကို ချတော့၊ ဒါပဲရှိတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုလတ်ကကော ဘယ်လိုဆုံးဖြတ်ထားလဲ"

"ကိုလတ်ကတော့ ယောကျာ်းပဲ ထွေးငယ်ရယ်၊ ရင်ဆိုင်ဖို့လိုအပ်လာရင် ဘာမဆို ရင်ဆိုင်ဖို့ အသင့်ရှိရမှာပေါ့"

"ဒီအတောအတွင်းမှာကော မမသွယ်က ယတိပြတ် ဆုံးဖြတ်ချက် တောင်းထားတဲ့ကိစ္စကို ကိုလတ် ဘယ်လိုဖြေရှင်းမလဲ"

"အဲဒီကိစ္စက မခက်ပါဘူး ထွေးငယ်၊ သွယ်သွယ့်ကို ကိုယ်အမှန်အတိုင်းပဲ ပြောဆိုရင်ဆိုင်ရမှာပဲပေါ့၊ ကိုယ် အခုလောလောဆယ်မှာ ထွေးငယ်ကိုလည်း မယူသေးဘူး၊ ဒီပြင်လူလည်း ဘယ်သူမှ မယူနိုင်ဘူး၊ ဒါပေမဲ့ တစ်ချိန်ချိန်မှာတော့ ကိုယ်လည်း ဘာမှ အာမမခံနိုင်ဘူး၊ သွယ်သွယ်ကြိုက်သလို ဆုံးဖြတ်ဆိုပြီး သူ့ကိုပဲ ဆုံးဖြတ်ခိုင်းရမှာပေါ့၊ သူ ဘာပဲဆုံးဖြတ် ဆုံးဖြတ် ကိုယ်ကတော့ သူတို့ကို မမီမခိုမပြုရဘဲ ကိုယ့်ဘာသာ သီးခြားရပ်တည်နိုင်တဲ့ အနေအထား တစ်ခုရောက်အောင် ကိုယ့်ဟာ ကိုယ် ကြိုးစားရတော့မှာပဲ"

"ကောင်းပြီလေ၊ ဒါဖြင့် ထွေးငယ် ကိုလတ်ပြောတာတွေအားလုံးကို မှတ်ပြီး စဉ်းစားမယ်၊ အဲဒါတွေအားလုံး ထွေးငယ်စဉ်းစားပြီးမှ ထွေငယ် ဘာဆုံးဖြတ်တယ်ဆိုတာ ထွေးငယ် ကိုလတ်ကို ပြောပြမယ်၊ ထွေးငယ်ဘက် ဘာမဆို ရင်ဆိုင်မယ်လို့ ဆုံးဖြတ်ရင် ကိုယလတ်ဘက်က ထပ်စဉ်းစားဦးမှာလား"

"စဉ်းစားစရာမလိုပါဘူး ထွေးငယ်၊ အမြဲ အသင့်ပါပဲ"

"ထွေးငယ်ကိုကော ကိုလတ် တကယ်ချစ်လား"

"ချစ်တာပေါ့ ထွေးငယ်၊ ချစ်လို့ ဒီစကားတွေ ပြောနေရတာပေါ့"





"ဘယ်တော့မှ ထွေးငယ်ဆန္ဒမပါဘဲ နောက်မဆုတ်ဘူးဆိုတာကော ကတိပေးမလား"

"ကတိပေးပါတယ် ထွေးငယ်၊ ထွေးငယ်ဆန္ဒ မပါဘဲ ဘယ်တော့မှ ကိုယ် နောက်မဆုတ်ပါဘူး၊ ကိုယ် အဓိကထား စဉ်းစားသမျှဟာ ထွေးငယ် စိတ်ချမ်းသာရေးပါပဲ"

"ဒါဆိုရင် ထွေးငယ် ကျေနပ်ပါတယ်၊ ထွေးငယ်ဘက်ကလည်း ကတိပေးပါတယ် ကိုလတ်၊ ထွေးငယ် အချိန်ယူရင်သာ ယူမယ်၊ ဘယ်တော့မှ ကိုလတ်ကိုခွဲဖို့ နောက်ဆုတ်ဖို့ စိတ်ကူးမျိုး မကူးပါဘူး"

ဆုံစည်းရာ လက်ဖက်ရည်ဆိုင်လေးသည် များစွာ လူရှင်းသည်။

သို့သော် ထွေးငယ်နှင့် ကျွန်တော်တို့လို ချစ်သူများ အရေးအကြီး ဆုံစည်းဆွေးနွေးဖို့ အကောင်းဆုံး နေရာတစ်ခုဟု မော်ကွန်းတင်စရာကောင်းသည်ကတော့ သေချာလှ၏။



www.burmeseclassic.com

www.burmeseclassic.com



။ ၄ ။

“အဲဒါတွေ အကုန် ထွေးငယ်နဲ့ မင်း မနေ့က ပြောခဲ့ပြီ ပေါ့”

“ပြောခဲ့ပြီးပြီ ခင်မောင်လွင်၊ ခုလောလောဆယ် အခြေအနေမှာ ထွေးငယ်ဆီက ဒါတွေအားလုံး စဉ်းစားပြီး ချမယ့် ဆုံးဖြတ်ချက်တစ်ခု ငါစောင့်နေတာပဲ”

“ဘာ ဆုံးဖြတ်ချက်လဲ၊ ဆုံးဖြတ်ချက် လိုသေးလို့လား၊ သူ့ဘက်က ဘယ်တော့မှ နောက်မဆုတ်ပါဘူးလို့ မင်းကို ကတိပေးပြီးပြီဆို”

“အေးလေ၊ ဒါပေမဲ့ ဒီကြားထဲမှာ သူ့အိမ်က ဖြစ်လာမယ့် အခြေအနေကို သူ့နည်း သူ့ဟန်နဲ့ ရင်ဆိုင်ပြီး ငါ့ကို အချိန်ပေးဖို့ ကိစ္စနဲ့ ဒီကြားထဲမှာ သူ ဘယ်လိုမှနေလို့ မရတဲ့အခါ ဘာမဆို ရင်ဆိုင်ပြီး ငါနဲ့ လိုက်ခဲ့ဖို့ကိစ္စ၊ ဒါကိုတော့ သူ ဆုံးဖြတ်ပေးရမှာပေါ့”





“အဲဒါက လိုလို့လား”

“လိုတာပေါ့ ခင်မောင်လွင်ရာ၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ဆုံးဖြတ်ချက်ပေါ် မူတည်ပြီး သွယ်သွယ် ငါ့ကို အချိန်ပေးထားတဲ့ တစ်လပြည့်တဲ့အခါ ငါ ဘာလုပ်မလဲ ဆုံးဖြတ်ဖို့ ရှိသေးတယ်လေ”

“ထွေးငယ် ဘယ်တော့ သူ့ဆုံးဖြတ်ချက်ကို မင်းအသိပေးမှာလဲ”

“သုံးရက်အချိန်ယူထားတယ် ခင်မောင်လွင်၊ ဒီနေ့မနက်ဖြန် သန်ဘက်ခါ စဉ်းစားဆုံးဖြတ်ပြီး ဖိန်းနွဲခါကျရင် ငါ့ကို သူပြောလိမ့်မယ်”

“အင်း… ဒါတွေကတော့ မင်းတို့ ဆုံးဖြတ်ချက်နဲ့ မင်းတို့ သင့်သလို လုပ်ကြပေါ့ကွာ၊ မနေ့ကနဲ့ ဒီနေ့ မင်းပြောတဲ့စကားတွေထဲမှာ ငါ သိပ်သဘောကျတဲ့ စကားလုံးတစ်လုံးပဲ ရှိတယ်”

“ဘာလဲ”

“ဘဝအတွက် စားဖို့ ထမင်းကိစ္စတောင် မပြည်လည်တဲ့အခါ အခု ကိုယ်တို့နှစ်ယောက်နဲ့အတူ ရှိနေတဲ့ ‘အချစ်’ ဆိုတာကကော အမြဲ လက်တွဲပြီး လိုက်နိုင်ဦးမှာလား ဆိုတဲ့စကားပေါ့”

“ဒါကတော့ ပြောရမယ့်စကား အမှန်ပဲ ခင်မောင်လွင်၊ တို့နှစ်ယောက် အခု ဦးတည်ပြီး ကြိုးစားနေတဲ့ ကိစ္စကတို့ နှစ်ယောက်ကြားမှာ ရှိနေတဲ့ ‘အချစ်’ ကလေး ပျက်စီး ပြိုကွဲမသွားချင်လို့လဲ ခုချိန်မှာ ထွေးငယ်ရယ်၊ ငါရယ်၊ ငါတို့နှစ်ယောက်ကြားမှာရှိတဲ့ အချစ်ရယ်၊ သုံးဦး သုံးဖလှယ် သိပ်လက်တွဲခိုင်နေတဲ့အချိန်”

“အင်း… သဘောပေါက်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ဒါက ဘာဆန်းလဲ၊ တို့ ဖြတ်သန်းပြီးခဲ့တဲ့ ကာလ ရှာ အစစ အားလုံး အဆင်ပြေပြီး လိုသမျှ အကုန်ဖန်တီး၊ စိတ်သွား တိုင်းကိုယ်ပါ၊ ပျော်စရာတွေ အများကြီး ရှာချင်တိုင်းရှာလို့ ရခဲ့တဲ့ ကာလ၊ နောင်တစ်ချိန်မှာ ဒါမျိုး အခြေအနေတွေ ရှိချင်မှ ရှိတော့ မယ်၊ ရှိဖို့လဲ မလွယ်တော့ဘူး၊ အရေးကြီးတာက ခုချိန်မှာ စောစော က တို့နဲ့ လက်တွဲနေတဲ့ အချစ်ဆိုတဲ့ သတ္တဝါက အဲဒီအချိန်အထိ မခွဲမခွာ လက်တွဲပါလာဖို့ပဲ…"

"အဲဒီအချစ်နဲ့ အတူ တို့နှစ်ယောက် တစ်သက်လုံး လက်တွဲ ဖို့ ကြိုးစားခါမှ အဲဒီအချစ်က ဒုက္ခမခံနိုင်လို့ ထွက်ပြေးသွားခဲ့ရင် တို့လုပ်သမျှ စွန့်ရသမျှ အကုန်ရှုံးပြီပဲ၊ ငါ ကုန်သည် ခင်မောင်လွင်၊ မမြတ်ရင်နေ၊ အရင်းထဲကတော့ ဘယ်နည်းနဲ့မှ အရှုံးမခံနိုင်ဘူး"

ခင်မောင်လွင်က ကျွန်တော့် အတွေးကဗျာဆန်နေသော စကား များကို နားထောင်ရင်း ရယ်သည်။

"ဒါကြောင့်လဲ အဲဒီအချစ်ဆိုတဲ့ သတ္တဝါကို ချော့မော့ပြီး မေးကြည့်ပါလားကွ၊ ငါတို့နှစ်ယောက် တစ်သက်လုံး ဘာနဲ့ 'ကြုံ ကြုံ လက်တွဲပြီး လိုက်မှာလား အချစ်ရယ်လို့"

"အချစ်ဆိုတာကို တိုက်ရိုက်မေးခွင့်မရလို့ ခုလောက် စဉ်းစားနေရတာပေါ့ကွာ၊ ငါသိသလောက် ငါ့ဘဝ အတွေ့အကြုံ အရ ပြောရရင်တော့ ဒီလူ့လောကထဲက လူ့ဘဝတိုင်းမှာ အချစ်ဆို တာ ရှိတယ်၊ ဒါပေမဲ့ အဲဒီအချစ်ဟာ ဘဝသုခ ချမ်းသာမှုတွေနဲ့ တွဲမှ လှလှပပ ရှင်သန်ရပ်တည်တယ်၊ အဲလိုမဟုတ်လို့ ဘဝဒုက္ခ ဆင်းရဲခြင်းတွေ များလာတဲ့အခါ အတော်ရှားရှားပါးပါး ချစ်သူဘဝ





တွေမှာပဲ အဲဒီအချစ်က ရှိနေ၊ လက်တွဲနေတတ်တော့တယ်၊ ဘဝ ရပ်တည်မှု ခက်ခဲလာရင်တော့ ဘယ်ဘဝမျိုးမဆို အချစ်နဲ့ လက်တွဲ နိုင်တဲ့ အခွင့်အရေး မရနိုင်တော့ဘူး၊ အဲဒါတွေကြောင့်လဲ အခုလောက် ငါ သွေးကြောင် သတ္တိနည်းနေရတာပေါ့ကွာ"

"အေး… ဟုတ်တယ်၊ နှင်းနဲ့တုန်းက မင်း သတ္တိအတော် ရှိခဲ့တာပဲ"

"အင်း… ခင်ဝမ်းရဲ့ သီချင်းထဲက စကားနဲ့ ပြောရင် နောက်ကျိုတဲ့ရေဟာ ရေကြည်တွေလို မပြတ်သားနိုင် ဖြစ်ရတာပေါ့၊ ခုချိန်မှာ ငါ အသက်နှစ်ဆယ်ကျော်၊ ဘဝကို အားအင်အပြည့်နဲ့ စိတ်ကြိုက်ရင်ဆိုင် အနိုင်ကြဲပစ်လိုက်မယ်ဆိုတဲ့ လူငယ် လူပျို လူ လွတ် စိုးလတ်မဟုတ်တော့ဘူး ခင်မောင်လွင်၊ ဟိုအချိန်တုန်းက ငါ့မှာ နောက်ထပ် ဆုံးရှုံးစရာလဲ ဘာမှမရှိဘူး၊ ထောက်ထားငဲ့ညှာ ရမယ့်လူတွေလည်း ဘယ်သူမှမရှိဘူး၊ အဲဒီတုန်းက ငါ့ အခြေအနေ က ရေကြည်"

"ခုကျတော့ကော"

"ခုကျတော့ ရေနောက်ဖြစ်နေပြီကွ၊ ဘာတစ်ခုမှ ပြတ်သား လို့ မရတော့ဘူး၊ ငါ့မှာ သားသမီးဆိုတဲ့ အနှောင့်အဖွဲ့တွေကလည်း ရှိတယ်၊ ပြီးတော့ တွေးငယ်ကို ငါပေးရမယ့် ဘဝက မုဆိုးဖိုကလေး အဖေဆိုတဲ့ ဘဝ၊ အဲဒီတော့ မုဆိုးဖိုကလေးအဖေရယ်၊ နောက်အိမ် ထောင်ဆိုတဲ့ ဘွဲ့ထူးအပြင် နောက်ထပ် ဆင်းရဲဒုက္ခ၊ ဝေမှုထမ်းခြင်း တွေ ငါ တွေးငယ်ကို မပေးချင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ အဲဒီဘဝအပြင် အဲဒီ ဒုက္ခတွေကိုကော အတူ မျှဝေလက်ခံနိုင်အောင် ဆောင်အဖြစ်နဲ့ တွေးငယ်က လိုချင်ပါတယ် ဆိုရင်ကော"

"တကယ်ဆုံးဖြတ်ပြီးပြီဆိုရင်တော့ ငါ ယောက်ျားပါ ခင်မောင်လွင်၊ ကြုံသမျှ ဒုက္ခတွေအားလုံးကို သူ့ရှေ့ကနေ ငါ အရင် ရင်ဆိုင်ပြီးမှ ငါ့နောက်ကနေ သူ့ကို လိုက်ခိုင်းမှာပါ"

"အေးလေ အဲဒီအဖြေကို နောက် သုံးရက်ကြာရင် မင်း ရတော့မှာပဲ၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်တယ် ခင်မောင်လွင်၊ သိပ်မလိုတော့ပါဘူး၊ နောက် သုံးရက်ပါပဲ"

ထိုနေ့က ခင်မောင်လွင်ဆီက အပြန် ဆိုင်ရောက်သောအခါ အမေက အိမ်ပြန်လာခဲ့ရန် ဖုန်းဆက်သည်။

အိမ်တွင် ကျောင်းမှ နေ့တစ်ဝက်ပြန်လာသော သမီးငယ်နှင့် တွေ့ရသည်။

ကျောင်းမှာ ကိုယ်နွေး၍ ခေါင်းမူးနေသောကြောင့် အတန်းပိုင် ဆရာမက အိမ်ကို ဖုန်းဆက် ကားလွှတ်ခိုင်းပြီး ပြန်ပို့ပေးလိုက်ခြင်း ဖြစ်၏။

အမေက...

"မောင်စိုးလတ်၊ ခုချိန်မှာ မင်း ဘာဖြစ်နေတယ်ဆိုတာကို အမေသိပါတယ်၊ ဒါပေမဲ့ ကလေးကျွေ နေထိုင်မကောင်းဖြစ်နေတဲ့ အချိန်မှာတော့ ဒီပြင်ကိစ္စတွေအတွက် သိပ် ဗျာများမနေစေချင်ဘူး၊ ကလေးဆိုတာ ဖျားနေ နာနေ အားငယ်နေတဲ့အချိန်မှာ ကိုယ့်မိဘ ကိုယ့်အနားမှာ အရမ်းရှိစေချင်တယ်၊ တကယ်တမ်းကျတော့ ဘယ်





ကလေးမှ ကိုယ့်မိဘထက်ပိုပြီး ဘယ်သူ့ကိုမှ အားကိုးအားထား လုပ်တာမဟုတ်ဘူး"

ကလေးကို ဆေးခန်းပို့ရင်း ကျွန်တော့်နားထဲမှာ ခင်ဝမ်း၏ နှင်းဆီဖြူရဲ့ အဝေးကလူတစ်ယောက် သီချင်းထဲမှ စာသားတစ်ခုကို တစ်ပြိုင်တည်း ကြားနေမိသည်။

"မပျော်ပါဘူး နှင်းဆီဖြူ အချစ်မဲ့တဲ့ဘဝ"

ဆိုသော စာသားနှင့်။

"နောက်ကျိတဲ့ရေဟာ ရေကြည်တွေလို မပြတ်သားနိုင်၊ ပြုံးနိုင် ရယ်နိုင်သော်လည်း မချစ်နိုင်တဲ့သူ"

ဆိုသော စာသားတို့ ဖြစ်၏။

❐



www.burmeseclassic.com

www.burmeseclassic.com



॥ ၅ ॥

ထွေးငယ်နှင့် ချိန်းဆိုထားသောနေ့မှာ ထွေးငယ်ဆီက ဆုံးဖြတ်ချက်ကို ကြားရသည်။

"ထွေးငယ် စဉ်းစားပြီးပြီ ကိုလတ်၊ ကိုလတ်ပြောသလိုပဲ ထွေးငယ် အချိန်ကို စောင့်မယ်လို့ ဆုံးဖြတ်လိုက်တယ်၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်"

"ပြော… ထွေးငယ်"

"အဲဒီအချိန်ဟာ သိပ်မကြာစေချင်ဘူး ကိုလတ်ရယ်၊ ဖြစ်နိုင်ရင် ကိုလတ်နဲ့ တစ်စက္ကန့်တောင် ခွဲမနေချင်ဘူး၊ ကိုလတ်ကို မျက်စိအောက်က အပျောက်မခံချင်တဲ့ အနေအထားကနေ ကိုလတ်ပြောသလို ဘဝဒုက္ခတွေကြားမှာ ထွေးငယ်တို့ နှစ်ယောက်ကြားက အချစ်ကလေးတွေ ပွန်းပဲ့ကုန်မှာ မခံနိုင်လို့ ဆုံးဖြတ်လိုက်ရတဲ့ ဆုံး





ဖြတ်ချက်ပါ၊ ဒါကြောင့် ထွေးငယ်အတွက် ကိုလတ်အများကြီး အဆင်သင့်ဖြစ်အောင် ကြိုးစားစရာ မလိုပါဘူး၊ ထွေးငယ်တို့ နှစ်ယောက်ရဲ့ အချစ် တည်တံ့ရုံ ဘဝလေးရရင် တော်ပါပြီနော်"

"စိတ်ချပါ ထွေးငယ်၊ အမြန်ဆုံး နီးစပ်နိုင်အောင် ကိုယ်ကြိုးစားပါ့မယ်"

"နောက်တစ်ခုက ဘယ်လိုမှ မတတ်နိုင်တော့တဲ့ အရေးပေါ်ကိစ္စမျိုး ကြုံလာရင်တော့ ထွေးငယ် ဘာကိုမှ မစဉ်းစားနိုင်တော့ဘူး ကိုလတ်၊ ဥပမာ– ကိုလတ်နဲ့ တစ်သက်လုံး ခွဲရမယ့်ကိစ္စမျိုး တစ်ခုခုကြုံလာရင်ပေါ့၊ အဲဒီအခါကျရင်တော့ ထွေးငယ် ဘာဖြစ်ဖြစ် ကိုလတ်နဲ့ ဘာကို ရင်ဆိုင်တော့မှာပဲ၊ အဲဒီအခါကျရင် ကိုလတ် မတွေဝေပါနဲ့၊ နောက်မဆုတ်ပါနဲ့လို့ ထွေးငယ် တောင်းပန်ပါရစေ"

"အင်းလေ အရေးပေါ်ကိစ္စဆိုရင်တော့ တစ်မျိုးပေါ့၊ ကိုလတ်အတွက် မပူပါနဲ့ ထွေးငယ်၊ အဲဒီအခါကျ ထွေးငယ် ကိုလတ်ဆီကို မရရတဲ့နည်းနဲ့ ဆက်သွယ်ပြီး ကိုလတ်ရေ အရေးပေါ်နေပြီလို့သာ ပြောလိုက်၊ ကိုယ် ထွေးငယ်ကို ချက်ချင်းလာခေါ်မယ်"

"ထွေးငယ်က ဘယ်လိုစောင့်နေရမှာလဲ"

"ဒီလိုလုပ်လေ၊ အဲဒီလို ဆက်သွယ်ပြီးတာနဲ့ နောက်နေ့မနက်ပိုင်း၊ ကိုးနာရီတိတိမှာ ထွေးငယ် ခါတိုင်းကိုယ်စောင့်နေကျ လမ်းထိပ်ကို ဖြစ်တဲ့နည်းနဲ့ ထွက်လာခဲ့၊ အဲဒီမှာ ကိုယ်ရောက်နေမယ်၊ အရေးပေါ်ကိစ္စဆိုတာက အဲလိုတစ်ညကူးလို့ ဖြစ်ပါ့မလား၊ အဲဒါတစ်ခုပဲ စိုးရိမ်ရတယ်"

"အဲလောက်တော့ အချိန်ရနိုင်ပါတယ်၊ ဘာဖြစ်လို့ ဒီကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



အသည်းအသန် မေးနေရလဲဆိုတော့၊ ထွေးငယ်စိတ်နဲ့ ထွေးငယ် ကိုယ် ဆုံးဖြတ်ချက်က အချိန်စောင့်မယ်ဆိုပေမယ့် ထွေးငယ် အိမ်အခြေအနေ က သိပ်မကောင်းဘူး ကိုလတ်ရယ်''

''ဘာဖြစ်နေလို့လဲ ထွေးငယ်''

''ဖေဖေနဲ့ မေမေက အခု ကိုကိုကြီးနဲ့ မမလေးကို သံကြိုး ရိုက် ခေါ်ထားတယ်၊ ထွေးငယ်ကိစ္စ ပြောပြမလို့တဲ့၊ တကယ်လို့ ကိုကိုကြီးနဲ့ မမလေး ရောက်လာပြီး ထွေးငယ်ကို ဟိုလူနဲ့ ခွတ်ပေး စားဖို့ လုပ်လာမယ်ဆိုရင်တော့ ထွေးငယ် ကိုလတ်နဲ့ မခွဲတော့ဘူး၊ ကြံချင်တဲ့ဘဝ ကြံုပစေတော့၊ စားစရာမရှိလို့ ငတ်ပြီးသေရမယ်ဆို ရင်တောင် ကိုလတ်ရင်ခွင်ထဲမှာပဲ ထွေးငယ် အချစ်မပျက် အငတ်ခံ သေလိုက်တော့မယ်''

သူ့စကားကြောင့် ကျွန်တော်က အားပေးပြုံး ပြုံးလိုက်ပြီး…

''အဲလောက်တော့လဲ မဖြစ်စေရပါဘူး ထွေးငယ်ရယ်၊ ထွေးငယ် စဉ်းစားနိုင်အောင် စကားကိုသာ အကုန်ပြောခဲ့တာပါ၊ ကိုယ် အဲလောက်တော့ လူစွမ်းလူစ ညံ့မယ်မထင်ပါဘူး''

''ကိုလတ်ကို ထွေးငယ် ချစ်လဲ ချစ်၊ ယုံလဲ ယုံ၊ အားလဲ ကိုးပါတယ်၊ ဒါပေမဲ့ မတတ်သာရင် ဒါမှမဟုတ် ထွေးငယ်တို့ ကုသိုလ်ကံကမှ ဆိုးရင်လဲ ဘာပဲဖြစ်ဖြစ်ပေါ့ ကိုလတ်ရယ်၊ 'ဘာပဲ ဖြစ်ဖြစ်' နော်၊ ဘာပဲဖြစ်ဖြစ်၊ ကိုလတ်ကို ထွေးငယ် ချစ်နေမှာပါ''

''ဟုတ်ပါပြီ ထွေးငယ်၊ စိတ်ချလက်ချသာ နေပါ၊ ကိုယ် ပြောတာသာ မမေ့နဲ့၊ အကြောင်းပေါ်ရင် ခင်မောင်လွင့်ဆီ ဖြစ်မြစ် ဖုန်းဆက်ပြီး ကိုယ့်ကို 'အရေးပေါ်ပြီ' လို့သာ အချက်ပေးနိုင်းလိုက်၊





နောက်နေ့ မနက်ကိုးနာရီမှာ ထွေးငယ်တို့လမ်းထိပ်မှာ ကိုယ်ရောက် ပြီး စောင့်နေမယ်၊ မှတ်မိတယ်နော်''

''မှတ်မိပါတယ် ကိုလတ်''

ထိုနေ့က သည်လောက်နှင့်ပင် စကားဖြတ်ပြီး ပြန်ခဲ့၏။

ညနေပိုင်းမှာ သမီးငယ်က အဖျားကျပြီး သားကြီးက စ ကိုယ်ပူသည်။ သမီးငယ်ကနေ သားကြီးကို ကူးခြင်းဖြစ်သည်ဟု အမေက ပြော၏။

သည်ကြားထဲမှာ ထွေးငယ်အရေးမပေါ်ပါစေနဲ့ဟုသာ ဆုတောင်းရတော့သည်လေ။



www.burmeseclassic.com

www.burmeseclassic.com



။ ၆ ။

မှတ်မှတ်မိမိ။ ထိုနေ့သည် ထွေးငယ်ထံမှ ဆုံးဖြတ်ချက် စကားများကြားပြီး တစ်ပတ်တိတိ ပြည့်သောနေ့ ဖြစ်၏။

ထိုနေ့ မနက်ပိုင်းမှာပင် သားကြီးပါ အဖျားကျသွားသဖြင့် စိတ်နည်းနည်း သက်သာသွားရသည့်နေ့လည်း ဖြစ်သည်။

ထိုနေ့ နေ့ခင်းပိုင်းမှာ ကျွန်တော် ဆိုင်နှင့် အလုပ်ရုံဘက်သို့ ခဏ သွားကူလိုက်သေးသည်။ ထို့နောက် ထွေးငယ်ကို ပြောထားသည့်အတိုင်း ကျွန်တော် သီးခြားရပ်တည်ရမည့် ဘဝအတွက် ဘာတွေလုပ်ရမည်နည်းဆိုသော ကိစ္စများကို တစ်နေကုန် စဉ်းစားသည်။

ခက်နေသည်က တစ်ခုသာရှိသည်။

တစ်လပြည့်မြောက်သောရက်မှာ ကျွန်တော် မူလဆုံးဖြတ်ထားသည့် စကားအတိုင်း ပြောသည့်အခါ သွယ်သွယ်က ဘာဆုံးဖြတ်ချက် ပေးမည်နည်း။ ထိုဆုံးဖြတ်ချက်ပေါ် မူတည်၍ ကျွန်တော့် လှုပ်ရှားရမည့် ပုံစံက အမျိုးမျိုး ဖြစ်နိုင်သည်။





သို့အတွက် ထိုအတွေးကို ဆက်မစဉ်းစားတော့ဘဲ သွယ်သွယ့်ထံမှ ဆုံးဖြတ်ချက် စကားကြားမှသာ အခြေအနေပေါ် မူတည်၍ ဘာစလုပ်မည် စဉ်းစားတော့မည်ဟု အတွေးဖြတ်သည်။

ညနေပိုင်းမှာ ခင်မောင်လွင့်ဆီ ခဏသွား၍ သည်အကြောင်းနှင့် ဖုန်းဆက်လျှင် ချက်ချင်း ကျွန်တော့်ထံ အကြောင်းကြားရန်လည်း မှာခဲ့သည်။

ညနေ ခြောက်နာရီလောက်မှာ အိမ်ပြန်ရောက်သည်။

ညနေ ခြောက်နာရီခွဲမှာ ခင်မောင်လွင်ဆီက ဖုန်းလာသည်။

"စိုးလတ်၊ ခုလေးပဲ ထွေးငယ်ဆီက ဖုန်းလာတယ်၊ အရေးပေါ်ပြီလို့ မင်းကို ပြောလိုက်ပါတဲ့၊ မင်းမှာတဲ့အတိုင်း မနက်ဖြန်မနက် ကိုးနာရီ လမ်းထိပ်က သူစောင့်နေမယ်တဲ့"

ကျွန်တော် တစ်နေ့လုံး တည်ငြိမ်နေခဲ့သလောက် ထိုစကားကြားချိန်မှာ ဘာလုပ်ရမှန်း မသိဘဲ ရုတ်တရက် ဗျာများသွားသည်။ သို့အတွက် ခင်မောင်လွင့်ကိုပင်လှမ်း၍…

"အေးကွာ အဲဒါဆိုရင်တော့ မနက်ဖြန်မနက် ခုနစ်နာရီလောက်ဖြစ်တဲ့နည်းနဲ့ ငါ့ဆီကို မင်းလာခဲ့စမ်းပါ၊ မင်းနဲ့ ငါ အရေးတကြီးတိုင်ပင်ဖို့ လိုအပ်နေပြီ"

ခင်မောင်လွင်က 'အေး လာခဲ့မယ်'ဟု ပြောပြီး ဖုန်းချလိုက်၏။

ထိုညက တစ်ညလုံး ကျွန်တော် အိပ်မပျော်။

* * *



www.burmeseclassic.com

www.burmeseclassic.com



မနက်ခုနစ်နာရီထိုးဖို့ ငါးမိနစ်အလိုလောက်မှာ ခင်မောင်လွင် ကျွန်တော့်ဆီ ပေါက်ချလာသည်။

ခြံဝက ကားဟွန်းသံကြားသည်နှင့် ကျွန်တော်က ခုမှ အိပ်ရာထဟန် ခပ်တည်တည်နှင့် မျက်နှာသစ် ရေမိုးချိုးပြီး ထွက်လာခဲ့သည်။

ခင်မောင်လွင့်ကားပေါ် ရောက်ချိန်တွင် ကျွန်တော့်ထံမှာ ကားလိုင်စင်၊ မှတ်ပုံတင်နှင့် တစ်ညလုံး ကျွန်တော့်အနီးအနားမှာ ရှာဖွေ၍ရသလောက် ငွေ ငါးထောင်သာပါသည်။

ခုချိန်မှာ အိမ်က ဘာမှ မရိပ်မိသွားစေချင်သောကြောင့် အဝတ်အစားဟူ၍ အပို တစ်စုံပင် မယူခဲ့။

အစစ ဖြစ်သလို ရင်ဆိုင်ရမည့် ဘဝမှာ ဒါတွေကိုလည်း ဖြစ်သလိုပဲ ဖန်တီး စီစဉ်ကတော့မည်ဟု ဆုံးဖြတ်လိုက်၏။

* * *

"မင်း ဒီကိစ္စ အပြီးအပြတ် ဆုံးဖြတ်ပြီးပြီပေါ့ စိုးလတ်၊ ဟုတ်လား"

ကျွန်တော် ကားပေါ်ရောက်သည်နှင့် ခင်မောင်လွင်က ခြံ့ရှေ့မှနေကာ ပြန်မောင်းထွက်ခဲ့သည်။





ကမ္ဘာအေး ဘုရားလမ်းပေါ် ရောက်အောင် မောင်းထွက်၍ လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှာ ဝင်ထိုင်လိုက်မှ ထိုင်ထိုင်ချင်း သူက စမေးခွန်းထုတ်သည်။

သူ့အမေးကို ကျွန်တော် ခေါင်းညိတ်ဖြေရင်း…

"ဆုံးဖြတ်လိုက်ရပြီပေါ့ ခင်မောင်လွင်၊ အခြေအနေက မင်းကို ငါပြောခဲ့တဲ့ အတိုင်းပဲဥစ္စာ၊ ဘယ်လိုပဲဖြစ်ဖြစ် ထွေးငယ်ရဲ့ အချစ်နဲ့ သတ္တိကို ငါ တန်ဖိုးထားရမယ်၊ သူ့ကို ငါ မစွန့်လွှတ်နိုင်ဘူး"

"အေးလေ ငါကလည်း မင်းဆုံးဖြတ်ချက်ကိုပဲ မေးတာပါ၊ မင်းဆုံးဖြတ်ပြီးပြီဆိုရင်လည်း ပြီးတာပဲပေါ့၊ ဒါနဲ့ မင်းဆီမှာ အခု ငွေဘယ်လောက်ပါလဲ"

"ငါးထောင်ပဲပါတယ်၊ ငါ့လက်ထဲမှာ ငါပိုင်တဲ့ တိတိကျကျ ပြောနိုင်တဲ့ ငွေကလည်း ဒါပဲရှိတော့တယ်"

ခင်မောင်လွင်က ခေါင်းကို ဆတ်ခနဲ ညိတ်ရင်း…

"အေး… ငါလဲ အဲလိုပဲထင်လို့ မင်းအတွက် လိုလို မယ်မယ် ပိုက်ဆံသုံးသောင်း ထည့်လာခဲ့တယ်၊ ကားထဲမှာ ရှိတယ်၊ အဲဒီပိုက်ဆံ မင်းယူသွား၊ မင်းအတွက် ဒုတိယအကြိမ်ပေးတဲ့ ငါ့ မင်္ဂလာလက်ဖွဲ့ပေါ့ကွာ"

"ဟာ…"

"မဟာနဲ့ ကိုယ့်လူ၊ ငါ့စိတ်ထဲမှာ အခု မင်း အခြေအနေကို ကြည့်ပြီး ယူခဲ့တာ နည်းများ နည်းနေမလားလို့တောင် စဉ်းစားနေမိတယ်၊ ဒီပိုက်ဆံ သုံးသောင်းဆိုတာ ဘာမှလုပ်လို့မရဘူးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ မင်း သတိထားဦး၊ မင်းဆီက ပိုက်ဆံငါးထောင်လောက်ကိုတော့ စကားထဲ ထည့်မပြောနဲ့တော့"

"ဟုတ်ပါတယ်လေ အေးလေ၊ ခုလိုကူညီတာ ကျေးဇူးတင်ပါတယ်လို့ပဲ ပြောရတော့မှာပဲပေါ့"

"ဒါနဲ့ မရသေးဘူး ကိုယ့်လူ၊ မင်းကိစ္စစိတ်ပူလို့ တစ်ညလုံး ငါ စဉ်းစားပြီး လုပ်သင့် လုပ်ထိုက်တာတွေ အားလုံး ငါ စဉ်းစားထားပါတယ်၊ ဒီလိုလုပ် အခု မင်းဘယ်သွားမလဲ"

ကျွန်တော် ခေါင်းခါသည်။

"မပြောတတ်ဘူး ခင်မောင်လွင်၊ ငါ အကြမ်းဖျင်း စဉ်းစားထားတာကတော့ ဒီနေ့ လောလောဆယ် ထွေးငယ်ကို ခေါ်ထုတ်ပြီး ပဲခူးလောက်ကို အလွှက်ပြမယ်၊ ရက်တရက်တော့ ခြေရာပျောက်သွားမှာပဲ၊ အဲဒီမှာ လေးငါးရက်နေပြီးမှ အမှတ်မထင် ရန်ကုန်ပြန်ဆင်းပြီး ငါ ပိုက်ဆံနည်းနည်းပါးပါး ထပ်ဖန်တီးမယ်"

"မင်းက ဘယ်လိုဖန်တီးမှာလဲ"

"အိမ်ပဲ တည့်တည့်ဝင်ရမှာပေါ့၊ သွယ်သွယ်တို့ကို ငါ ဘာလုပ်လိုက်ပြီဆိုတာ အကျိုးအကြောင်းပြောပြီး ငါ အိမ်ပေါ်က ဆင်းမယ်၊ စားဝတ်နေရေး ဖန်တီးဖို့ ငွေလေးငါးသောင်းပဲပေးဆိုပြီး ပြောရမှာပေါ့၊ ငါ သူတို့အတွက် လုပ်ပေးခဲ့တာတွေက မနည်းပါဘူး၊ ဒီလောက်တော့ ရသင့်ပါတယ်"

ခင်မောင်လွင်က ကျွန်တော့်စကားကို နားထောင်ပြီး ရှာဟားဟား ရယ်၏။





"မင်း တော်တော်ညံ့တဲ့ကောင်ပဲ စိုးလတ်၊ ဒီကိစ္စမှာ မင်း စဉ်းစားတာတွေက အကုန် မရေရာတာတွေချည်းပဲ၊ အဲဒီလို မင်းပြန်လာတဲ့အချိန်မှာ သွယ်သွယ်က ခြံဝတံခါးတောင် ဖွင့်မပေးဘဲ အပြတ်နှင်ထုတ်ရင် မင်း ဘာလုပ်မလဲ"

"အဲလိုဆိုရင်လဲ ဖြစ်သလိုပဲ လုပ်ရမှာပေါ့ကွာ"

"လုပ်မနေနဲ့ ဟေ့ကောင် အကောင်းဆုံးက မင်းဟိုနို ဒီနိုနိုမနေတော့ဘဲ လစ်စရာရှိ တစ်ခါတည်းလစ်တော့၊ ပိုက်ဆံလေးငါးသောင်းနဲ့ ဘယ်သူ့ဆီမှလဲ အောက်ကျခံမနေနဲ့တော့၊ ငါ အကုန်စီစဉ်ပေးလိုက်မယ်၊ မင်း မန္တလေးအထိ ငါ့ကားနဲ့ တက်သွား၊ ဟိုကျရင် မန္တလေးမှာ ငါ့သူငယ်ချင်း တေးသံသွင်းဆိုင် တစ်ဆိုင်ရှိတယ်၊ ငါ သေချာညွှန်းပေးလိုက်မယ်၊ အဲဒီမှာ မင်း နောက်ထပ်လိုတဲ့ ငွေနှစ်သောင်း၊ သုံးသောင်း ထပ်ထုတ်သွား၊ ပြီးတော့ သူ့နဲ့ တိုင်ပင်ပြီး မန္တလေးမှာ ဖြစ်ဖြစ်၊ ပြင်ဦးလွင်မှာဖြစ်ဖြစ် ခဏ ဟိုတယ် တစ်ခုခုမှာ တည်း...

"နေစရာ နေရာရှာ၊ အားလုံး အဆင်ပြေပြီဆိုတော့မှ ငါ့ကားကို သူ့ဆီပေးထားလိုက်၊ ရန်ကုန်ကို သူတစ်နည်းနည်းနဲ့ ပြန်ပို့ပေးလိုက်မယ်"

"မဟုတ်သေးဘူးထင်တယ် ခင်မောင်လွင်"

"မဟုတ်တာ ဟုတ်တာတွေ လုပ်မနေနဲ့ စိုးလတ်၊ မင်းမှာ ရွေးစရာတခြားဘာမှ မရှိတော့ဘူး၊ အချိန်လည်း မရှိဘူး၊ ဘယ်နှစ်နာရီရှိပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှစ်နာရီထိုးတော့မယ်"

"အေး… အဲဒါဆို ဘာစကားမှ မများဘဲထတော့၊ ဟိုကို ရောက်ဖို့ အနည်းဆုံး နာရီဝက်မောင်းရမယ်၊ မင်းဘက်က နည်းနည်း စောရောက်နေဖို့တော့ ကောင်းတာပေါ့၊ ဟိုက စောပြီး ယောင်လည် လည် ဖြစ်နေလို့ မကောင်းဘူး"

အမှန်တကယ်ပင် သူပြောသလို ကျွန်တော့်မှ တွေးစရာလမ်း မရှိတော့။

ကျွန်တော် ဘာမှမပြောတော့ဘဲ သက်ပြင်းချရင်း ထထွက်ခဲ့ သည်။

စိတ်ထဲမှာ ထွေးငယ်နှင့် တစ်သက်လုံး အတူနေခွင့်ရတော့ မည်ဆိုသည့်အတွက် အရမ်းတော့ စိတ်လှုပ်ရှားနေသည်။

သို့သော်…

ရှေ့ဆက်ရင်ဆိုင်ရမည့် ဘာမှ ပိုင်ပိုင်နိုင်နိုင် ပြင်ဆင်ထား ခြင်းမရှိသော ခရီးကြမ်းကြီးအတွက် စဉ်းစားတိုင်း ရင်မောနေမိသည်။

သို့သော် ခုမှတော့ ကျွန်တော့်မှာ အခြား ရွေးစရာလမ်းမရှိ တော့။

* * *

"ကိုလတ်၊ အခု ဘယ်သွားမှာလဲ"

"မန္တလေး"

"အို… အဝေးကြီးပဲ၊ ဘာနဲ့သွားမှာလဲ"



"ဒီကားနဲ့ပဲ ထွေးငယ်"

"ကိုခင်မောင်လွင်ပါ လိုက်ခဲ့မှာလား"

"မလိုက်ဘူး ထွေးငယ်၊ ကျွန်တော်က ထွေးငယ်ကို ဒီကောင့်လက်ထဲ အဆင်ပြေပြေ ရောက်ဖို့ အထိသာ လိုက်ကူညီတာ၊ ဒါပေမဲ့ လိုတာရှိရင်ပြောလေ၊ ထွေးငယ်ဘာလုပ်ချင်လို့လဲ"

"ထွေးငယ်တို့ ခုကတည်းက တစ်ခါတည်း လက်ထပ်သွား ရင် ကောင်းမလားလို့"

"ဟုတ်တယ် ခင်မောင်လွင်၊ ထွေးငယ်ပြောသလိုပဲ တို့ နှစ်ယောက် တစ်ခါတည်း လက်ထပ်သွားရင် ကောင်းမယ်၊ မင်း သက်သေအနေနဲ့ လိုက်ခဲ့ကွာ၊ နီးရာတရားရုံးတစ်ခုခုမှာ ဝင်လက်ထပ် လိုက်တာပေါ့"

ခင်မောင်လွင်က တစ်ချက် စဉ်းစား၍…

"အဲဒါဆို မင်းပဲခူးလောက်အထိ ရောက်အောင် တစ်ခါ တည်း မောင်းတော့ စိုးလတ်၊ ဘာဖြစ်လို့လဲဆိုတော့ တရားရုံးတွေ က ဆယ်နာရီလောက်မှ လူစုံတာ၊ အဲဒီအချိန်လောက်ကျမှ မင်းတို့ လက်ထပ်လို့ရမယ်၊ ကိစ္စမရှိဘူး၊ လွတ်လွတ်ကင်းကင်း ပဲခူးကျမှပဲ လက်မှတ်ထိုးတော့၊ ဟိုမှာပဲ ငါလည်းနေခဲ့ပြီး ငါ့အစီအစဉ်နဲ့ ငါ ပြန်မယ်"

"ဖြစ်ပါ့မလား"

"ဖြစ်ပါ့မလားဆိုတာ မင်းက ပူရမယ့်ကိစ္စ မဟုတ်ပါဘူး ကွာ၊ ငါက မင်းတို့အတွက် ရေရှည်မှာ ပူရမယ့်ကိစ္စပါ၊ စကားမများ ပါနဲ့ မောင်းမှာသာ မောင်း"

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ချက်က ကျပြီမို့ မြောက်ဥက္ကလာ လခြမ်းအဝိုင်း ရောက်သည်နှင့် ကျွန်တော်က မြို့ပတ်လမ်း အဝေးပြေးလမ်းအတိုင်း ချိုးကွေ့၍ မောင်းထွက်ခဲ့သည်။ ဆယ်နာရီခွဲကျော်ကျော် ဆယ့်တစ်နာရီထိုးခါနီးကျမှ ပဲခူးကို ရောက်၏။

* * *

လက်ထပ်ဖို့စီစဉ်ရသည့်ကိစ္စက နာရီဝက်ပင် မကြာ။

ဆယ့်တစ်နာရီခွဲမှီပင် တရားသူကြီးရှေ့မှောက်၌ ကျွန်တော်တို့နှစ်ယောက် ရောက်နေကြပြီ။

တရားသူကြီးက မေးစရာရှိတာ မေးပြီးသည်နှင့် သူ့ရှေ့မှောက်၌ပင် ကျွန်တော်တို့နှစ်ယောက်ကို လက်မှတ်ထိုးခိုင်းသည်။

ရန်ကုန်မှနေ မိုင်ငါးဆယ်လောက် ခရီးပေါက်လာပြီမို့ စိတ်ပူခြင်းများ အတန်အသင့် ငြိမ်းအေးပြီး ရယ်နိုင် ပြုံးနိုင်လာသော ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ပြုံးပြီး လှမ်းကြည့်လိုက်သည်။

ထို့နောက် ကျွန်တော်ကစ၍…

"ဘာပဲဖြစ်ဖြစ်နော် ထွေးငယ်"

ထွေးငယ်ကလည်း ကျွန်တော့်စကားကို အကောင်းပါးစွာ နားလည်သည်။ အပြုံးနှင့် တုံ့ပြန်ရင်း…

"စိတ်ချပါ ကိုလတ်၊ ဘာပဲဖြစ်ဖြစ်ပါ"



ထိုစကားများအဆုံးမှာ ကျွန်တော်တို့နှစ်ယောက် စာချုပ်များပေါ်တွင် လက်မှတ်ထိုးကြသည်။

ခင်မောင်လွင်က သက်သေနေရာမှာ လက်မှတ်ထိုးပေးသည်။

အဆုံးသတ်မှာ တရားသူကြီးက လက်မှတ်ထိုးပေး၏။

ခဏကြာသောအခါ စာချုပ်မိတ္တူတစ်စောင်ကို တရားရုံးက မှတ်တမ်းအဖြစ် သိမ်းလိုက်ပြီး ကျွန်တော်တို့ လက်ထဲသို့ စာချုပ်ရင်းများ တစ်ယောက်တစ်စောင်စီ ရောက်လာသည်။

ထိုခဏ၌ပင် ကျွန်တော်တို့နှစ်ယောက် တရားဝင် အကြင်လင်မယား ဖြစ်သွားကြပြီဖြစ်ကြောင်း ရင်ခုန်လှုပ်ရှားစွာ နားလည်လိုက်ကြ၏။

* * *

"ရော့…ကိုလတ်၊ ဒီမနက် အိပ်ရာထမှာ တိုက်တိုက်ဆိုင်ဆိုင် ကဗျာလေးတစ်ပုဒ် မဂ္ဂဇင်းထဲမှာ တွေ့လို့ အဲဒီစာရွက်ကို ယူလာခဲ့တာ ဖတ်ကြည့်ပါဦး"

ကျွန်တော် ကားမောင်းရင်းကနေ ကားလမ်းကြည့်လိုက်၊ စာရွက်ကြည့်လိုက်လုပ်ရင်း ထိုကဗျာကို တစ်ဆိုင်း တစ်ဆိုင်း ဖတ်ကြည့်လိုက်၏။

www.burmeseclassic.com



## "များရည်စက်များ ကြမြန်ခြင်း"

အိပ်မက်နံ့များ
ပျံ့စီးယိုဖိတ်၊ တိမ်တစ်လိပ်လိ
တိတ်တိတ်ကလေး မျှောသွားပြီ။
ကမ္ဘာကြီးအား
ပါးချူငွ့်များအောက်၊ ဖုံးဖျောက်သိုဝှက်
မနက်ဖြန်ကို၊ တေးလိုဆိုမည်
ရာသီအားလုံး နေရောင်ကြည်။

ခလုတ်တိုက်ခဲ့
လှိုက်ဖိုညင်းညှို့၊ ရနံ့များစွာ
သာသောလနှင့်၊ ပျံလွင့်ခဲ့ရာ
စိတ်ရှက်ဝါတို့၊ ဝဲယာစုရုံး
အပြုံးထဲမှာ အိပ်စက်နေ။

နှုတ်ဆက်ခဲ့ပြီ
ရီဝေသောက၊ နွမ်းလျမျက်ရည်
မပီတေးသွား၊ ညများတေလေ
နေရစ်ခဲ့တော့။

ပန်းတိုင်လေးများ
လှေခါးထစ်စီ၊ နေခြည်လမ်းပြ
ဘဝရထား၊ ညကမ်းပါးမှ





ပြေးလွှားဆန့်ထွက် အိပ်မက်စေရာ
ခြေရာကောက်၍ ရင်ခုန်ရင်း။

ပီပီသသ
ဘဝပန်းချီ၊ ဆီဆေးရဲရဲ
အသည်းတောင်ခတ်ပစ်လိုက်ပြီ။
လောကမျက်နှာ
ဘာပဲဖြစ်ဖြစ်၊ စိတ်မညစ်တော့
အချစ်လှေလေး ရွက်လွှင့်လျက်။

ကဗျာလေးကို လုံးချေ ပတ်နေတော့ ကျွန်တော် အဓိပ္ပာယ်နားမလည်လိုက်။

သို့သော် ခေါင်းစဉ်နှင့် ယှဉ်တွဲ၍ ကြည့်ခြင်းဖြင့် ဟန်နီးမွန်းများရည်ဆမ်း ဆိုသောစကားကို အသုံးအနှုန်းတစ်မျိုးနှင့် ရေးထားကြောင်း သဘောပေါက်သည်။

အချစ် များရည်ဆမ်းခရီးမှ လူတစ်ယောက်၏ ခံစားချက်အပိုင်းအစများဟုလည်း မှန်းဆနားလည်မိသည်။

ကျွန်တော် အကြိုက်ဆုံး စာပိုဒ်ကလေး နှစ်ပိုဒ်ကတော့ နောက်တစ်ခေါက် ပြန်ဖတ်ကြည့်လိုက်၏။

နှုတ်ဆက်ခဲ့ပြီ
ရီဝေသောက၊ နွမ်းလျမျက်ရည်
မဂီတေးသွား၊ ညများတေလေ
နေရစ်ခဲ့တော့။
လောကမျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ်၊ စိတ်မညစ်တော့

အချစ်လေ့လေး ရွက်လွှင့်လျက်။

ကျွန်တော်တို့နှစ်ယောက်၏ အချစ်ကားလေးကလည်း ရန်ကုန်မန္တလေး လမ်းမကြီးပေါ်မှ လွတ်လပ်ပေါ့ပါးစွာ ပြေးလွှားလျက်။

❑





# အပိုင်း ငါး

(အဆုံးသတ် အမြေ)



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်လမ်းကတော့ ဘယ်လိုမှ မပြီးဆုံးသေးသည်မှာ အမှန်။

ကျွန်တော်တို့ ဖတ်ဖူး ကြည့်ဖူးသော ရုပ်ရှင် ဝတ္ထု စသည်များမှ ဓာတ်လမ်းဆိုလျှင်တော့ မင်းသားနှင့် မင်းသမီး ပျော်ရွှင်စွာ လက်ထပ်ပေါင်းသင်းလိုက်ကြပြီမို့ ဓာတ်လမ်းပြီးပြီဟု ပြောနိုင်တယ်။

ရှေ့ပိုင်းမှာ ဘာတွေ ပြထားထား၊ ဘာတွေ အစကျန်ကျန် သည်လိုတွေ့လိုက်လျှင် ပရိသတ်ကလည်း ဓာတ်လမ်း၏ ပြီးဆုံးသည့် အဖြစ်ကို လက်ခံကာ ကျေနပ်အားရသွားကြသည်။

တခြားလူ မပြောနှင့် ထွေးငယ်ပင်လျှင် ဤအတိုင်း နားလည် သဘောပေါက်နေဟန်တူသည်။ ထွက်လာခါစအထိ ရှိနေခဲ့သော စိုးရိမ်ပူပန်မှု အရိပ်များ လုံးဝ ပျောက်ကာ လွတ်လွတ်လပ်လပ် ကို ပျော်ရွှင် သွက်လက်နေတော့သည်။





ထွေးငယ် ပျော်သည် မြင်ရသောကြောင့် ကျွန်တော်လည်း အထိုက်အလျောက်တော့ ကူးစက် ပျော်ရွှင်မိကြောင်း ဝန်ခံပါသည်။

သို့သော် ထွေးငယ်လိုတော့ ကျွန်တော် မလွတ်လပ်။

ကျွန်တော့်ရင်ထဲမှာ သည်လက်ရှိ အခြေအနေကို ဘယ်လိုမှ ဓာတ်ပေါင်းခန်းတစ်ခုလို မခံစားရ။

ဓာတ်လမ်း၏ အပိုင်းတစ်ပိုင်းကို ခဏရပ်ပြီး နောက်ထပ် အပိုင်းတစ်ပိုင်းကို အစပျိုနေသလိုသာ ခံစားနေရသည်။

အဘယ်ကြောင့်ပါနည်း။

အဘယ်ကြောင့်ဆိုသော် ဓာတ်ပေါင်းခန်း သို့မဟုတ် ဓာတ်သိမ်းခန်း တစ်ခု၏ အင်္ဂါရပ်များမှာ ဤသို့မဟုတ်။

အနုပညာသဘောကို စစ်စစ်ပေါက်ပေါက် နားမလည်သော်လည်း သာမန်ဗဟုသုတဖြင့် ကျွန်တော် နားလည်သလောက် ပြောရလျှင်...

ဓာတ်သိမ်းခန်း ဆိုသည်မှာ သို့မဟုတ် ဓာတ်ပေါင်းခန်းဆိုသည်မှာ အရာအားလုံး အစသတ်၍ ပြဿနာအားလုံး ချုပ်ငြိမ်းရသည်။

မင်းသား မင်းသမီးတို့၏ ဘဝတွင် နောက်ထပ် ရင်ဆိုင်စရာ ပြဿနာ ကြီးကြီးမားမားသည် မကျန်တော့ဘဲ ဘဝသက်ဆုံး သာယာအေးချမ်းစွာ ပျော်ရွှင် ပေါင်းသင်းသွားကြလေသတည်းဟု ခြုံ၍ ပြောလျှင် ရနိုင်သည့် အနေအထားမျိုးမှာ ရောက်ရှိသွားရသည်။

ခု ကျွန်တော်တို့ ဓာတ်လမ်းက ဘာတစ်ခုမှ လက်စမသတ်ရသေး။



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာအားလုံးကိုလည်း ဖွတ်ရှောင်ထွက်သည့် နည်းဖြင့်သာ ဖြတ်တောက် ထွက်လာရသော်လည်း ဘာတစ်ခုမှ ရှင်းလင်းပြတ်သားစွာ ဖြေရှင်းထားခဲ့ခြင်း မရှိ။

ကောင်းပါပြီ။ ကျွန်တော်တို့ နှစ်ယောက် ခုလို အကြင်လင်မယားများ ဖြစ်သွားခြင်းဖြင့် နဂိုက ဘာလုပ်ရမှန်း မသိသည့် ထွေးငယ်နှင့် ကျွန်တော့်ကြားမှာ ပြဿနာ တစ်ခုကတော့ အဖြေပေါ်သွားခဲ့ပါပြီ။

သို့သော် ထွေးငယ်၏ မိဘများကကော ခုလိုလေး လုပ်လိုက်ရုံနှင့် ချက်ချင်း သဘောထား ပြောင်းလဲကာ ကျေနပ်လိုက်ကြတော့မည်လား၊ သို့မဟုတ်လျှင် သူတို့ ဘာဆက်လုပ်ကြမည်နည်း။

ဒါက တစ်ပိုင်း။

နောက်တစ်ပိုင်းက သွယ်သွယ်တို့ နွယ်နွယ်တို့ အမေတို့နှင့် ကျွန်တော်က ဖြတ်တောက်ပစ်လိုက်နိုင်ပြီပဲ ဆိုပါစို့။ သူတို့နှင့်ကတော့ တစ်သက်လုံး မဆက်ဆံချင်လဲ နေ၍ ရသည်။

သူတို့က နှင်းနှင့် စပ်မှ ကျွန်တော် တော်ရသည့် ဆွေမျိုးများ။

သို့သော် ကျွန်တော့်မှာ သားအရင်းနှင့် သမီးအရင်း ဖြစ်သော အာကာနှင့် ကုံကော်တို့ သူတို့ လက်ထဲမှာ ကျန်နေခဲ့သော ပြဿနာက ရှိသည်။

ကျွန်တော် ခုလို လုပ်သွားလျှင် သူတို့က ကလေးတွေနှင့် ကျွန်တော့်ကို လုံးဝ အဆက်အသွယ် ဖြတ်ပစ်မည်ဟု ပြောသည်။





သူတို့ ပြောသလို ရသည်ပဲ ထားလိုက်ပါတော့။

ကျွန်တော်က ကျွန်တော့်သားနှင့် သမီးကို ဒီလိုပဲ ပစ်ထားလိုက်ရတော့မှာလား။

မိဘနှင့် သားသမီးကြားမှာ သံယောဇဉ်ကြိုးတွေကို ဒီလိုပဲ အလွယ်တကူ ဖြတ်တောက်ပစ်၍ ရပါသလား။

အဆိုးဆုံးကတော့ ကျွန်တော်တို့ ရှေ့ဆက်ရမည့်ခရီး။

ကျွန်တော်တို့သည် ခုခါမှာတော့ ခင်မောင်လွင် ငှားလိုက်သည့် ကားလေးနှင့် လှပခန့်ညား ကြော့မော့စွာ ခရီးတစ်ခုကို ထွက်နေနိုင်သည်။

နောက်တစ်ရက် နှစ်ရက်ကြာသည်နှင့် သည်ကားကို သူပိုင်ရှင် လက်ထဲ ပြန်ပေးလိုက်သောအခါ ကျွန်တော်တို့မှာ ဒီအဆောင်အယောင်များ မရှိတော့။

ထိုအခါ ရောက်သည်နှင့် အဝတ်တစ်ထည် ကိုယ်တစ်ခုစီနှင့် ထွက်လာခဲ့သော ကျွန်တော်တို့ ဘဝခရီးကို အမှန်အတိုင်း အရှိအတိုင်း ဆက်လျှောက်ရပေတော့မည်။

ထိုအချိန်မှာ ကျွန်တော်တို့လက်ထဲ၌ ငွေ လေး ငါးခြောက်သောင်းတော့ ရှိနေမည်။

ထိုငွေ၏ ပမာဏသည် နည်းသည်ဟု ပြောနိုင်သော အရေအတွက် ပမာဏတော့ မဟုတ်။

သို့သော် သည်လောက်ငွေမျှဖြင့် လှပတင့်တယ်သော ဘဝခရီး တစ်ခုကို တည်ဆောက် လျှောက်လှမ်းနိုင်ပါမည်လား။

ခုခေတ်မှာ နေစရာ ခပ်ကျဉ်းကျဉ်း အိမ်တစ်ခန်း၏ ဈေးသည်



www.burmeseclassic.com

www.burmeseclassic.com



အနည်းဆုံး ငါးသောင်းလောက်ပေးမှ ခပ်စုတ်စုတ် ခပ်ချာချာ မြေကွက်နှင့် အိမ်တစ်လုံးရမည်။

ထိုသည်က အိမ်ခွဲကျွတ်။

ကျွန်တော်တို့မှာ အိပ်စရာ အိပ်ရာ၊ ခုတင်၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံးမရှိ။

ချက်စရာ ပြုတ်စရာ၊ ထည့်စားစရာ အိုးခွက်ပန်းကန်၊ မီးဖို၊ ဓား၊ ရှန်း ဘာမှမရှိ၊ စဥ်းတီတုံး၊ ငရုပ်ဆုံမရှိ။

လတ်တလောအနေအထားဖြင့် ရေချိုးလျှင် လဲစရာအဝတ်နှင့် ဆပ်ပြာ၊ မျက်နှာသုတ်ပဝါပင် မပါ။

နောက်တစ်နေ့မနက် မိုးလင်းလျှင် သွားတိုက်စရာ သွားပွတ်တံ မရှိ။ သွားတိုက်ဆေးမရှိ။

ဒါတွေဝယ်ဖို့ ကုန်ကျစရိတ်က စိတ်တွက်နှင့်ပင် နှစ်သောင်းလောက်ဖြစ်နေပြီ။

အိမ်မဝယ်လို့ ငှားနေမည်ဆိုလျှင်ကော...။

စပေါ် လေးငါးရာတန် တဲပုတ်လေးထဲမှာကော ဒီဘဝတွေကဆင်းလာသည့် ကျွန်တော်တို့တွေက နေနိုင်ပါမည်လား။

ကောင်းပါပြီ။ ဒီငွေနှင့် နေစရာ၊ စားစရာ၊ ဝတ်စရာ ဖန်တီးနိုင်ပြီးထားပါဦး။ ရေရှည်စားသွားဖို့ ကျွန်တော်တို့ အလုပ်တစ်ခု လုပ်ရဦးမယ်။

ကျွန်တော်တို့ ဘာလုပ်မည်နည်း။

အလုပ်လုပ်ဖို့ ခဏထား။ လောလောဆယ် ကျွန်တော်တို့ နှစ်ယောက် ထိုအရပ်မှာ သန်းခေါင်စာရင်းတောင် လုပ်ဖို့မလွယ်။





ကျွန်တော်တို့သည် သက်ဆိုင်ရာအိမ်များမှ ဘယ်သူ့သဘောတူညီချက်မှ မရှိဘဲ ခိုးထွက်လာသူများ၊ သို့အတွက် မူလသန်းခေါင်စာရင်းမှ ပုံစံ ၁၀ အတွက် ပြဖို့ ဘယ်သူ့ အကူအညီနှင့် ဘယ်လိုလုပ်ရမည်နည်း။

အဆင်မပြေလျှင် တစ်သက်လုံး ဧည့်စာရင်းတိုင်ပြီး နေရမည့်ဘဝ။

အကယ်၍များ ကျွန်တော်တို့နှစ်ယောက်ကနေ နောက်ထပ်ရင်သွေးလေးများ ပွားလာခဲ့လျှင်...

ကျွန်တော် ရှေ့ဆက် ဘာမှ စဥ်းစား၍ မရတော့။

အနာဂတ်ဘဝတစ်ခုလုံး မိုးသည်းသည်း ရွာနေသည့်ထဲ ဝိုင်ဘာရေသုတ်တံ မပါဘဲ ကားမောင်းနေရသလို ဘာမှ မှန်းဆမမြင်နိုင်တော့။

* * *

"ဟား... ဟား... ပျော်လိုက်တာ ကိုလတ်ရယ်၊ ထွေးငယ်တော့ အရမ်းပျော်တာပဲ"

ဟုတ်ပါသည်။ ထွေးငယ် ပျော်ရပါမည်။

အဘယ်ကြောင့်ဆိုသော် ထွေးငယ် အခုမှ အချစ်ဆိုတာကို မမြင်တွေ့ဖူး။ ဘဝဆိုတာကို ဘယ်အခါကမှ မမြင်ဖူးသေးသူ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

သို့အတွက် အချစ်ကို လက်ဝယ်ပိုင်ပိုင် ရလိုက်ခြင်း၊ လက်တွဲ ခိုင်ခိုင် ဆုပ်နိုင်ခြင်းအတွက် သူ ပျော်ပေမပေါ့။

ထွေးငယ် ပျော်သလို ကျွန်တော်လည်း ပျော်ချင်ပါသည်။

သို့သော် ကျွန်တော့်ကို ခြောက်လှန့်နေသည်မှာ ကျွန်တော် ကြောက်အားကြီးစွာဖြင့် သေလုမျောပါး ရုန်းကန် ထိုးထွက်ခဲ့ရသော ငယ်ဘဝက ဆင်းရဲဒုက္ခများ ဖြစ်သည်။ ထိုဒုက္ခများက ကျွန်တော့်ကို တစ္ဆေလို ခြောက်နေသည်။

သည်ဘဝမျိုးမှာ ဘယ်လောက်ပင်ပန်း ဆင်းရဲကြောင်း ဒုက္ခ ကြီးကြောင်း ထွေးငယ်ကို ကျွန်တော် ဘယ်လို နားလည်အောင် ပြောပြရမှန်း မသိ။

ထိုဘဝမျိုးသို့သာ ကံဆိုးမိုးမှောင်ကျပြီး ပြန်ရောက်ခဲ့လျှင် ယခု ကျွန်တော်တို့နှင့်အတူ လက်တွဲ လိုက်ပါလာသော ပျော်စရာ အချစ်သည် ကျွန်တော်တို့နှင့် ဆက်လက် လက်တွဲပြီး လိုက်ပါနိုင် ပါတော့မလား။

အကယ်၍ ထိုအချစ်ကိုသာ ကျွန်တော်တောင်းပန်ခွင့်ရလျှင် ခင်မောင်လွင် ပြောဖူးသလို…

'လက်တွဲပြီး လိုက်မှာလား၊ အချစ်ရယ်' ဟု ချော့ချော့မော့မော့ လေး မေးကြည့်လိုက်ချင်ပါ၏။

❑





**အဆုံး**

"လှလိုက်တာ ကိုလတ်ရယ်၊ ဟိုမှာကြည့်စမ်းပါဦး၊ ရိုးမ တောင်တန်းကြီးတွေ"

ကမ္ဘာမြေ၏ ရှုခင်းများကတော့ အမှန်ပင်လှပနေပါသည်။

သို့သော် ကျွန်တော့်ရင်ထဲမှာ ထိုတောင်ကုန်း တောင်တန်း များပေါ်မှာ တစ်ပင်တစ်ပန်း ရှာဖွေစားသောက်နေရသည့် တောင်ပေါ် သား တောသူတောင်သား ဆင်းရဲသားများကို မျက်လုံးထဲ မြင်လာ သည်။

"ထွေးငယ်နဲ့ ကိုလတ် ပြင်ဦးလွင်ရောက်ရင် အဲလို တောင် တန်းတွေပေါ် အပြတ်လျှောက်လည်ကြမယ်နော်၊ အဲဒီမှာ ချယ်ရီပန်း တွေ ပွင့်ချိန်ကျရင် အရမ်းလှတာပဲတဲ့"



www.burmeseclassic.com

www.burmeseclassic.com



နောက် ခြောက်လကျော်ကျော် လိုသေးတာ ချယ်ရီပွင့်ချိန် အထိ ကုန်ကျမည့်စားစရိတ်၊ နေစရိတ်၊ ဝတ်စရိတ်များကို စိတ်ဖြင့် တွက်ကြည့်သည်။

တစ်လကို အကြမ်းဖျင်း ငါးထောင်ဘဲ ကုန်သည်ထား။ အနည်းဆုံး သုံးလေးသောင်းလောက်ကုန်မည်။

ထိုအချိန် ကျွန်တော်တို့မှာ ချယ်ရီပင်များ လှည့်ကြည့်ရှုရန် မြင်းလှည်းစရိတ်မှ ကျန်ပါတော့မည်လား။

"ကိုလတ်ကလည်း စကားတိတ်လိုက်တာ၊ ဘာတွေ လျှောက်တွေးနေတာလဲ၊ ဘာလဲ ကိုလတ်က ထွေးငယ်နဲ့ ခုလို ထွက်လာရတာ မပျော်လို့လား၊ ဒါမှမဟုတ် မသွယ်ကို ယူလိုက်ရင် ပိုကောင်းမှာပဲဆိုပြီး လွမ်းနေတာလား"

ကျွန်တော် ရယ်လိုက်သည်။

"မဟုတ်တာ ထွေးငယ်ရယ်၊ ဘာဖြစ်လို့ အဲလိုမဟုတ်တယုတ်တွေ လျှောက်တွေးနေရတာလဲ၊ ထွေးငယ်ထင်တာတွေ တစ်ခုမှ မဟုတ်ဘူး"

ကျွန်တော် အမှန်စကားများ ပြောလိုက်ခြင်းသာ ဖြစ်ပါသည်။

"ဒါဖြင့် ပျော်တယ်လို့ ပြော၊ ထွေးငယ်ကို တစ်သက်လုံး ချစ်သွားမယ်လို့ပြော"

ကျွန်တော် ပြုံး၍…

"ပျော်ပါတယ် ထွေးငယ်ရယ်၊ ထွေးငယ်ကိုလည်း တစ်သက်လုံး ချစ်သွားမှာပါပဲ"





"အေး… ဒါမှ ကိုလတ်ကွ၊ ကားခဏလေး ရပ်လိုက် ကိုလတ်၊ ခဏလေးရပ်"

ကျွန်တော် ကားဘရိတ်ကို အသာနင်းပြီး မေးရပ်လိုက်သည်။ ပြီးမှ သူ့ဘက်လှည့်၍…

"ဘာလုပ်မလို့လဲ ထွေးငယ်"

"ပျော်လို့လေ၊ ကိုလတ်အတွက် မင်္ဂလာဦးအနမ်းလေးပေးချင်လို့၊ လာ ဒီနားလာ၊ အဲဒါ ထွေးငယ်နဲ့ ကိုလတ်ရဲ့ ပျားရည်ဆမ်းခရီးအတွက် အထူးလက်ဆောင် မင်္ဂလာဦး အနမ်း"

ထွေးငယ်ကပြောရင်းနှင့် ကျွန်တော် နဖူးပြင်ကို ယုယစွာ ထွေးပိုက်မွေးကြူသည်။

ကျွန်တော့်ရင်ထဲမှာ အချစ်ဖြင့် ရင်နွေးထွေးခုန်လှုပ်သည်။

သည်ရင်ခုန်နွေးထွေးမှုဖြင့် ပြီးသော အချစ်သည် ဤမင်္ဂလာဦးမှသည် ရာသက်တိုင် တည်တံ့ခိုင်မြဲသွားနိုင်ပါဟုလည်း ရင်တထိတ်ထိတ်ဖြင့် ဆုတောင်းလိုက်မိ၏။

*ကြိုးစားပါဦးမည်။*

နွမ်ဂျာသိုင်း



www.burmeseclassic.com